The

# Commerce

Journal

http://www.commercejournal.com.mm

စီးပွားရေးသတင်းဂျာနယ်

စီးပွားရေးအောင်မြင်ရန်သတင်းအချက်အလက်ကိုအခြေခံ

VOL .15, NO . 15 တနင်္လာနေ့တိုင်းထုတ်ဝေသည် April 27 , 2015

## ပို့ကုန် သွင်းကုန်
## ချိန်ခွင်လျှာညီဖို့ ကြိုးစားကြပါစို့

(မြင့်ဦး-ပခုက္ကူ)

၂၀



မန်းမြို့မှာကျင်းပခဲ့တဲ့

ကြက်သွန်နီ ဈေးကွက်ဖော်ဆောင်ရေးနှင့်

**ဘက်စုံဖွံ့ဖြိုးတိုးတက်ရေး**

**အလုပ်ရုံဆွေးနွေးပွဲ** ၁၄



ရန်ကုန်မြို့၌ ပြုလုပ်မည့်
တည်ဆောက်မှုနည်းပညာဆိုင်ရာပြပွဲတွင်
စင်ကာပူ ကုမ္ပဏီများပါဝင်ပြသမည် ၁၂

လျှပ်စစ်ပစ္စည်းများနဲ့ လူသုံးကုန်ပစ္စည်းများအား
**ကုန်တင်ယာဉ်လေးစီးပေါ်မှ စစ်ဆေးတွေ့ရှိ** ၁၉

မြန်မာနိုင်ငံ၏အကြီးမားဆုံးသော
အိမ်ခြံမြေအရောင်းပြပွဲကျင်းပမည် ၂၆


MADE IN USA
1987
Spectrol
Industrial & Motor Oil
အမေရိကန်နိုင်ငံမှ ထုတ်လုပ်တင်သွင်းလာသော API (American Petroleum Institute)
အသိအမှတ်ပြုလက်မှတ်ရ ကမ္ဘာ့အဆင့်မြင့် အင်ဂျင်ဝိုင်အမျိုးအစားဖြစ်ပါသည်။
ကမ္ဘာ့အဆင့်မြင့်အင်ဂျင်ဝိုင်
Hot Line 09 420068695
5W-30
10W-30
10W-40
15W-40
MOTOR OIL
FULL SYNTHETIC
RUN TRUE
peakhd.com
PEAK
COMMERCIAL & INDUSTRIAL
အင်ဂျင်ဝိုင်
DIESEL ENGINE OIL
SAE 15W40
ကမ္ဘာ့အဆင့်မြင့်အင်ဂျင်ဝိုင်
အမှတ် (၇၉၇) အခန်း (၇၀၃) မြန်မာ့အလှတာဝါ ဗိုလ်ချုပ်လမ်း လမ်းမတော်မြို့နယ် ရန်ကုန်မြို့။ ဖုန်း ၀၉-၃၃၆၁၁၁၆ ၊ ၀၉ -၃၃၆၁၁၁၇

# မြန်မာကုန်သွယ်မှုအချက်အလက်များ ဘဏ္ဍာတိုက်တည်ဆောက်ရေးအတွက် လေ့လာရေးခရီးစဉ်

မြန်မာနိုင်ငံသည် ၁၉၉၇ ခုနှစ် ဇူလိုင်လမှစတင်၍ အရှေ့တောင်အာရှ နိုင်ငံများအသင်း (ASEAN) တွင် အဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံအနေဖြင့် လက်မှတ်ရေးထိုး ဝင်ရောက်ခဲ့ပြီး ကုန်စည်ဆိုင်ရာ ကိစ္စရပ်များ၊ ဝန်ဆောင်မှု/ရင်းနှီးမြှုပ်နှံ မှု/ငွေကြေး အရင်းအနှီးဆိုင်ရာ ကိစ္စရပ်များ အစရှိသည့် ကဏ္ဍမျိုးစုံကို အခြားအဖွဲ့ဝင်နိုင်ငံများနည်းတူ ပူးပေါင်းပါဝင် ညှိနှိုင်းဆွေးနွေးခြင်း၊ အကောင်အထည်ဖော် ဆောင်ရွက်ခြင်းများကို လိုက်ပါဆောင်ရွက်လျက်ရှိပါသည်။ ASEAN တွင် အဓိက မဏ္ဍိုင်ကြီးသုံးခုဖြစ်သော အာဆီယံစီးပွားရေးအသိုက်အဝန်း၊ အာဆီယံလူမှုရေးနှင့် ယဉ်ကျေးမှုအသိုက်အဝန်း၊ အာဆီယံ နိုင်ငံရေးနှင့် လုံခြုံရေးအသိုက်အဝန်းတို့ ပေါ်ပေါက်လာရေးကို ဦးတည်ရည်မှန်းဆောင်ရွက်လျက်ရှိပါသည်။

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနသည် အာဆီယံစီးပွားရေးအသိုက်အဝန်း-၂၀၁၅ ပေါ်ပေါက်ရေးတွင် ကုန်သွယ်မှုရှုထောင့်မှ လိုအပ်သည့် ဘာသာရပ်ဆိုင်ရာကိစ္စရပ်များကို ပါဝင်ညှိနှိုင်းဆွေးနွေးခြင်း၊ အကောင်အထည်ဖော်ခြင်းများကို ဆောင်ရွက်လျက်ရှိရာ အာဆီယံ ကုန်စည်ကုန်သွယ်ရေး သဘောတူညီချက် (ASEAN Trade in Goods Agreement-ATIGA) အရ ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ သတင်းအချက်အလက်များ သိသာထင်သာမြင်သာရှိစေရေးအတွက် ကုန်သွယ်မှုအချက်အလက်များဘဏ္ဍာတိုက် (Myanmar National Trade Portal & Trade Repository) တည်ထောင်ရေးကို တာဝန်ယူအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါ သည်။

လာအိုနိုင်ငံ၊ ဗီယန်ကျန်းမြို့သို့ မတ် ၂၉ ရက်မှ ဧပြီလ ၄ရက်နေ့အထိ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ကုန်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးလှမော်ဦး ဦးဆောင်သော အဖွဲ့ဝင်ကိုးဦးပါဝင်သည့် Study Mission အဖွဲ့သည် Laos Trade Portal ကိုလေ့လာရန်အတွက် ခုနစ်ရက်ကြာ လေ့လာရေးခရီးစဉ် သွားရောက်ခဲ့ကြပါသည်။

ခရီးစဉ်အတွင်း မတ်လ ၃၀ ရက်နေ့တွင် လာအိုနိုင်ငံ စက်မှုနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ဝန်ကြီး Mrs. Khemmani Pholsena နှင့် မြန်မာနိုင်ငံ၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ကုန်သွယ်ရေး ညွှန်ကြားမှုဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ် ဦးလှမော်ဦးတို့က Laos Trade Portal ၏ Source Code အား ကူးယူသုံးစွဲနိုင်ရေးနှင့် ပတ်သက်သော နားလည်မှု စာချွန်လွှာ (MoU) အပြန်အလှန် လဲလှယ်ခဲ့ကြပါသည်။ ၎င်းနောက် လာအိုနိုင်ငံတွင် Trade Portal တည်ထောင်ထားရှိမှုနှင့် စဉ်ဆက်မပြတ် ဆောင်ရွက်နေမှုများ၊ မြန်မာနိုင်ငံ Trade Portal အတွက် Web Design ပြင်ဆင်ရေးဆွဲထားခြင်းများ၊ Programming ပိုင်းဆိုင်ရာကိစ္စရပ်များ၊ ASEAN Trade Repository သို့ချိတ်ဆက်ရန် အခြေအနေများ စသည်ဖြင့်လိုအပ်သည့် နည်းပညာပိုင်းဆိုင်ရာ ကိစ္စရပ်များကို လာအိုနိုင်ငံ စက်မှုနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ Trade Portal ဆိုင်ရာ တာဝန်ရှိသူများ၊ လာအိုနိုင်ငံအခြေစိုက်ကမ္ဘာ့ဘဏ်မှ တာဝန်ရှိသူများ၊ နည်းပညာပိုင်းဆိုင်ရာ အကူအညီပေးလျက်ရှိသော Cyberia Co., Ltd. မှ တာဝန်ရှိသူများနှင့် တွေ့ဆုံညှိနှိုင်းဆွေးနွေးခြင်း၊ လေ့လာခြင်းများ ပြုလုပ်ခဲ့ပါသည်။



ခရီးစဉ်ကာလအတွင်း မတ်လ ၃၁ ရက်နေ့တွင် နယ်စပ်ဂိတ်ရှိ လာအို-ထိုင်း ချစ်ကြည်ရေးတံတား (Laos-Thai Friendship Bridge) သို့ သွားရောက်၍ လာအိုအကောက်ခွန်ဦးစီးဌာနမှ တာဝန်ရှိသူများနှင့် တွေ့ဆုံခဲ့ပြီး Laos Border Clearance process, automated customs clearance process and the role of the MOIC and other government agencies in the border trade process များအပေါ် အတွေ့အကြုံများကို အပြန်အလှန် ဆွေးနွေးဖလှယ်ခဲ့ကြပါသည်။

ထို့နောက် ကမ္ဘောဒီးယားနိုင်ငံတွင် Trade Repository တည်ဆောက်နိုင်ရေး ပြင်ဆင်ဆောင်ရွက်မှု အခြေအနေများကို သိရှိနိုင်ရန်အတွက် မြန်မာကိုယ်စားလှယ်အဖွဲ့သည် လာအိုအခြေစိုက် World Bank ရုံးချုပ်သို့ သွားရောက်၍ ကမ္ဘောဒီးယားအခြေစိုက် World Bank မှတာဝန်ရှိသူများနှင့် Video Conferencing ဖြင့်ချိတ်ဆက်၍ အကောင်အထည်ဖော် ဆောင်ရွက်မှုများတွင် ရင်ဆိုင်ကြုံတွေ့ရသည့် အခက်အခဲများ၊ အတွေ့အကြုံ များကို အပြန်အလှန် ဆွေးနွေးဖလှယ်ခဲ့ကြပါသည်။

ဤကဲ့သို့ မြန်မာနိုင်ငံတွင် ကုန်သွယ်မှုအချက်အလက်များဘဏ္ဍာတိုက် (Myanmar National Trade Portal & Trade Repository) ကို တည်ထောင်ထားရှိခြင်းအားဖြင့် ပြည်တွင်း/ပြည်ပမှ စီးပွားရေးလုပ်ငန်းရှင်များ၊ ကုန်သည်များ၊ ရင်းနှီးမြှုပ်နှံသူများ၊ အစိုးရနှင့် ပုဂ္ဂလိကအဖွဲ့အစည်းများအားလုံးတို့သည် ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ သတင်းအချက်အလက်များကိုလွယ်ကူစွာရှာဖွေရရှိနိုင်မည်ဖြစ်ပြီး ကုန်ကျစရိတ် သက်သာခြင်း၊ အချိန်ကုန်သက်သာခြင်းစသည့် အကျိုးကျေးဇူးများနှင့် ကုန်သွယ်မှုလျင်မြန်ချောမွေ့စေရေးကိစ္စရပ်များ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် များစွာအထောက်အကူပြုမည်ဖြစ်ပါသည်။

**ဝင်းမင်းဖြိုး(အာဆီယံ)**

# ပါမောက္ခဒေါက်တာအောင်ထွန်းသက် Peace Economics ခေါင်းစဉ်ဖြင့် ဟောပြောဆွေးနွေး




နိုင်ငံတော်သမ္မတ၏ စီးပွားရေး ဆိုင်ရာ အကြံပေးပုဂ္ဂိုလ်ဖြစ်သည့် ပါမောက္ခဒေါက်တာအောင်ထွန်းသက်၏ Peace Economics ခေါင်းစဉ်ဖြင့် ဟောပြောဆွေးနွေးပွဲကို ဧပြီ ၈ရက်က ရန်ကုန်မြို့၊ ကမ်းနားလမ်းရှိ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ရန်ကုန်တိုင်းဒေသကြီးရုံးတွင်ကျင်းပခဲ့ကြောင်း သိရသည်။

အဆိုပါ ဟောပြောဆွေးနွေးပွဲတွင် ပါမောက္ခဒေါက်တာအောင်ထွန်းသက်က စီးပွားရေးနှင့် ငြိမ်းချမ်းရေးတို့ ပတ်သက်ဆက်နွယ်နေသည့် အကြောင်းများ၊ ထာဝရငြိမ်းချမ်းမှုကို အာဏာဖြင့်လုပ်ယူ၍ မရကြောင်း၊ ငြိမ်းချမ်းမှုကို လိုချင်ပါက တဖြည်းဖြည်းချင်း လုပ်ဆောင်မှ သာ ရယူနိုင်မည်ဖြစ်ကြောင်း၊ ငြိမ်းချမ်းမှုကို ရယူလိုပါက နားလည်မှုကို တည် ဆောက်ရမည်ဖြစ်ကြောင်း၊ တစ်ယောက်၏အမြင်ကို တစ်ယောက် နားလည်မှု ရှိအောင် ကြိုးစားမှသာ နားလည်မှုရရှိမည်ဖြစ်ကြောင်း၊

Trade Training Institute မှ သင်တန်းသားများအနေဖြင့် Trade Economic ကို လေ့လာကြရမည်ဖြစ်ကြောင်း၊ မိမိအေးချမ်းမှသာ တစ်ခြားသူများကို အေးချမ်းမှု ပေးနိုင်မှာဖြစ်ကြောင်း၊ စီးပွားရေးကို လေ့လာလိုပါက သမိုင်းကြောင်းကိုမေ့ထား၍ မရကြောင်း၊ Trade Promotion ကို လုပ်လိုပါက မြန်မာနိုင်ငံ၏သမိုင်းကြောင်းနှင့် ပထဝီအနေအထားကို သေချာစွာလေ့လာထားရမှာဖြစ်ကြောင်း၊

၁၉၄၅ ခုနှစ်မှ ၁၉၈၉ ခုနှစ်ကာလအထိ ကမ္ဘာကြီးတစ်ခုလုံးတွင် စစ်အေးတိုက်ပွဲများ (Cold Wars) များဖြစ်ပွားလျက်ရှိကြောင်း၊ နိုင်ငံရေး ဘောဂဗေဒနှင့် ကြည့်ပါက အရှေ့နှင့်အနောက် ကွဲသွားကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် ငြိမ်းချမ်းမှုမရှိခြင်း၊ ဖွံ့ဖြိုးမှုအားနည်းခြင်း၊ ဒီမိုကရေစီမရှိခဲ့ခြင်းတို့ကြောင့် တိုင်းပြည် ခေတ်အဆက်ဆက် နောက်ကျခဲ့ကြောင်း၊ ယင်းအချက်သုံးချက်သည် တစ်ခုနှင့်တစ်ခု ဆက်နွယ်နေကြောင်း၊ ငြိမ်းချမ်းလျှင် တိုင်းပြည်ဖွံ့ဖြိုးတိုးတက်မည်ဖြစ်ပြီး တိုင်းပြည်ဖွံ့ဖြိုးတိုးတက်မှုရှိပါက ဒီမိုကရေစီရရှိမည်ဖြစ်ကြောင်း၊ One World, One Life, One Peace, ဖြစ်ပါကြောင်း၊ နယ်ဆင်မင်ဒဲလားကလည်း I will not forget, I will forgive ဟု ပြောထားခဲ့ကြောင်း၊

**စာမျက်နှာ ၂၁ သို့**


Commerce JOURNAL

**အတိုင်ပင်ခံစာတည်း**
ဒေါက်တာမောင်အောင်
အောင်စိုး(MPM)၊ သန်းအောင်ကျော်
ကျော်စိုးလင်း
မြတ်ထွန်းကျော်
ဝင်းမြင့်

**စာတည်းမှူးချုပ်**
ဉာဏ်တင်

**တာဝန်ခံစာတည်း**
ခင်သီတာအေး

**အုပ်ချုပ်ရေးမှူး**
ဒေါ်မြင့်မြင့်ထွန်း

**စာတည်းအဖွဲ့**
မောင်ရွှေ၊ ကြည်ကြည်ချယ်ရီမောင်၊ နီလာသိန်း၊
ခင်မောင်မောင်အုန်း၊ ချိုသက်မူ၊ သန်းအေး

**လက်ထောက်စာတည်း**
ချောစုမာ၊ နှင်းပန်းဖြူ
ယဉ်ယဉ်အေး၊ ခင်ခင်သော်

**သတင်းထောက်များ**
ခင်မြင့်မြင့်သန်း(မန္တလေး)၊
ထွန်းလှိုင်(မုံရွာ)၊ ရီလင်းထွဋ်(မုံရွာ)၊ မင်းမင်းဦး(ပုသိမ်)
စိုးဦး(ကျုံပျော်)၊ မင်းဇော်မွန်(ဖျာပုံ)၊ မြင့်ဦး(ပခုက္ကူ)
ခင်ဆွေဝင်း(ပြည်)၊ ဝေဝေမင်း(ပြည်)၊ ဆုမွန်ဆွေ(ပြည်)
ဝင်းဝင်းခိုင်(ပြည်)၊ ဇေခိုင်(တောင်ကြီး)၊
မင်းအောင်(တောင်ကြီး)
စိုးအောင်(မန္တလေး)၊ မောင်မောင်အေး(လှိုင်ကော်)

**Proof & Layout Design ကြီးကြပ်**
ခင်စုစုလှိုင်

**ကြော်ငြာတာဝန်ခံ**
မြင့်ဇင်ညွန့်

**ထုတ်ဝေသူ**
ဦးမြတ်ထွန်းကျော်(မြဲ-၃၈၁၉)
အမှတ်၃၈၊ လမ်း၃၀၊ ပန်းဘဲတန်းမြို့နယ်။
ဖုန်း - ၂၅၂၀၁၇၊ ၃၇၁၀၂၃

**ဖြန့်ချိရေးတာဝန်ခံ**
သန်းစိုး

**ဖြန့်ချိရေး**
အောင်မျိုး၊ မြင့်ဆွေ၊ တင်တင်အေး၊
ခင်မြတ်မွန်၊ တင်တင်ထွန်း

**ကွန်ပျူတာ**
မြင့်မြင့်ကြည်၊ စန္ဒာမိုး၊ မော်မော်စန်း၊
သီရိဝင်း၊ မြတ်ဆုလှိုင်၊ သင်းသီရိအောင်၊ ခင်ခင်နွယ်

**Layout Design & Graphic Design**
CJ Design Group

**ပုံနှိပ်သူ**
ကောမတ်စ်ဂျာနယ်ပုံနှိပ်တိုက်(မြဲ-၀၉၇၄၄)
မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။

**Email Address**
commercejournal.editor@gmail.com

**Rice Market News**
Vol: 15, No.15 Monday April 27 2015

# တက်ပြီးရင် - ရပ်၊ ရပ်ပြီးရင် - တက် ဆန်ဈေးကွက်

ရန်ကုန်မြို့ ဆန်စပါးကုန်စည်ဒိုင် (ဝါးတန်း)ရဲ့ လက်ကားဆန်ဈေးနှုန်းများမှာ ဧပြီလ ၂၄ ရက်နေ့ ဈေးနှုန်းများအရ ဆန်ချောဖြစ်တဲ့ ဖျာပုံပေါ်ဆန်းလတ်စ တစ် အိတ်ကို ၃၄၅၀၀ ကျပ်၊ ထိပ်စ ၃၅၅၀၀ ကျပ်၊ မြောင်းမြ ပုသိမ် ပေါ်ဆန်းလတ်စ ၃၅၅၀၀ ကျပ်၊ ထိပ်စ ၃၆၅၀၀ ကျပ်၊ နယ်စုံ ပေါ်ဆန်းလတ်စ ၃၃၅၀၀ ကျပ်၊ ထိပ်စ ၃၅၀၀၀ ကျပ်၊ ရွှေဘို ပေါ်ဆန်းရှယ် တစ်အိတ်ကို ၃၈၅၀၀ ကျပ်မှ ၃၉၅၀၀ ကျပ်အတွင်း အသီးသီးဖြစ်ခဲ့ကြလို့ သင်္ကြန်မတိုင်မီ ဧပြီ ၁၀ ရက်နေ့ဈေးနှုန်းများထက် တစ်အိတ်ကို ၁၀၀၀ ကျပ်မှ ၁၅၀၀ ကျပ်အတွင်း ဈေးတက်ခဲ့တာတွေ့ရပြီး ၄ ဒသမ ၃၅ ရာခိုင်နှုန်းခန့် ဈေးတက်ခဲ့တာ တွေ့ရပါတယ်။

အလားတူဆန်ချောဖြစ်တဲ့ ပေါ်ကွဲဆန်များမှာလည်း လတ်စတစ်အိတ်ကို ၂၇၀၀၀ ကျပ်၊ ထိပ်စ ၂၈၀၀၀ ကျပ်ဖြစ်ခဲ့လို့ သင်္ကြန်မတိုင်မီထက် တစ်အိတ်ကို ၃၅၀၀ ကျပ် (၁၂ ဒသမ ၉၆ ရာခိုင်နှုန်း ) ခန့် ဈေးတက်လာတာ တွေ့ရသဖြင့် ဆန်ချော တစ်အိတ်ကို ပျမ်းမျှ (၈ ဒသမ ၆၆ ရာခိုင်နှုန်း) ခန့် သင်္ကြန်မတိုင်မီထက် ဈေးတက်လာတာတွေ့ရပြီး ဆန်ကုန်သည်ကြီးအချို့ ပြောလေ့ရှိတဲ့ နှစ်စဉ်သင်္ကြန်ပြီးရင် ဆန်ဈေး ၁၀ ရာခိုင်နှုန်းလောက် တက်လေ့ရှိတယ်ဆိုတဲ့ စကားအပ်ကျမပ်ကျ မှန်နေတာ တွေ့ရပါတယ်။

ဆန်ချောတွေ ဈေးသိသာစွာ တက်သွားရတာ သင်္ကြန်ပိတ်ရက်ရှည် စက်တွေနားထားခဲ့လို့ ဒိုင်သို့ ဆန်အဝင်နည်းချိန်၊ ဆန်တင်ပို့ရန် သင်္ဘောအခက်အခဲ လုပ်သားအခက်အခဲရှိနေချိန်မှာ သင်္ကြန်အပြီး လက်လီဆိုင်သမားတွေ ပစ္စည်းပြတ်သွားလို့ အဝယ်ပြန်ဖြည့်ချိန် တိုက်ဆိုင်ပြီး အဝယ်သွက်ကာ ဆန်ချောတွေ ဈေးတက်လာရတာလို့ ကုန်စည်ဒိုင်ဈေးကွက်မှ ကြားသိရပါတယ်။ ဆန်ကြမ်းဖြစ်တဲ့ ဧည့်မထ လတ်စတစ်အိတ်ကို ၁၇၅၀၀ ကျပ်၊ ထိပ်စ ၁၇၈၀၀ ကျပ်၊ နွေဆန်ရှယ် တစ်အိတ် ၁၇၀၀၀ ကျပ်မှ ၁၇၄၀၀ ကျပ်ဖြင့် ဈေးငြိမ်နေတာ တွေ့ရသော်လည်း အောက်ခြေနယ်မှာ အချို့ပတ်ကားရိုက်ထားသည့်ဆန်များ အပ်ချိန်ရောက်နေလို့ အဝယ်သွက်ပြီး ဈေးအနည်းငယ်တက်တယ်လို့ ကြားသိရပါတယ်။

ရန်ကုန်ဈေးကွက်အတွင်း ဧည့်မထ ၂၅ မှတ် (ပြည်ပ) ဆန်တစ်အိတ် ၅၀ ကီလို တစ်အိတ်ကို ၁၄၈၀၀ ကျပ်-၁၅၁၀၀ ကျပ်ခန့်ရှိနေပြီး အဝယ်သွက်နေကြောင်း၊ ရန်ကုန် FOB တင်ရန်နှင့် တရုတ်လိုင်းအတွက်ပါ အဝယ်ရှိနေတယ်လို့ သိရပါတယ်။ EMATA MYANMAR 25 % FOB (Yangon) ဈေး 310-315 USD/MT ခန့်ဈေးရှိနေပြီး၊ တရုတ်-မူဆယ်လိုင်းသို့ ရန်ကုန်မှ နွေရှယ်အကြမ်းစနှင့် ဆန်ကွဲတွေ သွားနေကြောင်း ဆန်ဈေးကွက်မှ သိရှိရပါတယ်။

တရုတ်လိုင်း- မူဆယ် ဆန်ဈေးကွက်မှာ ဧပြီလ ၂၄ ရက် ဈေးနှုန်းများအရ ဧည့်မထ ၅ မှတ် မော်ဘီတစ် အိတ်ကို ၁၄၀-၁၄၂ ယွမ်၊ စူပါ ၁၃၈-၁၄၀ ယွမ်၊ ဧည့်မထ ၁၀ မှတ် မနောသုခ ၁၃၅ ယွမ်၊ ဧည့်မထ ၁၅ မှတ် မနောသုခ ၁၃၁-၁၃၃ ယွမ်၊ ငစိန် ၅ မှတ် ၁၃၇ -၁၃၈ ယွမ်၊ ၁၅ မှတ် ၁၃၁-၁၃၄ ယွမ်၊ ကောက်ညင်း ၁၅ မှတ် ၁၅၈ ယွမ်၊ B 1,2 ၁၀၅-၁၀၇ ယွမ်၊ B 1, EXTRA ၁၀၈-၁၁၂ ယွမ်ဖြစ်ခဲ့ပြီး သင်္ကြန်မတိုင်မီ ဧပြီလ ၁၀ ရက်နေ့ ဈေးနှုန်းများ ခန့်သာဖြစ်ခဲ့ပြီး ဧပြီလ ၂၄ ရက်နေ့ မူဆယ်ရှိ ငွေလဲနှုန်းမှာ တစ်ယွမ်လျှင် ၁၇၃ ကျပ်ဖြစ်ခဲ့သဖြင့် သင်္ကြန်မတိုင်မီထက် ၁ ဒသမ ၄၈ ကျပ်ခန့် ဈေးတက်လာကြောင်း၊ မြန်မာ့သင်္ကြန် နားရက်ပြီးနောက် နှစ်ဖက်ကုန်သည်များဖြင့် အရောင်းအဝယ်များ ပုံမှန်ပြန်ဖြစ်နေကြောင်း၊ ယခုတစ်ပတ်အတွင်း မူဆယ်သို့ ပြည်တွင်းနယ်စုံမှ ဆန်တန်ချိန် ၁၀၅၀၀ ကျော် ဝင်ရောက်ခဲ့ပြီး သင်္ကြန်မတိုင်မီကထက် တန် ၁၅၄၀၀ ခန့် လျော့နည်းဝင်ရောက်ခဲ့သော်လည်း သင်္ကြန်တွင်း ပွဲရုံ၊ ကုန်ကားများ ရပ်နားခဲ့၍ မူဆယ်သို့ ဆန်အဝင်လျော့ခဲ့ရတာဖြစ်ကြောင်း။ တရုတ်သို့ တရားဝင်ဆန်တင်ပို့ရန်လုပ်ဆောင်နေသော်လည်း မူဆယ်- တရုတ် နယ်စပ်လမ်းကြောင်းမှာ ပုံမှန်ဆက်သွားနိုင်ပါကြောင်း မူဆယ်ဆန်ဈေးကွက်မှ သိရပါတယ်။

မြန်မာ့ဆန်နဲ့ ဆန်ကွဲပြည်ပတင်ပို့မှုမှာ ယခုဘဏ္ဍာနှစ် ဧပြီလ ၁ ရက်မှ ၁၇ ရက်ထိ တန်ချိန် ၂၁၉၀၀ ကျော်၊ တန်ဖိုး အမေရိကန်ဒေါ်လာ ၇ သန်းကျော်ရရှိနေပြီး ယခင်ဘဏ္ဍာနှစ်ကာလတူထက် တန်ချိန် ၆၄၀၀ ကျော်၊ တန်ဖိုး အမေရိကန် ဒေါ်လာ ၂ သန်းကျော်ဖိုး နှစ်စမှာပင် ပိုမိုတင်ပို့နိုင်တာ တွေ့ရပါတယ်။ ယခင် ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် တစ်နှစ်လုံးအနေဖြင့် ဆန်နဲ့ ဆန်ကွဲတန်ချိန်ပေါင်း ၁၈၁၂၀၀၀ ကျော်၊ တန်ဖိုး အမေရိကန်ဒေါ်လာ ၆၄၄ သန်းကျော်ဖိုး တင်ပို့နိုင်ခဲ့တာ တွေ့ရပါတယ်။

မြန်မာ့ဆန်ဈေးကွက် ရှေ့အလားအလာအနေဖြင့် ဆန်ကြမ်းဈေးမှာ တရုတ်ဆွဲအားပေါ် မူတည်ပြောင်းလဲမည်ဖြစ်သော်လည်း မိုးကာလသို့ရောက်တော့မည်ဖြစ်၍ ဆန်ချောအပါအဝင်ပြည်တွင်းဆန်ဈေးနှုန်းများမှာ တက်ပြီးရင် ရပ်၊ ရပ်ပြီးရင် တက် ဆန်ဈေးကွက်ဟု ကုန်သည်များက သုံးသပ်လျက်ရှိကြောင်း တင်ပြလိုက်ပါတယ်။

**သန်းအေး-ဆန်စပါး**

## အာရှနိုင်ငံတွေက FOB ဆန်ဈေးနှုန်းများ

၂၃-၄-၂၀၁၅ ဒေါ်လာ/တန်

| | ထိုင်း | | | ဗီယက်နမ် | | | အိန္ဒိယ | | | ပါကစ္စတန် | | |
|---|---|---|---|---|---|---|---|---|---|---|---|---|
| | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် |
| ဆန်ဖြူ ၁၀၀% | ၄၁၀ | ၄၀၉ | ▽ | - | - | - | - | - | - | - | - | - |
| ဆန်ဖြူ ၅% | ၄၀၁ | ၄၀၀ | ▽ | ၃၅၅ | ၃၅၅ | □ | ၃၇၀ | ၃၇၀ | □ | ၃၇၅ | ၃၇၅ | □ |
| ဆန်ဖြူ ၁၀% | - | - | - | - | - | - | - | - | - | - | - | - |
| ဆန်ဖြူ ၁၅% | - | - | - | - | - | - | - | - | - | - | - | - |
| ဆန်ဖြူ ၂၅% | ၃၈၅ | ၃၈၅ | □ | ၃၃၅ | ၃၃၀ | ▽ | ၃၄၅ | ၃၄၅ | □ | ၃၃၀ | ၃၃၀ | □ |
| ပေါင်းဆန် | ၃၈၀ | ၃၈၀ | □ | - | - | - | ၃၆၅ | ၃၆၅ | □ | ၃၈၀ | ၃၈၀ | □ |

***Source: oryza.com***

## အမေရိကနိုင်ငံတွေက FOB ဆန်ဈေးနှုန်းများ

၂၃-၄-၂၀၁၅ ဒေါ်လာ/တန်

| | ယူအက်စ် | | | ဥရုဂွေး | | | အာဂျင်တီးနား | | |
|---|---|---|---|---|---|---|---|---|---|
| | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် |
| ဆန်ဖြူ ၄%-၇% | ၄၈၀ | ၄၈၀ | □ | ၅၇၅ | ၅၆၅ | ▽ | ၅၆၅ | ၅၅၅ | ▽ |
| ဆန်ဖြူ ၁၀% | - | - | - | - | - | - | - | - | - |
| ဆန်ဖြူ ၁၅% | ၄၇၀ | ၄၇၀ | □ | - | - | - | - | - | - |

***Source: oryza.com***

## ပြည်တွင်းမြို့ကြီးများ၏ (၂၄-၄-၂၀၁၅) ရက်နေ့ ဆန်၊ စပါးဈေးနှုန်းများ

ရေတွက်ပုံ-ကျပ်/စပါး(တင်း)၊ ဆန်(တစ်အိတ်)

| မြို့ | ဧည့်မထအုပ်စု | | | | ပေါ်ဆန်းအုပ်စု | | | |
|---|---|---|---|---|---|---|---|---|
| | စပါး | | ဆန် | | စပါး | | ဆန် | |
| | ယခု | ယခင်အပတ်နှင့် နှိုင်းယှဉ်ချက် | ယခု | ယခင်အပတ်နှင့် နှိုင်းယှဉ်ချက် | ယခု | ယခင်အပတ်နှင့် နှိုင်းယှဉ်ချက် | ယခု | ယခင်အပတ်နှင့် နှိုင်းယှဉ်ချက် |
| **ဆန်ပိုဒေသများ** | | | | | | | | |
| ပြည် | ၄၁၄၀ | △ | ၁၇၅၀၀ | △ | ၆၆၂၄ | △ | ၃၃၀၀၀ | △ |
| ပုသိမ် | ၃၉၅၆ | □ | ၁၇၅၀၀ | □ | ၇၄၄၇ | △ | ၃၃၀၀၀ | △ |
| ပဲခူး | ၃၉၀၀ | △ | ၁၆၅၀၀ | □ | ၅၉၀၀ | □ | ၂၆၅၀၀ | □ |
| ရွှေဘို | ၄၇၅၀ | △ | ၂၀၀၀၀ | △ | ၉၇၀၀ | △ | ၃၄၀၀၀ | △ |
| စစ်တွေ | ၃၈၀၀ | □ | ၁၆၀၀၀ | △ | ၆၈၀၀ | △ | ၂၆၀၀၀ | △ |
| **ဆန်လိုဒေသများ** | | | | | | | | |
| နေပြည်တော် | ၄၅၀၀ | □ | ၁၈၀၀၀ | △ | - | - | ၃၈၀၀၀ | △ |
| ရန်ကုန်(ဝါးတန်း) | ၃၈၀၀ | △ | ၁၇၅၀၀ | □ | - | - | ၃၃၅၀၀ | △ |
| မန္တလေး | ၅၀၀၀ | □ | ၁၉၀၀၀ | □ | - | - | ၂၈၀၀၀ | □ |
| မကွေး | ၆၀၀၀ | △ | ၂၀၀၀၀ | △ | - | - | ၃၈၀၀၀ | △ |
| မော်လမြိုင် | ၄၀၀၀ | △ | ၁၆၅၀၀ | △ | ၆၉၀၀ | △ | ၂၇၅၀၀ | △ |
| လှိုင်ကော် | ၆၀၀၀ | □ | ၂၂၀၀၀ | □ | - | - | ၃၅၀၀၀ | □ |
| မြိတ် | ၄၀၀၀ | □ | ၁၈၅၀၀ | □ | - | - | ၃၇၀၀၀ | △ |
| ဘားအံ | ၃၈၀၀ | □ | ၁၈၀၀၀ | □ | - | - | ၃၀၀၀၀ | □ |
| တောင်ကြီး | - | - | ၁၉၅၀၀ | △ | - | - | ၃၉၀၀၀ | △ |

မှတ်ချက်။ ။ ပေါ်ဆန်းအုပ်စုတွင် ပဲခူး၊ မော်လမြိုင်၊ မုံရွာ၊ ဘားအံတို့မှာဒေသထွက်ဆန်ဖြစ်ပြီး၊ ပြည်ဆန်ဈေးမှာ နတ္တလင်းဆန်ဈေးဖြစ်ပါသည်။ ဧည့်မထအုပ်စုတွင် နေပြည်တော်၊ မန္တလေး၊ မကွေး၊လှိုင်ကော်တို့မှာ မနောသုခဆန်၊ ရွှေဘိုမှာအသွယ်စအမျိုးအစားဖြစ်ပါသည်။ စပါးသစ်လတ်စ ဆန်သစ်ဈေးများ ဖြစ်ပါသည်။

# ပင်လယ်ရေကြောင်းမှ မတ်လအတွင်း ဆန်တန်ချိန်ခြောက်သောင်းကျော်တင်ပို့နိုင်

ပင်လယ်ရေကြောင်း ကုန်သွယ်မှုမှ မြန်မာ့ဆန်ဖြူနဲ့ပေါင်းဆန်ကို အာရှ၊ အာဖရိကနဲ့ အီးယူနိုင်ငံများသို့ မတ်လအတွင်း တင်ပို့မှုဟာ ဖေဖော်ဝါရီလ တင်ပို့မှုထက် နှစ်ဆကျော် ပိုမိုလာပါတယ်။မတ်လအတွင်းမှာ ကန်ဒေါ်လာ ၂၀ ဒသမ ၇၀၉ သန်းဖိုးရှိ ဆန်ဖြူ ၅၇၄၄၂ တန်ကျော်နဲ့ ကန်ဒေါ်လာ ၁ ဒသမ ၇၇၃သန်းဖိုးရှိပေါင်းဆန် ၄၀၇၅ တန်တင်ပို့နိုင်ခဲ့ရာ ဖေဖော်ဝါရီလ တင်ပို့မှုထက် ၃၃၄၂၁ တန် ပိုမိုတင်ပို့ခဲ့ပါတယ်။

ဆန်ဖြူတင်ပို့မှုကို ကြည့်မယ်ဆိုပါက ဧည့်မထ ၅ မှတ်ဆန် ၇၂၆၀ တန်၊ ၁၀ မှတ်ဆန် တန် ၂၀၀၊ ၁၅ မှတ်ဆန် ၂၅ တန်နဲ့ ၂၅ မှတ်ဆန် ၄၄၆၂၅ တန် စုစုပေါင်း ဆန်တန်ချိန် ၅၂၁၁၀ တန်ကို စင်ကာပူ၊ ဂီနီအာနဲ့ အီးယူနိုင်ငံများသို့ လည်းကောင်း၊ ငစိန် ၅ မှတ်ဆန် ၄၆၉၈ တန်ကျော်နဲ့ ၂၅ မှတ်ဆန် တန် ၆၀၀ ကို အီးယူနိုင်ငံများသို့ လည်းကောင်း ၊ ပေါ်ဆန်း ၁၅ မှတ်ဆန် ၃၄ တန်ကို စင်ကာပူနိုင်ငံသို့လည်းကောင်း အသီးသီး တင်ပို့ခဲ့ကြပါတယ်။

မြန်မာ့ပေါင်းဆန်ကို အီးယူနိုင်ငံများမှ အဓိကဝယ်ယူလျက်ရှိပြီး မြန်မာနိုင်ငံအတွက်လည်း GSP အခွင့်အရေး ရရှိတဲ့အတွက် အခြားဈေးကွက်များနဲ့ ယှဉ်ပြိုင်ပါက အသာစီးရရှိတာဖြစ်ပါတယ်။

မတ်လအတွင်းမှာတော့ ကန်ဒေါ်လာ ၁ ဒသမ ၇၇၃ သန်းဖိုးရှိပေါင်းဆန် ၄၀၇၅ တန်ကို အီးယူနိုင်ငံများသို့ တင်ပို့နိုင်ခဲ့ပါတယ်။ အီးယူမှ သတ်မှတ်ထားသော စံချိန်စံညွှန်းများနဲ့ကိုက်ညီတဲ့ ပေါင်းဆန်များ တင်ပို့နိုင်ပါက ဈေးကွက်တွင် အခြားနိုင်ငံများထက် သာလွန်သော ယှဉ်ပြိုင်နိုင်မှုကို ရရှိနိုင်မှာဖြစ်ပါတယ်။

၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် ဧပြီလ ဒုတိယပတ်အထိမှာတော့ ကန်ဒေါ်လာ သုည ဒသမ ၈၅၉ သန်းဖိုးရှိ ပေါင်းဆန် ၁၉၇၅ တန်နဲ့ ကန်ဒေါ်လာ ၈ ဒသမ ၀၅ သန်းဖိုးရှိ ဆန်ဖြူ ၂၄၅၈၆ တန် တင်ပို့ထားပါတယ်။

**ယဉ်ယဉ်အေး MIRT**

# ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်အတွင်း နယ်စခန်းများမှ ဆန်တန်ချိန်တစ်သန်းကျော်တင်ပို့

မြန်မာ့ဆန်နဲ့ ဆန်ကွဲကို နယ်စပ်ကုန်သွယ်ရေးစခန်းများမှတစ်ဆင့် တစ်ဖက်နိုင်ငံများသို့ တင်ပို့မှုများမှာ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်အတွင်း မြန်မာ-တရုတ်နယ်စပ်ရှိ မူဆယ်(၁၀၅)မိုင် ကုန်သွယ်ရေးဇုန် ၊ ချင်းရွှေဟော်နဲ့ လွယ်ဂျယ်စခန်းများမှ အများဆုံးတင်ပို့ပြီး ကန်ပိုက်တီးစခန်းမှလည်း တင်ပို့မှုရှိပါတယ်။

မြန်မာ-ဘင်္ဂလားဒေ့ရှ်နယ်စပ်ရှိ စစ်တွေနဲ့ မောင်တောစခန်းများမှလည်းကောင်း၊ မြန်မာ-ထိုင်းနယ်စပ်ရှိ တာချီလိတ်စခန်းမှ လည်းကောင်း ဆန်တင်ပို့ခဲ့ပါတယ်။ ဘဏ္ဍာနှစ်တစ်နှစ်လုံးအနေနဲ့ မြန်မာ့ဆန်တင်ပို့မှုမှာ အဆိုပါစခန်းများမှ ကန်ဒေါ်လာ ၄၁၆ ဒသမ ၃၇ သန်းဖိုး ရှိတဲ့ဆန်တန်ချိန် ၁၁၂၆၉၇၄ တန်ကျော်တင်ပို့ခဲ့ကြောင်းစာရင်းများအရ သိရှိရပါတယ်။ ဆန်ကွဲတင်ပို့မှုမှာလည်း ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်အတွက် ကန်ဒေါ်လာ ၇၇ ဒသမ ၃၅၇ သန်းဖိုးရှိ ဆန်ကွဲ တန်ချိန် ၂၃၅၄၈၂ တန်ကျော် တင်ပို့ထားခဲ့ပါတယ်။

**ယဉ်ယဉ်အေး MIRT**

## ပြည်တွင်းဈေးကွက်များမှ ပဲမျိုးစုံဈေးနှုန်းအပြောင်းအလဲ

၂၄-၄-၂၀၁၅ ကျပ်/ပိဿာ

| | ပဲအမျိုးအမည် | ရန်ကုန် | | | မန္တလေး | | | မုံရွာ | | | မကွေး | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | ၁၀/၄ | ၂၄/၄ | ပြောင်းလဲမှု | ၁၀/၄ | ၂၄/၄ | ပြောင်းလဲမှု | ၁၀/၄ | ၂၄/၄ | ပြောင်းလဲမှု | ၁၀/၄ | ၂၄/၄ | ပြောင်းလဲမှု |
| ၁ | မတ်ပဲ | ၁၆၈၅ | ၁၉၂၅ | ▲ | ၁၅၃၃ | ၁၈၀၀ | ▲ | ၁၅၀၀ | ၁၈၀၀ | ▲ | ၁၅၀၀ | ၁၈၀၀ | ▲ |
| ၂ | ပဲစင်းငုံ | - | - | - | ၁၆၁၇ | ၁၇၁၇ | ▲ | ၁၅၉၀ | ၁၇၂၅ | ▲ | ၁၅၆၀ | ၁၇၅၀ | ▲ |
| ၃ | ပဲတီစိမ်း | ၁၇၃၀ | ၁၈၃၀ | ▲ | - | ၂၃၃၃ | - | ၁၇၈၉ | ၂၁၂၁ | ▲ | ၁၇၄၀ | ၁၈၉၅ | ▲ |
| ၄ | ကုလားပဲရိုးရိုး | ၁၁၂၀ | ၁၂၅၀ | ▲ | - | - | - | - | - | - | ၉၁၆ | ၁၁၂၀ | ▲ |
| ၅ | ပဲလွန်းဖြူ | ၁၁၆၅ | ၁၁၃၀ | ▼ | - | - | - | - | - | - | ၇၆၃ | ၇၉၀ | ▲ |
| ၆ | ထောပတ်ပဲ | ၉၃၅ | ၈၇၀ | ▼ | - | ၁၀၁၃ | - | ၇၇၇ | - | ▼ | ၇၄၀ | ၇၁၀ | ▼ |

* မှတ်ချက်။ ဖော်ပြပါဈေးနှုန်းများမှာ အနိမ့်ဈေးများသာဖြစ်ပါသည်။

## ရန်ကုန် FOB နဲ့ အိန္ဒိယဈေးကွက် ပဲမျိုးစုံဈေးနှုန်း အပြောင်းအလဲ

၂၄-၄-၂၀၁၅ ဒေါ်လာ/တန်

| | ပဲအမျိုးအမည် | ရန်ကုန် FOB | | | အိန္ဒိယ | | | | | |
|---|---|---|---|---|---|---|---|---|---|---|
| | | | | | မွန်ဘိုင်း | | | ဒေလီ | | |
| | | ၁၀/၄ | ၂၃/၄ | ပြောင်းလဲမှု | ၁၆/၄ | ၂၃/၄ | ပြောင်းလဲမှု | ၁၆/၄ | ၂၃/၄ | ပြောင်းလဲမှု |
| ၁ | မတ်ပဲ | ၉၆၀ | ၁၀၅၀ | ▲ | ၁၁၃၁ | ၁၁၅၅ | ▲ | ၁၁၂၃ | ၁၁၄၀ | ▲ |
| ၂ | ပဲစင်းငုံ | ၉၄၀ | ၁၀၀၀ | ▲ | ၁၀၁၄ | ၁၀၃၇ | ▲ | ၁၀၂၆ | ၁၀၁၃ | ▼ |
| ၃ | ပဲတီရွှေဝါ | ၁၀၄၀ | ၁၀၄၀ | ■ | ၁၁၀၇ | ၁၁၅၅ | ▼ | ၁၃၁၅ | ၁၂၉၀ | ▼ |
| ၄ | ကုလားပဲဖြူလုံးကြီး | ၄၅၀ | ၄၅၀ | ■ | ၆၄၉ | ၆၄၅ | ▼ | ၆၃၇ | ၆၂၅ | ▼ |

* မှတ်ချက်။ ရန်ကုန် FOB ဈေးနှုန်းများမှာ အနိမ့်ဈေးများသာဖြစ်ပါသည်။
ဒေလီဈေးကွက်မှ ဈေးနှုန်းများမှာ အိန္ဒိယပြည်တွင်းပဲတီစိမ်းနှင့် မြန်မာမတ်ပဲ SQ ပေါက်ဈေးများဖြစ်ပါသည်။

## အပတ်စဉ် ပဲမျိုးစုံတင်ပို့မှု FOB အရောင်းအဝယ်ဖြစ်မှုအခြေအနေ

ရေတွက်ပုံ-တန်ချိန်

| ပဲအမျိုးအစား | ပြည်ပတင်ပို့မှု | | ပြည်ပတင်ပို့မှု |
|---|---|---|---|
| | ယခင်တစ်ပတ် (၄-၄-၁၅)ထိ | ယခုတစ်ပတ် (၁၁-၄-၁၅)ထိ | (၁-၄-၁၄) မှ (၁၁-၄-၁၅) ထိ |
| မတ်ပဲ | ၁၃၃၀၅ | ၁၃၀၂၅ | ၂၆၃၃၀ |
| ပဲတီစိမ်း | ၆၂၅၁ | ၆၉၄၆ | ၁၃၁၉၇ |
| ပဲစင်းငုံ | ၁၁၃၉၀ | ၄၆၀၈ | ၁၅၉၉၈ |
| ကုလားပဲ | ၅၀၈ | ၁၀ | ၅၁၈ |
| ပဲလွန်းဖြူ | ၁၄၈၇ | ၁၃၉၉ | ၂၈၈၆ |
| မြေထောက်ပဲ | ၂၉၀ | ၆၉၆ | ၉၈၆ |

## ပြည်ဘိုကိတ်ဒေသတွင်းသာ အဝယ်ရှိလို့ ဈေးငြိမ်

ပြည်ပဲဈေးကွက်သို့ ဘိုကိတ်ပဲသီးနှံလည်း အဝင်ပါးသွားပြီဖြစ်ပြီး တစ်ရက်လျှင် အိတ် ၅၀ ကျော် ခန့်သာ၊ ရွှေတောင်၊ ကျီးသဲ၊ ပန်းတောင်း၊ ပေါက်ခေါင်းဘက်မှ အနည်းငယ်စီ ဝင်ရောက်နေခဲ့ကြပါတယ်။

ပဲဈေးမှာလည်း တစ်တင်း ၁၅၅၀၀ ကျပ်ဖြင့် ဒေသတွင်း လက်လီသမားများနဲ့သာ အရောင်းအဝယ်ဖြစ်ခဲ့ကြပါတယ်။ သင်္ကြန်မတိုင်ခင်ကာလအထိတော့ ရန်ကုန်ဝယ်လက်က တစ်ခါတစ်ရံအဝယ်ရှိလို့ ရောင်းချခဲ့ရပေမယ့် သင်္ကြန်ပြီးချိန်မှာတော့ Export ပဲများသာ အဓိကထားအရောင်းအဝယ် ဖြစ်နေပြီး ကျန်ပဲများကတော့ အရောင်းအဝယ်အေးသွားခဲ့ကြောင်း သိရပါတယ်။

**ခင်ဆွေဝင်း-ပြည်**

## စီးပွားရေးလုပ်ငန်းရှင်များသို့

ဂျာနယ်တွင် ကြော်ငြာကိစ္စများနှင့်ပတ်သက်၍ သုတေသနနှင့် ပြည်သူ့ဆက်ဆံရေးဌာနခွဲ ညွှန်ကြားရေးမှူးကိုယ်တိုင် လက်မှတ်ရေးထိုးထားသော ကြော်ငြာထည့်ရန် မေတ္တာရပ်ခံသည့်စာဖြင့် ကြော်ငြာတာဝန်ခံဝန်ထမ်း ဒေါ်မြင့်ဇင်ညွှန့်ကိုယ်တိုင် ကြော်ငြာများ လက်ခံလျက်ရှိပါသည်။ ညွှန်ကြားရေးမှူး၏ မေတ္တာရပ်ခံစာ မပါဘဲ၊ ကြော်ငြာလာရောက်လက်ခံပါက အောက်ပါဖုန်းနံပါတ်များသို့ အသိပေးအကြောင်းကြားပါရန်မေတ္တာရပ်ခံအပ်ပါသည်။

ဖုန်း - ၀၁ - ၃၇၁ ၀၂၃ ၊ ၂၅၁ ၁၉၇ ၊ ၂၅၂ ၀၁၇



# မုံရွာကုန်စည်ဒိုင် နှစ်သစ်ပဲမျိုးစုံဈေးကွက် တက်ဈေးနဲ့ဖွင့်လှစ်

မုံရွာကုန်စည်ဒိုင်ကို ဗဟိုပြုပြီး ချိတ်ဆက်စိုက်ပျိုးရောင်းဝယ်ခဲ့ကြတဲ့တောင်သူ၊ ပွဲစား၊ ကုန်သည်နဲ့ စက်ပိုင်ရှင်ကြီးများဟာ မိမိတို့ရဲ့ တစ်နှစ်ပတ်လုံး လည်ပတ်လှုပ်ရှားခဲ့ကြတဲ့ လုပ်ငန်းအသီးသီးကို မြန်မာ့နှစ်သစ်ကူးပြောင်းချိန်အတွင်း၊ ဧပြီ ၁၀ ရက်ကနေ ၁၉ ရက်နေ့ထိ ရပ်နားထားခဲ့ကြရာက ယခုဆိုရင် နှစ်သစ်ကူး ပဲဈေးကွက်စတင်ဖွင့်လှစ်လည်ပတ်ခဲ့တာ ၄ ရက်တာရှိခဲ့သလို ပဲမျိုးစုံနီးပါးတက်ဈေးအသီးသီးနဲ့ ဈေးဖွင့်ခဲ့တာ အောက်ပါအတိုင်းတွေ့ရပါတယ် -

| စဉ် | သီးနှံအမည် | ရေတွက်ပုံ | နှစ်သစ်မကူးမီ အမြင့်ဆုံးပေါက်ဈေး | နှစ်သစ်ကူးပြီး အမြင့်ဆုံးပေါက်ဈေး | ကွာခြားမှု (-) (+) |
|---|---|---|---|---|---|
| ၁။ | ကုလားပဲ (ဝမ်) | ၁ တင်း | ၁၇၇၀၀ | ၁၉၅၀၀ | ၁၈၀၀ |
| ၂။ | ကုလားပဲ (929) | ။ | ၁၈၀၀၀ | ၁၉၅၀၀ | ၁၅၀၀ |
| ၃။ | ကုလားပဲ (V2) | ။ | ၁၇၈၀၀ | ၁၉၅၀၀ | ၁၇၀၀ |
| ၄။ | ပဲတီစိမ်းကြီး | ။ | ၃၄၀၀၀ | ၄၀၅၀၀ | ၆၅၀၀ |
| ၅။ | ပဲစင်းငုံနီ | ။ | ၃၂၂၀၀ | ၃၄၀၀၀ | ၁၈၀၀ |
| ၆။ | ထောပတ် | ။ | ၁၄၀၀၀ | ၁၄၀၀၀ | - |
| ၇။ | ပဲကြီး | ။ | ၁၉၅၀၀ | ၂၂၅၀၀ | ၃၀၀၀ |
| ၈။ | မတ်ပဲ | ။ | ၃၀၀၀၀ | ၃၃၀၀၀ | ၃၀၀၀ |
| ၉။ | စွန်တာနီ | ။ | ၁၄၃၀၀ | ၁၅၃၀၀ | ၁၀၀၀ |
| ၁၀။ | ပဲနီလုံးကြား | ။ | ၁၄၈၀၀ | ၁၅၇၀၀ | ၉၀၀ |
| ၁၁။ | ပဲလွန်းပြာ | ။ | ၁၅၀၀၀ | ၁၅၃၀၀ | ၃၀၀ |
| ၁၂။ | ပုဂံပဲ | ။ | ၁၆၅၀၀ | ၁၇၅၀၀ | ၁၀၀၀ |
| ၁၃။ | မြေထောက်ပဲ | ။ | ၁၆၈၀၀ | ၁၉၀၀၀ | ၂၂၀၀ |
| ၁၄။ | CP ပြောင်း | ။ | ၆၉၀၀ | ၇၅၀၀ | ၆၀၀ |

နှစ်ဟောင်းနဲ့ နှစ်သစ်ကူးကာလ ပဲဈေးကွက်အနေနဲ့ Export ဈေးကွက်ရှိနိုင်တဲ့ စိမ်းကြီး၊ ငုံနီနဲ့မတ်ပဲတို့ သိသိသာသာ ဈေးမြောက်သွားခဲ့ပြီး၊ ဒေသတွင်းလုပ်ငန်းသုံးဝယ်လိုအားသာရှိတဲ့ ပဲတွေက ကုန်သည်တွေထံ ပဲလက်ကျန်အနည်းအများပေါ်မူတည်ပြီး၊ လုပ်ငန်းလိုအပ်ချက်အလိုက် ဈေးအနည်းငယ်တက်ခဲ့တာတွေ့ရပါတယ်။

နှစ်သစ်ပဲဈေးကွက်ဟာ တက်ဈေးနဲ့အတူ အရောင်းအဝယ်လည်း အနည်းငယ်သွက်လာခဲ့တယ်လို့ ဒိုင်ရပ်ကွက်ကဆိုပါတယ်။ ကုလားပဲအုပ်စုအနေနဲ့ ဒေသခံကုန်သည်လှောင်လက် အနည်းငယ်အဝယ်လိုက်ခဲ့လို့ တစ်ရက်အိတ် ၇၀၀ မှ ၁၀၀၀ကြား အရောင်းအဝယ်ဖြစ်ခဲ့သလို ဒေသသုံးပဲတွေဖြစ်ကြတဲ့ စွန်တာနီနဲ့ ပဲနီလုံးကြားတွေလည်း တစ်ရက်အိတ် ၅၀၀ မှ ၁၀၀၀ စီ အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။ ပဲစင်းငုံနီအနေနဲ့ ဈေးမာလာလို့ တောင်သူအရောင်း အနည်းငယ်တက်လာတဲ့အတွက် တစ်ရက်အိတ် ၇၀၀ ခန့် အရောင်းအဝယ်ဖြစ်ခဲ့ကာ၊ မတ်ပဲကတော့ ကုန်သည်လက်ဝယ် ပဲလက်ကျန်လျော့နေလို့ နေ့စဉ်ပုံမှန် အရောင်းမရှိဘူးလို့ ဒိုင်ရပ်ကွက်ကဆိုပါတယ်။ ပဲတီစိမ်းကြီးကတော့ ချောင်းဦးနယ်ဘက်က ရေသွင်းပဲတွေ ဒိုင်ကိုအဝင် သွက်လာခဲ့သလို Export အတွက် ဝယ်လိုအားသွက်လို့ တစ်ရက်အိတ် ၇၀၀မှ ၁၀၀၀ ကြား အရောင်းအဝယ်ဖြစ်ခဲ့တယ်လို့သိရပါတယ်။ ပြည်တွင်းသုံးဖြစ်တဲ့ ပဲကြီးအနေနဲ့ ဒေသတွင်းပဲကြော်ဖိုနဲ့ ရေစကြိုဘက်က ဆွဲအားကောင်းလို့ တစ်ရက် အိတ် ၅၀၀ ခန့် အရောင်းအဝယ်ဖြစ်ခဲ့တယ်လို့ဆိုပါတယ်။

ပြီးခဲ့တဲ့ ပဲစိုက်ရာသီက အညာဒေသနယ်စုံမှာ ရာသီဥတုကြောင့် ပဲမျိုးစုံအထွက်လျော့ခဲ့ကြပြီး မုံရွာဒိုင်မှာလည်း ယခင်နှစ်တွေကထက် ပဲအဝင်လျော့ဖွယ်ရှိရာ နောက်နှစ်ပဲစိုက်ရာသီထိ ကုန်သည်တွေ ထိန်းရောင်းကြဖွယ်ရှိလို့ ပဲမျိုးစုံ ခုလိုတက်ဈေးဖြစ်လာခြင်း ဆက်လက်ကြုံတွေ့ရနိုင်တယ်လို့ လေ့လာသိရှိရပါတယ်။

**ထွန်းလှိုင်-မုံရွာ**

## ပြည်ပဲနီပြားဈေး ယခင်နှစ်ထက် ဈေးလျော့နေခဲ့

ပြည်ဈေးကွက်မှာ ပဲများအားလုံးလိုလို ဈေးမြင့်တက်ပေမယ့် ပဲနီပြားသီးနှံကတော့ ဒေသတွင်းသာ အဝယ်ရှိလို့ ပဲဈေးမှာတစ်တင်း ၁၈၀၀၀ ကျပ်ဖြင့်သာ ဈေးငြိမ်နေခဲ့ပါတယ်။ ပဲဝင်ရောက်မှုအနေနဲ့ အိတ် ၁၀၀ ကျော်ဝင်ရောက်ပြီး ဝယ်လက်ကတော့ လှောင်သမားများနဲ့ လက်လီသမားများ နေ့စဉ်အဝယ်ရှိနေလို့ ဝင်လာသမျှ ပဲအားလုံး အရောင်းအဝယ်ဖြစ်ခဲ့ပါတယ်။ ပဲနီပြားသီးနှံဈေးမှာ ယခင်နှစ် သင်္ကြန်ပြီးကာလမှာ တစ်တင်း ၂၉၅၀၀ ကျပ်ရရှိခဲ့ပြီး ယခုနှစ်မှာ ယခင်နှစ်ကဈေးအောက် လျော့နည်းသွားခဲ့ကြောင်းသိရပါတယ်။

**ခင်ဆွေဝင်း-ပြည်**

# ယခင်နှစ်နဲ့ ယခုနှစ် သင်္ကြန်လွန်ကာလ မန်းကုန်စည်ဒိုင်မှာ အရောင်းအဝယ်ဖြစ်သည့် သီးနှံများနဲ့ ဈေးနှုန်းများနှိုင်းယှဉ်ခြင်း

မန္တလေးကုန်စည်ဒိုင် (ပွဲစား၊ ကုန်သည်၊ စက်ပိုင်များ မဟာကထိန်တော်အသင်း )သို့ မန္တလေးတိုင်းဒေသကြီးအတွင်းနှင့် အခြားတိုင်းဒေသကြီးများမှ ပဲမျိုးစုံ၊ ပြောင်းမျိုးစုံနှင့် နှမ်းမျိုးစုံများအရောင်းအဝယ်ပြုလုပ်သည့် ပွဲစားများ၊ ကုန်သည်များနှင့် စက်ပိုင်များအပြင် ပြည်ပအဝယ်တော်များလည်း နေ့စဉ်(ဥပုသ်နေ့မှအပ) လာရောက်ပြီး အရောင်းအဝယ်ပြုလုပ်လျက်ရှိရာ သင်္ကြန်ကာလအလွန် ၂၀၁၅ခုနှစ် ဧပြီလ စတုတ္ထပတ်သီးနှံများ၏ အရောင်းအဝယ်ဖြစ်မှုနှင့် ဈေးနှုန်းများအား ယခင်နှစ်ကာလတူ သီးနှံများ၏ ဈေးနှုန်းများနှင့် နှိုင်းယှဉ်ပါက-

**တစ်ပိဿာဈေး-ကျပ်**

| သီးနှံအမည် | ၂၀၁၄ ခုနှစ် ဧပြီလစတုတ္ထပတ် | | ၂၀၁၅ ခုနှစ် ဧပြီလစတုတ္ထပတ် | |
|---|---|---|---|---|
| | နိမ့် | မြင့် | နိမ့် | မြင့် |
| ပဲတီစိမ်း(ရွှေဝါ) | ၁၇၆၀ | ၁၇၇၈ | ၂၁၃၃ | ၂၁၅၁ |
| ပဲလွန်းဖြူ | ၇၅၀ | ၈၆၇ | ၁၀၀၀ | ၁၁၃၃ |
| ပဲကြီး | ၁၄၈၄ | ၁၅၀၂ | ၁၀၈၆ | ၁၂၆၇ |
| ပဲနီပြား | ၉၇၇ | ၁၀၈၆ | ၈၆၉ | ၁၀၈၆ |
| ပဲပုပ် (ရှမ်း) | - | ၁၀၈၉ | ၈၉၂ | ၉၃၉ |
| ပဲပုပ် (ဗမာ) | - | ၁၁၂၇ | - | ၉၀၁ |
| ပဲယင်း | ၉၁၇ | ၉၃၃ | - | ၈၃၃ |
| ထောပတ်ပဲ | ၁၃၈၇ | ၁၄၂၂ | - | ၁၀၄၉ |
| ပဲဇီးကွက် | ၉၁၈ | ၉၂၇ | ၇၇၃ | ၇၈၁ |
| နိုင်လွန်ပဲ | - | ၁၈၂၃ | ၈၇၈ | ၈၉၅ |
| မြေထောက်ပဲ | - | ၁၅၁၉ | ၁၀၁၉ | ၁၁၄၈ |
| မတ်ပဲ | ၁၀၅၀ | ၁၀၆၇ | ၁၇၁၇ | ၁၇၅၀ |
| ပဲစင်းငုံနီ | - | ၁၀၀၀ | - | ၁၆၃၃ |
| ပဲစင်းငုံရွှေ | - | ၁၀၀၀ | - | ၁၆၆၇ |
| ကုလားပဲဖြူကြီး | ၈၁၂ | ၈၁၆ | ၉၇၈ | ၉၈၇ |
| ကုလားပဲထိုင်ဝမ် | - | ၇၅၆ | - | ၉၇၈ |
| ပြောင်းဖူးစေ့ (ရှမ်း) | ၃၈၀ | ၃၈၃ | ၄၀၇ | ၄၁၇ |
| ပြောင်းဖူးစေ့ (ဗမာ) | - | ၃၈၀ | - | ၃၈၀ |
| ပြောင်းဖူးစေ့ (စီပီ) | ၃၈၀ | ၃၈၃ | - | ၄၁၇ |
| အထွက်တိုးပြောင်း | ၄၈၁ | ၅၀၀ | ၄၅၃ | ၄၉၁ |
| ဆန်ပြောင်း | - | ၄၅၆ | ၄၃၀ | ၄၅၆ |
| နှမ်းဖြူ | ၃၆၀၀ | ၃၇၃၃ | ၂၁၁၁ | ၂၃၃၃ |
| နှမ်းညို | ၂၉၃၃ | ၂၉၅၆ | ၂၀၀၀ | ၂၂၂၂ |
| နှမ်းနက် | ၂၈၄၄ | ၃၆၆၇ | ၂၀၀၀ | ၂၃၇၈ |
| နှမ်းနက် (စမုံ) | ၃၇၇၈ | ၃၉၅၆ | ၄၀၀၀ | ၄၆၆၇ |
| ပန်းနှမ်း | ၉၁၁ | ၉၇၈ | ၁၄၄၄ | ၁၄၈၉ |
| မြေပဲဆန် (S1 လုံးဆန်) | - | ၁၇၀၀ | ၂၅၀၀ | ၂၅၅၀ |

မန္တလေးကုန်စည်ဒိုင်မှာ အရောင်းအဝယ်ပြုလုပ်တဲ့ လယ်ယာထွက်ကုန်သီးနှံများ (ပဲ၊ ပြောင်း၊ နှမ်း၊ မြေပဲ)ကို အဓိကဝယ်ယူလျက်ရှိတဲ့ ပြည်ပနိုင်ငံများမှာ တရုတ်နဲ့ အိန္ဒိယဖြစ်ပြီး အရောင်းအဝယ်ဖြစ်မှုရဲ့ တစ်ဝက်ကျော် ၅၀ ရာခိုင်နှုန်းကို တရုတ်မှ ဝယ်ယူမှုရှိကြောင်း သိရပါတယ်။ တရုတ်ဝယ်လက်ရဲ့ ဝယ်လိုအားနဲ့ ဈေးကွက်အခြေအနေကောင်းမွန်တာက တစ်ကြောင်း၊ လမ်းပန်းဆက်သွယ်ရေးအဆင်ပြေချောမွေ့တာကတစ်ကြောင်း၊ အချိန်တိုအတွင်း ဈေးကွက်သို့ အရောက်ပို့ဆောင်ရောင်းဝယ်နိုင်ခြင်းကြောင့် သီးနှံမျိုးစုံ ပုံမှန်အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်း သိရပါတယ်။

အရောင်းအဝယ်ဖြစ်မှုများတဲ့ ပဲများအနက် ယခင်နှစ်ကာလတူ ဈေးနှုန်းနဲ့ နှိုင်းယှဉ်ပါက ပဲတီစိမ်း၊ ပဲလွန်းဖြူ မတ်ပဲ၊ ပဲစင်းငုံနဲ့ ကုလားပဲများ အမြင့်ဈေးနဲ့ အရောင်းအဝယ်ဖြစ်ပြီး ပဲနီပြားတစ်မျိုးတည်းသာ ယခင်နှစ်ကာလတူဈေးနှုန်းနဲ့ အရောင်းအဝယ်ဖြစ်ပါတယ်။ ကျန်ပဲများဖြစ်တဲ့ ပဲကြီး၊ ပဲပုပ်၊ ပဲယင်း၊ ထောပတ်ပဲ၊ ပဲဇီးကွက်၊ နိုင်လွန်ပဲနဲ့ မြေထောက်ပဲများမှာ ယခင်နှစ်ကာလတူ ဈေးအောက်နဲ့သာ အရောင်းအဝယ်ဖြစ်ပါတယ်။

ဧပြီလ စတုတ္ထပတ်မှာ ပဲတီစိမ်းကြီး တစ်ပိဿာ ၂၁၅၁ ကျပ် (တစ်တန် ၁၃၁၇၂၅၁ကျပ်)နဲ့ နေ့စဉ် သုံးတင်းအိတ် ၁၂၀၀ ကျော် အရောင်းအဝယ်ဖြစ်ကြောင်း သိရပါတယ်။ ယခုတစ်ပတ်မှာ ပဲလွန်းဖြူတစ်ပိဿာ ၁၁၃၃ ကျပ် (တစ်တန် ၆၉၃၈၃၈ ကျပ်) နဲ့ နေ့စဉ် သုံးတင်းအိတ် ၂၅၀ ခန့်၊ ပဲကြီး တစ်ပိဿာ ၁၂၆၇ ကျပ် (တစ်တန် ၇၇၅၈၉၈ ကျပ်) နဲ့ နေ့စဉ် သုံးတင်းအိတ် ၃၀၀ ခန့်၊ ပဲနီပြား တစ်ပိဿာ ၁၀၈၆ ကျပ် (တစ်တန် ၆၆၅၀၅၆ ကျပ်) နဲ့ နေ့စဉ် သုံးတင်းအိတ် ၂၀၀ ကျော်၊ ပဲပုပ် (ရှမ်း) တစ်ပိဿာ ၉၃၉ ကျပ် (တစ်တန် ၅၇၅၀၃၄ ကျပ်)၊ ပဲပုပ် (ဗမာ)တစ်ပိဿာ ၉၀၁ ကျပ် (တစ်တန် ၅၅၁၇၆၃ ကျပ်) နဲ့ ပဲပုပ် နှစ်မျိုးပေါင်း နေ့စဉ် သုံးတင်းအိတ် ၄၀၀ ကျော်၊ ပဲယင်း တစ်ပိဿာ ၈၃၃ ကျပ် (တစ်တန် ၅၁၀၁၂၁ ကျပ်)နဲ့ နေ့စဉ် သုံးတင်းအိတ် ၂၀၀ ခန့်၊ ထောပတ်ပဲ တစ်ပိဿာ ၁၀၄၉ ကျပ် (တစ်တန် ၆၄၂၃၉၇ကျပ်)နဲ့ နေ့စဉ်သုံးတင်းအိတ် ၃၀၀ ခန့် အရောင်းအဝယ်ဖြစ်ကြောင်း သိရပါတယ်။

ရန်ကုန်ဝယ်လက်နဲ့ အိန္ဒိယဝယ်လက်များ ပြန်လည်အဝယ်လိုက်သလို ဒေသတွင်း လှောင်လက်များ ဝယ်ယူသိုလှောင်ထားမှုရှိတဲ့ မတ်ပဲ၊ ပဲစင်းငုံနဲ့ကုလားပဲများ ယခင်နှစ်ကာလတူဈေးနှုန်းရဲ့ အထက်မှာ အရောင်းအဝယ်ဖြစ်သလို အရောင်းအဝယ်ဖြစ်မှုပမာဏလည်း များပြားလာကြောင်း သိရပါတယ်။ ယခုတစ်ပတ်မှာ မတ်ပဲတစ်ပိဿာ ၁၇၅၀ ကျပ် (တစ်တန် ၁၀၇၁၆၈၃ ကျပ်) နဲ့ နေ့စဉ် သုံးတင်းအိတ် ၆၀၀ ကျော်၊ ပဲစင်းငုံနီ တစ်ပိဿာ ၁၆၃၃ ကျပ် (တစ်တန် ၁၀၀၀၀၃၃ ကျပ်)၊ ပဲစင်းငုံရွှေ တစ်ပိဿာ ၁၆၆၇ ကျပ် (တစ်တန် ၁၀၂၀၈၅၄ ကျပ်)နဲ့ ပဲစင်းငုံနှစ်မျိုးပေါင်း နေ့စဉ် သုံးတင်းအိတ် ၂၀၀၀ ကျော်၊ ကုလားပဲဖြူလုံးကြီး တစ်ပိဿာ ၉၈၇ ကျပ် (တစ်တန် ၆၀၄၄၂၉ ကျပ်)၊ ကုလားပဲ ထိုင်ဝမ် တစ်ပိဿာ ၉၇၈ ကျပ် (တစ်တန် ၅၉၈၉၁၇ ကျပ်) နဲ့ ကုလားပဲ နှစ်မျိုးပေါင်း နေ့စဉ် သုံးတင်းအိတ် ၁၂၀၀ ခန့် အရောင်းအဝယ်ဖြစ်ကြောင်း သိရပါတယ်။

အဝင်ရှိသလောက် အရောင်းအဝယ်ဖြစ်တဲ့ ပြောင်းမျိုးစုံကို အဓိကဝယ်ယူသည့် ပြည်ပ (တရုတ်) ဝယ်လက်၊ ဒေသတွင်းလှောင်လက်၊ အစာစပ်လုပ်ငန်းနဲ့ အရက်ချက်လုပ်ငန်းများမှ ပုံမှန်ဝယ်ယူမှုရှိတာကြောင့် ပုံမှန်အရောင်းအဝယ်ရှိကြောင်း သိရပါတယ်။ ၂၀၁၅ ခုနှစ် ဧပြီလစတုတ္ထပတ်မှာ ပြောင်းဖူးစေ့ (ရှမ်း)တစ်ပိဿာ ၄၁၇ ကျပ် (တစ်တန် ၂၅၅၃၆၇ ကျပ်)၊ ပြောင်းဖူးစေ့ (ဗမာ) တစ်ပိဿာ ၃၈၀ ကျပ် (တစ်တန် ၂၃၂၇၀၈ ကျပ်)၊ ပြောင်းဖူးစေ့ (စီပီ) တစ်ပိဿာ ၄၁၇ ကျပ် (တစ်တန် ၂၅၅၃၆၇ ကျပ်) နဲ့ အဆိုပါ ပြောင်းသုံးမျိုး နေ့စဉ် သုံးတင်းအိတ် ၂၀၀၀ ကျော် အရောင်းအဝယ်ဖြစ်ပါတယ်။ ယခုတစ်ပတ်မှာ အထွက်တိုးပြောင်းတစ်ပိဿာ ၄၉၁ ကျပ် (တစ်တန် ၃၀၀၆၈၃ ကျပ်)နဲ့ နေ့စဉ် သုံးတင်းအိတ် ၄၀၀ ကျော်ခန့်၊ ဆန်ပြောင်း တစ်ပိဿာ ၄၅၆ ကျပ် (တစ်တန် ၂၇၉၂၅၀ ကျပ်)နဲ့ နေ့စဉ် သုံးတင်းအိတ် ၅၀၀ ကျော် အရောင်းအဝယ်ဖြစ်ကြောင်း သိရပါတယ်။ ယခင်နှစ်ကာလတူ ဈေးနှုန်းနဲ့ နှိုင်းယှဉ်ပါက ပြောင်းဖူးစေ့ (ရှမ်း) နဲ့ ပြောင်းဖူးစေ့ (စီပီ) တို့မှာ ယခင်နှစ်ကာလတူ ဈေးနှုန်းအထက်မှာ ရှိနေပြီး၊ ပြောင်းဖူးစေ့ (ဗမာ)နဲ့ ဆန်ပြောင်းမှာ ယခင်နှစ်ကာလတူ ဈေးနှုန်းအတိုင်းသာ အရောင်းအဝယ်ဖြစ်ပြီး အထွက်တိုးပြောင်းမှာ ယခင်နှစ် ဈေးနှုန်းအောက်ကို ရောက်ရှိနေပေမယ့် ပြောင်းဖူးစေ့သီးနှံအားလုံးမှာ ယခင်နှစ်ဈေးနှုန်းများနှင့် ကွာဟမှု ကျဉ်းမြောင်းကြောင်း သိရပါတယ်။

တရုတ် (ပြည်ပ) ဝယ်လိုအားပုံမှန်ရှိနေတဲ့ ဆီထွက်သီးနှံတစ်မျိုးဖြစ်သော နှမ်းရောင်စုံအများစုမှာ ယခင်နှစ်ဈေးနှုန်းအောက်ကို ရောက်ရှိနေပြီး နှမ်းနက် (စမုံ)နဲ့ ပန်းနှမ်းများသာ ယခင်နှစ်ဈေးနှုန်းအထက်မှာ အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်း သိရပါတယ်။ ယခုတစ်ပတ်မှာ နှမ်းဖြူတစ်ပိဿာ ၂၃၃၃ ကျပ် (တစ်တန် ၁၄၂၈၇၀၆ ကျပ်)၊ နှမ်းညို တစ်ပိဿာ ၂၂၂၂ ကျပ် (တစ်တန် ၁၃၆၀၇၃၁ ကျပ်)၊ နှမ်းနက် တစ်ပိဿာ ၂၃၇၈ ကျပ် (တစ်တန် ၁၄၅၆၂၆၃ ကျပ်)၊ နှမ်းနက် (စမုံ) တစ်ပိဿာ ၄၆၆၇ ကျပ် (တစ်တန် ၂၈၅၈၀၂၄ ကျပ်) နဲ့ အဆိုပါ နှမ်းလေးမျိုး နေ့စဉ် သုံးတင်းအိတ် ၇၀၀ ခန့် အရောင်းအဝယ်ဖြစ်ကြောင်း သိရပါတယ်။ ပန်းနှမ်းတစ်ပိဿာ ၁၄၈၉ ကျပ် (တစ်တန် ၉၁၁၈၄၉ ကျပ်)နဲ့ နေ့စဉ် သုံးတင်းအိတ် ၅၀၀ ခန့် အရောင်းအဝယ်ဖြစ်ကြောင်း သိရပါတယ်။

ယခုတစ်ပတ်အတွင်း တရုတ်ဝယ်လက် အဆွဲသွက်လက်တဲ့ မြေပဲလုံးဆန်များမှာ အဝင်ရှိသလောက် အရောင်းအဝယ်ဖြစ်ကြောင်း သိရပါတယ်။ ယခုတစ်ပတ်မှာ မြေပဲလုံးဆန် (S1) တစ်ပိဿာ ၂၅၅၀ ကျပ် (တစ်တန် ၁၅၆၁၅၉၅ ကျပ်)နဲ့ နေ့စဉ် သုံးတင်းအိတ် ၃၀၀၀ ခန့် အရောင်းအဝယ်ဖြစ်ကြောင်း သိရပါတယ်။

တရုတ်ဝယ်လက်မှ မြေပဲလုံးဆန် (S1) ကို ဝယ်ယူမှုသွက်လက်နေတာကြောင့် နှမ်းရောင်စုံဘက် အဝယ်အနည်းငယ်အေးကြောင်း၊ ပဲတီစိမ်းကြီးကိုမူ ပုံမှန်ဝယ်ယူမှုရှိကြောင်း၊ ယခင်လများမှာ အရောင်းအဝယ်လေးနေတဲ့ ပြောင်းဖူးစေ့များ ယခုတစ်ပတ်မှာ အရောင်းအဝယ်သွက်သလို ဈေးလည်းအနည်းငယ်မာလာကြောင်း သိရပါတယ်။

ရန်ကုန်ဝယ်လက်၊ ဒေသတွင်းလှောင်လက်နဲ့ ပြည်ပ (အိန္ဒိယ) ဝယ်လက်တွေရဲ့ ဆွဲအားကောင်းမွန်တာကြောင့် မတ်ပဲ၊ ပဲစင်းငုံနဲ့ ကုလားပဲများ အရောင်းအဝယ် သွက်လက်ကြောင်း၊ မတ်ပဲအဝင်မလှိုင်သေးပေမယ့် ဝင်သလောက် သူ့ဈေးနဲ့သူ အရောင်းအဝယ်ဖြစ်ကြောင်း၊ ပဲစင်းငုံကို အိန္ဒိယဝယ်လက်များမှ ဝယ်ယူမှုရှိသလို ရန်ကုန်ဝယ်လက်များမှတစ်ဆင့် ဝယ်ယူမှုရှိကြောင်း၊ ဒေသတွင်း ပဲခွဲစက်များ၊ လှောင်လက်များမှ ကုလားပဲဖြူကြီးနဲ့ ကုလားပဲထိုင်ဝမ်ကို ပုံမှန်ဝယ်ယူမှုရှိတာကြောင့် အရောင်းအဝယ်သွက်လက်သလို ရန်ကုန်ဝယ်လက်များမှလည်း ဝယ်ယူမှုရှိကြောင်း၊ သင်္ကြန်ကာလအလွန်မှာ အရောင်းအဝယ် လှုပ်လှုပ်ရှားရှားလေးဖြစ်သလို ဈေးနှုန်းများလည်း အနည်းငယ်လှုပ်လာတာကြောင့် သွက်သွက်ဝယ်မြန်မြန်ရောင်းရကြောင်း ကုန်သည်ကြီးတစ်ဦးမှ ပြောကြားကြောင်း သိရပါတယ်။

**စိုးအောင်-မန္တလေး**

## သင်္ကြန်ပြီးကာလ ပြည်ပဲမျိုးစုံဈေးကွက်မှာ Export ပဲအားလုံးလိုလို ဈေးမြင့်တက်

ပဲခူးတိုင်းဒေသကြီး၊ ပြည်ပဲမျိုးစုံဈေးကွက်မှာ သင်္ကြန်ပြီးကာလ၊ Export ဝယ်လက်ရှိတဲ့ ပဲအားလုံးလိုလို ဈေးမြင့်တက်လာတာကို တွေ့ရပါတယ်။ မတ်ပဲ၊ ပဲစင်းငုံ၊ ကုလားပဲနဲ့ ပဲကြီးဈေးများတွင် မတ်ပဲဈေးမှာ တစ်တင်း ၅၀၀၀ ကျပ်ခန့်အထိ မြင့်တက်လာသလို ပဲစင်းငုံသီးနှံ မှာလည်း တစ်တင်း ၃၀၀၀ ကျပ်ခန့်နဲ့ ကုလားပဲဈေးမှာ တစ်တင်း ၂၀၀၀ ကျပ်အထိ အသီးသီးမြင့်တက်လာခဲ့ပြီး ပဲကြီးဈေးကတော့ တစ်တင်း ၅၀၀ ကျပ်ခန့်သာ မြင့်တက်ခဲ့ကြပါတယ်။ အခြားပဲဈေးများကတော့ ဈေးငြိမ်နေသလို အရောင်းအဝယ် မသွက်ခဲ့ဘူးလို့ သိရပါတယ်။

မတ်ပဲသီးနှံမှာ သင်္ကြန်ပြီးကာလ ရန်ကုန်ဝယ်လက်ဝယ်လိုအား ကောင်းနေသော်လည်း ပဲဝင်ရောက်မှုပမာဏ နည်းခဲ့တာကြောင့် အိတ် ၂၀၀ ကျော်ခန့်သာ ဝင်ရောက်ပြီး လှောင်ပဲသမားများလည်း ပဲဈေးကောင်းနေလို့ ထုတ်ရောင်းချနေတဲ့အတွက် အိတ် ၅၀၀ ကျော် နေ့စဉ် အရောင်းအဝယ်ဖြစ်ပြီး နတ်တလင်း၊ ပေါင်းတည်၊ ဇီးကုန်းဘက်မှ ပဲများကတော့ ရန်ကုန်သို့ တိုက်ရိုက်တင်ပို့ ရောင်းချခဲ့ကြပါတယ်။ ပဲဈေးနှုန်းမှာ တစ်တင်း ၃၄၅၀၀ ကျပ်ထိ ဈေးကောင်းရနေပြီး ဈေးကွက်အတွင်းမှာလည်း မတ်ပဲဈေးအမြင့်ဆုံး ရနေခဲ့ပါတယ်။

ပဲစင်းငုံသီးနှံမှာလည်း အရောင်းအဝယ်အေးသွားခဲ့ပေမယ့် ပဲဈေးကတော့ သင်္ကြန်မတိုင်ခင်ကာလမှာ တစ်တင်း ၂၉၅၀၀ ကျပ်သာ ရရှိပြီး ယခုသင်္ကြန်ပြီးကာလမှာ တစ်တင်း ၃၂၀၀၀ ကျပ်ကျော်ရရှိနေခဲ့ပါတယ်။ ပဲအဝင်မရှိသလောက်ပါးသွားပြီး လက်ကျန်ပဲများကတော့ ရန်ကုန်ဝယ်လက်ဝယ်ယူတဲ့အခါ အိတ် ၃၀၀ ကျော်ရောင်းချခဲ့ရကြောင်း သိရပါတယ်။

ကုလားပဲသီးနှံမှာ ပဲအဝင်အနေဖြင့် ပန်းတောင်း၊ ကံမဘက်မှသာ အိတ် ၁၅၀၊ ၂၀၀ ဝင်ရောက်ခဲ့ကြပါတယ်။ ဒေသတွင်း ဝယ်လက်သာမက အုတ်ဖို၊ ကြို့ပင်ကောက်ဘက်မှလည်း ဝယ်ယူမှုရှိလာခဲ့တာကြောင့် ခွဲစက်သမားရော၊ လက်လီသမားပါ အရောင်းအဝယ်ဖြစ်မှုပမာဏအရ အိတ် ၂၀၀ ကျော် ၃၀၀ အထိ အဝယ်ရှိခဲ့ပါတယ်။ ပဲဈေးနှုန်းမှာ တစ်တင်း ၁၉၅၀၀ ကျပ်ထိ ဈေးပိုရလာခဲ့ပါတယ်။

ပဲကြီးဈေးနှုန်းများကတော့ ပဲအဝင်ပါးသွားတယ် ဆိုသော်လည်း အခြားပဲများနှင့်ယှဉ်ရင်တော့ အနည်းငယ်ပိုနေခဲ့တာကို တွေ့ရပါတယ်။ ပန်းတောင်း၊ ရွှေတောင်၊ ကျီးသဲ၊ ပေါက်ခေါင်း၊ ပေါင်းတလည်၊ ကံမဖက်မှ အိတ် ၃၀၀ ကျော် ၄၀၀ ဝင်ရောက်ခဲ့ပါတယ်။ ဝယ်လက်ကတော့ လှောင်သမားနဲ့ ပဲကြော်ဖိုသမားများ နေ့စဉ်အဝင်ရှိသလောက် ဝယ်ယူခဲ့ကြပါတယ်။ ပဲဈေးမှာ (ရွှေကျွန်း) တစ်တင်း ၂၂၅၀၀ ကျပ်၊ (ကမ်းနား) တစ်တင်း ၂၀၅၀၀ ကျပ်ဖြင့် သင်္ကြန်ပြီးကာလထက်တော့ အနည်းငယ်ဈေးပိုရခဲ့ပါတယ်။

ထောပတ်ပဲနဲ့ ပဲပုပ်သီးနှံဈေးကတော့ ဈေးငြိမ်နေသလို အရောင်းအဝယ်လည်း အေးကာ လက်ကျန်ပဲများအား ဒေသတွင်းသာ နေ့စဉ် အရောင်းအဝယ်ဖြစ်ပြီး ထောပတ်ပဲတစ်တင်း ၁၅၀၀၀ ကျပ်၊ ပဲပုပ် တစ်တင်း ၁၆၀၀၀ ကျပ်ဖြင့် အသီးသီး အရောင်းအဝယ်ဖြစ်ခဲ့ကြတယ်လို့ သိရပါတယ်။

**ခင်ဆွေဝင်း-ပြည်**

## နနွင်း



### စင်ကာပူနဲ့ အာရပ်နိုင်ငံသို့ နနွင်းတင်ပို့

ဧပြီ ၅ ရက်မှ ၁၁ ရက်သီတင်းပတ်အတွင်းမှာ ပင်လယ်ရေကြောင်း ကုန်သွယ်မှုလမ်းမှ နနွင်းတန်ချိန် ၂၄၀ ကိုတင်ပို့ခဲ့ပါတယ်။ ဒီတစ်ပတ်မှာ အာရပ် နိုင်ငံကို ၅၂ တန်နဲ့ စင်ကာပူနိုင်ငံကို ၁၈၈ တန်တင်ပို့ခဲ့ပါတယ်။ ယခင်သီတင်းပတ် နနွင်းတင်ပို့မှုမှာ တန်ချိန် ၂၉၀ ကျော်ရှိခဲ့တာကြောင့် ဒီတစ်ပတ်မှာ နနွင်းတင်ပို့မှု လျော့ခဲ့ပါတယ်။ နနွင်းတင်ပို့မှုမှ ကန်ဒေါ်လာ ၁၃၃၉၇၅ ဝင်ငွေရရှိခဲ့တယ်လို့ သိရပါတယ်။

လချုပ်အနေနဲ့ကြည့်မယ်ဆိုရင် မတ်လနနွင်းတင်ပို့မှုမှာ စုစုပေါင်းတန်ချိန် ၁၀၅၆ ကျော်ရှိခဲ့ပြီး ဖေဖော်ဝါရီလမှာ ၇၁၂ တန်ကျော် ရှိခဲ့တာကြောင့် မတ်လမှာ နနွင်းတင်ပို့မှုပိုခဲ့တယ်လို့ သိရပါတယ်။

**သီတာဝင်း (DOT)**

### နနွင်းသစ်များ အောင်ပန်းဈေးကွက်သို့ ပုံမှန်အဝင်ရှိ

နနွင်းမှာ အသစ်ထွက်ပြီဖြစ်ပေမယ့် အောင်ပန်းဈေးကွက်ထဲကိုတော့ ပုံမှန်အဝင်ပဲရှိနေပါတယ်။ အကြိုန်ပြီးစမှာ အိန္ဒိယဘက်က အဆွဲရှိနေလို့ ဈေးနည်းနည်းတက်သွားခဲ့ပြီး ဒီတစ်ပတ်မှာတော့ ဈေးပြန်ငြိမ်သွားခဲ့ပါတယ်။ အသစ်တွေစထွက်ပြီဆိုပေမယ့် တောင်သူတွေက ဈေးအတက်ကိုစောင့်နေတာကြောင့် ပုံမှန်အဝင်ပဲရှိနေပါတယ်။

သကြိုန်ပြီးစမှာ ပြည်ပအဆွဲရှိလို့ အရောင်းအဝယ်သိန်းဂဏန်းအထိ ဖြစ်သွားခဲ့ပြီး ဒီတစ်ပတ်မှာ ဈေးငြိမ်၊ အရောင်းအဝယ်လည်းပြန်ငြိမ်သွားခဲ့ပါတယ်။ ဆင်တောင်နနွင်းက တစ်ပိဿာ ၂၂၀၀ ကျပ်၊ တောင်ပို့လနနွင်းက တစ်ပိဿာ ၁၃၀၀ ကျပ်-၁၈၀၀ ကျပ်ဈေးရှိပါတယ်။ ဟိုပုံးနနွင်းကတော့ အခုမှ ပွဲရုံတွေ ပြန်စဖွင့်တာမို့လို့ ပစ္စည်းအဝင်လည်းမရှိသေး၊ ဈေးလည်းမဖွင့်နိုင်သေးဘူးလို့ သိရှိရပါတယ်။

**စောယုထွေး-တောင်ကြီး**

## မန်ကျည်း

### မန်ကျည်းတန်ချိန် တစ်ထောင်ကျော်ထိတင်ပို့

ဧပြီလ ၅ ရက်မှ ၁၁ ရက်သီတင်းပတ်အတွင်း မန်ကျည်း ၁၁၉၉ တန်ကို ပင်လယ်ရေကြောင်း ကုန်သွယ်မှုလမ်းမှ တင်ပို့ခဲ့ပါတယ်။ ဒီတစ်ပတ်မှာ ပါကစ္စတန်နိုင်ငံကို ၇၅ တန်၊ ဘင်္ဂလားဒေ့ရှ်ကို ၃၂၈ တန်နဲ့ မလေးရှားနိုင်ငံကို ၇၉၆ တန် တင်ပို့ခဲ့တယ်လို့ သိရပါတယ်။ ယခင်သီတင်းပတ်မှာ တန်ချိန် ၄၃၂ တန်တင်ပို့နိုင်ခဲ့တာကြောင့် ဒီတစ်ပတ်မှာတန်ချိန် ၇၆၇ တန်တင်ပို့မှုပိုခဲ့တယ်လို့ သိရပါတယ်။

မန်ကျည်းတင်ပို့မှုမှ ကန်ဒေါ်လာ ၃၂၁၄၅၀ ဝင်ငွေရရှိခဲ့တယ်လို့ သိရပါတယ်။ လချုပ်အနေနဲ့ကြည့်မယ်ဆိုရင် မတ်လအတွင်းမန်ကျည်းစုစုပေါင်း တန်ချိန် ၇၂၉၃ တန်ကျော်တင်ပို့နိုင်ခဲ့ပြီး ဖေဖော်ဝါရီလမှာ တန်ချိန် ၇၀၁၁ ကျော်တင်ပို့နိုင်ခဲ့တာကြောင့် မတ်လမှာ တန်ချိန် နှစ်ရာကျော်သာတင်ပို့မှုပိုခဲ့တယ်လို့ သိရပါတယ်။

**သီတာဝင်း(DOT)**



## ချင်း

### ချင်းတန်ချိန် ၂၃၇ တန်ကျော်တင်ပို့

သီတင်းတစ်ပတ်ဖြစ်တဲ့ ဧပြီလ ၅ ရက်မှ ၁၁ ရက်သီတင်းပတ်အတွင်း ချင်း ၂၃၈ ဒသမ ၈ တန်ကို ပင်လယ်ရေကြောင်း ကုန်သွယ်မှုလမ်းမှ တင်ပို့ခဲ့ပါတယ်။ ဒီတစ်ပတ်မှာ စင်ကာပူကို ၄၈ တန်နဲ့ ပါကစ္စတန်နိုင်ငံကို ၁၉၀ ဒသမ ၈ တန်တင်ပို့နိုင်ခဲ့ပါတယ်။ ဒီတစ်ပတ်မှာတော့ ပါကစ္စတန်ကို အများဆုံး တင်ပို့နိုင်ခဲ့တယ်လို့ သိရပါတယ်။ ယခင်သီတင်းပတ် ချင်းတင်ပို့မှုမှာ ၁၈၆ တန်ကျော်ရှိခဲ့တာကြောင့် ဒီတစ်ပတ်မှာ ၅၂ တန်ကျော် တင်ပို့မှုပိုခဲ့ပါတယ်။ ချင်းတင်ပို့မှုမှ ကန်ဒေါ်လာ ၁၄၈၄၁၆ ဝင်ငွေရရှိခဲ့တယ်လို့ သိရပါတယ်။

လချုပ်အနေနဲ့ကြည့်မယ်ဆိုရင် ဖေဖော်ဝါရီလ ချင်းတင်ပို့မှုမှာ ၂၂ တန်ရှိခဲ့ပြီး မတ်လမှာ ၅၁၄ တန်ကျော်တင်ပို့နိုင်ခဲ့တာကြောင့် မတ်လမှာ ချင်းတင်ပို့မှုပိုခဲ့ပါတယ်။

**သီတာဝင်း(DOT)**

### သကြိုန်ပြီးစ ဈေးကွက်သို့ ချင်းအဝင်နည်းနေ

သကြိုန်အပြီး သီးနှံများ ပုံမှန်ဝင်ရောက်လာပေမယ့် သကြိုန်ပြီးစဆိုတော့ အရောင်းအဝယ်တွေက အေးနေသေးတယ်လို့ သိရပါတယ်။ သကြိုန်ပြီးကာစဆိုတော့ ပွဲရုံအချို့နဲ့ တောင်သူအချို့ အလုပ်ပြန်မစကြသေးဘူးလို့လည်း သိရပါတယ်။ အောင်ပန်းဈေးမှာတော့ ချင်းဈေးမှာ အကြိုန်အပြီး အဝင်နည်းတာရယ်၊ တောင်သူအချို့ကလည်း ချင်းပြန်စိုက်နေတာနဲ့ ဈေးကွက်ထဲ ချင်းအဝင်နည်းနေတယ်လို့ သိရပါတယ်။ ဈေးကတော့ သကြိုန်ပြီးစမှာ ဈေးနည်းနည်းတက်ပြီး ဒီတစ်ပတ်မှာတော့ ဈေးပြန်ငြိမ်သွားတယ်လို့ သိရပါတယ်။ မြေနီချင်းတစ်ပိဿာ ၁၂၀၀ ကျပ် ၁၂၅၀ ကျပ် ဈေးရှိပြီး၊ ညှံ့စတွေကတော့ တစ်ပိဿာ ၄၀၀ ကျပ်ဈေးရှိတယ်လို့ သိရပါတယ်။ တစ်ပတ်အတွင်း ပိဿာချိန် ၃၀၀၀ ခန့် အရောင်းအဝယ်ဖြစ်ခဲ့တယ်လို့ သိရပါတယ်။ ဟိုပုံးချင်းကတော့ ပြန်စိုက်ချိန်လည်းဖြစ်လို့ အဝင်လည်းသိပ်မရှိဘူးလို့ သိရပါတယ်။ ဈေးကတော့ တစ်ပိဿာ ၁၅၀၀ ကျပ်ဈေးနဲ့ လက်လီစိတ်သာ အရောင်းအဝယ်ဖြစ်နေတယ်လို့ သိရပါတယ်။

**စောယုထွေး-တောင်ကြီး**



| ၂၂-၄-၂၀၁၅ မှ ၂၄-၄-၂၀၁၅ ထိ CO Form များ ထုတ်ပေးမှုစာရင်း ရန်ကုန်တိုင်းဒေသကြီးရုံး | | | |
|---|---|---|---|
| **Sr.No.** | **Forms** | **Copies** | **Total Value (US$)** |
| 1 | Form A | 135 | 8,279,955.719 |
| 2 | Form D | 28 | 1,958,610.376 |
| 3 | Form E | 65 | 893,885.660 |
| 4 | Korea GSP | 4 | 78,786.100 |
| 5 | Form AK | 31 | 3,088,293.968 |
| 6 | Form AJ | 5 | 78,176.040 |
| 7 | Form AI | 11 | 998,821.670 |
| 8 | Form AANZ | - | - |
| 9 | Form DFTP | - | - |
| **Grand Total** | | **279** | **15,376,529.533** |

## ကြက်သွန်နီ



### ပြည်ကြက်သွန်နီဈေး ပြန်ဦးမော့လာ

ပြည်ကြက်သွန်နီပွဲရုံများတွင် လက်ကားအိတ်ဆွဲသမားများ အရောင်းအဝယ်ပုံမှန်အနေအထား ပြန်ဖြစ်နေကြောင်း တွေ့ရပါတယ်။ သကြိုန်မတိုင်ခင် ပွဲရုံများမှာ ကြက်သွန်နီအိတ်များ ပုံလျက်ရှိပြီး၊ ဈေးမှာလည်း ထိုးကျခဲ့ပါတယ်။ ဈေးအကျနဲ့လည်း ကြုံ၊ သကြိုန်နားကလည်းနီးမို့ အခါတွင်း လက်လီအရောင်းဆိုင်များ အိတ်ဆွဲမှုကြောင့် အနည်းငယ်အရောင်းအဝယ်သင့်ခဲ့ပြီး၊ အခါတွင်း ပွဲရုံများ ပိတ်ရက်ရှည်ကြောင့် အိတ်ဆွဲသမားများ ပိုမိုဆွဲလာပါတယ်။ ကြက်သွန်နီဈေးကျနေခဲ့ရာမှ သကြိုန်အပြီး ကြက်သွန်နီဈေးနှုန်းဟာ အနည်းငယ်မြင့်တက်လာပါတယ်။ ပွဲရုံတွင် အိတ်ဆွဲ တစ်ပိဿာဈေး (ကြီး) ၄၃၀ ကျပ်၊ (လတ်) ၄၀၀ ကျပ် နဲ့ (သေး) ၃၂၀ ကျပ်ဖြစ်ပါတယ်။

လက်လီဈေးကွက် ရောင်းဈေးကတော့ တစ်ပိဿာဈေး (ကြီး) ၆၀၀ ကျပ်၊ (လတ်) ၅၅၀ ကျပ်နဲ့ (သေး) ၄၅၀ ကျပ်ဖြင့် အရောင်းအဝယ်ဖြစ်နေပါတယ်။ ပွဲရုံများမှာလည်း ကြက်သွန်နီအိတ်များ ပုံမှန်ဝင်ရောက်ပြီး၊ တစ်ရက်အိတ် ၈၀၀၊ ၁၀၀၀ ထိ အရောင်းအဝယ်ဖြစ်နေပါတယ်။

**နီနီဝင်း-ပြည်**

## သီဟိုဠ်

### မြဝတီနှင့် ကော့သောင်း နယ်စပ်မှ သီဟိုဠ်စေ့ ၂၂ တန်ကျော် တင်ပို့နိုင်

မြန်မာ-ထိုင်းနယ်စပ်ရှိ မြဝတီကုန်သွယ်ရေးဇုန်နဲ့ ကော့သောင်းနယ်စပ်မှ မတ်လအတွင်း ကန်ဒေါ်လာ သုည ဒသမ ၁၆၉ သန်းတန်ဖိုးရှိသီဟိုဠ်စေ့ ၂၂ တန်ကျော်တင်ပို့နိုင်ခဲ့ပါတယ်။ စခန်းအလိုက် တင်ပို့မှုကတော့ မြဝတီကုန်သွယ်ရေးဇုန်မှ ၃ တန်နဲ့ ကော့သောင်းနယ်စပ်မှ ၁၉ တန်ကျော်တင်ပို့နိုင်ခဲ့ပါတယ်။

ဧပြီလ ၁ ရက်နေ့မှ ၁၇ ရက်တာကာလအတွင်းမှာတော့ မြဝတီကုန်သွယ်ရေးဇုန်က တင်ပို့နိုင်ခြင်းမရှိဘဲ ကော့သောင်းနယ်စပ် ကုန်သွယ်ရေးစခန်းကတော့ ကန်ဒေါ်လာ သုည ဒသမ ၀၇၀ သန်းတန်ဖိုးရှိ သီဟိုဠ်စေ့ ၉ တန်ကျော် တင်ပို့နိုင်ခဲ့ပါတယ်။

**ခင်မြနွယ် MIRT**



# ဈေးကွက်ယှဉ်ပြိုင်မှုနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု

( ယ ခ င် တ စ် ပ တ် မှ အ ဆ က် )

|သိန်းမြင့်ဝေ|

**မပြိုင်ဆိုင်ခြင်း၏ဆိုးကျိုးများ**

စီးပွားရေးလုပ်ငန်းများမပြိုင်ဆိုင်ခြင်းနှင့် ပတ်သက်၍ နယ်ပယ် (Scope of anticompetitive conduct) ငါးမျိုးတွေ့မြင်နိုင်သည်။ ပထမနယ်ပယ်မှာ ပြည်တွင်းစီးပွားရေးလုပ်ငန်းများနှင့် ပြည်ပစီးပွားရေးလုပ်ငန်းများ (Local and foreign firms) မပြိုင်ဆိုင်ကြခြင်းဖြစ်သည်။ ဒုတိယအချက်မှာ စီးပွားရေးလုပ်ငန်းများမပြိုင်ဆိုင်သောကြောင့် ထိခိုက်နစ်နာသည့် နယ်ပယ်ဧရိယာ (Area affected) ဖြစ်ပါသည်။ တတိယအချက်မှာ စီးပွားရေးလုပ်ငန်းများကြား အချင်းချင်း ညှိနှိုင်း၍ ပြိုင်ဆိုင်မှုကို လျှော့ချသည့် လုပ်ဆောင်ချက်အမျိုးအစားများ (Types of practices) ဖြစ်သည်။ စတုတ္ထအချက်မှာ ထိုကဲ့သို့ လုပ်ငန်းများ မပြိုင်ဆိုင်ခြင်းကြောင့် အရိုက်ခတ်ခံရသည့် စီးပွားရေးကဏ္ဍများ (Sectors affected) ဖြစ်သည်။ နောက်ဆုံးနယ်ပယ်မှာ စီးပွားရေးလုပ်ငန်းများ မပြိုင်ဆိုင်သောကြောင့် တိုင်းပြည်စီးပွားရေးကို ထိခိုက်ပုံ (Harms to economy) တို့ဖြစ်သည်။

စီးပွားရေးလုပ်ငန်းများ မပြိုင်ဆိုင်ခြင်းကြောင့် ဖွံ့ဖြိုးဆဲနိုင်ငံများတွင် ဖြစ် ပေါ်တွေ့မြင်ရသော လုပ်ငန်းအမျိုးအစားများနှင့် ကုန်စည်အမျိုးအစားများကို ဥပမာအဖြစ်ဖော်ပြလိုပါသည်။ အဆိုပါ စီးပွားရေးလုပ်ငန်းများကြား မပြိုင်ဆိုင် သည့်လက်ဝါးကြီးအုပ်လုပ်ငန်း (Monopoly) များသည် ဖွံ့ဖြိုးဆဲနိုင်ငံများတွင် သာမကဘဲ ဖွံ့ဖြိုးပြီးနိုင်ငံများတွင် လည်းဖြစ်ပေါ်သည်။

ပထမဆုံးသော ကုန်စည်နှင့် လုပ်ငန်းအမျိုးအစားဥပမာများမှာ ကြက်သား၊ နွားနို့၊ ပေါင်မုန့်၊ ဘီယာနှင့် အချိုရည်ကဲ့သော အစားအသောက်နှင့် အဖျော်ယမကာများ (Food and beverages) ထုတ်လုပ်ရေးလုပ်ငန်းများဖြစ်ပါသည်။ လက်ဝါးကြီး အုပ်လုပ်ငန်းများ ကြီးစိုးလေ့ရှိသော ဒုတိယလုပ်ငန်းအမျိုးအစားမှာ ရေကြောင်း၊ လေကြောင်းနှင့် ကုန်းကြောင်းတို့ပါဝင်သော ပို့ဆောင်ရေး လုပ်ငန်းများ (Transport) ဖြစ်သည်။ တတိယ ဥပမာအဖြစ် အုတ်ခဲနှင့် ဘိလပ်မြေ (Cement) ဈေးကွက်ကို တွေ့မြင်နိုင်သည်။ ထို့ပြင် Monopoly ကြီးစိုးသောလုပ်ငန်းအဖြစ် ဝန်ဆောင်မှုလုပ်ငန်းများ (Services) ကိုလည်း ဥပမာအဖြစ် တွေ့ရှိရသည်။ အဆိုပါ ဝန်ဆောင်မှုလုပ်ငန်းများတွင် အာမခံလုပ်ငန်း အမျိုးမျိုး၊ တယ်လီဖုန်း၊ ဖက်စ်နှင့် ကြေးနန်းကဲ့သို့သော ဆက်သွယ်ရေးလုပ်ငန်းများ၊ လေကြောင်းပို့ဆောင်ရေးနှင့် ခရီးသွားလုပ်ငန်း (Tourism) တို့ပါဝင်သည်။

ထိုမျှသာမက ကမ္ဘာတစ်ဝန်းတွင် ဖြစ်ပေါ်လျက်ရှိသော လက်ဝါးကြီးအုပ်လုပ်ငန်းများကိုလည်း တွေ့ရှိရပါသည်။ ဖွံ့ဖြိုးဆဲ နိုင်ငံများကို ထိခိုက်စေသော ကမ္ဘာလုံးဆိုင်ရာကာတဲလ်များ(Global cartels)၏ဥပမာအဖြစ် လိုင်စင်း(Lysine)၊ ဗီတာမင်(Bulk vitamins)၊ ဆစ်ထရက်အက်စစ် (Citric acid)၊ သင်္ဘောလုပ်ငန်း (Shipping)၊ သံသတ္တုနှင့်ပြုလုပ်သော ကုန်ပစ္စည်းများ (Ball bearings) ကို ထုတ်လုပ်သောကုမ္ပဏီကြီးများအဖြစ် တွေ့မြင်နိုင်သည်။

လုပ်ငန်းများ မပြိုင်ဆိုင်ခြင်း၏ အဓိကဆိုးကျိုးလေးမျိုးမှာ ကုန်ဈေးနှုန်း နှင့် စရိတ်များမြင့်မားလာခြင်း (Higher prices and costs)၊ စားသုံးသူများ၏ ကြိုက်နှစ် သက်မှုကို ထုတ်လုပ်သူများ က အလေးမထားခြင်း (Less pressures on producers to response to consumers)၊ ဆင်းရဲသော စားသုံးသူများကို ပိုမိုထိခိုက်ခြင်း (Harmful effects on "poor" consumers) နှင့်ထုတ်လုပ်သူများ၏ တီထွင်မှုလျော့နည်းလာခြင်း (Less innovation of producers) တို့ဖြစ်သည်။

၁၉၉၇ ခုနှစ်တွင် ကမ္ဘာလုံးဆိုင်ရာ ကာတဲလ် (Global Cartels) ၄၂ ခု ကြောင့် ဖွံ့ဖြိုးဆဲနိုင်ငံများ၏ ကုန်ကျ စရိတ်သည် အမေရိကန်ဒေါ်လာ ၂၅ ဘီလီယံအထိပိုမိုကုန်ကျခဲ့ကြောင်း ၂၀၀၃ ခုနှစ် စစ်တမ်းတစ်ရပ်တွင် ဖော်ပြထားသည်။ အခြားစစ်တမ်း တစ်ရပ်တွင်မူ အဆိုပါ Cartel များကြောင့် ဖွံ့ဖြိုးဆဲနိုင်ငံများ၏ ကုန်ကျစရိတ်များသည် ၂၃ ရာခိုင်နှုန်းပိုမိုကုန်ကျခဲ့ကြောင်း ဖော်ပြထားပါသည်။ ထို့ကြောင့် စားသုံးသူ၊ ပြည်သူနှင့် နိုင်ငံ၏ စီးပွားရေးကိုထိခိုက်စေသော လက်ဝါးကြီးအုပ်လုပ်ငန်းများနှင့် လုပ်ငန်းများကြား မပြိုင်ဆိုင်ခြင်းတို့ကို အထူးဂရုစိုက်သင့်ပါသည်။

**ယှဉ်ပြိုင်မှုဥပဒေပေါ်လစီ၏ အခန်းကဏ္ဍ**

ယှဉ်ပြိုင်မှုဥပဒေနှင့်ပေါ်လစီ (Competition law and policy) သည် ပြိုင်ဆိုင်မှုကိုကာကွယ်ရန်နှင့် အားပေးရန်အတွက် အရေးကြီးသော အခန်းကဏ္ဍမှ ပါဝင်သည်။ ထို့ကြောင့် အစိုးရများသည် ယှဉ်ပြိုင်မှုဥပဒေကို ရေးဆွဲပြဋ္ဌာန်းလေ့ရှိပါသည်။ ယှဉ်ပြိုင်မှုဥပဒေသည် စီးပွားရေးလုပ်ငန်းများ၏ ပြိုင်ဆိုင်မှုယုတ်လျော့စေသော ကန့် သတ်ချက်များကို ဖော်ထုတ်ပေးသည်။ ထို့ပြင် ဤဥပဒေသည် စီးပွားရေးလုပ်ငန်းများ၏ မျှတသောပြိုင်ဆိုင်မှုပတ်ဝန်းကျင်ကိုလည်း ဖန်တီးပေးပါသည်။

ယှဉ်ပြိုင်မှုပေါ်လစီ (Competition policy) သည် ယှဉ်ပြိုင်မှုဥပဒေ (Competition law) ထက် ပိုမိုကျယ်ပြန့်ပါသည်။ အဘယ်ကြောင့်ဆိုသော် ယှဉ်ပြိုင်မှုပေါ်လစီတွင် ဈေးကွက်ယှဉ် ပြိုင်မှုကို ထိန်းကျောင်းပေးသည့် အစိုးရ၏အစီအမံများအားလုံးအသေးစိတ်ပါဝင်သောကြောင့်ဖြစ်သည်။ ဥပမာအား ဖြင့် ယှဉ်ပြိုင်မှုပေါ်လစီတွင် စားသုံးသူ ကာကွယ်ရေး (Consumer protection)၊ ပြည်ပရင်းနှီးမြှုပ်နှံမှု (Foreign investment)၊ ကုန်သွယ်ရေး(Trade)၊ စီးပွားရေးလုပ်ငန်းဆိုင်ရာ စည်းမျဉ်း စည်းကမ်း (Business regulation)၊ စက်မှုပေါ်လစီ (Industrial policy) နှင့် ဈေးကွက်ဝင်ရောက်ရန် ကန့်သတ်ချက်များ (Limits to market entry) တို့ အကျုံးဝင်ပါသည်။

ပို၍အရေးကြီးသောအချက်မှာ ယှဉ်ပြိုင်မှုပေါ်လစီသည် စီးပွားရေး ရည်မှန်းချက်များနှင့် အခြားသော ရည်မှန်းချက်များရရှိရေးအတွက် အလွန်အရေးကြီးသော နည်းလမ်းဖြစ်ပါသည်။ ယှဉ်ပြိုင်မှုဥပဒေနှင့် အခြားသော ပေါ်လစီ/ဥပဒေများကြား လိုက်လျောညီထွေရှိရန်လည်း လိုအပ်ပါသည်။ အဘယ်ကြောင့်ဆိုသော် ဥပဒေနှင့် ပေါ်လစီများသည် တစ်ခုနှင့် တစ်ခု မကိုက်ညီဘဲ ဆန့်ကျင်နေခြင်းမျိုးကို တွေ့ရလေ့ရှိသောကြောင့် ဖြစ် ပါသည်။ ထို့ကြောင့် ဥပဒေနှင့် ပေါ်လစီများ၏ ကောင်းကျိုးနှင့် ဆိုးကျိုး များကို ထည့်သွင်းစဉ်းစားပြီး တစ်ခုနှင့်တစ်ခု အပြန်အလှန်ကိုက်ညီမှု ရှိစေရန် ညှိနှိုင်းဆောင်ရွက်ရပါမည်။

ဥပမာအားဖြင့် စက်မှုပေါ်လစီ (Industrial policy) နှင့် ယှဉ်ပြိုင်မှုဥပဒေကြားတွင် ဆန့်ကျင်ဘက်များ (Tensions) ရှိနေနိုင်ခြင်းမျိုးကို ဆိုလိုသည်။ ထို့ပြင် အခြားသတိထားရမည့်အချက်မှာ ယှဉ်ပြိုင်မှုဥပဒေပေါ်လစီ ရေးဆွဲ ချမှတ်ရာတွင် လက်ဝါးကြီးအုပ်လုပ်ငန်းများကို တိုက်ဖျက်ရန်အတွက် မိမိ နိုင်ငံနှင့် ကိုက်ညီမည့် ဥပဒေပေါ်လစီကို ရေးဆွဲချမှတ်ကျင့် သုံးရန်လိုအပ်ပါသည်။ အဘယ်ကြောင့်ဆိုသော် ကမ္ဘာပေါ်ရှိ နိုင်ငံတိုင်း ကျင့်သုံးနိုင်သည့် ကမ္ဘာလုံးဆိုင်ရာ ယှဉ်ပြိုင်မှုဥပဒေ (Global competition law or regulator) မရှိသောကြောင့် ဖြစ်ပါသည်။

**မြန်မာနိုင်ငံအတွက် ဖြစ်ထွန်းစေနိုင်သည့် ကောင်းကျိုးများ**

ဈေးကွက်ယှဉ်ပြိုင်မှုကို အားပေးခြင်းနှင့်အတူ ယှဉ်ပြိုင်မှုဥပဒေပေါ်လစီ ရေးဆွဲချမှတ်ကျင့်သုံးခြင်းကြောင့် မိမိတို့ မြန်မာနိုင်ငံအတွက်ရရှိနိုင်သော ကောင်းကျိုးများကို ဆက်လက်တင်ပြလိုပါသည်။

ပထမဆုံးကောင်းကျိုးမှာ လက်ဝါးကြီးအုပ်လုပ်ငန်းများကို တားဆီးနိုင်ခြင်းနှင့် အဆိုပါလက်ဝါးကြီးအုပ် လုပ်ငန်းများကို တိုက်ဖျက်နိုင်ခြင်း ဖြစ်သည်။ မြန်မာနိုင်ငံ၏ ပြည်တွင်းနှင့် ပြည်ပတွင်ဖြစ်ပေါ်လျက်ရှိသော လက်ဝါးကြီးအုပ်လုပ်ငန်းများကို လည်းကောင်း၊ ပြည်တွင်းတိုင်းရင်းသား လုပ်ငန်းများနှင့် ပြည်ပစီးပွားရေးလုပ်ငန်းများက ပြုမူသော ဈေးကွက်ချုပ်ကိုင်မှုများကိုလည်းကောင်း ထိန်းကျောင်းနိုင်မည်ဖြစ်ပါသည်။ လက်ဝါးကြီးအုပ်လုပ်ငန်းများ သို့မဟုတ် ကာတဲလ်များ (Cartels) ၏ဈေးနှုန်း မြှင့်တင်ခြင်းနှင့် အရေအတွက်လျှော့ချ ထုတ်လုပ်ခြင်းတို့သည် Competition Law မရှိသောနိုင်ငံနှင့်ဒေသများတွင် ပိုမိုဖြစ်ပွားကြောင်းတွေ့ရှိရသည်။

ဒုတိယကောင်းကျိုးမှာ စီးပွားရေးလုပ်ငန်းများ၏ စွမ်းဆောင်ရည်နှင့် တီထွင်မှုကို တိုးတက်စေပြီး လုပ်ငန်းပိုမို တွင်ကျယ်လာစေခြင်းဖြစ်ပါသည်။ စီးပွားရေးစွမ်းဆောင်ရည်ကောင်းပြီး ထုတ်လုပ်မှုစွမ်းအားမြင့်မားသော လုပ်ငန်းများသည် ဈေးကွက်အတွင်း ဆက်လက်ရှင်သန်နိုင်ပြီး စွမ်းဆောင်ရည်မကောင်းသော တီထွင်မှုမရှိသည့် လုပ်ငန်းများသည် ဈေးကွက်အတွင်းမှ ရှုံးနိမ့်ထွက်ခွာသွားရမည်ဖြစ်သည်။ တတိယကောင်းကျိုးမှာ စားသုံးသူများ အတွက်ပိုမိုများပြားကောင်းမွန်သော ကုန်စည်နှင့် ဝန်ဆောင်မှုများကို ရရှိနိုင်ခြင်းဖြစ်သည်။

စတုတ္ထအချက်မှာ ကုန်ထုတ်လုပ် မှုစွမ်းအား (Productivity) ကိုမြင့်တက်စေပြီး စီးပွားရေးတိုးတက်မှု (Growth) ကို ရရှိစေခြင်းဖြစ်သည်။ ဥပမာအားဖြင့် ဩစတြေးလျနိုင်ငံတွင် အမျိုးသားယှဉ်ပြိုင်မှုပေါ်လစီ (National Competition Policy) ကို ချမှတ်ကျင့်သုံးပြီး ၁၀ နှစ်အတွင်း ကုန်စည်နှင့် ဝန်ဆောင်မှုများ ဆက်တိုက်တိုးတက်ခဲ့ပါသည်။ အကျိုးဆက်အနေဖြင့် ဩစတြေးလျနိုင်ငံ၏ GDP ၂ ဒသမ ၅ ရာခိုင်နှုန်း ပိုမိုတိုးတက်ခဲ့ပါသည်။

ပဉ္စမကောင်းကျိုးမှာ ဆင်းရဲမှုလျော့ကျရေး (Poverty reduction) ကို အထောက်အကူပြုခြင်းဖြစ်ပါသည်။ ယှဉ်ပြိုင်မှုပေါ်လစီကြောင့် ပြည်သူများနှင့် ကုမ္ပဏီများသည် ဈေးကွက်အတွင်း ပါဝင်နိုင်ပြီး အလုပ်အကိုင်နှင့် စီးပွားရေးအခွင့်အလမ်းများ ပိုမိုဖြစ်ထွန်းလျက် ဆင်းရဲမှုလျော့ကျရေးကို အထောက်အကူပြုခြင်းဖြစ်သည်။ ဆဋ္ဌမကောင်းကျိုးမှာ ကုန်သွယ်ရေး လွတ်လပ်ခွင့်ပြုခြင်းနှင့် ပြုပြင်ပြောင်းလဲရေး (Trade Liberalization and Reform)တို့မှရရှိသော အကျိုးခံစားခွင့်များကိုကာကွယ်ပေးခြင်းဖြစ်သည်။ နောက်ထပ် ကောင်းကျိုးတစ်ခုမှာ ပြည်တွင်းဈေးကွက် အဟန့်အတားများ (Internal market barriers) လျော့နည်းစေပြီး ပြည်တွင်းကုန်စည် စီးဆင်းမှုကို ပိုမိုကောင်းမွန်စေခြင်းဖြစ်ပါသည်။

နောက်ဆုံးကောင်းကျိုးများမှာ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုကို အားပေးခြင်းနှင့် မြန်မာနိုင်ငံသည် ကမ္ဘာ့စီးပွားရေး အသိုက်အဝန်းနှင့် ပိုမိုပူးပေါင်း၍ ကမ္ဘာ့ဈေးကွက်အတွင်း ပိုမိုဝင်ဆန့်လာနိုင်ခြင်းတို့ဖြစ်ပါသည်။

Source:Competition and Economic Developm-ent,
Professor Allan Fels and Dr.Wendy Ng,
2-3 February 2015,Nay Pyi Taw, Myanmar.

## ခတ်ဆီ/ဒီဇယ်

### ဒီတစ်ပတ် ခတ်ဆီ၊ ဒီဇယ် တန်ချိန် ၂၁၃ တန်ကျော်ဝင်

ဧပြီ ၅ ရက်မှ ၁၁ ရက် သီတင်းပတ်အတွင်း ကန်ဒေါ်လာ ၃၆၁၂၈၄၀ တန်ဖိုးရှိ ခတ်ဆီ ၆၁ ဒသမ ၆၀ တန်နဲ့ ကန်ဒေါ်လာ ၁၀၉၁၇၁၃၅ တန်ဖိုးရှိ ဒီဇယ် ၁၅၁ ဒသမ ၈၇၅ တန်ကို ပင်လယ်ရေကြောင်းကုန်သွယ်မှုလမ်းမှ တင်သွင်းဖို့ သွင်းကုန်လိုင်စင်လျှောက်ထားခဲ့တယ်လို့ သိရပါတယ်။ ယခင်သီတင်းပတ် ခတ်ဆီအဝင်နဲ့ယှဉ်ရင် ၁၉၈ ဒသမ ၅၂၇ တန်၊ ဒီဇယ်အဝင်နဲ့ ယှဉ်ရင် ၁၂၂ ဒသမ ၄၁ တန်အဝင်လျော့ခဲ့တယ်လို့သိရပါတယ်။ ဒါကြောင့် ဒီတစ်ပတ်မှာ ခတ်ဆီရော ဒီဇယ်ပါ အဝင်လျော့ခဲ့ပါတယ်။

လချုပ်အနေနဲ့ကြည့်မယ်ဆိုရင် ဖေဖော်ဝါရီလ ခတ်ဆီ၊ ဒီဇယ်အဝင်မှာ တန်ချိန် ၃၀၆၉ ကျော်ရှိခဲ့ပြီး မတ်လမှာ ၂၇၇၇ တန်ကျော် ရှိခဲ့တာကြောင့် မတ်လမှာ ၂၉၂ တန်ကျော်အဝင်လျော့ခဲ့တယ်လို့ သိရပါတယ်။

ပြည်တွင်းပုဂ္ဂလိက စက်သုံးဆီဆိုင်များမှာ ဧပြီလ ၂၀ ရက်နေ့မှ ၂၄ ရက်နေ့အတွင်း ရောင်းချနေတဲ့ ခတ်ဆီ၊ ဒီဇယ်ဈေးများက တောင်ကြီး၊ ရန်ကုန်နဲ့ မော်လမြိုင်မှာ ဈေးငြိမ်နေတယ်လို့ သိရပါတယ်။ ဒီတစ်ပတ် ပြင်ပမှာ လက်လီရောင်းချနေတဲ့ ဒီဇယ်၊ ဓါတ်ဆီပီပါဈေးများမှာလည်း ယခင်တစ်ပတ်ဈေးနဲ့ နှိုင်းယှဉ်ကြည့်ရင် ရန်ကုန်မှာ ခတ်ဆီရော ဒီဇယ်ပါ ဈေးငြိမ်နေပြီး အရောင်းအဝယ်ဖြစ်ခဲ့တယ်လို့သိရပါတယ်။

**ရန်ကုန်ဈေးကွက်မှာ** ပုဂ္ဂလိက စက်သုံးဆီဆိုင်များမှာ ရောင်းချနေတဲ့ ခတ်ဆီ၊ အောက်တိန်းနဲ့ ဒီဇယ်ဈေးငြိမ်ပြီး အဆင့်မြင့်ဒီဇယ်မှာ ၁၀ ကျပ် ဈေးကျပြီး အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။ ဒီတစ်ပတ်မှာပုဂ္ဂလိက စက်သုံးဆီဆိုင်မှာ ရောင်းချနေတဲ့ဈေးမှာ ခတ်ဆီတစ်လီတာ ၈၁၄ ၊ ဒီဇယ် ၆၅၀ ကျပ်၊ အောက်တိန်း ၆၁၀ ကျပ်၊ အဆင့်မြင့်ဒီဇယ် ၆၉၀ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါ တယ်။ ပြင်ပလက်လီဆိုင်များမှာ အရောင်းအဝယ်ဖြစ်နေတဲ့ ပီပါဈေးများမှာ ဧပြီလ ၂၂ ရက်နေ့ ခတ်ဆီဝယ်ဈေး ၁၅၂၀၀၀ ကျပ်၊ ရောင်းဈေး ၁၅၅၀၀၀ ကျပ်နဲ့ တစ်ပတ်လုံး အရောင်းအဝယ်ဖြစ်ခဲ့တယ်လို့ သိရပါတယ်။ သင်္ကြန်မတိုင်မီဈေးနဲ့ယှဉ်ရင် ဒီတစ်ပတ်မှာ ကျပ် ၂၀၀၀ ဝန်းကျင်ဈေးပြန်လည်ကျလာတယ်လို့ သိရပါတယ်။ ဒီဇယ်ဈေးမှာ ဧပြီလ ၂၀ ရက်မှာ ဝယ်ဈေး ၁၂၅၀၀၀ ကျပ်၊ ရောင်းဈေး ၁၂၇၀၀၀ ကျပ်နဲ့ တစ်ပတ်လုံးဒီဈေးနဲ့ပဲ အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရပါတယ်။ တစ်ဂါလန်ဝယ်ဈေး၊ ရောင်းဈေးများမှာ ခတ်ဆီဈေးက ဝယ်ဈေး တစ်ဂါလန် ၃၁၀၀ ကျပ်ဖြစ်ပြီး ရောင်းဈေး ၃၅၀၀ ကျပ်၊ ဒီဇယ်တစ်ဂါလန် ၃၀၀၀ ကျပ်ဝယ်ပြီး ၃၃၀၀ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ ခတ်ဆီ၊ ဒီဇယ် အရောင်းအဝယ်သမားတစ်ဦးထံမှ စုံစမ်းသိရှိခဲ့ပါတယ်။

**မန္တလေးဈေးကွက်မှာ** ခတ်ဆီ၊ ဒီဇယ်က ပုံမှန်အရောင်းအဝယ်ရှိနေတယ်။ ပုဂ္ဂလိကဆိုင်များမှာ ရောင်းချနေတဲ့ဈေးမှာ ဒီဇယ်၊ အဆင့်မြင့်ဒီဇယ်၊ ခတ်ဆီနဲ့ အောက်တိန်းမှာ ဈေးငြိမ်နေတယ်လို့ သိရပါတယ်။ ဒီတစ်ပတ် ပုဂ္ဂလိကစက်သုံးဆီဆိုင်မှာ ရောင်းချနေတဲ့ဈေးမှာ ခတ်ဆီတစ်လီတာ ၈၄၇ ကျပ်၊ အောက်တိန်း ၇၀၀ ကျပ်၊ ဒီဇယ် ၇၀၀ ကျပ်၊ အဆင့်မြင့်ဒီဇယ် ၇၅၀ ကျပ်နဲ့ ရောင်းချနေပါတယ်။ပြင်ပလက်လီဆိုင်များမှာ အရောင်းအဝယ်ဖြစ်နေတဲ့ ပီပါဈေးများမှာဧပြီလ ၂၂ ရက်မှာ ဒီဇယ် ဝယ်ဈေး ၁၂၆၀၀၀ ကျပ်၊ရောင်းဈေး ၁၂၉၀၀၀ ကျပ်နဲ့တစ်ပတ်လုံး ဒီဈေးနဲ့ အရောင်းအဝယ်ဖြစ်ခဲ့တယ်လို့ သိရပါတယ်။ ဓါတ်ဆီဈေးမှာ ဧပြီလ ၂၂ ရက်နေ့ ဝယ်ဈေး ၁၄၅၀၀၀ ကျပ်၊ ရောင်းဈေး ၁၄၈၀၀၀ ကျပ်နဲ့ တစ်ပတ်လုံး ဒီဈေးနဲ့ပဲ အရောင်းအဝယ်ဖြစ်ခဲ့တယ်လို့သိရပါတယ်။ ပြင်ပလက်လီဆိုင်များရဲ့ တစ်ဂါလန်ဈေးမှာ ဒီဇယ် ၃၃၀၀ ကျပ်၊ ခတ်ဆီ ၄၀၀၀ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။

**မော်လမြိုင်ဈေးကွက်မှာ** ပုဂ္ဂလိကစက်သုံးဆီဆိုင်ရဲ့ ခတ်ဆီ၊ ဒီဇယ်မှာ ဈေးငြိမ်ပြီး အောက်တိန်းမှာ ဈေးအနည်းငယ်ကျလာတယ်လို့သိရပါတယ်။ဒီတစ်ပတ် ပုဂ္ဂလိကဆိုင်မှာ ရောင်းချနေတဲ့ဈေးများက ခတ်ဆီတစ်ဂါလန် ၃၇၈၀ ကျပ်၊ ဒီဇယ် တစ်ဂါလန် ၃၁၅၀ ကျပ်၊အောက်တိန်း ၂၉၇၀ ကျပ်နဲ့ ရောင်းချတယ်လို့ သိရပါတယ်။ ပြင်ပလက်လီဆိုင်များမှာ ခတ်ဆီတစ်ဂါလန် ၃၈၀၀ ကျပ်၊ ဒီဇယ် တစ်ဂါလန် ၃၂၀၀ ကျပ်၊ အောက်တိန်း ၃၀၀၀ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်နေ တယ်လို့ သိရှိရပါတယ်။

**တောင်ကြီးဈေးကွက်မှာ** ခတ်ဆီ၊ဒီဇယ်က ပုံမှန်အရောင်းအဝယ်ဖြစ်တယ်လို့သိရပါတယ်။ ဒီတစ်ပတ်ပုဂ္ဂလိက စက်သုံးဆီဆိုင်ရဲ့ ဓါတ်ဆီနဲ့ ဒီဇယ်ဈေးမှာ ဈေးငြိမ်နေတယ်လို့ သိရပါတယ်။ ဒီတစ်ပတ် ပုဂ္ဂလိကစက်သုံးဆီဆိုင်ရဲ့ဈေးမှာ ခတ်ဆီတစ်ဂါလန် ၂၉၀၀ ကျပ်၊ ဒီဇယ် ၃၀၀၀ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ သိရှိရပါတယ်။ ပြင်ပလက်လီဆိုင်များမှာ ခတ်ဆီ ၃၀၀၀ ကျပ်၊ ဒီဇယ် ၃၀၀၀ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။

MIRT-DOT

## Energy NYMEX 24-4-2015

| | Price | Change | Change % |
|---|---|---|---|
| WTI Crude Future (USD/bbl.) | 57.49 | -0.25 | -0.43 |
| Brent Crude Futr (USD/bbl) | 64.67 | -0.18 | -0.28 |
| Gasoline Rbob Fut (Cent/gal) | 198.89 | -0.67 | -0.34 |
| Natural Gas Futr (USD/MMBtu) | 2.54 | 0.01 | 0.20 |
| Heating Oil Futr (Cent/gal) | 191.57 | -0.82 | -0.43 |

## ဗဟိုဘဏ်ရည်ညွှန်းငွေလဲနှုန်းများ မြင့်တက်

သင်္ကြန်မတိုင်မီကာလက ပြင်ပငွေလဲနှုန်းများ မြင့်တက်ခဲ့သော်လည်း ဗဟိုဘဏ်၏ ရည်ညွှန်းငွေလဲနှုန်းများမှာ လိုက်ပါမြင့်တက်ခဲ့ခြင်းမရှိဘဲ သင်္ကြန်ကာလနီးကပ်လာမှသာ မြင့်တက်ခဲ့သည်။


သင်္ကြန်ကာလမတိုင်မီက ဗဟိုဘဏ်၏ ရည်ညွှန်းငွေလဲနှုန်းများသည် ဧပြီလ ၈ရက်တွင် ၁၀၆၀ ကျပ်ရှိခဲ့ပြီး ဧပြီ ၉ရက်တွင် ၁၀၆၅ကျပ်သို့ လည်းကောင်း၊ ဧပြီ ၁၀ ရက်တွင် ၁၀၇၀ ကျပ်သို့လည်းကောင်း သုံးရက် အတွင်း ၁၅ကျပ်မြင့်တက်ခဲ့သည်။

သင်္ကြန်အပြီးကာလတွင်လည်း ဗဟိုဘဏ်ရည်ညွှန်းငွေလဲနှုန်းများ ဆက်လက်မြင့်တက်ခဲ့ကာ ၁၀၇၅ ကျပ်သို့ ရောက်ရှိခဲ့သည်။ ထို့ပြင် သိမ်ဖြူ ငွေလဲစင်တာတွင်မူ အရောင်းကောင်တာများ ဖွင့်လှစ်ထားသော်လည်း ဈေးများ ဖွင့်ထားခြင်းမရှိကြောင်း သိရ သည်။

ပြင်ပငွေဈေးကွက်တွင်မူ သင်္ကြန်ကာလအပြီးတွင် ဈေးများ အနည်းငယ်ဆက်လက်မြင့်တက်ခဲ့သည်။ ဧပြီ ၁၁ ရက်က ရောင်းဈေး ၁၀၈၃ကျပ်၊ ဝယ်ဈေး ၁၀၇၈ ကျပ်ရှိခဲ့ပြီး ဧပြီ ၂၂ ရက်တွင်မူ ရောင်းဈေး ၁၀၈၂ ကျပ်၊ ဝယ်ဈေး ၁၀၇၈ ကျပ်ရှိခဲ့သည်။ ဧပြီ ၂၄ရက်တွင် ရောင်းဈေး ၁၀၈၄ကျပ်၊ ဝယ်ဈေး ၁၀၈၀ ကျပ်သို့ မြင့်တက်ခဲ့ သည်။

“ကျွန်တော်တို့ အပြင်ဈေးကွက်မှာတော့ ဈေးက မြင့်တက်နေတုန်းပဲ။ သင်္ကြန်မတိုင်မီကနဲ့ သင်္ကြန်အပြီးမှာ ဈေးက အပြောင်းအလဲတွေဖြစ်နေတယ်။ ဒီလကုန်မှာ ဝန်ထမ်းတွေရဲ့ လစာတွေ မြင့်တက်တော့မယ်ဆိုတော့ ဈေးတက်လာတာလည်း ဖြစ်နိုင်ပါတယ်။ ဈေးကွက်ထဲမှာတော့ အရောင်းအဝယ်က ပုံမှန်အတိုင်းပါပဲ”ဟု ငွေလဲစင်တာတစ်ခုမှ တာဝန်ရှိသူတစ်ဦးက ဆိုသည်။

မယ်သီတာ



## သင်္ကြန်ကာလအပြီးတွင် မြန်မာ့ရွှေဈေးများ တည်ငြိမ်လျက်ရှိ

သင်္ကြန်ကာလအပြီးတွင် မြန်မာ့ရွှေဈေးသည် တည်ငြိမ်လျက်ရှိကြောင်း သိရသည်။ ဈေးကွက်အတွင်း ဝယ်လိုအားနည်းပါးနေသော်လည်း ဈေးကျဆင်းခြင်းမရှိဘဲ ဈေးတည်ငြိမ်လျက်ရှိကြောင်း၊ အတက်အကျ အနည်းငယ်သာရှိသော်လည်း ဈေးကွက်အတွင်းတွင်မူ ငြိမ်သက်လျက်ရှိကြောင်း ရွှေဈေးကွက်အတွင်းမှ စုံစမ်းသိရှိရသည်။

“ဈေးကွက်ထဲမှာတော့ ဈေးက ငြိမ်နေတုန်းပဲ။ အရောင်းအဝယ်ကလည်း သိပ်မကောင်းဘူး။ သင်္ကြန်အပြီးကာလဆိုရင် ဒီလိုပဲ ဖြစ်တတ်ပါတယ်။ ဈေးကတော့ တစ်နေ့တစ်နေ့ကို တစ်ထောင် နှစ်ထောင်လောက်တော့ အတက်အကျတွေဖြစ်နေတာ။ ကမ္ဘာ့ရွှေဈေးကလည်း အတက်အကျ သိပ်မရှိတော့ မြန်မာ့ရွှေဈေးလည်း ငြိမ်နေတဲ့သဘောပါပဲ။ မနှစ်ကတုန်းကတော့ သင်္ကြန်လည်းပြီးရော ရွှေဈေးက ထိုးကျသွားလိုက်တာ။ နှစ်ကုန်တဲ့အထိပဲ။ ဒီနှစ်ကတော့ ကျမယ့် အရိပ်အယောင်တော့ မပြသေးဘူး”ဟု ရွှေကုန်သည်တစ်ဦးက သုံးသပ်ခဲ့သည်။

မြန်မာ့ရွှေဈေးသည် ဧပြီလ ၁၁ ရက်နေ့က ၆၈၇၀၀၀ ကျပ်ရှိခဲ့ပြီး ဧပြီလ ၂၂ရက်နေ့တွင် ကျပ် ၆၈၅၀၀၀ ရှိခဲ့သည်။ ဧပြီလ ၂၄ရက်နေ့တွင် ကျပ် ၆၈၆၀၀၀ ရှိခဲ့သည်။

ကမ္ဘာ့ရွှေဈေးသည် ဧပြီလ ၁၁ ရက်နေ့တွင် ၁၂၀၇ ဒေါ်လာရှိခဲ့ပြီး ဧပြီလ ၂၂ရက်နေ့တွင် ၁၁၉၉ ဒေါ်လာ ရှိခဲ့ သည်။ ဧပြီလ ၂၄ရက်နေ့တွင် ၁၁၉၃ ဒေါ်လာရှိခဲ့သည်။

မယ်သီတာ

## Currency Exchange Rate

April 24, 2015

Base Currency is United States Dollar - USD

| Currency Unit | | Units per USD |
|---|---|---|
| AUD | Australia Dollars | 1.28 |
| BDT | Bangladesh Taka | 77.25 |
| CAD | Canada Dollars | 1.21 |
| CNY | China Yuan Renminbi | 6.20 |
| EUR | Euro | 0.92 |
| HKD | Hong Kong Dollars | 7.75 |
| INR | India Rupees | 63.31 |
| IDR | Indonesia Rupiahs | 12914.18 |
| JPY | Japan Yen | 119.20 |
| MYR | Malaysia | 3.57 |
| PKR | Pakistan Rupees | 101.61 |
| PHP | Philippines Pesos | 44.21 |
| RUB | Russia Rubles | 50.16 |
| SGD | Singapore Dollars | 1.34 |
| KRW | South Korea Won | 1078.06 |
| LKR | Sri Lanka Rupe | 132.97 |
| THB | Thailand Baht | 32.46 |
| GBP | United Kingdom Pounds | 0.66 |
| VND | Vietnam Dong | 21588.95 |

*Source : xe.com*

## World Gold Price

April, 2015 (USD/OZ)

| Date | NY | London | Zurich |
|---|---|---|---|
| 20 | - | - | - |
| 21 | - | - | - |
| 22 | 1198 | 1198 | 1199 |
| 23 | 1184 | 1186 | 1187 |
| 24 | 1193 | 1193 | 1193 |

## Domestic Gold Price

Kyats(Thousand)

| Date | Yangon | Mandalay |
|---|---|---|
| 20-4- 2015 | - | - |
| 21-4- 2015 | - | - |
| 22-4- 2015 | 686.00 | 686.50 |
| 23-4- 2015 | 685.50 | 684.80 |
| 24-4- 2015 | 685.00 | 684.40 |

## နယ်စပ်ငွေလဲလှယ်နှုန်း

ဧပြီလ ၂၀၁၅ (1US$)

| ရက် | တရုတ် (ယွမ်) | ထိုင်း (ဘတ်) | ဘင်္ဂလားဒေ့ရှ် (တာကာ) | အိန္ဒိယ (ရူပီး) |
|---|---|---|---|---|
| 20 | 6 .20 | 32.41 | 77.72 | 63.11 |
| 21 | 6. 20 | 32.42 | 77.45 | 63.09 |
| 22 | 6 .20 | 32.34 | 77.36 | 62.77 |
| 23 | 6 .20 | 32.42 | 77.80 | 63.18 |
| 24 | 6.20 | 32.46 | 77.25 | 63.31 |

## World Metal Price (US$)

| Date | Silver/Oz | Zinc/Ton | Aluminium/Ton | Copper/Ton | Platinum/Oz |
|---|---|---|---|---|---|
| 20-April | - | - | - | - | - |
| 21-April | - | - | - | - | - |
| 22- April | 15.98 | 2263.97 | 1799.17 | 6050.02 | 1145.00 |
| 23- April | 15.81 | 2278.75 | 1766.02 | 6032.54 | 1129.00 |
| 24- April | 15.87 | 2260.61 | 1760.42 | 6072.86 | 1134.00 |

Source:kitco.com

## ဘိလပ်မြေ

### ရေကြောင်းလမ်းမှတန်ချိန် ခြောက်သောင်းတစ်ထောင်ကျော်ဝင်

သီတင်းတစ်ပတ်ဖြစ်တဲ့ ဧပြီလ ၅ ရက်မှ ၁၁ ရက် သီတင်းပတ်အတွင်း ကန်ဒေါ်လာ ၅၁၁၁၈၈၀ တန်ဖိုးရှိ ဘိလပ်မြေ ၆၁၉၁၃ တန်ကို ပင်လယ်ရေကြောင်းကုန်သွယ်မှုလမ်းမှ တင်သွင်းခဲ့ပါတယ်။ ဒီတစ်ပတ်မှာ ထိုင်းနိုင်ငံမှ ဘိလပ်မြေ ၆၀၅၁၃ တန်နဲ့ အိန္ဒိယမှ တန်ချိန် ၁၄၀၀ ဝင်လာခဲ့တယ်လို့ သိရပါတယ်။ ဝင်လာခဲ့တဲ့တံဆိပ်များမှာ စိန်၊ ဆင်၊ SANKAR နဲ့ အခြားတံဆိပ်များလည်း ပါဝင်ခဲ့တယ်လို့ သိရပါတယ်။ ယခင်သီတင်းပတ်မှာ တန်ချိန် ငါးသောင်းကျော် ဝင်လာခဲ့တာ ကြောင့် ဒီတစ်ပတ်မှာ တန်ချိန် တစ်သောင်းတစ်ထောင်ကျော်အဝင်ပိုခဲ့တယ်လို့ သိရပါတယ်။

လချုပ်အနေနဲ့ကြည့်မယ်ဆိုရင် ဖေဖော်ဝါရီလ ဘိလပ်မြေအဝင်မှာ တန်ချိန် နှစ်သိန်းလေးသောင်းကျော်ရှိခဲ့ပြီး မတ်လမှာ တန်ချိန် လေးသိန်းတစ်ထောင်ကျော်ရှိခဲ့တာကြောင့် မတ်လမှာ ဘိလပ်မြေအဝင်ပိုခဲ့ပါတယ်။

### ဈေးကွက်အတွင်းလှုပ်ရှားမှုမရှိဘဲ ငြိမ်နေဆဲဘိလပ်မြေ

ဒီတစ်ပတ်ဘိလပ်မြေဈေးကွက်အခြေအနေများမှာ-

ဧပြီ ၅ ရက်မှ ၁၁ ရက် သီတင်းပတ်မှာ ပြည်တွင်းကို ရေလမ်းမှ ဘိလပ်မြေမှာ တန်ချိန် ၆၁၉၁၃ ကျော်ဝင်တယ်လို့ သိရပါတယ်။ ယခင်သီတင်းပတ် ဘိလပ်မြေအဝင်မှာ တန်ချိန် ၅၀၁၆၉ ကျော်ရှိခဲ့တာကြောင့် ဒီတစ်ပတ်မှာ ဘိလပ်မြေတန်ချိန် ၁၁၇၄၃ ကျော်အဝင်ပိုခဲ့တယ်လို့ သိရပါတယ်။ နယ်စပ်လမ်းမှ ဘိလပ်မြေအဝင်မှာ တန်ချိန် ၄၅၁၉၂ကျော်ရှိခဲ့ပြီး ယခင်တစ်ပတ်အဝင်မှာတန်ချိန် ၂၅၈၈၄ ကျော်ရှိခဲ့တာကြောင့် ဒီတစ်ပတ်မှာ တန်ချိန် ၁၉၃၀၇ ကျော်အဝင်ပိုခဲ့တယ်လို့ သိရပါတယ်။ ဒါကြောင့် ဒီတစ်ပတ်မှာ ရေလမ်းရော နယ်စပ်လမ်းမှပါ အဝင်ပိုခဲ့တယ်လို့ သိရပါတယ်။

ဒီတစ်ပတ်ဘိလပ်မြေဈေးကွက်အခြေအနေများမှာ-

**မော်လမြိုင်ဘိလပ်မြေဈေးကွက်မှာ** ဒီတစ်ပတ် အရောင်းအဝယ်ပုံမှန်ရှိတယ်လို့ သိရပါတယ်။ ဆင်(ထိုင်း) ၅၀ ကျပ်ဈေးကျ လာပြီး ကျန်တံဆိပ်များက ယခင်ဈေးနဲ့ပဲ အရောင်းအဝယ်ဖြစ်တယ်လို့သိရပါ တယ်။ဈေးကွက်ထဲ မြင်းခေါင်းက ပစ္စည်းပြတ်နေဆဲဖြစ်ပါတယ်။ ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်တဲ့ ဈေးက ဆင် (ထိုင်း) ၅၅၅၀ ကျပ်၊မြင်းခေါင်း ၄၂၀၀ကျပ်၊ ကြံ့(မြိုင်ကလေး) ၅၁၀၀ ကျပ်၊ စိန် ၅၅၅၀ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။

**မကွေးဈေးကွက်မှာ** ဘိလပ်မြေက အရောင်းအဝယ် ပုံမှန်ရှိတယ်လို့ သိရပါတယ်။ သင်္ကြန်ပြီးဆိုင်ပြန်ဖွင့်ခါစမို့ အရောင်းအဝယ်ကနည်းနည်းပါးတယ်။ နောက်ပိုင်းရက်တွေမှာတော့ ရောင်းအားပြန်တက်နိုင်တယ်လို့ ဘိလပ်မြေအရောင်းဆိုင်မှ တာဝန်ရှိသူတစ်ဦးက ဆိုပါတယ်။ ဈေးကတော့ နည်းနည်းတက်လာ တယ်လို့ သိရပါတယ်။ ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေတဲ့ဈေးမှာ အပါချီ ၅၅၀၀ ကျပ်၊ ဆင်(ထိုင်း) ၇၂၀၀ ကျပ်၊ ဆင်(မြန်မာ) ၅၂၀၀ ကျပ်၊မြင်းခေါင်း၅၃၀၀ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ ဘိလပ်မြေအရောင်းဆိုင်မှ စုံစမ်းသိရှိခဲ့ပါတယ်။

**ရန်ကုန်ဈေးကွက်မှာ** ဘိလပ်မြေက အရောင်းသွက်ပေမယ့်ဆင်နဲ့ စိန်က ဈေးငြိမ်နေတယ်လို့သိရပါတယ်။ကြံ့နှစ်ကောင်(အနီ)က အဝယ်နည်းနည်းလိုက်လာသလို ဈေးလည်း နည်းနည်းမြင့်လာတယ်လို့ သိရပါတယ်။ ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်တဲ့ဈေးမှာ စိန်(ထိုင်း) ၅၈၀၀ ကျပ်၊ ဆင်(ထိုင်း) ၅၉၀၀ ကျပ်၊ အပါချီ ၅၁၀၀ ကျပ်၊ ကြံ့နှစ်ကောင်(အနီ)၅၅၀၀ ကျပ် (အစိမ်း) ၅၀၀၀ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ အိမ်ဆောက်ပစ္စည်းရောင်း ဝယ်ရေးဆိုင်မှ သိရှိရပါတယ်။

**သီတာဝင်း (DOT) စုစည်းသည်**

## ဓာတ်မြေဩဇာ

### မြေဩဇာတန်ချိန် နှစ်ထောင့်ခုနစ်ရာကျော်ဝင်

ကန်ဒေါ်လာ ၁၀၀၉၀၁၃ တန်ဖိုးရှိ မြေဩဇာ ၂၇၅၁ ဒသမ ၂၅ တန်ကို ဧပြီ ၅ ရက်မှ ၁၁ ရက်သီတင်းပတ်အတွင်းမှာ တင်သွင်းခဲ့ပါတယ်။ ဒီတစ်ပတ်မှာ ထိုင်းနိုင်ငံမှ ၇၂၆ တန်၊ စင်ကာပူမှ ၂၀၂၂ ဒသမ ၃၂၃ တန်နဲ့ တရုတ် ၂ ဒသမ ၉၂၈ တန် တင်သွင်းခဲ့တယ်လို့ သိရပါတယ်။ ဝင်လာခဲ့တဲ့ အမျိုးအစားများကတော့ Bulk Blend၊ GYPSUM ၊ FOLIAR ၊ အမိုးနီးယမ်းနိုက်တြိတ်၊ ကွန်ပေါင်း၊ ဖော့စဖိတ်နဲ့ SPUN POLYESTER YARN အစရှိတဲ့ အမျိုးအစားများဝင်လာခဲ့ပါတယ်။ ယခင် သီတင်းပတ်မှာ တန်ချိန်သုံးရာကျော်သာဝင်လာခဲ့တာကြောင့် ဒီတစ်ပတ်မှာ မြေဩဇာ အဝင်ပိုခဲ့ပါတယ်။

လချုပ်အနေနဲ့ကြည့်မယ်ဆိုရင် ဖေဖော်ဝါရီလအဝင်မှာ တန်ချိန် နှစ်သောင်းတစ်ထောင်ကျော်ရှိခဲ့ပြီး မတ်လမှာ တန်ချိန် တစ်သောင်းကျော်ရှိခဲ့တာကြောင့် မတ်လမှာ မြေဩဇာအဝင်တော်တော်လေး လျော့နည်းခဲ့ပါတယ်။

### နှစ်သစ်ကူးအစမှာတော့ ဈေးကွက်အေးနေခဲ့တဲ့ မြေဩဇာ

ဧပြီလ ၅ ရက်မှ ၁၁ ရက်အတွင်း ပြည်တွင်းကို ရေလမ်းမှ မြေဩဇာ တန်ချိန် ၂၇၅၁ တန်ကျော် အဝင်ရှိခဲ့ပြီး ယခင်တစ်ပတ် အဝင်မှာတန်ချိန် ၃၆၅ တန်သာရှိခဲ့တာကြောင့် ဒီတစ်ပတ်မှာ တန်ချိန်၂၃၈၆ ကျော် အဝင်ပိုခဲ့တယ်လို့ သိရပါတယ်။ နယ်စပ်လမ်းမှ ယခုတစ်ပတ်မြေဩဇာအဝင်မှာ တန်ချိန် ၄၁၅၃၂ ကျော်ရှိခဲ့ပြီး ယခင်တစ်ပတ်အဝင်မှာ တန်ချိန် ၂၅၈၂၀ကျော်ရှိခဲ့တာကြောင့် ဒီတစ်ပတ်မှာ တန်ချိန် ၁၅၇၁၂ ကျော်အဝင်ပိုခဲ့တယ်လို့သိရပါတယ်။ ဒါကြောင့် ဒီတစ်ပတ်မှာ ရေလမ်းရော နယ်စပ် လမ်းမှပါ အဝင်ပိုခဲ့တယ်လို့ သိရပါတယ်။

ပြည်တွင်းဈေးကွက်များဖြစ်တဲ့ မော်လမြိုင်၊ မကွေး၊ ရန်ကုန်မှာ မြေဩဇာဈေးငြိမ်ပြီး တောင်ကြီးမှာ ဈေးအတက်အကျ အနည်းငယ်ဖြင့် အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။

**မော်လမြိုင်ဈေးကွက်မှာ** ဒီတစ်ပတ်မှာလည်း မြေဩဇာ အရောင်းအေးပေမယ့် ဈေးက နည်းနည်းတက်လာတယ်။ ဈေး တက်ရတာကလည်း ကုမ္ပဏီဈေးတက်တာကြောင့် တက်ရတာလို့ သိရပါ တယ်။ ပုလဲ-အသေးက ၃၀၀ ကျပ်၊ ကွန်ပေါင်း၁၅ ပတ်လည်က ၅၀၀ ကျပ်ဈေးမြင့်လာတယ်လို့ သိရပါတယ်။ ဒီတစ်ပတ် ဈေးကွက်ထဲအရောင်းအဝယ်ဖြစ်နေတဲ့ ဈေးနှုန်းတွေမှာ ပုလဲ-အသေး ၄၆% (ရွှေတုံး၊ရွှေပျား၊ ရွှေတောင်-တရုတ်) ၁၉၈၀၀ ကျပ်၊ကွန်ပေါင်း (အစိမ်း) ၁၅း၁၅း၁၅ (ထိုင်း) ၃၇၀၀၀ ကျပ်၊ ကွန်ပေါင်း (ပန်းရောင်) (ထိုင်း) ၃၁၀၀၀ ကျပ်၊ ကွန်ပေါင်း ၁၆း၁၆း၈ (မြင်းပျံ-ထိုင်း) ၂၉၅၀၀ ကျပ်၊ တီစူပါ၄၆% (သံကွင်း-တရုတ်) ၁၉၅၀၀ ကျပ် ၊ တီစူပါ၁၆% (မြားကမ္ဘာ- တရုတ်) ၁၁၅၀၀ ကျပ်နဲ့အရောင်း အဝယ်ဖြစ်တယ်လို့ စုံစမ်း ရရှိခဲ့ပါတယ်။

**တောင်ကြီးဈေးကွက်မှာ** မြေဩဇာက အရောင်းအေးသလို ဈေးလည်းငြိမ်နေတယ်လို့ သိရပါတယ်။ ဒီတစ်ပတ်ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်တဲ့ဈေးမှာ ယူရီးယား (ပန်းဖူး-တရုတ်) ၂၀၀၀၀ ကျပ်၊ ယူရီးယား (ရွှေတောင်-တရုတ်) ၁၉၂၀၀ ကျပ်၊ ယူရီးယား (ကမ္ဘာလုံး-တရုတ်) ၁၉၂၀၀ကျပ်၊ တီစူပါ ၁၂%(တရုတ်) ၁၀၂၀၀ ကျပ်၊ တီစူပါ ၁၆%(တရုတ်) ၁၀၈၀၀ ကျပ်၊ တီစူပါ ၁၅း၁၅း၁၅(တရုတ်) ၃၅၀၀၀ ကျပ်၊ ဓာတ်ဆား(တရုတ်) ၁၂၅၀၀ ကျပ်၊ ပိုတက်(တရုတ်) ၂၄၀၀၀ ကျပ်၊(ယူအေအီး) ၁၉၀၀၀ ကျပ်၊မြားကမ္ဘာ ၁၄၂၀၀ ကျပ်ဈေးရှိတယ်လို့ မြေဩဇာအရောင်းဆိုင်မှ စုံစမ်းသိရှိရပါတယ်။

**မကွေးဈေးကွက်မှာ** မြေဩဇာ အရောင်းအေးပေမယ့် ဈေးက နည်းနည်းတက်တယ်။ ဒါကလည်း ဝယ်ရင်း ဈေးအနည်းငယ်တက်တာကြောင့် ဖြစ်တယ်လို့ သိရပါ တယ်။ ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေတဲ့ ဈေးမှာ မြားကမ္ဘာ-တရုတ် (၁၂း၁၃)(အပြာ) ၁၃၆၀၀ ကျပ်၊ ဆင်(၁၀း၁၀း၅) ၁၃၄၀၀ ကျပ်၊ အာမို (၁၀း၁၀း၅) ၁၄၈၀၀ ကျပ်၊ အာမို ၁၅ ပတ်လည် ၃၆၅၀၀ကျပ်၊အာမို (၁၆း၁၆း၈) ၃၃၅၀၀ ကျပ်၊ ယူရီးယား-ပုလဲ (ပန်းဖူး-တရုတ်)၁၉၂၀၀ ကျပ်၊ ယူရီးယား-ပုလဲ(ရွှေတောင်-တရုတ်)၁၈၈၀၀ ကျပ်၊ အောင်ကမ္ဘာ (၁၀း၁၀း၅)၁၅၈၀၀ ကျပ်၊ ပိုတက် ၂၂၀၀၀ ကျပ်၊ တောင်သူမ ၁၃၃၀၀ ကျပ် ဈေးနဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ ဈေးကွက်အတွင်းမှ စုံစမ်းသိရပါတယ်။

ရန်ကုန်ဈေးကွက်မှာ ဒီတစ်ပတ် မြေဩဇာကအရောင်းအဝယ် ပုံမှန်ရှိတယ်လို့ သိရပါတယ်။ သင်္ကြန်မတိုင်ခင်ဈေးနဲ့ကြည့်မယ်ဆိုရင် ယူရီးယား ၁၀၀၀ ကျပ်၊တီစူပါ ၁၃၀၀ ကျပ်ဈေးကျလာပြီး ပိုတက် ၄၀၀၀ ကျပ်၊ ကွန်ပေါင်း ၁၅၀ ပတ်လည် ၂၅၀၀ကျပ် ဈေးမြင့်လာတယ်လို့သိရပါတယ်။ ဒီတစ်ပတ် အရောင်းအဝယ်ဖြစ်နေတဲ့ဈေးမှာ ယူရီးယား -(နေရွက်လှေ- တရုတ်) ၁၉၅၀၀ ကျပ်၊ ယူရီးယား(ရွှေတောင်-တရုတ်) ၁၉၅၀၀ ကျပ်၊ ယူရီးယား (ကမ္ဘာလုံး-တရုတ်) ၁၉၅၀၀ကျပ်၊ ပိုတက်(အိန္ဒိယ) ၂၃၅၀၀ ကျပ်၊ ကွန်ပေါင်း ၁၅ ပတ်လည် (နေရွက်လှေ-တရုတ်) ၃၄၀၀၀ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ ဈေးကွက်အတွင်းမှ စုံစမ်းသိရှိရပါတယ်။

## နို့ဆီ/နို့မှုန့်

### နို့ဆီ အဝင်လျော့ပြီး နို့မှုန့်အဝင်ပို

ဧပြီ ၅ ရက်မှ ၁၁ ရက် သီတင်းပတ်အတွင်း ကန်ဒေါ်လာ ၆၈၄၀၀၅ တန်ဖိုးရှိ နို့ဆီ ၄၈ ဒသမ ၆၄၈ တန်ကို ပင်လယ်ရေကြောင်း ကုန်သွယ်မှုလမ်းမှ တင်သွင်းခဲ့ပါတယ်။ ဒီတစ်ပတ်မှာ ဒွန်းနို့ဆီတစ်မျိုးသာဝင်လာခဲ့တယ်လို့ သိရပါတယ်။ ယခင်တစ်ပတ်မှာ တန်ချိန် နှစ်ရာ့လေးဆယ်ကျော် ဝင်လာခဲ့တာကြောင့် ဒီတစ်ပတ်မှာ နို့ဆီအဝင်လျော့ခဲ့ပါတယ်။

နို့မှုန့်က ထိုင်းနိုင်ငံမှ ၅၁ ဒသမ ၂၀ တန်နဲ့ နယူးဇီလန်နိုင်ငံမှ တန်ချိန် ၁၆၀ ဝင်လာခဲ့ပါတယ်။ ယခင်တစ်ပတ်မှာ အဝင်ပျောက်ခဲ့တဲ့ နို့မှုန့်က ဒီတစ်ပတ်မှာ ပြန်လည်ဝင်လာခဲ့တာဖြစ်ပါတယ်။ ဖေဖော်ဝါရီလ နို့ဆီအဝင်နဲ့ နှိုင်းယှဉ်ကြည့်ရင် မတ်လမှာ နို့ဆီအဝင် လျော့နည်းခဲ့ပြီး နို့မှုန့်က အဝင်ပိုခဲ့တယ်လို့ သိရပါတယ်။

### နယ်စပ်ကုန်သွယ်ရေးစခန်းအလိုက် ဘိလပ်မြေတင်သွင်းမှုအခြေအနေ

| စဉ် | စခန်းအမည် | ယခုအပတ် တင်သွင်းမှုတန်ချိန် ၂၈/၃ မှ ၁၇/၄ | ယခင်အပတ် တင်သွင်းမှုတန်ချိန် ၂၁/၃ မှ ၂၇/၃ | နှိုင်းယှဉ်ချက် (ပို/လို) +/- |
|---|---|---|---|---|
| ၁။ | မူဆယ် | ၆၅၄၄.၇၅ | ၃၅၄၆.၀၀ | (+) ၂၉၉၇.၉၅ |
| ၂။ | လွယ်ဂျယ် | ၁၆၀၆.၀၀ | ၇၄၆.၀၀ | (+) ၈၆၀.၀၀ |
| ၃။ | ချင်းရွှေဟော် | - | - | - |
| ၄။ | ကန်ပိုက်တီး | ၅၄၅၄.၃၀ | ၃၈၂၃.၅၀ | (+) ၁၆၃၀.၈၀ |
| ၅။ | တာချီလိတ် | ၃၀၀၀.၀၀ | ၄၀၅၀.၀၀ | (-) ၁၀၅၀.၀၀ |
| ၆။ | မြဝတီ | ၁၈၈၂.၉၀ | ၃၁၄၄.၀၀ | (-) ၁၂၆၁.၁၀ |
| ၇။ | ကော့သောင်း | ၂၃၉၅၄.၂၅ | ၁၀၃၉၂.၀၀ | (+) ၁၃၅၆၂.၂၅ |
| ၈။ | မြိတ် | ၂၇၅၀.၀၀ | ၁၀၂.၅၀ | (+) ၂၅၆၇.၅၀ |
| ၉။ | မော်တော | - | - | - |
| | စုစုပေါင်း | ၄၅၁၉၂.၂၀ | ၂၅၈၈၄.၈၀ | (+) ၁၉၃၀၇.၄၀ |

မြင့်မြင့်မာ MIRT (DCCA)

### နယ်စပ်ကုန်သွယ်ရေးစခန်းအလိုက် ဓာတ်မြေဩဇာတင်သွင်းမှုအခြေအနေ

| စဉ် | စခန်းအမည် | ယခုအပတ် တင်သွင်းမှုတန်ချိန် ၂၈/၃ မှ ၁၇/၄ | ယခင်အပတ် တင်သွင်းမှုတန်ချိန် ၂၁/၃ မှ ၂၇/၃ | နှိုင်းယှဉ်ချက် (ပို/လို) +/- |
|---|---|---|---|---|
| ၁။ | မူဆယ် | ၃၉၇၄၇.၅၅၀ | ၂၄၉၁၃.၄၅၀ | (+) ၁၄၈၃၄.၁၀၀ |
| ၂။ | လွယ်ဂျယ် | ၁၁၇.၀၀၀ | ၈၅.၀၀၀ | (+) ၃၂.၀၀၀ |
| ၃။ | ချင်းရွှေဟော် | - | ၅၁.၇၅၀ | (-) ၅၁.၇၅၀ |
| ၄။ | တာချီလိတ် | - | - | - |
| ၅။ | မြဝတီ | ၁၀၉၆.၃၆၉ | ၇၇၀.၀၇၀ | (+) ၃၂၆.၂၉၉ |
| ၆။ | ကော့သောင်း | - | - | - |
| ၇။ | မြိတ် | ၃၅၅.၀၀၀ | - | (+) ၃၅၅.၀၀၀ |
| ၈။ | ရိဒ် | ၂၁၆.၅၀၀ | - | (+) ၂၁၆.၅၀၀ |
| | စုစုပေါင်း | ၄၁၅၃၂.၄၁၉ | ၂၅၈၂၀.၂၇၀ | (+) ၁၅၇၁၂.၁၄၉ |

တင်တင်ထွန်း MIRT (DCCA)

## နှမ်း

### သကြ်န်ကာလ နှမ်းတင်ပို့မှုလျော့ကျ

ဧပြီ ၄ ရက်မှ ၂၀ ရက် သကြ်န်ကာလအတွင်း မြန်မာ-တရုတ်နယ်စပ်ရှိ မူဆယ်(၁၀၅)မိုင် ကုန်သွယ်ရေးဇုန်မှ ကန်ဒေါ်လာ သုည ဒသမ ၁၀၉ သန်း တန်ဖိုးရှိနှမ်းနက် ၇၂ တန်ခွဲနဲ့ ကန်ဒေါ်လာ သုညဒသမ ၀၅၀ သန်းတန်ဖိုးရှိ နှမ်းဖြူ(အခွံချွတ်) ၂၈ တန်ခွဲတင်ပို့ခဲ့ပါတယ်။

သကြ်န်ကာလဖြစ်တာကြောင့်မူဆယ်မှ နှမ်းတင်ပို့မှု သိသိသာသာလျော့ကျသလို ချင်းရွှေဟော်နယ်စပ်စခန်းကနေ နှမ်းတင်ပို့မှု လုံးဝမရှိခဲ့တာ တွေ့ရပါတယ်။ မူဆယ်ကုန်စည်ဒိုင်မှာတော့ ဧပြီ ၃ ရက်က နှမ်းဖြူဈေးတစ်တန်ကို ၁၆၂၆၅၃၆ ကျပ်နဲ့ နှမ်းနက်ဈေး ၁၈၈၂၅၀၉ ကျပ် ရှိခဲ့ပြီး ဧပြီ ၁၇ ရက်မှာ နှမ်းဖြူတစ်တန် ၁၆၃၂၁၀၆ ကျပ်နဲ့ နှမ်းနက်တစ်တန် ၁၈၈၈၉၅၅ ကျပ်သို့ ဈေးအနည်းငယ် မြင့်တက်လာခဲ့ပါတယ်။ မန္တလေး-မူဆယ် ကုန်စည်သယ်ယူခနှုန်းမှာလည်း နှမ်းတစ်ပိဿာကို (၁၀၂-၁၀၄) ကျပ်ရှိတာ တွေ့ရပါတယ်။

မော်မော်အောင် MIRT

## အခါကျော်ချိန် အရောင်းအဝယ်ပြန်လိုက်ပြီး ဈေးပြန်မြင့်လာတဲ့ ပြည်ဆီထွက်သီးနှံဈေးကွက်

ယခုတစ်ပတ် သကြ်န်အခါပြီးသွားသော်လည်း ပြည်ဈေးကွက်တွင် မြေပဲဆန်ဈေးတက်ပြီး နှမ်းနီဈေး အနည်းငယ်ကျလာတာ တွေ့ရပါတယ်။ စမုံနက်နှမ်းကတော့ အဝယ်ရှိလို့ဈေးကွက်မှာ ဈေးမြင့်ပြီး ရိုးရိုးနှမ်းနက်မှာ ဈေးကွက်ကြောင့် အရောင်းအဝယ်မဖြစ်တာ တွေ့ရပါတယ်။ မြေပဲဆန်ကို ဝယ်လက်များက အဝယ်လိုက်လာသဖြင့် ဈေးအနည်းငယ်မြင့်လာပြီး ဆီဈေးပါမြင့်လာတာ တွေ့ရပါတယ်။

ဆီကြိတ်နှမ်းနီကို ဆီစက်များက လက်ကျန်နှမ်းများဖြင့်သာ ဆီကြိတ်နေသဖြင့် အဝယ်သိပ်မရှိလို့ ဈေးအနည်းငယ်ကျလာပါတယ်။ စားသုံးသူများကလည်း နှမ်းဆီဈေးမြင့်လို့ မြေပဲဆီသာ ဝယ်ယူစားသုံးကြတာကြောင့် ဈေးကွက်တွင် နှမ်းဆီထက်စာရင် မြေပဲဆီ အရောင်းအဝယ်သွက်လာတာ တွေ့ရပါတယ်။ အဲဒါကြောင့် ဆီကြိတ်ရန် မြေပဲဆန်ကို အဝယ်လိုက်လာသဖြင့် မြေပဲဆန်ဈေးမြင့်လာပါတယ်။ မြေပဲဆီဆန် တစ်ပိဿာကို ၂၁၀၀ ကျပ်နဲ့ လုံးဆန်အဖြူ တစ်ပိဿာ ၂၃၀၀ ကျပ်၊ အနီတစ်ပိဿာ ၂၄၀၀ ကျပ်ရှိပြီး နှမ်းဈေးမှာ နှမ်းနီတစ်တင်းကို ၃၃၀၀၀ ကျပ်နဲ့ စမုံနက်နှမ်းတစ်တင်းကို ၆၆၀၀၀ ကျပ်ဈေးဖြင့် ယခုတစ်ပတ် ပြည်ဈေးကွက်တွင် အရောင်းအဝယ်ဖြစ် လျက်ရှိပါတယ်။

မြေပဲဆီဈေးမှာ(ရှယ်) တစ်ပိဿာကို ၄၃၀၀ ကျပ်နဲ့ ရိုးရိုးတစ်ပိဿာ ၄၁၀၀ ကျပ်ရှိပြီး နှမ်းဆီဈေးမှာ နှမ်းဦးဆီ တစ်ပိဿာ ၅၀၀၀ ကျပ်ဈေးဖြင့် အရောင်းအဝယ်ဖြစ်လျက်ရှိပါတယ်။

ဝေဝေမင်း- ပြည်

## စားအုန်းဆီ

### မလေးရှားစားအုန်းဆီဈေး ကျဆင်း



သုံးရက်ကြာ မြင့်တက်နေခဲ့တဲ့ စားအုန်းဆီဈေးနှုန်းက ဧပြီ ၂၂ ရက်က ပြန်လည် ကျဆင်းခဲ့ပါတယ်။ လောလောဆယ်မှာ စားအုန်းဆီဈေးက ရင်းဂစ် ၂၁၀၀ နဲ့ ၂၂၀၀ ကြားမှာပဲ ရှိနေမယ်လို့ ကုန်သည်တွေ မျှော်လင့်ထားကြပေမယ့် ရင်းဂစ်တန်ဖိုးမြင့်တက်မှုနဲ့ ကိန်းဂဏန်းများနဲ့ တွက်ချက်မှုအရ အကျဘက်ကိုပြသနေတဲ့အတွက် ဈေးနှုန်းတွေ ကျဆင်းခဲ့ရကြောင်း ဘီရီကော်ဒါသတင်းမှာ ဖော်ပြပါတယ်။

ဧပြီ ၂၁ ရက်က ရင်းဂစ်တန်ဖိုး ပြန်ကျလာတာနဲ့ ကိန်းဂဏန်းစာရင်းဇယားတွေအရ အလားအလာကောင်းပြီး ဝယ်ယူသူတွေကို ဆွဲဆောင်နိုင်တဲ့အတွက် အခြေခံစံထားဈေးနှုန်းက ရက်သတ္တနှစ်ပတ်အတွင်း ဖြစ်ပေါ် ခဲ့တဲ့ ဈေးနှုန်းများအနက် အမြင့်ဆုံး ဖြစ်ခဲ့ပါတယ်။

ဘာဆာမလေးရှား ကုန်စည်ဒိုင် (Bursa Malaysia Derivatives Exchange) မှာ ဧပြီ ၂၂ ရက် ဈေးပိတ်ချိန်က ဇူလိုင်လအတွက်ချုပ်ဆိုတဲ့ အခြေခံစံထားဈေးနှုန်းက သုည ဒသမ ၇ ရာခိုင်နှုန်းကျဆင်းပြီး စားအုန်းဆီ တစ်တန်ကို ၂၁၅၈ ရင်းဂစ် (၅၉၈ ဒေါ်လာ) နှုန်း ရှိခဲ့ပါတယ်။

"ရင်းဂစ်တန်ဖိုးက အတက်အကျ သိပ်များနေတယ်၊ ဒီနေ့တော့ ၃ ဒသမ ၆၁ ရင်းဂစ်နှုန်းထိ ရောက်လာပြီး စားအုန်းဆီက တစ်တန်ကို ၂၁၅၀ ရင်းဂစ်ထိတောင် ပြုတ်ကျခဲ့ပါတယ်" လို့ ကွာလာလမ်ပူရှိ နိုင်ငံခြားကုန်သည်တစ်ဦးက ပြောပါတယ်။

" စားအုန်းဆီဈေးနှုန်းက ကိန်းဂဏန်းအချက်အလက်တွေအရ တွက်ချက်ရင် အကျဘက်ကို ဦးတည်နေပါတယ်။ ကျဆင်းဖို့အတွက် ဖိအားပေးမှုတွေ ရှိလာနိုင်ပါတယ်။ နှစ်ရက်၊ သုံးရက် အတွင်းမှာတော့ တစ်တန်ကို ရင်းဂစ် ၂၁၀၀ နဲ့ ၂၂၀၀ အတွင်း အတက်အကျရှိမယ်လို့ ခန့်မှန်းထားပါတယ်။

စုစုပေါင်းရောင်းချရတဲ့ ပမာဏက ၂၅ တန်ရှိအတွဲ ၄၈၉၀၉ တွဲထိရှိခဲ့တဲ့အတွက် ပျမ်းမျှရောင်းချရတဲ့အတွဲ ၃၅၀၀၀ အထက် အများကြီးမြင့်မားနေတာကို တွေ့ရပါတယ်။

ကိန်းဂဏန်း အချက်အလက်တွေအရ အခြေခံတွက်ချက်မယ်ဆိုရင် အနိမ့်ဆုံးဈေးနှုန်း တစ်တန်ကို ၂၁၅၂ ရင်းဂစ်ထိရှိပြီး တစ်တန်ကို ၂၁၇၁ ရင်းဂစ်နှုန်းအထိ အနည်းငယ်မြင့်တက်နိုင်ကြောင်း ရိုက်တာမှ ဈေးကွက် ဆန်းစစ်ရေးမှူး ဝမ်တာအိုက ပြောပါတယ်။

ယေဘုယျအားဖြင့် စားအုန်းဆီဈေးကွက်လိုပဲ အတူတူ အတက်အကျဖြစ်တတ်တဲ့အမေရိကန်ပြည်ထောင်စုနဲ့ တရုတ်နိုင်ငံမှာ ရှိတဲ့ ပြိုင်ဘက်ဟင်းရွက်ဆီဈေးကွက်မှာလည်း ဈေးနှုန်းတွေ က ဧပြီ ၂၂ ရက် က ကျဆင်းခဲ့တာကို တွေ့ရပါတယ်။

အမေရိကန်ပြည်ထောင်စုရှိ ပဲပုပ်ဆီရဲ့ မေလအတွက်ချုပ်ဆိုတဲ့စာချုပ်ဈေးက သုည ဒသမ ၂ ရာခိုင်နှုန်း ကျဆင်းခဲ့ပါတယ်။ တရုတ်နိုင်ငံ ဒါလီယံ ကုန်စည်ဒိုင်မှာ ပဲပုပ်ဆီရဲ့ စက်တင်ဘာအတွက် စာချုပ်ဈေးက သုည ဒသမ ၁ ရာခိုင်နှုန်း ကျဆင်းခဲ့ပါတယ်။

ဉာဏ်တင်

### ပြည်တွင်းဆီဈေးနှုန်းများ (၂၄-၄-၂၀၁၅) ကျပ်/ပိဿာ

| မြို့အမည် | ပဲဆီ | | | နှမ်းဆီ | | | စားအုန်းဆီ | | |
|---|---|---|---|---|---|---|---|---|---|
| | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် |
| နေပြည်တော် (ပျဉ်းမနား) | ၃၈၀၀ | ၃၈၀၀ | □ | ၄၂၀၀ | ၄၂၀၀ | □ | ၁၅၅၀ | ၁၅၅၀ | □ |
| ရန်ကုန် | ၄၀၀၀ | ၄၅၀၀ | △ | ၅၀၀၀ | ၅၀၀၀ | □ | ၁၃၂၅ | ၁၃၃၀ | △ |
| မန္တလေး | ၃၈၀၀ | ၄၀၀၀ | △ | ၃၅၀၀ | ၃၅၀၀ | □ | ၁၄၅၀ | ၁၄၄၀ | ▽ |
| ပဲခူး | ၂၇၀၀ | ၂၇၀၀ | □ | ၅၃၀၀ | ၅၃၀၀ | □ | ၁၄၀၀ | ၁၄၂၀ | △ |
| မကွေး | ၄၀၀၀ | ၄၃၀၀ | △ | ၄၀၀၀ | ၄၀၀၀ | □ | ၁၄၃၀ | ၁၄၃၀ | □ |
| မုံရွာ | ၄၃၀၀ | ၄၅၀၀ | △ | ၃၈၀၀ | ၃၉၀၀ | △ | ၁၄၈၀ | ၁၄၆၀ | ▽ |
| စစ်တွေ | ၃၄၀၀ | ၃၄၀၀ | □ | ၃၂၀၀ | ၃၂၀၀ | □ | ၁၉၀၀ | ၁၉၀၀ | □ |

*Source: mirt-dtp*

### စားအုန်းဆီဈေးနှုန်းများ (၂၂-၄-၂၀၁၅ မှ ၂၄-၄-၂၀၁၅ နေ့ထိ)

ရေတွက်ပုံ - ဒေါ်လာ

| စဉ် | နေ့စွဲ | CIF (ရန်ကုန်) |
|---|---|---|
| (၁) | ၂၂-၄-၂၀၁၅ | ၆၈၀ |
| (၂) | ၂၃-၄-၂၀၁၅ | ၆၇၀ |
| (၃) | ၂၄-၄-၂၀၁၅ | ၆၇၀ |

Source: ဆီကုန်သည်များအသင်း

### မလေးရှားစားအုန်းဆီ အပတ်စဉ်ပျမ်းမျှ (FOB) ဈေးနှုန်း

၂၄-၄-၂၀၁၅ US$/Ton

| အမျိုးအစား | ဧပြီလဒုတိယပတ် | ဧပြီလတတိယပတ် | နှိုင်းယှဉ်ချက် |
|---|---|---|---|
| RBD P.Oil | ၅၉၃.၅၀ | ၅၉၅.၅၀ | △ |
| RBD P.Olein | ၅၉၉.၀၀ | ၆၀၉.၀၀ | △ |
| RBD P.Strarin | ၅၈၈.၀၀ | ၅၉၈.၅၀ | △ |

*Source: econ.mpob*

### ပြည်ပမှတင်သွင်းလာသော စားအုန်းဆီများ ရန်ကုန်ဆိပ်ကမ်းအရောက် တစ်ပိဿာအရင်းဈေးတွက်ချက်ပုံ (၂၄ - ၄ -၂၀၁၅ )နေ့

| အကြောင်းအရာ | တွက်ချက်နှုန်း | တစ်ပိဿာကုန်ကျစရိတ် (ကျပ်) Cloud Point 8˚CMax |
|---|---|---|
| CIF ဈေး | (CIFx Earning)/ 612 | ၁၁၈၈.၉၂ |
| FDA ထောက်ခံစာ | 58 .20/ 612 | ၀.၁၀ |
| သွင်းကုန်လိုင်စင်ကြေး | 50/ 612 | ၀.၀၈ |
| L/C စရိတ် | (CIF x 0.25% x Earning)/612 | ၂.၉၇ |
| Bill စရိတ် | (CIF x 0.50% x Earning )/612 | ၅.၉၄ |
| စားအုန်းဆီအလျော့ | 0.5% x လက်ကားဈေး | ၆.၆၅ |
| ဆီကန်သို့လှောင်ထိန်းသိမ်းခ | 5/ -1% | ၄.၉၅ |
| ကုန်သွယ်လုပ်ငန်းခွန် | (FOB x USD x 1.2 x 5%) 612 | ၆၈.၁၆ |
| ဆိပ်ကမ်းခွန် | (50000/ 1000) 612 | ၀.၀၈ |
| MITS စစ်ဆေးခ (FDA အပါအဝင်) | | ၀.၆၀ |
| အခွန်လျှာထား | (CIF x 35/-)/ 612 | ၃၈.၃၂ |
| ဆိပ်ကမ်းကပ်ခ | (3x Earning )/ 612 | ၅.၃၂ |
| | ရန်ကုန်ဆိပ်ကမ်းအရောက် အရင်းဈေး | ၁၃၂၂.၂၉ |

မှတ်ချက်။

၁။ အထက်ပါတွက်ချက်မှုမှာ ၂၄-၄-၂၀၁၅နေ့ (CIF ဈေး Cloud Point 8 ˚C Max ၆၇၀ ဒေါ်လာ၊ FOB ၆၄၅ ဒေါ်လာနှင့် Earning ဈေး ၁၀၈၆ကျပ်) ဖြင့်တွက်ချက်ထားခြင်းဖြစ်ပါသည်။

၂။ (၂၄-၄-၂၀၁၅)နေ့ဝယ်ယူပြီးနောက် ၁၀ ရက်ခန့်အကြာ ရန်ကုန်ဆိပ်ကမ်းရောက်ရှိမည့် ဈေးဖြစ်ပါသည်။

၃။ တင်သွင်းလာသော ကုမ္ပဏီ၏ အမြတ်၊ ဆိပ်ကမ်းမှ ဖြန့်ဖြူးမည့် ဈေးကွက်အရောက် သယ်ယူစရိတ်၊ လုပ်သားခ၊ လက်လီဆိုင်များ၏ အမြတ်များ မပါဝင်သေးပါ။

၄။ ငွေလဲနှုန်းတစ်ဒေါ်လာကို ဒေါ်လာဈေး ၁၀၈၁ ကျပ်ဖြင့် တွက်ချက်ထားပါသည်။

၅။ ကုန်သွယ်လုပ်ငန်းခွန်မှာ ယခင် သုညရာခိုင်နှုန်းဖြစ်ပြီး ယခု ၅ ရာခိုင်နှုန်း ဖြစ်ပါသည်။

၆။ ဆိပ်ကမ်းကပ်ခမှာ ယခင်ကောက်ခံခြင်းမရှိပါ။ ယခုတစ်တန်လျှင် အမေရိကန် ၃ ဒေါ်လာနှုန်း ကောက်ခံပါသဖြင့် ထည့်သွင်းတွက်ချက်ပါသည်။

၇။ နိုင်ငံခြားစားအုန်းဆီ FOB နှင့် CIF ဈေးနှုန်းများအပါအဝင် ဖော်ပြပါဈေးနှုန်းများသည် အချိန်နှင့်အမျှ အတက်အကျ အပြောင်းအလဲ ရှိနိုင်ပါသည်။

## မြန်မာသံရုံးများမှ ပေးပို့သော စီးပွားရေးသတင်းများ

# ကိုရီးယားနိုင်ငံတွင်နျူကလီးယား စွမ်းအင်ဖြင့်လျှပ်စစ်ဓာတ်အား ထုတ်လုပ်မှု ကီလိုဝပ် သုံးထရီလီယံအထိရှိနေ

၁၉၈၇ ခုနှစ်မှစတင်ကာကိုရီးယား သမ္မတနိုင်ငံတွင် ပထမဦးဆုံးနျူကလီးယား ဓာတ်ပေါင်းဖိုGori 1 ဖြင့် လျှပ်စစ်ဓါတ် အားထုတ်လုပ်သုံးစွဲခဲ့ပြီး၊ ယခုအခါ တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် နျူကလီးယားဓာတ်ပေါင်းဖိုစုစုပေါင်း ၂၃ ခုအထိ ရှိနေပြီဖြစ်ကြောင်း၊ ယင်းတို့၏ စုစုပေါင်းလျှပ်စစ်ဓာတ်အား ထုတ်လုပ်နိုင်မှုသည် ကီလိုဝပ်သုံးထရီလီယံ ရှိနေကြောင်း၊ ကိုရီးယားရေအားနှင့် နျူကလီးယားလျှပ်စစ်ဓာတ်အားထုတ်လုပ်မှုလုပ်ငန်း (Korea Hydro & Nuclear Power -KHNP) ကဧပြီလ ၂၀ရက်နေ့က ထုတ်ဖော်ပြောကြားခဲ့သည်။ သုံးထရီလီယံကီလိုဝပ်ဟူသည်မှာ တစ်နာရီလျှင်ထုတ်လုပ်ပေးနိုင်သည့် လျှပ်စစ်စွမ်းအင်ပမာဏဖြစ်သည်။

အဆိုပါ နျူကလီးယားဓာတ် ပေါင်းဖိုများကထုတ်လုပ်နိုင်သည့်ကီလိုဝပ်သုံးထရီလီယံသည် ကိုရီးယားနိုင်ငံ၏ လျှပ်စစ်ဓာတ်အားလိုအပ်ချက်ကို ၆ နာရီကြာဖြည့်ဆည်းပေးနိုင်သည့်ပမာဏ ဖြစ်သည်။ ယင်းတို့ထုတ်လုပ်နိုင်သော ကီလိုဝပ်သုံးထရီလီယံသည်တန်ဖိုးအားဖြင့်ဒေါ်လာ ၄၀၅ ဘီလီယံရှိမည်ဖြစ် သည်။နျူကလီးယားစွမ်းအင်ဖြင့် လျှပ်စစ်ဓာတ်အားထုတ်လုပ်မှုသည် ကိုရီးယားစီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် အဓိကအခန်းကဏ္ဍမှပါဝင်နေပြီး၊ ပြည်ပမှစွမ်းအင်တင်သွင်းရခြင်းကိုလည်း လျော့နည်းစေကြောင်း၊ နျူကလီးယား ဓာတ်ပေါင်းဖိုများကို မောင်းနှင်ရာတွင် ပိုမိုလုံခြုံစိတ်ချရသော အနေအထားနှင့် သဘာဝပတ်ဝန်းကျင်နှင့် အကိုက်ညီဆုံးဖြစ်အောင် အကောင်းဆုံးကြိုးစားလျက်ရှိပါကြောင်း၊ နိုင်ငံပိုင်KHNP၏စီအီးအိုဖြစ်သူCho Seok က ပြောဆိုသည်။

**သန့်ဇင်၊ စီးပွားရေးသံမှူး**
**မြန်မာသံရုံး၊ ဆိုးလ်မြို့**

# ထိုင်းနိုင်ငံ ဗဟိုဘဏ် ဥက္ကဋ္ဌအသစ် ရွေးချယ်ရန် စီစဉ်လျက်ရှိ

ထိုင်းနိုင်ငံ၏ လက်ရှိ အုပ်ချုပ်ရေးစနစ်အရ ဗဟိုဘဏ်ဥက္ကဋ္ဌ၏သက်တမ်းကို တိုးမြှင့်နိုင်ပါသည်။ သို့ရာတွင် ထိုင်းနိုင်ငံဗဟိုဘဏ်အနေဖြင့် လာမည့် စက်တင်ဘာလ ၃၀ ရက်နေ့တွင် ဥက္ကဋ္ဌ သက်တမ်းပြည့်မည့် Mr.Prasan ၏ နေရာတွင်ဆက်ခံမည့် ဥက္ကဋ္ဌသစ်ရွေးချယ်ရန် စီစဉ်လျက်ရှိပါသည်။

ပုံမှန်အားဖြင့် ရွေးချယ်ရေးကော်မတီသည် ဇွန်လအကုန်တွင် ဥက္ကဋ္ဌသစ်ကို ရွေးချယ်လေ့ရှိကြောင်း Mr.Prasan က ပြောကြားခဲ့ပါသည်။ လောလောဆယ်တွင် ဘဏ္ဍာရေးဝန်ကြီးသည် ရွေးချယ်ရေးကော်မတီအတွက် အဖွဲ့ဝင်များ ရှာဖွေလျက်ရှိပါသည်။ ဗဟိုဘဏ်ဘုတ်အဖွဲ့ဝင် ၇ ဦး အနက် ဥက္ကဋ္ဌ Mr.Ampon အပါ အဝင်သုံးဦး၏ သက်တမ်းသည်လာမည့် မေလတွင် ကုန်ဆုံးမည်ဖြစ်ပါသည်။ Mr.Ampon သည် သက်တမ်း ၂ ခုဆက်တိုက် တာဝန်ယူခဲ့သူဖြစ်ပါသည်။ ဗဟိုဘဏ်၏ စည်းမျဉ်းများအရ ဘုတ်အဖွဲ့ဝင်များနှင့်အမှုဆောင်အရာရှိများသည် အများဆုံးအဖြစ် သက်တမ်းကာလ နှစ်ခုဆက်တိုက် တာဝန်ထမ်းဆောင်ခွင့်ရှိပါသည်။

ထိုင်းနိုင်ငံဗဟိုဘဏ်သည် မင်းသမီးမဟာချက်ကရီသီရိဒုံ၏ အသက် ၆၀ ပြည့်မွေးနေ့ အထိမ်းအမှတ်အဖြစ် ဘတ် ၁၀၀ တန်ငွေစက္ကူအသစ် ထုတ်ဝေခဲ့ပါသည်။ အဆိုပါ အထူးထုတ်ငွေစက္ကူသစ်ကို ဧပြီလ ၂ ရက်နေ့မှစ၍ ဘဏ်များတွင် ရရှိနိုင်ပြီဖြစ်ကြောင်း သိရှိရပါသည်။ **ရီရီမွန်၊ စီးပွားရေးသံမှူး၊ မြန်မာသံရုံး၊ ဗန်ကောက်မြို့**

# ရန်ကုန်မြို့၌ပြုလုပ်မည့် တည်ဆောက်မှုနည်းပညာဆိုင်ရာပြပွဲတွင် စင်ကာပူ ကုမ္ပဏီများပါဝင်ပြသမည်

မြန်မာနိုင်ငံ ဆောက်လုပ်ရေးဆိုင်ရာလုပ်ငန်းရှင်များအသင်းနှင့်စင်ကာပူ ပုံနှိပ်ထုတ်ဝေရေး ဦးပိုင် လုပ်ငန်းစု (SPH) လက်အောက်ရှိ Sphere Exhibits တို့၏ပူးပေါင်းစီစဉ်မှုဖြင့် အဆောက်အဦတည်ဆောက်မှု နည်းပညာဆိုင်ရာကုန်စည်ပြပွဲ (Build Tech Yangon 2015) ကို ၂၀၁၅ ခုနှစ် မေလ ၂၇ ရက်မှ ၂၉ ရက်နေ့အထိ ရန်ကုန်မြို့၊ မင်းဓမ္မလမ်းရှိမြန်မာကွန်ဗင်းရှင်းစင်တာ၌ ပြုလုပ်မည်ဖြစ်ရာစင်ကာပူနိုင်ငံ အခြေစိုက်တည်ဆောက်ရေး ကုမ္ပဏီများမှ လာရောက်ပြသမည်ဖြစ်ပါသည်။

ပြပွဲသို့ဝင်ရောက်ပြသလိုသော လုပ်ငန်းရှင်များအား ဖိတ်ခေါ်ခဲ့ရာ စိတ်ဝင်စားသူအများအပြားထံမှတုံ့ပြန်ချက်များရရှိခဲ့သဖြင့် စင်ကာပူနိုင်ငံအတွက် ရရှိသောပြခန်းအရေအတွက်ကို တိုးချဲ့ထားရှိကြောင်း၊လျှောက်လွှာလက်ခံမှုကိုလည်း ဧပြီလ၁၃ရက်နေ့အထိ တိုးမြှင့်ပေးထားခဲ့ကြောင်း၊ နောက်ဆုံးကျန်ရှိသည့် ပြခန်း၈ခုအတွက် ၅၀ ရာခိုင်နှုန်း အထိစိုက်ထုတ်ကျခံပေးမည်ဖြစ်ကြောင်း၊ အကျယ်အဝန်းအားဖြင့် ၁၂၊ ၂၄ နှင့် ၃၆စတုရန်းမီတာ အသီးသီးရှိသော ပြခန်းများကိုဦးရာလူစနစ်ဖြင့် နေရာချထားပေးရန်ရှိကြောင်း၊ လက်ရှိကာလတွင် မြန်မာနိုင်ငံ၏တည်ဆောက်ရေးလုပ်ငန်း ကဏ္ဍတန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၃ ဒသမ ၂ဘီလီယံခန့်ရှိပြီး ၂၀၁၆ ခုနှစ်၌ ၂၄ ရာခိုင်နှုန်း ပိုမိုတိုးတက်လျက် ၄ ဒသမ ၂ဘီလီယံ အထိရောက်ရှိလာနိုင်ကြောင်း၊ ဤလုပ်ငန်းကဏ္ဍ၌လူနေ အိမ်ရာများဆောက်လုပ်မှုမှာ ၅၁ ရာခိုင်နှုန်းခန့်ရှိပြီး အိမ်ရာလိုအပ်ချက်မြင့်မားမှုက ရေရှည်၌ဈေးနှုန်းခိုင်မာမှုကို အထောက်အပံ့ပြုလျက်ရှိကြောင်း စသည်ဖြင့်ဖော်ပြလျက် စင်ကာပူ စီးပွားရေးလုပ်ငန်းရှင်များအသင်းချုပ် (SBF) မှ ၎င်း၏အသင်းဝင်များနှင့် စီးပွားရေး လုပ်ငန်းရှင်များထံသို့သတင်းကြေညာလွှာများ ဖြန့်ဝေခဲ့ပါသည်။

The Straits Times သတင်းဌာနကလည်း SBF နှင့် အဆောက်အဦ တည်ဆောက်မှုဆိုင်ရာ စင်ကာပူသိပ္ပံဌာနတို့သည် Build Tech ပြပွဲ၌ပံ့ပိုးသူအဖြစ် ပါဝင်ကြောင်း၊ မြန်မာနိုင်ငံ၏ အခြေခံအဆောက်အဦဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ စီမံခန့်ခွဲမှုအရည်အသွေးကို မြှင့်တင်နိုင်ရန်ရည်ရွယ်ကျင်းပမည့်ဤပြပွဲ၌ တည်ဆောက်ရေးလုပ်ငန်းနယ်ပယ်မှ ပညာရှင် ၄၀၀၀ခန့်လာရောက်မည်ဟု ခန့်မှန်းရကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် အိမ်ရာအဆောက်အဦလိုအပ်ချက်ကို ဖြည့်ဆည်းနိုင်ရန်အတွက် လာမည့်နှစ် ၂၀ကာလအတွင်း လူနေအိမ်ရာပေါင်း တစ်သန်းကျော်ကို တည်ဆောက်သွားရန်ရှိကြောင်း၊ ယခုပြပွဲမှာ မြန်မာနိုင်ငံ၌ တည်ဆောက်ရေးစီမံကိန်းများ ကျယ်ပြန့်စွာလုပ်ကိုင်လာမှုနှင့် အတူလျင်မြန်စွာ ပေါ်ထွန်းလာသည့် စီးပွားရေးအခွင့်အလမ်းများကိုဖော်ထုတ်ပြသလိမ့်မည် ဖြစ်ကြောင်းဖော်ပြပါသည်။

Build Tech ပြပွဲတွင် စင်ကာပူနိုင်ငံ၌ကွန်ကရစ်လုပ်ငန်းများလုပ်ကိုင်လျက်ရှိသည့် Poh Cheong ကုမ္ပဏီနှင့် ကရိန်းငှားရမ်းဝန်ဆောင်မှုနှင့်ဖြန့်ဖြူးမှုလုပ်ငန်းကို လုပ်ဆောင်လျက်ရှိသော Tat Hong ကုမ္ပဏီတို့မှဝင်ရောက် ပြသမည်ဖြစ်ကြောင်း သိရှိရပါသည်။ Poh Cheong ကုမ္ပဏီသည် ၂၀၁၃ ခုနှစ်အတွင်း မြန်မာနိုင်ငံရှိ နိုင်ဂရု(ပ်) ဆောက်လုပ်ရေးကုမ္ပဏီနှင့်ပူးပေါင်းပြီး ဖက်စပ်လုပ်ငန်းဖွဲ့စည်း၍ဒဂုံဆိပ်ကမ်းမြို့နယ်အတွင်းအိမ်ရာ တည်ဆောက်ရေးလုပ်ငန်းများကိုလုပ်ကိုင်လျက်ရှိပြီး အရန်သင့် အသုံးပြုနိုင်သော ပုံသွန်းလောင်း ကွန်ကရစ်အစိတ်အပိုင်းများ ထုတ်လုပ်သည့် စက်ရုံကိုလည်းယခင်နှစ်မှစတင်တည်ထောင်ခဲ့ပါသည်။ အလားတူ Tat Hong ကုမ္ပဏီသည်လည်း စင်ကာပူ ထုတ်ကုန်သွင်းကုန်လုပ်ငန်း တစ်ခုဖြစ်သော Intraco လီမိတက်၊ မြန်မာနိုင်ငံမှ စီးပွားရေးလုပ်ငန်းရှင် ဦးအောင်မိုးကျော်(IBTC)တို့နှင့်ပူးပေါင်း၍ Tat Hong Intraco Myanmar အမည်ဖြင့် ဖက်စပ်လုပ်ငန်းဖွဲ့စည်းပြီး မြန်မာနိုင်ငံ၌ ကရိန်းနှင့် မြေတူးစက်ဝန်ဆောင်မှု လုပ်ငန်းကို လုပ်ကိုင်လျက်ရှိပါသည်။

မြန်မာနိုင်ငံ၌သမားရိုးကျမဟုတ်သောစီးပွားရေးထုံးတမ်းအစဉ်အလာများ တည်ရှိမှုနှင့်အတူယုံကြည်စိတ်ချရသော ဒေသခံစီးပွားဖက်မှာလိုအပ်ချက်တစ်ရပ်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံတွင် ကုန်ထုတ်လုပ်ငန်း လုပ်ကိုင်မည့် ပြည်ပလုပ်ငန်းရှင်အနေဖြင့် မြေနေရာစီစဉ်ပေးစွမ်းနိုင်သူ ဒေသခံလုပ်ဖော်ကိုင်ဖက်များကို ရှာဖွေရန် လိုကြောင်းဖြင့် အဆိုပါစင်ကာပူကုမ္ပဏီများက The Straits Times သတင်းဌာနသို့ပြော ဆိုပါသည်။ မြန်မာနိုင်ငံ၌ စီးပွားရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် စင်ကာပူလုပ်ငန်းရှင်များအနေဖြင့် ဥပဒေစည်းမျဉ်းနှင့် လုပ်ထုံးလုပ်နည်း ဆိုင်ရာများ၌ရှင်းလင်းပြတ်သားမှု နည်းပါးခြင်း၊ မြေနေရာငှားရမ်းလုပ်ကိုင်ရာတွင် တစ်နှစ်ချင်း မဟုတ်ဘဲ ၁၀နှစ်စာ ငှားရမ်းခကြိုတင်ပေးချေရခြင်းစသည့် အခက်အခဲများနှင့် ကြုံတွေ့နေရကြောင်း သိရှိရပါသည်။

**နေအေးလွင်၊ စီးပွားရေးသံမှူး**
**မြန်မာသံရုံး၊ စင်ကာပူမြို့**

## အင်းဆက်ပိုးနှင့်အအေးဒဏ်ခံနိုင်သည့် ထိုင်းစပါးမျိုးသစ် Pathum Thani 200 ကို သုတေသနပြုထုတ်လုပ်

ထိုင်းနိုင်ငံရှိ Pathum Thani Rice Research Center မှအင်းဆက်ပိုးများနှင့်အအေးဒဏ်ခံနိုင်သော စပါးမျိုးသစ်ကို သုတေသနပြု ထုတ်လုပ်နိုင်ခဲ့ပါသည်။ ပသွန်းဌာနီပြည်နယ် (Pathum Thani Province) ၏နှစ် ၂၀၀ ပြည့်အထိမ်းအမှတ်အဖြစ် စပါးမျိုးသစ်ကို Pathum Thani 200 ဟု အမည်ပေးခဲ့ပါသည်။

စပါးမျိုးသစ်သည် တစ်နှစ်ပတ်လုံး စိုက်ပျိုးနိုင်ပြီး အထွက်နှုန်း လည်းကောင်းကြောင်း၊ သုတေသနစင်တာရှိ ဆန်စပါးဌာနသည် စပါးမျိုးအသစ်ဖွံ့ဖြိုးရေးအတွက် ဆယ်နှစ်ကျော် အချိန်ယူခဲ့ရကြောင်း၊ နာမည်ကျော်Suphanburi 1 နှင့်IR 64 မျိုးများကို စပ်ထားသောစပ်မျိုးစပါးအသစ်ဖြစ်ကြောင်း သုတေသနစင်တာ ညွှန်ကြားရေးမှူး Mr.Apichart က ပြောကြားခဲ့ပါသည်။

စပ်မျိုးစပါးအသစ်သည် စပါးပင်များအပေါ်မှီခို၍ ရှင်သန်သော အညိုရောင်အင်းဆက် (brown Planthopper) များ၏ ဒဏ်ကိုခုခံနိုင်ပါသည်။ Kor.Khor.57 ဟုလည်း ခေါ်တွင်သည့် စပ်မျိုးစပါးသည် အလယ်ပိုင်းဒေသများ ရှိရေသွင်းစိုက်ပျိုးဧရိယာများတွင် သာမကမြောက်ပိုင်းဒေသကဲ့သို့ အေးမြ သည့်ရာသီဥတုရှိသော ဧရိယာများတွင်ပါ စိုက်ပျိုးရန်သင့်လျော်သော စပါးမျိုး ဖြစ်ပါသည်။

ယခုအခါ စပါးမျိုးသစ်ကို လယ်သမားများထံသို့ ဖြန့်ချိပေးနိုင်မည့် စပါးမျိုးစေ့များအဖြစ် စိုက်ပျိုးထုတ်လုပ် နေသည့် ကာလဖြစ်ကြောင်း၊ Pathum Thani 200 စပါးမျိုးသည် ထမင်းအဖြစ် စားသုံးရန်အတွက်သာမက ဆန်မှုန့် များပြုလုပ်ရန်ကုန်ကြမ်းအဖြစ် အသုံးပြု နိုင်သော အကောင်းဆုံး ဆန်ဖြူအမျိုး အစားဖြစ်ကြောင်း၊ စပါးမျိုးသစ်ထွက် ပေါ်လာသော်လည်း ဆန်စပါးဌာနအတွက် မျိုးစပါးရှားပါးမှု ပြဿနာကို လျှော့ချနိုင်ဖွယ်မရှိကြောင်း သိရှိရပါ သည်။

လောလောဆယ်တွင် ဆန်စပါး ဌာနသည် တစ်နှစ်လျှင် မျိုးစပါး တန်ချိန် တစ်သိန်းခန့်ထုတ်လုပ်ပေးလျက်ရှိပါသည်။ သို့ရာတွင် မျိုးစပါးဝယ်လိုအားသည် ခြောက်သိန်းခန့်ရှိရာ လိုအပ်သည့် ကျန်ပမာဏအတွက် ပုဂ္ဂလိက ကုမ္ပဏီများမှ ဈေးနှုန်းမြင့်မားသော စပ်မျိုးစပါးမျိုးစေ့များဖြင့် ဖြည့်ပေးပါသည်။

ဆန်စပါးဌာနမှ ရောင်းချပေးလျက်ရှိသော မျိုးစပါးဈေးနှုန်းများမှာ ဟုန်မာလိမျိုးစပါးတစ်ကီလိုလျှင် ၂၅ ဘတ်၊ ဆန်ဖြူမျိုးစပါးတစ်ကီလိုလျှင် ၁၆-၁၇ ဘတ်၊ ကောက်ညှင်းမျိုးစပါး တစ်ကီလိုလျှင် ၂၂ ဘတ်သာရှိကြောင်း၊ လယ်သမားအနေဖြင့် ပုံမှန်စပါးမျိုးများ ထက်ပိုမိုကောင်းမွန်သော Pathum Thani 200 စပါးမျိုးသစ်ကို စိုက်ပျိုးရန် အကြံပြုထားကြောင်း သိရှိရပါသည်။ **ရီရီမွန်၊ စီးပွားရေးသံမှူး မြန်မာသံရုံး၊ ဗန်ကောက်မြို့**

## မြန်မာသံရုံးများမှ ပေးပို့သော စီးပွားရေးသတင်းများ

# စင်ကာပူနှင့် ဗီယက်နမ်နိုင်ငံတို့အကြား စီးပွားရေးပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ စာချွန်လွှာများလက်မှတ်ရေးထိုး

(၁၁) ကြိမ်မြောက်စင်ကာပူ-ဗီယက်နမ်ပေါင်းကူး ဆက်သွယ်မှုဆိုင်ရာဝန်ကြီးအဆင့်အစည်းအဝေးကို ဧပြီလ ၁၆ ရက်မှ ၁၇ရက်နေ့အထိ ဗီယက်နမ်နိုင်ငံ Hueမြို့၌ကျင်းပရာ စင်ကာပူနိုင်ငံမှ ကုန်သွယ်ရေးနှင့် စက်မှုဝန်ကြီး Mr. Lim Hng Kiang နှင့် ဗီယက်နမ်နိုင်ငံမှ စီမံကိန်းနှင့် ရင်းနှီးမြှုပ်နှံမှုဝန်ကြီး Mr. Bui Quang Vinh တို့တက်ရောက်ခဲ့ကြပါသည်။ အဆိုပါအစည်းအဝေးတွင် ၂၀၀၅ ခုနှစ် ဒီဇင်ဘာလမှ စတင်ဖော်ဆောင်ခဲ့သော နှစ်နိုင်ငံပေါင်းကူးဆက်သွယ်ရေး သဘောတူညီချက်မူဘောင် (Singapore-Vietnam Connect ivity Framework Agreement ) အရ ရေကြောင်း အပျော်ခရီးသွားလုပ်ငန်းနှင့် ရင်းနှီးမြှုပ်နှံမှု လွယ်ကူချောမွေ့စေရေးတို့၌ ပူးပေါင်းဆောင်ရွက်မှုကို တိုးမြှင့်မည့် စာချွန်လွှာအသစ်နှစ်စောင်ကို လက်မှတ်ရေးထိုးခဲ့ကြပါသည်။

စင်ကာပူခရီးသွားလာမှုကြီးကြပ်ရေးအဖွဲ့ (Singapore Tourism Board) နှင့်ဗီယက်နမ်အမျိုးသားခရီးသွားလာရေးအေဂျင်စီ (Vietnam National Tourism Agency) တို့လက်မှတ်ရေးထိုးချုပ်ဆိုသည့် ရေကြောင်းအပျော်စီးခရီးသွားလုပ်ငန်း ပူးပေါင်းဆောင်ရွက်မှုစာချွန်လွှာ (Memorandum of Cooperation on Cruise Tourism) အရအပျော်စီးခရီးသွားလာမှုဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲများ ကျင်းပခြင်း၊ ဒေသတွင်းရေကြောင်းခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးသတင်းအချက်အလက်များ အပြန်အလှန်ဖလှယ်ခြင်းတို့ကို နှစ်နိုင်ငံအကြားပူးပေါင်း ဆောင်ရွက်မည်ဖြစ်ပါသည်။ ယခုကဲ့သို့ စာချွန်လွှာလက်မှတ်ရေးထိုးခြင်းမှာ ၂၀၁၅ ခုနှစ်၌ အာရှဒေသတွင်း ရေကြောင်းအပျော်ခရီးသွား လာမှုလုပ်ငန်းအမျိုးအမည်ပေါင်း ၉၈၀ ဖြင့် ခရီးသည်ဦးရေ ၂ သန်းကျော်အား ပို့ဆောင်မှုလုပ်ငန်းတွင် အရှေ့တောင် အာရှဒေသမှ ပါဝင်နိုင်မည့် သမိုင်းမှတ်တိုင်တစ်ရပ်ကို ထူထောင်နိုင်ခြင်းပင် ဖြစ်ကြောင်း၊ ထို့အပြင် ကမ္ဘာ့ပင်လယ်အပျော်ခရီးသွားလာမှုလုပ်ငန်း၌ အာဆီယံဒေသ၏ အလားအလာ ကောင်းမွန်မှုကို သိမြင်လာစေမည့် အကြောင်းအချက်တစ်ရပ်လည်းဖြစ်ကြောင်း စသည်ဖြင့် စင်ကာပူကုန်သွယ်ရေးနှင့် စက်မှုဝန်ကြီးဌာနမှ ပြောဆိုပါသည်။ ဤစာချွန်လွှာအရ ဗီယက်နမ်နိုင်ငံအနေဖြင့် ၎င်းတို့၏ပင်လယ်အပျော်စီး ခရီးသွားလာမှုလုပ်ငန်း တိုးတက်ရေးတွင် ကျွမ်းကျင်မှုအထောက်အပံ့များကို ရရှိနိုင်မည်ဖြစ်ပါသည်။

စင်ကာပူ-ဗီယက်နမ် နှစ်နိုင်ငံဝန်ကြီးအဆင့် အစည်းအဝေး၌ စင်ကာပူအခြေစိုက် United Overseas Bank(UOB) နှင့် ဗီယက်နမ်နိုင်ငံရှိ Foreign Investment Agency (VFIA) တို့အကြား ရင်းနှီးမြှုပ်နှံမှု ကူညီပံ့ပိုးရေးဆိုင်ရာ နားလည်မှုစာချွန်လွှာ (MOU on Investment Facilitation) ကိုလည်း လက်မှတ်ရေးထိုးခဲ့ပါသည်။ ဤစာချွန်လွှာအရ UOB ဘဏ်သည် ဟိုချီမင်းမြို့တော်ရှိ ၎င်းတို့၏ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုအကြံပေးယူနစ်မှ တစ်ဆင့် ဗီယက်နမ်နိုင်ငံ အတွင်း အပြင်၌ လုပ်ငန်းများတိုးချဲ့လုပ်ကိုင်သော ကုမ္ပဏီများသို့ဝန်ဆောင်မှု အထောက်အပံ့များ ပေးအပ်မည်ဖြစ်ပါသည်။ ယင်းဝန်ဆောင်မှုများတွင် UOB ၏ဘဏ်လုပ်ငန်းဖြေရှင်း ဆောင်ရွက်မှု အစီအစဉ်များ၊ စီးပွားရေးအဖွဲ့အစည်းများနှင့် ကျွမ်းကျင်မှုဆိုင်ရာ ထောက်ပံ့ပေးသူများ ကဲ့သို့သော ဗျူဟာမြောက် စီးပွားရေးမိတ်ဖက်များနှင့် ကွန်ရက်ချိတ်ဆက်မှုများ ပါဝင်မည်ဖြစ်သည်။

စင်ကာပူနှင့်ဗီယက်နမ်နိုင်ငံတို့သည် ပညာရေးနှင့်လေ့ကျင့်သင်ကြားမှု၊ သတင်းအချက်အလက်နည်းပညာနှင့် တယ်လီဖုန်းဆက်သွယ်မှု၊ သယ်ယူပို့ဆောင်မှု၊ ကုန်သွယ်ရေးနှင့်ဝန်ဆောင်မှု၊ ရင်းနှီးမြှုပ်နှံမှု၊ ဘဏ္ဍာငွေကြေး လုပ်ငန်းစသည့်ကဏ္ဍများ၌ နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှုကို နှစ်စဉ်တိုးမြှင့်သွားရန်အတွက်ပေါင်းကူးဆက်သွယ်ရေးသဘောတူညီမှုမူဘောင်ကို ၂၀၀၅ ခုနှစ်တွင် စတင်ဆောင်ရွက်ခဲ့ပါသည်။

အဆိုပါမူဘောင်အရ ၂၀၀၆ ခုနှစ်နှစ်ဆန်းပိုင်းမှစ၍ စင်ကာပူကုမ္ပဏီများနှင့် စီးပွားရေးအဖွဲ့အစည်းများသည် ဗီယက်နမ်နိုင်ငံ၌ စက်မှုဇုန်နယ်မြေများ တည်ထောင်ခြင်း၊ Saigon ဆိပ်ကမ်းနှင့် Ba Ria-Vung Tau ရေနက်ဆိပ်ကမ်း တည်ဆောက်ရေးလုပ်ငန်းများတွင် ပူး ပေါင်းဆောင်ရွက်ခြင်း၊ စင်ကာပူဘဏ် လုပ်ငန်းခွဲများဖွင့်လှစ်ခြင်း၊ ဗီယက်နမ် နိုင်ငံမှ အရာရှိများအားမြို့ပြဖွံ့ဖြိုးရေး၊ ပညာရေးနှင့်လေကြောင်းပို့ဆောင်ထိန်းသိမ်းမှု စသည့်နယ်ပယ်၌ လေ့ကျင့်သင်တန်းပေးခြင်းတို့ကို လုပ်ဆောင်လျက်ရှိပါသည်။ စင်ကာပူနှင့် ဗီယက်နမ်နှစ်နိုင်ငံ ကုန်သွယ်မှုမှာနှစ်စဉ်တိုးတက်လျက်ရှိ ရာ ၂၀၁၄ ခုနှစ်တွင် နှစ်အလိုက်တိုး တက်မှုနှုန်း ၁၇ ရာခိုင်နှုန်းရှိပြီး ကုန်သွယ်မှုတန်ဖိုးစင်ကာပူဒေါ်လာ ၂၀ ဒသမ ၄ ဘီလီယံအထိရောက်ရှိခဲ့ပါသည်။ ဤပမာဏမှာ ငါးနှစ်တာကာလအတွင်း ၇၀ ရာခိုင်နှုန်းခန့်တိုးတက်လာခြင်းဖြစ်ပြီး ဗီယက်နမ်သည် ၂၀၁၄ ခုနှစ်အတွင်း စင်ကာပူ၏အဓိကကုန်သွယ်ဖက်နိုင်ငံများအနက် အဆင့် ၁၃ နေရာတွင် ရပ်တည်နေခဲ့ပါသည်။ အလားတူစင်ကာပူ စီးပွားရေးလုပ်ငန်းများ၏ ဗီယက်နမ်၌ ရင်းနှီးမြှုပ်နှံမှုမှာလည်း ၂၀၁၄ ခုနှစ်တွင် အဆင့်ဆင့်ရင်းနှီးမြှုပ်နှံမှု တန်ဖိုးစုစုပေါင်းအမေရိကန်ဒေါ်လာ ၃၂ ဒသမ ၇ ဘီလီယံခန့် အထိ တိုးတက်ခဲ့ရာစင်ကာပူသည် ဗီယက်နမ်နိုင်ငံ၏ တတိယမြောက် ရင်းနှီးမြှုပ်နှံမှုအများဆုံးနိုင်ငံအဖြစ် တည်ရှိကြောင်း VFIA ၏စာရင်းများအရ သိရှိရပါသည်။

**နေအေးလွင်၊ စီးပွားရေးသံမှူး**
**မြန်မာသံရုံး၊ စင်ကာပူမြို့**

# မြန်မာနိုင်ငံလျှပ်စစ်စွမ်းအင်ကဏ္ဍ၌ လုပ်ကိုင်လျက်ရှိသော ကုမ္ပဏီများအား UOB ဘဏ်မှ ရန်ပုံငွေပံ့ပိုးပေးမည်

မြန်မာနိုင်ငံအတွင်းကာလရှည် မဟာဗျူဟာကျရင်းနှီးမြှုပ်နှံမှုများအား တွန်းအားပေးလုပ်ကိုင်မည့် အစီအစဉ်၏ တစ်စိတ်တစ်ဒေသအဖြစ် မြန်မာနိုင်ငံ၏ စွမ်းအင်လိုအပ်ချက်ဖြည့်ဆည်းမှုလုပ်ငန်းတွင် ဘဏ္ဍာငွေပံ့ပိုးရေး သဘောတူညီချက်တစ်ရပ်အား Royal GK ကုမ္ပဏီလီမိတက်နှင့်လက်မှတ်ရေးထိုးထားပြီးဖြစ်ကြောင်း United Overseas Bank (UOB) မှ ၂၀၁၅ ခုနှစ် ဧပြီ ၂၀ရက်နေ့တွင် ထုတ်ပြန်ကြေညာခဲ့ပါသည်။ Royal GK ကုမ္ပဏီလီမိတက်သည် ရန်ကုန်မြို့၊ လှော်ကားဒေသ၌ သဘာဝဓာတ်ငွေ့စွမ်းအင်သုံး လျှပ်စစ်ဓာတ်အားပေးစက်ရုံကို တည်ဆောက်ရာတွင် Myanmar Central Power ကုမ္ပဏီထံမှဓာတ်ငွေ့အင်ဂျင်တည် ဆောက်ပေးရန်ကန်ထရိုက် ရယူထားသော စင်ကာပူအခြေစိုက် အင်ဂျင်နီယာနှင့်တည်ဆောက်ရေးလုပ်ငန်းတစ်ခု ဖြစ်ပါသည်။

မြန်မာအစိုးရအနေဖြင့် အိမ် ထောင်စုနှင့်စီးပွားရေးလုပ်ငန်းများ၌ သုံးစွဲရန်လိုအပ်ချက် မြင့်တက်လျက်ရှိသော စွမ်းအင်ကဏ္ဍအားဦးစားပေးရင်း နှီးမြှုပ်နှံဆောင်ရွက်ရမည့် လုပ်ငန်းအဖြစ် သတ်မှတ်ဆောင်ရွက်လျက်ရှိကြောင်း၊ အာရှဖွံ့ဖြိုးရေးဘဏ်၏ မှတ်တမ်းများအရ လက်ရှိကာလ၌ မြန်မာနိုင်ငံရှိလူဦးရေစုစုပေါင်း၏ လေးပုံတစ်ပုံခန့်ကသာ လျှပ်စစ်ဓာတ်အားကိုရယူ သုံးစွဲလျက်ရှိကြောင်း၊ UOB ၏ မြန်မာနိုင်ငံ၌ စီးပွားရေးလုပ်ဆောင်ရန် ချဉ်းကပ်မှုစနစ်မှာ တိုင်းပြည်၏ရေရှည်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ပြုသည့် လုပ်ငန်းနယ်ပယ်၌ ရင်းနှီးမြှုပ်နှံလုပ်ကိုင်လျက်ရှိသော ဖောက်သည်ကုမ္ပဏီများနှင့် ပူးပေါင်းဆောင်ရွက်ခြင်းဖြစ်ကြောင်း၊ စီးပွားရေးပြုပြင်ပြောင်းလဲမှု လုပ်ငန်းစဉ်အတွင်း အခြေခံတည်ဆောက်ရေးလုပ်ငန်းများ လုပ်ကိုင်မှုပြုသည့် Royal GK ကဲ့သို့သော ကုမ္ပဏီများအား ဘဏ္ဍာငွေကြေးပံ့ပိုးမှုများဆောင်ရွက်မည်ဖြစ်ကြောင်း၊ ယခု ဓာတ်အားပေးစက်ရုံမှာ ဇွန်လတွင် ပြီးစီးမည်ဟု ခန့်မှန်းရပြီးတစ်နှစ်လျှင် လျှပ်စစ်ဓာတ်အား ၁၇၅၀၀၀ မဂ္ဂါဝပ် ထုတ်လုပ်နိုင်မည်ဖြစ်ကြောင်း UOB ဘဏ်မှ ဖော်ပြပါသည်။

UOB ဘဏ်သည် ယခင်နှစ်က မွန်ပြည်နယ်၌ သဘာဝဓာတ်ငွေ့နှင့် ရေနွေးငွေ့စွမ်းအင်နှစ်မျိုးသုံး လျှပ်စစ်ဓာတ်အားပေးစက်ရုံ တည်ဆောက်လျက်ရှိသော စင်ကာပူနိုင်ငံအခြေစိုက် Asiatech Energy ကုမ္ပဏီထံသို့ လည်းကောင်း၊ မန္တလေးတိုင်းဒေသကြီးတွင် စွမ်းအား ၁၀၀ မဂ္ဂါဝပ်ရှိသော လျှပ်စစ်ဓာတ်အားပေးစက်ရုံကို တည်ဆောက်လုပ်ကိုင်နေသည့် အမေရိကန်နိုင်ငံအခြေစိုက် APR Energy ကုမ္ပဏီထံသို့လည်းကောင်း ငွေကြေးဆိုင်ရာ ထောက်ပံ့မှုများပေးအပ်ခဲ့ကြောင်း သိရှိရပါသည်။

**နေအေးလွင်၊ စီးပွားရေးသံမှူး**
**မြန်မာသံရုံး၊ စင်ကာပူမြို့**

## HAGL စင်တာ တည်ဆောက်ရေးလုပ်ငန်း ဖက်စပ်လုပ်ကိုင်ရန်သဘောတူညီချက်အား Rowsley နှင့် HAGL ကုမ္ပဏီတို့မှ ဖျက်သိမ်း

ရန်ကုန်မြို့၊ကမ္ဘာအေးစေတီလမ်းနှင့် စက်မှု-၁ လမ်းဆုံအနီးရှိ HAGL မြန်မာစင်တာ တည်ဆောက်ရေးလုပ်ငန်း၌ ရှယ်ယာငွေများထည့်ဝင်လျက် ဖက်စပ်လုပ်ကိုင်ရန် ဖေဖော်ဝါရီလ ၁၁ ရက်နေ့ကနှစ်ဖက်သဘောတူညီခဲ့သည့် စာချုပ်အားဖျက်သိမ်းလိုက်ကြောင်း ဗီယက်နမ်နိုင်ငံအခြေစိုက် Hoang AnhGia Lai (HAGL) ကုမ္ပဏီအုပ်စုနှင့်စင်ကာပူနိုင်ငံရှိ Rowsley လီမိတက်တို့မှဧပြီလ ၃ရက်နေ့၌ကြေညာချက်များ ထုတ်ပြန်ခဲ့ကြပါသည်။

Rowsley လီမိတက်၏သတင်း ထုတ်ပြန်ချက်၌ဖက်စပ်လုပ်ငန်းလုပ်ကိုင်ရန်အတွက် ဆွေးနွေးညှိနှိုင်းရာ၌ ခေါင်းစီးပိုင်းစကားရပ်များအပေါ် သဘောတူညီမှုမရသဖြင့် HAGL မြန်မာစင်တာ တည်ဆောက်ရေးလုပ်ငန်းတွင် ပါဝင်ဆောင်ရွက်မည်ဟု ဖေဖော်ဝါရီလ ၁၂ ရက်နေ့၌ ကြေညာချက်ထုတ်ပြန်ခဲ့မှုကို ဆက်လက်ဆောင်ရွက်ခြင်းမပြုရန် HAGL ကုမ္ပဏီအုပ်စုနှင့် ၎င်းတို့ကုမ္ပဏီမှ အပြန်အလှန်သဘောတူခဲ့ကြောင်း၊ ၎င်းတို့အနေဖြင့် အခြားသောရင်းနှီးမြှုပ်နှံမှု အခွင့်အလမ်းများကို ဆက်လက်ရှာဖွေ ဆောင်ရွက်သွားမည်ဖြစ်ကြောင်းဖော်ပြပါသည်။

HAGL ကုမ္ပဏီအုပ်စု၏ ကြေညာချက်အရ Rowsley မှရှယ်ယာတန်ဖိုး ၅၀ ရာခိုင်နှုန်း(အမေရိကန်ဒေါ်လာ ၂၇၅ သန်း)ထည့်ဝင်ခြင်းဖြင့် မြန်မာနိုင်ငံ၌ ၎င်းတို့၏ကုမ္ပဏီမှဆောင်ရွက်လျက်ရှိသော စင်တာဆောက်လုပ်ရေးလုပ်ငန်းကို ဖက်စပ်လုပ်ကိုင်ရန်သဘောတူညီခဲ့ကြောင်း၊ ၎င်းတို့ဘက်မှ အဆိုပြုချက်မှာ HAGL မြန်မာစင်တာ၏အစုရှယ်ယာမှ ၂၀ ရာခိုင်နှုန်းနှင့်စင်တာတည်ဆောက်မှုကို၁၀၀ရာခိုင်နှုန်းပြည့်ပိုင်ဆိုင်ထားသည့် ဗီယက်နမ်နိုင်ငံရှိ Hoang Anh Gia Lai ကုမ္ပဏီ၏ လက်ရှိထုတ်ဝေထားသည့် ရှယ်ယာများမှ ၃၀ ရာခိုင်နှုန်းကို လွှဲပြောင်းပေးရန်ဖြစ်ကြောင်း၊ Rowsley ကုမ္ပဏီ၏အဆိုပြုချက်မှာ HAGL မြန်မာစင်တာ၏ ရှယ်ယာ ၅၀ ရာခိုင်နှုန်းကိုရယူရန်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံ၌ ပုံသေပိုင်ဆိုင်မှုတန်ဖိုး လွှဲပြောင်းရာတွင် ပေးဆောင်ရမည့် အခွန်မှာ ၎င်းရှယ်ယာတန်ဖိုး၏ ၄၀ ရာခိုင်နှုန်း ဖြစ်၍စင်ကာပူကုမ္ပဏီ၏ အဆိုပြုချက်အပေါ် သဘောတူညီမှုမရရှိကြောင်း၊ သို့ဖြစ်ရာအခွန်ပေးဆောင်မှုစနစ်များအရ ရန်ကုန်မြို့ရှိစင်တာတည်ဆောက်ရေးလုပ်ငန်း၌ ပူးပေါင်းလုပ်ကိုင်နိုင်မည့် အခြားသောသင့်လျော်ရာ စီးပွားရေးလုပ်ငန်း မိတ်ဖက်များကို ကမ်းလှမ်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရှိရပါသည်။

**နေအေးလွင်၊ စီးပွားရေးသံမှူး၊ မြန်မာသံရုံး၊ စင်ကာပူမြို့**



# မန်းမြို့မှာကျင်းပခဲ့တဲ့ ကြက်သွန်နီ ဈေးကွက်ဖော်ဆောင်ရေးနှင့် ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးအလုပ်ရုံဆွေးနွေးပွဲ

|ခင်မြင့်မြင့်သန်း - မန္တလေး|

ကြက်သွန်နီဈေးကွက်နှင့်ဈေးနှုန်းကတော့ အများသိတော်မူကြတဲ့အတိုင်းပါပဲ ၊ ဈေးကွက်ကမရှိ၊ ဈေးနှုန်းက ကျဆင်း၊ တစ်နှစ်တစ်ခါပေါ်လို့လာမဟုတ်၊ သုံးနှစ် တစ်ကြိမ်မှသာ ဈေးကောင်းမိ၊ တွက်ခြေကိုက်တဲ့ကြက်သွန်နီ၊ စားသုံးသူအတွက် စားရင်ချို၊ လှီးရင် မွှန်ပေမယ့် စိုက်ရင် ရှုံးနေကြရတဲ့ ကြက်သွန်စိုက်တောင်သူများအတွက်ကတော့ မျက်ရည်ယိုတဲ့ ကြက်သွန်နီဖြစ်ခဲ့တာ ကြာပါပြီ၊ ဒီကြားထဲ Export က အဆွဲနည်း ၊ ထုတ်လုပ်မှုကုန်ကျစရိတ်က တစ်နှစ်ထက်တစ်နှစ် များလာ၊ နိုင်ငံခြားနှင့်မြို့ကြီးများ ရောက်ကုန် ကြတဲ့ အမျိုးသားလုပ်သားရှားပါးမှု၊ ဈေးနှုန်းမြင့်တဲ့ သွင်းအားစုနှင့် ပိုးသတ်ဆေး၊ မျိုးကောင်းမျိုးသန့်နှင့် နည်းပညာလိုအပ်ချက်၊ မိုးဦး၊ မိုးလယ်၊ မိုးနှောင်း မိုး သုံးချက်က မညီ ၊ ရွာချင်သလိုရွာ၊ ကွက်ကြားမိုးနဲ့တွေ့တော့ လိုအပ်တဲ့နေရာတွေမရောက်၊ အခါလွန်မိုးများကြောင့်လည်း အပျက်အစီးတွေနဲ့ ရင်ဆိုင်နေကြရပါတယ်။ ဒါ့အပြင် ပွင့်လင်းမြင်သာမှုနဲ့ အချိန်မီလိုအပ်နေတဲ့ ဈေးကွက်သတင်းအချက်အလက်၊ အထွက်နှုန်းနည်း ဈေးနှုန်းကျဆင်းတဲ့အတွက် ရှိစုမဲ့စုအရင်းအနှီးလေးအရှုံးပေါ်၊ အရင်းမရှိတော့ ချေးငွေပိစတဲ့ လိုအပ်ချက်များ၊ စိန်ခေါ်မှုများစွာနဲ့ရင်ဆိုင်နေကြရတဲ့ ကြက်သွန်စိုက်တောင်သူတွေအတွက် သက်ကယ်ရိုးတစ်မျှင်အလို့ငှာ ကူညီနိုင်ရန်၊ ပံ့ပိုးနိုင်ရန်၊ လိုအပ်ချက်များဖြည့်ဆည်းပေးနိုင်ရန်၊ ဖြေလျှော့ပေးနိုင်ရန်၊ ပွင့်လင်းမြင်သာစွာ လမ်းဖွင့်ပေးတဲ့ အလုပ်ရုံဆွေးနွေးပွဲတစ်ခုကို ကျင်းပပြုလုပ်ခဲ့ပါတယ်။ ဒီအလုပ်ရုံဆွေးနွေးပွဲကို ပြည်ထောင်စုဝန်ကြီး၏ လမ်းညွှန်ချက်အရ မန္တလေးတိုင်းဒေသကြီး၊ ကုန်သွယ်မှုမြှင့်တင်ရေးနှင့် စားသုံးသူရေးရာဦးစီးဌာနမှ ဦးဆောင်၍ မန္တလေးမြို့၊ မြို့တော်ခန်းမတွင် ဧပြီလ ၄ ရက်တွင် ကြက်သွန်နီဈေးကွက်ဖော်ဆောင်ရေးနှင့် ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးခေါင်းစဉ်ဖြင့် အလုပ်ရုံဆွေးနွေးပွဲကို ကျင်းပခဲ့ခြင်းဖြစ်ပါတယ်။

အလုပ်ရုံဆွေးနွေးပွဲကို အောက်ပါအတိုင်း ရည်ရွယ်ချက် ၅ ရပ်ဖြင့် ကျင်းပပြုလုပ်ခဲ့ပါတယ် -

(က) မန္တလေးတိုင်းဒေသကြီးအပါအဝင် ကြက်သွန်နီစိုက်ပျိုးသော ဒေသအားလုံးမှ ထွက်ရှိသော ကြက်သွန်နီများ ပြည်ပတင်ပို့မှု ပမာဏ မြင့်မားတိုးတက်လာစေရန်။

(ခ) ကြက်သွန်နီစိုက်ပျိုးထုတ်လုပ်သူ တောင်သူများ လိုအပ်လျက်ရှိသော ငွေကြေးရင်းနှီးမြှုပ်နှံမှုများ ရရှိလာစေရန်။

(ဂ) ကြက်သွန်နီ စိုက်ပျိုးထုတ်လုပ် တင်ပို့ရောင်းချသူအချင်းချင်း စိုက်ပျိုးထုတ်လုပ်မှု နည်းပညာများ ဖလှယ်နိုင်စေရန်။

(ဃ) ပြည်တွင်းပြည်ပ ဈေးကွက်ပိုမိုရရှိရေးနှင့် ယှဉ်ပြိုင်မှုစွမ်းအား တိုးတက်လာစေရန်။

(င) ခေတ်မီထုပ်ပိုးမှုစနစ် အပါအဝင် တန်ဖိုးမြှင့်ထုတ်ကုန်များ (ValueAdded) ပိုမို ထုတ်လုပ်လာနိုင်ခြင်းဖြင့် ဈေးကွက် တိုးတက်လာစေရန်။

**၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်မှာ ကြက်သွန်ဈေးကွက်တိုးချဲ့ဖို့ (ValueAdded) ကို အားထားတင်ပို့နိုင်ရေး ဈေးနှုန်းတည်ငြိမ်ပြီး စဉ်ဆက်မပြတ် တင်ပို့ရောင်းချနိုင်မယ့် ဈေးကွက်သစ်များ ဖော်ဆောင်သွားရန်**

အလုပ်ရုံဆွေးနွေးပွဲ ဖွင့်ပွဲအခမ်းအနားတွင် တိုင်းဒေသကြီး၊ စီမံကိန်းနှင့်စီးပွားရေးဝန်ကြီး၊ ကုန်သွယ်မှုမြှင့်တင်ရေးနှင့် စားသုံးသူရေးရာဦးစီးဌာန၊ ဒုတိယညွှန်ကြားရေးမှူးချုပ်၊ မန္တလေး၊ စစ်ကိုင်း၊ မကွေးတိုင်းဒေသ ကြီးတို့မှကုန်စည်ဒိုင်များ၊ ကုန်သည် အသင်းအဖွဲ့များ၊ ကြက်သွန်နီစိုက်တောင်သူများ၊ သတင်းမီဒီယာသမားများ၊ စုစုပေါင်းအင်အား ၁၇၀ ခန့် တက်ရောက်ခဲ့ကြပါတယ်။

တိုင်းဒေသကြီးဝန်ကြီးက အဖွင့်အမှာစကားပြောကြားရာတွင် ကမ္ဘာ့ကြက်သွန်နီ အများဆုံးတင်ပို့နိုင်တဲ့ နိုင်ငံများဖြစ်တဲ့ နယ်သာလန်၊ မက္ကဆီကို၊ အိန္ဒိယ၊ တရုတ်၊ အီဂျစ်၊ အမေရိကန်၊ စပိန်၊ ပြင်သစ်၊ နယူးဇီလန်နှင့် ပီရူးနိုင်ငံတို့က အများဆုံးတင်ပို့ပြီး အများဆုံးတင်သွင်းတဲ့နိုင်ငံများကတော့ အမေရိကန်၊ ဂျပန်၊ UK ၊ မလေးရှား၊ ဂျာမနီ၊ ကနေဒါ၊ ဆော်ဒီအာရေးဗီးယား၊ ရုရှား၊ နယ်သာလန်နှင့်ပြင်သစ်တို့က အစဉ်လိုက် ရပ်တည်နေကြောင်း တင်ပြသွားတဲ့အတွက် ကြက်သွန်နီ ဈေးကွက်ရှိတဲ့နိုင်ငံများကို စိုက်ပျိုးသူ၊ ထုတ်လုပ်သူ တောင်သူများ ဗဟုသုတ အဖြစ် မှတ်သားရပါတယ်။ ဒါ့အပြင် အာဆီယံနိုင်ငံတစ်နိုင်ငံဖြစ်တဲ့ မလေးရှားနိုင်ငံဟာ ကမ္ဘာ့ကြက်သွန်နီအများဆုံး တင်သွင်းတဲ့နိုင်ငံဖြစ်ကြောင်း သိရတဲ့အတွက် မိမိတို့နိုင်ငံရဲ့ ကြက်သွန်နီ တင်ပို့နိုင်မယ့် မျှော်လင့်ချက် အခွင့်အလမ်းတစ်ခု ဖြစ်နေတာကိုလည်း သိရှိခွင့်ရခဲ့ပါတယ်။ မိမိတို့နိုင်ငံရဲ့ လက်ရှိအခြေအနေအရ ပြည်ပနိုင်ငံ တရုတ်၊ မလေးရှား၊ ထိုင်း၊ အိန္ဒိယ၊ ဘင်္ဂလားဒေ့ရှ်၊ အာရပ်စော်ဘွားနိုင်ငံ စင်ကာပူ၊ နယ်သာလန်နှင့် အီရန်စတဲ့ နိုင်ငံတွေကိုတင်ပို့နေကြောင်းလည်း ဗဟုသုတရဖွယ် သိရှိခွင့်ရခဲ့ပါတယ်။

၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်တွင် ကြက်သွန်နီတန်ချိန် ၅၆၅၁၂ တန် တင်ပို့ခဲ့ပြီး ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တွင် တန်ချိန် ၃၅၃၅၀တန် တင်ပို့ခဲ့ကြောင်း သိရသဖြင့် ၂၀၁၄-၂၀၁၅ ခုနှစ်တွင် ယခင်နှစ်ထက် တန်ချိန် ၂၁၁၆၂တန် လျော့နည်းတင်ပို့ခဲ့ကြောင်း သိရှိရမှာဖြစ်ပါတယ်။ ဒါကြောင့် ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်မှာ ကြက်သွန်ဈေးကွက်တိုးချဲ့ဖို့ (Value Added) ကို အားထားတင်ပို့နိုင်ရေး ဈေးနှုန်းတည်ငြိမ်ပြီး စဉ်ဆက်မပြတ် တင်ပို့ရောင်းချနိုင်မယ့် ဈေးကွက်သစ်များ ဖော်ဆောင်သွားရန်ဖြစ်ကြောင်း၊ မျိုးစေ့မှစပြီး စားသုံးသူအထိ Supply Chain, Value Chain များ ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်သွားရန်နှင့် ဒီအလုပ်ရုံဆွေးနွေးပွဲ အခမ်းအနားက ကုန်သွယ်မှုမြှင့်တင်ရေးအတွက် လိုအပ်တဲ့ ဈေးကွက်တိုးတက်ကျယ်ပြန့်လာစေရန် ရည်ရွယ်ဆောင်ရွက်ပေးခြင်းလည်းဖြစ်ကြောင်းသိခွင့်ရမှာဖြစ်ပါတယ်။

ကုန်သွယ်မှုမြှင့်တင်ရေးတွင် အပိုင်းသုံးပိုင်းပါပြီး ပထမပိုင်းကတော့ ဈေးကွက်ကို အခြေခံတဲ့ကုန်သွယ်မှုမြှင့်တင်ရေး (ဥပမာ-အမေရိကန်နှင့် ဥရောပနိုင်ငံတွေရဲ့ GSP အခွင့်အရေးရရှိအောင်ဆောင်ရွက်ခြင်း၊ ပြည်ပနိုင်ငံများတွင် စီးပွားရေးသံမှူးများထားရှိပြီး ဈေးကွက်သတင်းအချက်အလက်ပို့ဆောင်ခြင်း) ဒုတိယအပိုင်းကတော့ ကုန်ပစ္စည်းအခြေခံကုန်သွယ်မှုမြှင့်တင်ရေး (အလုပ်ရုံဆွေးနွေးပွဲများ၊ ပြည်တွင်း၊ ပြည်ပ ကုန်စည်ပြပွဲများ ကျင်းပဆောင်ရွက်ပေးခြင်း၊ အသင်းအဖွဲ့များနှင့် ဆွေးနွေးခြင်း) တတိယအပိုင်းအနေနဲ့ ကုန်သည်၊ လုပ်ငန်းရှင်တစ်ဦးချင်း အခြေခံသည့် ကုန်သွယ်မှု မြှင့်တင်ရေး (ကုန်သွယ်မှုမြှင့်တင်ရေး ဗဟိုဌာနများဖွင့်လှစ်၍ သတင်းအချက်အလက်များ ဖြန့်ဖြူးပေးခြင်း၊ ကုန်သည်လုပ်ငန်းရှင်များ၏ ထုတ်ကုန်များကြော်ငြာပေးခြင်း၊ Business Matching ပြုလုပ်ပေးခြင်း) စတဲ့ ကုန်သွယ်မှုမြှင့်တင်ရေးလုပ်ငန်းများဆောင်ရွက်မှု အခြေအနေကို အကျယ်တဝင့် ရှင်းလင်းပြောကြားသွားတဲ့အတွက် ကြက်သွန်စိုက် တောင်သူများလည်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ကုန်သွယ်မှုမြှင့်တင်ရေးနှင့် စားသုံးသူရေးရာဦးစီးဌာန၏ စေတနာနှင့်ပံ့ပိုး ကူညီဆောင်ရွက်မှုများကို နားလည်သဘောပေါက်မယ်လို့ ယုံကြည်မိပါတယ်။

ဆက်လက်၍ ကုန်သွယ်မှုမြှင့်တင်ရေးနှင့် စားသုံးသူရေးရာဦးစီးဌာန၊ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးမြင့်စိုးက ရှင်းလင်းဆွေးနွေးရာတွင် မိမိတို့ဌာနအနေနဲ့ ကြက်သွန်နီတင်ပို့မှုအား လွန်ခဲ့သော ၁၄ နှစ်ဝန်းကျင်မှ စတင်လုပ်ဆောင်ခဲ့ပြီး ယခင်က ပြည်ပတင်ပို့ခွင့် ပိတ်လိုက်၊ ဖွင့်လိုက်နဲ့ ပုံမှန်တင်ပို့ခွင့်မပြုခဲ့သော်လည်း ၂၀၀၉ ခုနှစ်မှစ၍ နှစ်စဉ်တင်ပို့ခွင့်ပြုခဲ့ရာ ယနေ့အထိ ဈေးကွက်သိသိသာသာ ထိုးဖောက်နိုင်မှု မရှိသေးကြောင်း၊ ဝယ်လိုအားနှင့် ရောင်းလိုအား မမျှတဲ့အတွက် ရောင်းသူဈေးကွက်မဖြစ်၊ ဝယ်သူဈေးကွက်သာဖြစ်ခဲ့ကြောင်း၊ ဈေးကွက်စီးပွားရေးစနစ်မှာ ဈေးနှုန်းဆိုတာကလည်း ဈေးကွက်က ပြဋ္ဌာန်းခြင်းသာဖြစ်ပြီး နိုင်ငံတော်မှ ချုပ်ကိုင်ထားခြင်းမရှိကြောင်း၊ မိမိတို့ဌာနအနေဖြင့် (PPP) ဖြစ်သည့် (Public Private Partnership ) အခန်းကဏ္ဍများ ပြောင်းလဲဖွံ့ဖြိုးတိုးတက်ရေး ကြိုးစားဆောင်ရွက်နေကြပါကြောင်းနဲ့ ဈေးကွက်တိုးချဲ့နိုင်ရန် (Value Added)ဆိုသည့် ပုံစံသစ်နှင့် တန်ဖိုးမြှင့်ထုတ်ကုန်ပစ္စည်းနှင့် ထိုးဖောက်နိုင်ကြောင်း၊ ကြက်သွန်ကို ဈေးကွက်နှင့်ဈေးနှုန်းကြောင့်ပဲဖြစ်ဖြစ်၊ ထုတ်လုပ်မှုပိုလျှံ၍ပဲဖြစ်ဖြစ်၊ အလေအလွင့်မဖြစ်စေရန် ကြက်သွန်ကြော်၊ ကြက်သွန်ခြောက်များ ပြုလုပ်ရောင်းချနိုင်သည့် အခွင့်အလမ်းများကို ချပြဆွေးနွေးခဲ့ပါတယ်။

ဒါ့အပြင် အရင်းအနှီးအတွက် ပြည်ပမှအကူအညီ ရရှိရေးကြိုးပမ်းလျက်ရှိပြီး ပြည်ပဝယ်လက်များရရှိရေးအတွက်လည်း ကုန်စည်ပြပွဲများပြုလုပ်ကာ ချိတ်ဆက်ပေးခြင်း၊ သတင်းအချက်အလက်များကို FM Radio၊ စာစောင်များ၊ ဂျာနယ်၊ ဝက်ဘ်ဆိုက်များ ဖြန့်ဝေဆောင်ရွက်ပေးခြင်း၊ စီးပွားရေးသံမှူးများမှတစ်ဆင့် ဈေးကွက်အခြေအနေများ ကြိုးစားချိတ်ဆက်နေကြောင်း၊ ဆွေးနွေးရှင်းလင်းတင်ပြခဲ့သည့်အတွက် တက်ရောက်လာသူများ၊ စိုက်ပျိုးသူတောင်သူများ မိမိတို့ဌာန၏ ဆောင်ရွက်ချက်များကို သိမြင်စေခဲ့ပါတယ်။

ထို့အပြင် မြန်မာနိုင်ငံကြက်သွန်နီ၊ ကြက်သွန်ဖြူနှင့်စားဖိုဆောင်သီးနှံများ စိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချသူများအသင်းဥက္ကဋ္ဌ၊ တိုင်းဒေသကြီးအသင်းဥက္ကဋ္ဌ၊ ခရိုင်အသင်းဥက္ကဋ္ဌများ၊ စိုက်ပျိုးသူတောင်သူ အသီးသီးတို့ကလည်း ၎င်းတို့၏ အတွေ့အကြုံနှင့်အသိအမြင်များကို ဆွေးနွေးတင်ပြခဲ့ကြရာ မိမိတို့နိုင်ငံ၏ ကြက်သွန်အရည်အသွေးနှင့် အရသာမှာ အခြားနိုင်ငံထက်ပိုမိုကောင်းမွန်ကြောင်း၊ တင်ပို့ရာတွင် အခြားနိုင်ငံနှင့် နှိုင်းယှဉ်ပါက မိမိတို့နိုင်ငံမှ ကွန်တိန်နာအရေအတွက် အားနည်းချက်ရှိကြောင်း၊ လိုအပ်ချက်တစ်ခုအနေဖြင့် ပြည်တွင်း၌ သိုလှောင်မှုပမာဏကို မခန့်မှန်းနိုင်ခြင်းဖြစ်ကြောင်း၊ ဈေးကွက်အနေဖြင့် တရုတ်နယ်စပ်ကိုသာ တင်ပို့နေရပြီး၊ ပင်လယ်ရေကြောင်းတင်ပို့မှု မရှိသလောက်ရှိကြောင်း၊ အီးယူသို့ တင်ပို့နိုင်ရန်မှာ ဂျီအေပီစနစ်ဖြင့် ထုတ်လုပ်ရန်လိုအပ်ပြီး၊ ဂျီအေပီ လက်မှတ်ရရှိပါက

➲စာမျက်နှာ ၂၂ သို့

# ဟုတ်ကဲ့ ကျွန်တော် စီးပွားရေးသံမှူးပါ

Hello, can I talk with Mr.----, Economic Counselor?

-Yes. I am. What can I do for you?

Good Morning, Mr.---, we met at Seminar for ASEAN Investment Opportunities held in Lotte Hotel last week. Do you remember me?

-Yes, Mr. Park, I do remember you. What kind of business are you dealing with? I don't want you to miss great potential being offered by my country having numerous promising business arenas. As such, you would be rather late even if you invest in my country now.

Thank you, Mr.... for your heartfelt offer to invest in your country. Actually, my company is producing cosmetics products and its brand name is ...... You may notice that is popular here. Could you kindly make sale promotion of my cosmetics in your country?

-You're welcome. Mr. Park. I know very well your cosmetics being popular here. Korean cosmetics are popular in Myanmar as well, thank to Korean cultural exports promotion. But, my government sent me here for persuading Foreign Direct Investment into my home country, not for sale promotion of your product, but so do I for my country's economy and for each and every business. I can give you contact-details of some Myanmar companies interested in distributing in the market, if you'd like to go for it. ......... Is that OK? See You. Mr. Park.

စကားဖြတ်လို့ လက်ကိုင်ဖုန်းကို ပိတ်လိုက်ပါတယ်။ တနင်္လာနေ့နံနက် ရုံးတက်ချိန် ရေခဲမှတ်အောက်ဂဏန်းနှစ် လုံးခန့်ရောက်နေတဲ့ မှုန်မှိုင်းအေးစက်တဲ့ နံနက်ခင်းမှာ floor heater သုံးရင် ဈေးအရမ်းကြီးလွန်းလို့ ဝပ် ၂၀ခန့်သာ ရှိတဲ့ heater fun လေးအနားမှာ ကပ်ဖွင့်ထားလို့ တစ်ပတ်စာစီးပွားရေး သတင်းအချက်အလက်အစီရင်ခံစာ ရေးမလို့ပြင်နေတုန်းဝင်လာတဲ့ ကုမ္ပဏီတစ်ခုရဲ့ ဖုန်းကိုအနည်းငယ် ဘုတောပေးလိုက်တာပါ။

နိုင်ငံတော်သမ္မတရုံး၊ အဓိကအားဖြင့် သမ္မတရုံးဝန်ကြီးဌာန(၃) နဲ့(၅)ရဲ့ တိုက်ရိုက်ညွှန်ကြားချက်၊ အမျိုးသားစီမံကိန်း နှင့်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာနရဲ့ လုပ်ငန်းစဉ်ဇယားများအောက်၊ နိုင်ငံခြားရေးဝန်ကြီးဌာန သက်ဆိုင်ရာနိုင်ငံရှိမြန်မာသံအမတ်ကြီးများရဲ့ အနီးကပ် စီမံအုပ်ချုပ်မှုနဲ့ အလုပ်လုပ်နေကြတဲ့ တစ်ကမ္ဘာလုံးမှာ ကိုးယောက်သာရှိတဲ့ "ဟုတ်ကဲ့၊ ကျွန်တော် စီးပွားရေးသံမှူးပါခင်ဗျာ၊"

ကျွန်တော့်ကို ခုနကသူ့ကုမ္ပဏီရဲ့ အရောင်းမြှင့်တင်ရေးမန်နေဂျာအဖြစ် အလကားမတ်တင်း အလုပ်ပေးချင်နေတဲ့ ကုမ္ပဏီကိုပြန်ဖြေလိုက်သလိုပါပဲ။ စင်စစ်မှာတော့ ကျွန်တော်တို့ဟာ မြန်မာနိုင်ငံကို ကမ္ဘာ့ဈေးကွက်မှာခင်းကျင်းလို့ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုတွေ ဝင်လာမစဲတစ်သဲသဲဖြစ်အောင် မြူဆွယ်နေကြရတဲ့ နိုင်ငံတော်ရဲ့ အရောင်းမြှင့်တင်ရေး မန်နေဂျာကြီးများပါခင်ဗျား။ ဒါ့အပြင် သက်ဆိုင်ရာတာဝန်ကျတဲ့နိုင်ငံရဲ့ စီးပွားရေးအခြေအနေကို အနီးကပ် အမြဲမပြတ်စုံစမ်းထောက်လှမ်းပြီး ရုံးချုပ်ကို အချိန်နှင့်တစ်ပြေးညီ သတင်းပို့တင်ပြနေကြရတဲ့ "စီးပွားရေးစုံထောက်များ" လို့လည်းဆိုနိုင်ပါတယ်။

ချမ်းချမ်းစီးစီး နံနက်ခင်းတစ်ခုမှာ ခေါင်းတစ်လုံးထဲမှာ ဦးထုပ်နှစ်လုံးဆောင်းထားရာက (putting two hats on a head) တစ်လုံးမရှိတော့လို့ အချိန်အားရလာပြီး ကိုယ့်နိုင်ငံစီးပွားရေး ဖွံ့ဖြိုးရေးအတွက် တစ်ပိုင်တစ်နိုင်ဇောက်ချလုပ်မယ် ကြံနေတုန်း၊ ဦးထုပ်နောက်တစ်လုံး အသစ်ဆောင်းပေးချင်နေတဲ့ ကုမ္ပဏီမျိုးကိုလည်း ကြုံရသေးတယ်ဗျာ။

(ဒီနိုင်ငံရဲ့ နိုင်ငံခြားရေးဝန်ကြီးဌာနအောက်၊ အာဆီယံနိုင်ငံများနဲ့ သူ့နိုင်ငံရဲ့ ကုန်သွယ်ရေးနှင့်ရင်းနှီးမြှုပ်နှံမှုကို တိုးတက်မြှင့်တင်နိုင်အောင်ဆိုတဲ့ ရည်ရွယ်ချက်နဲ့ ဖွဲ့စည်းထားသော အာဆီယံကိုရီးယားစင်တာ၏ ကုန်သွယ်ရေးနဲ့ ရင်းနှီးမြှုပ်နှံမှုဌာန၊ အကြီးအကဲ (ညွှန်ကြားရေးမှူး)တာဝန်ကို ၂၀၁၃ ခုနှစ်စက်တင်ဘာလကစလို့ ၂၀၁၄ ခုနှစ် ဒီဇင်ဘာလကုန်အထိ၊ တစ်ဖက်က မိမိနိုင်ငံရဲ့စီးပွားရေးသံမှူးအလုပ်လည်း တာဝန်မလစ်ဟင်းစေရဘဲ၊ ၁၆လကြာ သွားရောက် တာဝန်ထမ်းဆောင်ပြီး အလုပ်နှစ်လုပ်လုပ်(ဦးထုပ်နှစ်လုံးဆောင်း) ပြီးလို့၊ မူလတာဝန်တွေကို ဇောက်ချလုပ်နေတာ လပိုင်းပဲရှိသေးတာကို ရည်ညွှန်းပါတယ်။)

ကိုယ့်အကြောင်းကို စဉ်းစားနေတုန်း၊ လက်ကိုင်ဖုန်းကထမြည်လာပြန်ပါတယ်။ ဟအကျိုးနည်းဘာလာဦး မလဲဟ။ တော်သေးတယ် ကျွန်တော်သိတဲ့ နံပါတ်တစ်ခုပဲ။ ဒါနဲ့ကိုယ်ကပဲ စတင်လို့---

-Hello, Mr. Lee. Ana Wa Shi Mi Kha. (Min Ga Lar Par.) As we've discussed in my embassy last week, I've been informed that Myanmar is not a signing state in Basel Convention. It doesn't mean that you can bring intoxicating waste materials and metal scraps into Myanmar for your recycling business. You can make recycling metal scraps inside Myanmar with its own metal wastes. Even we are not a signing country in Basel Convention, we had adopted our domestic regulation prohibited bringing any intoxicating metal scraps into Myanmar.

Yes, Mr.----, I know very well that situation. What I'd like to ask you is to help me to set up recycling factory in your country.

-No, Mr. Lee. I'm not going to help you.

Why?

-I'm just kidding. I am going to serve you for Recycling Factory to be materialized soon in Myanmar,why, because it is my duty assigned by my government.

Thank you,Mr.-----. See you next week.

ကျွန်တော် လက်ကိုင်ဖုန်းပိတ်ပြီး၊ Yes. I am. လို့အော်လိုက်တဲ့ အသံနည်း နည်းကျယ်သွားတယ်ထင်တယ်။ အခန်းအပြင်ဘက် စားပွဲအသီးသီးမှာထိုင်နေကြတဲ့ သံအမတ်ကြီးရဲ့ ယာဉ်မောင်းနဲ့ အခြားယာဉ်မောင်းတစ်ဦးကကျွန်တော့် ကိုလှမ်းကြည့်လိုက်တာတွေ့လို့။ It's nothing. လို့ အလျင်အမြန် ပြန်ပြောလိုက်ရပါတယ်။ တော်ကြာ ဒီကောင်ဆယ်လာ နည်းနည်းဂေါက်နေပြီ ထင်နေအုံးမယ်။ ဟုတ်တယ်လေဗျာ။ အဲဒီစက်ရုံမြန်မာနိုင်ငံမှာ တည်ပြီးသွားရင် ကျွန်တော်တို့ နိုင်ငံသားတွေကို အလုပ်ရကြမယ်။ နည်းပညာတွေ သင်ယူနိုင် မယ်။ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုတွေ တက်လာမယ်လေဗျာ။

ကျွန်တော် ဒီတစ်ပတ်အတွက် စီးပွားရေးသတင်းအစီရင်ခံစာနဲ့ ဈေးကွက်သတင်းအချက်အလက် အစီရင်ခံစာ နှစ်စောင်ရေးပြီးလို့ အီးမေးလ်နဲ့ သမ္မတရုံးအပါအဝင် သက်ဆိုင်ရာ စီးပွားရေးဝန်ကြီးဌာနတွေကို ပို့ပြီးချိန်မှာ နေ့လယ်၁၂နာရီထိုးဖို့ ၅ မိနစ်ခန့်သာ လိုပါတော့တယ်။ တစ်ပတ်ကို အနည်းဆုံး အစီရင်ခံစာငါးစောင်ခန့် ရေးသားပေးပို့ရတာလည်း စီးပွားရေးသံမှူးများရဲ့ မဖြစ်မနေ တာဝန်တစ်ရပ်ပါပဲ။ ဟုတ်တယ်လေ ကျွန်တော်တို့က စီးပွားရေးစုံထောက်များလည်း ဖြစ်သကိုးဗျ။ ဒီအချိန်ဆို မြန်မာနိုင်ငံမှာ ၉နာရီခွဲပဲ ရှိဦးမယ်။ နေ့လယ်စာ ထွက်မစားခင် ပြက္ခဒိန်ပေါ်မှာ နေ့စွဲအလိုက် မှတ်သားထားတဲ့ တက်ရမယ့် ဆွေးနွေးပွဲ၊ ပါဝင်ဆင်နွဲရမယ့် ကုန်စည်ပြပွဲများနဲ့ ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ဆွေးနွေးပွဲစာရင်း ကို ကြည့်လိုက်တော့ နေ့လယ်တစ် နာရီခွဲ ASEAN Investment Seminar 2015 ကို သွားတက်ရဦးမှာပါလား။ ဆွေးနွေးပွဲအတွင်း တွေ့ရမယ့်ကုမ္ပဏီ ၁၀ခုစာရင်းကို ဆွေးနွေးပွဲကြီးကြပ်ကျင်း ပတဲ့ KITA ကကျွန်တော့်ကို အီးမေးလ် နဲ့ပို့ထားတာလေး ထုတ်ထားလိုက်ပါတယ်။

လာမယ့် ဩဂုတ်လမှာ ဒီနိုင်ငံရဲ့ စိုက်ပျိုးရေးပြည်နယ် Jeolla မှာကျင်းပမယ့် စိုက်ပျိုးရေးထွက်ကုန်များ ကုန်စည်ပြပွဲကို မြန်မာကုမ္ပဏီအချို့ ဝင်ရောက်ပြသပေးနိုင်ဖို့ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနနဲ့ မြန်မာနိုင်ငံကုန်သည်ကြီးများနှင့်စက်မှု လက်မှု လုပ်ငန်းရှင်များအသင်းတို့ကို သတင်းပို့ဖိတ်ကြားပေးရပါဦးမယ်။ မြန်မာကုမ္ပဏီအချို့တော့ လာဖို့များပါတယ်။ Jeolla ပြည်နယ်အစိုးရက ၁၀မီတာပတ်လည် ပြခန်းသုံးခန်း အလကားပေးမယ့် အပြင် လာပြမယ့်သူများရဲ့ လေယာဉ်ခ၊ ဟိုတယ်ခများ အကုန်အကျခံမယ်ဆိုတော့ ကိုယ့်ဆွေ ကိုယ့်မျိုးများလာမယ်ဆိုတာ ကျွန်တော်သိပါတယ်ဗျာ။ မဟုတ်လို့ကတော့ ကိုယ့်ဆွေကိုယ့်မျိုးများက မာနခပ်ကြီး ကြီးဗျ၊ မလာရေးချမလာ။

အမှန်က အဲဒီစိုက်ပျိုးရေးပြည်နယ်က ပြပွဲကော်မတီရဲ့ ဝန်ထမ်းအမျိုးသမီး တစ်ယောက်သံရုံးကို လာအတွေ့မှာ သံအမတ်ကြီးက ကျွန်တော်ကို တွေ့ဆုံ စေခဲ့တုန်းက သူတို့ကုန်စည်ပြပွဲနဲ့ပြခန်းတွေကို လာရောက်ကမ်းလှမ်း ရောင်းချတာဗျ။ ကျွန်တော်လည်း ဘာရမလဲ။ ရှေ့မျက်နှာနောက်ထားပြီး၊ မြန်မာကုမ္ပဏီများ လာရောက်ခင်းကျင်းပြသဖို့ ခရီးဝေးကြောင်း၊ မြန်မာ့စိုက်ပျိုးရေး ထွက်ကုန်များဟာ သဘာဝအတိုင်းရှိနေသေးကြောင်း၊ Jeolla ပြည်နယ် စိုက်ပျိုးရေးထွက်ကုန် ကုန်စည်ပြပွဲမှာ ထည့်သွင်းပြသသင့်တဲ့ နိုင်ငံတစ်ခုဖြစ်ကြောင်း၊ အဓိကအချက်ကတော့ ပြပွဲခန်းများ အလကားပေးသင့်ကြောင်း၊ နောက်ထပ်ဖြစ်နိုင်ပါက လေယာဉ်ခလေးပါ စိုက်ထုတ်ပေးသင့်ကြောင်း စသည်ဖြင့် တောင်းဆိုလိုက်တယ်ဗျာ။ အကျိုးဆက်ကတော့ ကျန်ခဲ့တဲ့ သောကြာနေ့က အဲဒီအမျိုးသမီး ထပ်ရောက်လာပြီး၊ ကျွန်တော်ပြောခဲ့သလို ကမ်းလှမ်းလာတာပေါ့ဗျာ။ တစ်ခါတစ်လေလည်း စီးပွားရေးသံမှူးက မျက်နှာပြောင်ပြီး အာနည်းနည်းချောင်ရတယ်ဗျ။

တစ်ခါတစ်ခါ အခမ်းအနားတွေ၊ ပြပွဲတွေမှာ အခြားနိုင်ငံက စီးပွားရေးသံမှူးတွေ၊ စီးပွားရေးသံအရာရှိတွေတွေ့ရင်လည်း သူတို့နိုင်ငံတွေရဲ့ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ပရိုမိုးရှင်း လုပ်နည်းကိုင်နည်းတွေကို မေးမြန်းတီးခေါက်ရသဗျ။ အာဆီယံအဖွဲ့ဝင်နိုင်ငံတွေထဲမှာတော့ လာအိုနိုင်ငံကလွဲလို့ ကျန်ကိုးနိုင်ငံက စီးပွားရေးသံမှူးအသီးသီးခန့်ထားပါတယ်။ ချမ်းသာတဲ့စင်္ကာပူ၊ မလေးရှား၊ ထိုင်းစတဲ့နိုင်ငံတွေကတော့ သီးခြားစီးပွားရေးသံမှူးရုံးတွေနဲ့ ဒေသခန့် ဝန်ထမ်းတွေနဲ့ပေါ့ဗျာ။ ရာထူးတွေကလည်း အမျိုးမျိုးအပ်နှင်းထားပါတယ်။ အိမ်နီးချင်းထိုင်းနိုင်ငံက စီးပွားရေးသံမှူးက သံမှူးကြီး (ညွှန်ကြားရေးမှူး) အဆင့်ဗျ၊ ဗီယက်နမ်နိုင်ငံက စီးပွားရေးသံမှူးက ဒုတိယ ညွှန်ကြားရေးမှူးချုပ် အဆင့်နော်။ မလေးရှား၊ စင်္ကာပူနိုင်ငံတို့ကလည်း ညွှန်ကြားရေးမှူးအဆင့်ဖြစ်ကြပြီး၊ မြန်မာအပါအဝင် ကျန်နိုင်ငံများကတော့ ဒုတိယညွှန်ကြားရေးမှူး (ကောင်ဆယ်လာ)အဆင့်များဖြစ်ကြပါတယ်။ တာဝန်ထမ်းဆောင်ရတဲ့ ကာလများကလည်း အနည်းဆုံးသုံးနှစ် ဖြစ်ကြပြီး၊ ဖိလစ်ပိုင်၊ စင်္ကာပူလိုနိုင်ငံများက စီးပွားရေးသံမှူးများကတော့ လေးနှစ်၊ ငါးနှစ်စသဖြင့် နိုင်ငံတစ်နိုင်ငံမှာ တာဝန်ထမ်းဆောင်ကြရသဗျ။ ဒါလည်းမှန်ပါတယ်။ နိုင်ငံတစ်နိုင်ငံရဲ့ ပုဂ္ဂလိကစီးပွားရေး အသိုင်းအဝန်းနဲ့ အစိုးရစီးပွားရေးအသိုင်းအဝန်းထဲ ဝင်ဆန့်ပြီး စီးပွားရေးကွန်ရက်တစ်ခု (economic or business networking) ကောင်းကောင်း တည်ဆောက်နိုင်ဖို့ဆိုတာ တစ်နှစ်နှစ်နှစ်နဲ့ အချိန်မလုံ လောက်နိုင်ပါဘူး။ စီးပွားရေးလုပ်ငန်းတွေကို ဆွဲဆောင်ဖို့ဆိုရာမှာ လူမှုရေးကွန်ရက်အရင်ဆုံး တည်ဆောက်ရပါတယ်။

စီးပွားရေးသံမှူးတွေရဲ့ အရေးကြီးလှတဲ့ နောက်တာဝန်တစ်ခုကို ပြောရအုံးမယ် ဗျ။ ဒီနိုင်ငံရဲ့စီးပွားရေးဝန်ကြီးဌာန၊ Grand Aids & ODA ပေးတဲ့ဌာန၊ EDCF loans ပေးတဲ့ဌာနတွေက အရေးပါ အရာရောက်သူတွေနဲ့ ညှိခံပွဲ တွေ၊ ဆွေးနွေးပွဲတွေမှာတွေ့ရင်လည်း စကားရော ဖောရောနဲ့ "မြန်မာနိုင်ငံ အတွက် Grand Aids & ODA တွေ ပေးတာနည်းသလိုပဲနော်" တို့။ Grand Friendship Bridge ဆောက်ဖို့ EDCF loans အမြန်ချထားပေးဖို့တို့ တိုက်တွန်းရသေးသဗျ။ အဲဒီတံတားကြီး ဆောက်ဖြစ်ရင် ဒီကကုမ္ပဏီတွေပဲ ဟိုဘက်ကမ်း၊ ဒီဘက်ကမ်း လုပ်ငန်းတွေ လုပ်ကြရမှာတို့ဘာတို့လည်း ပုဂ္ဂလိက ကုမ္ပဏီကြီးတွေနဲ့ တွေ့ရင်နားသွင်းရသေးတယ်။ ဒီမှာက Chaebol ကြီးတွေကပါဝါကြီးတယ်လေ။ သူတို့ ကုမ္ပဏီကြီးနှစ်ခု၊ သုံးခုလောက် လုပ်ငန်းတွေ ဒီနေ့ရပ်ဆိုင်းရင် မနက်ဖြန် နိုင်ငံ့ဂျီဒီပီရဲ့ ၂၅ ရာခိုင်နှုန်းကလေထဲ လွင့်သွားနိုင်တယ်။

ကိုရီးယားနိုင်ငံဟာ ချမ်းသာတဲ့ စီးပွားရေးအင်အားကြီးနိုင်ငံတစ်နိုင်ငံထဲပါနေလေတော့ သူ့နိုင်ငံရဲ့ စီးပွားရေးမူဝါဒကိုလည်း အမြဲမပြတ်ထောက်လှမ်းနေရတယ်။ ရယ်စရာလိုလို အတည်လိုလို သံတမန်အသိုင်းအဝိုင်း ကကြားရတာကတော့ - ၂၀၁၄ ခုနှစ် အကုန် 25th Anniversary of ASEAN-Korea Relation Commemorative Summit ကျင်းပပြီး ကတည်းက အာဆီယံနိုင်ငံတွေကို focused term ပြီးသွားပြီဆိုပဲ။ အခု ၂၀၁၅ ခုနှစ်က စတင်လို့အာရုံကျနေတာက အာရပ်နိုင်ငံများလို့ဆိုပါတယ်။ ဟုတ်သလိုလိုတော့ရှိသား။ သူတို့ရဲ့သမ္မတ၊ အရင်လတုန်းက အာရပ်နိုင်ငံလေးနိုင်ငံကို ခရီးသွားခဲ့သေးတယ်လေ။

ဟုတ်ကဲ့၊ အခုနေ့လယ်စာ ထမင်းသွားစားလိုက်ပါဦးမယ်။ နေ့လယ်စာကတော့ ကင်ချီမျိုးစုံနဲ့အသားနည်းနည်း တင်ထားတဲ့ ထမင်းပန်းကန်တစ်လုံးပါ။ ကျသင့်ငွေကတော့ မြန်မာငွေရှစ်ထောင် ကျပ်ခန့်ပါ။ ကင်ချီမြေရဲ့ ဈေးအချိုဆုံး နေ့လယ်စာပေါ့ဗျာ။

**သန့်ဇင်၊ စီးပွားရေးသံမှူး၊ မြန်မာသံရုံး၊ ဆိုးလ်မြို့**

Commodity Exchange News
Vol: 15, No.15 Monday April 27 2015

# ကုန်စည်ဒိုင်အသီးသီး၏ လက်ရှိအရောင်းအဝယ်ဖြစ်နေသော ဈေးနှုန်းများနှင့် ဈေးကွက်အခြေအနေ (၂၇-၄-၂၀၁၅)

ခင်မောင်မောင်အုန်း



## ဘုရင့်နောင်ဈေးကွက်မှာ သင်္ကြန်အခါအပြီး မတ်ပဲဈေး ဆက်လက်မြင့်တက်

ဘုရင့်နောင်ဈေးကွက်မှာ ဒီတစ်ပတ်သင်္ကြန်အခါအပြီးမှာ မတ်ပဲ (RC) ကို အိန္ဒိယဝယ်လက်က ဈေးပေးအဝယ်ရှိသလို ဝယ်လိုအားပါ သွက်လာတာကြောင့် ဈေးသိသာစွာမြင့်လာပြီး တစ်တန်ကို ၁၁၁၅၀၀၀ ကျပ်ဈေးဖြင့် အရောင်းအဝယ်ဖြစ်မှုများ ခဲ့ကြောင်း သိရပါတယ်။ မတ်ပဲအနေဖြင့် ဈေးကောင်းရပေမယ့် ရောင်းသူကုန်သည်တွေထံမှာတော့ ပစ္စည်းလက်ကျန်နည်းနေ ကြောင်း သိရပါ တယ်။ ပဲစင်းငုံနီ (RC) အနေဖြင့် ရောင်းဈေး ဝယ်ဈေး ညှိမရတာကြောင့် အရောင်းအဝယ်ပါးခဲ့ကြောင်း ဈေး ကွက်အတွင်းမှသိရပါ တယ်။

## ပခုက္ကူဈေးကွက်မှာ ပဲစင်းငုံနီ(သစ်)ဈေးကွက်စဝင်လာ ကုလားပဲဖြူလုံးကြီး ပုံမှန်အရောင်းအဝယ်ဖြစ်

ပခုက္ကူဈေးကွက်မှာ ဒီတစ်ပတ် ပဲတီစိမ်းကြီး(သစ်)တွေ ဈေးကွက်ထဲစတင်ဝင်ရောက်လာပြီး တစ်ပိဿာကို ၂၀၅၃ ကျပ် (တစ်တန်ကို ၁၂၅၇၂၃၆ ကျပ်)ဈေးဖြင့် ဈေးဖွင့်အရောင်းရှိခဲ့ ကြောင်း သိရပါတယ်။ ပဲတီစိမ်းက ဈေးကွက်ထဲ စဝင်ပေမယ့် အဝင်တော့နည်းနေသေးကြောင်း သိရပါတယ်။ ပဲစင်းငုံနီအနေ ဖြင့် ရောင်းသူကုန်သည်တွေထံမှာ ပစ္စည်းလက်ကျန်နည်းနေပေ မယ့် ရန်ကုန်ဝယ်လိုအားကတော့ ပုံမှန်ရှိခဲ့ကြောင်း၊ အရောင်း အဝယ်အနေဖြင့် တစ်ပိဿာ ၁၆၃၅ ကျပ် (တစ်တန်ကို ၁၀၀၂၃၅၇ ကျပ်) ဈေးဖြင့် အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရ ပါတယ်။ မြို့ခံပဲခွဲစက်၊ နယ်စုံမှပဲခွဲစက်များနှင့် သိုလှောင်မည့် သူများက ကုလားပဲဖြူလုံးကြီးကို ဝယ်လိုအားပုံမှန်ရှိတာကြောင့် ဈေးမြင့်လာပြီး တစ်ပိဿာ ၁၀၀၀ ကျပ်(တစ်တန်ကို ၆၁၂၃၉၀ ကျပ်) ဈေးဖြင့် အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရပါတယ်။

## မူဆယ်ဈေးကွက်မှာ ပြောင်းအဝင်နည်းပေမယ့် ဈေးကောင်းရနေ

မူဆယ်ဈေးကွက်မှာ ပြောင်းဝင်ရောက်မှုက တစ်ပတ်ကို တန်ချိန် ၃၀၀၀ ခန့်သာ ဝင်ရောက်ခဲ့ပေမယ့် တရုတ်ဝယ်လက်က ဝယ်လိုအားပုံမှန်ရှိတာကြောင့် ဈေးကောင်းရနေကြောင်း၊ အရောင်း အဝယ်အနေဖြင့် ၅၀ ကီလိုတစ်အိတ်ကို ၉၄ ယွမ်ဈေး ဖြင့် အရောင်း အဝယ်ဖြစ်ခဲ့ကြောင်း သိရပါတယ်။

## မန္တလေးဈေးကွက်မှာ ပဲတီစိမ်း(သစ်)တွေ နယ်စုံမှစတင်ဝင်ရောက်လာ၊ မတ်ပဲနှင့် ပဲစင်းငုံနီဈေးစွာ


မန္တလေးဈေးကွက်မှာ နယ်စုံမှပဲတီစိမ်း(သစ်)တွေ စတင် ဝင်ရောက်လာပြီး တစ်ပိဿာကို ၂၁၆၉ ကျပ် (တစ်တန်ကို ၁၃၂၈၂၇၃ ကျပ်) ဈေးဖြင့် ဈေးဖွင့်အရောင်းရှိခဲ့ကြောင်း သိရပါ တယ်။ မတ်ပဲကိုတော့ မြို့ခံပဲခွဲစက်တွေက တစ်ပိဿာ ၁၇၁၀ ကျပ် (တစ်တန်ကို ၁၀၄၇၁၈၆ ကျပ်) ပုံမှန်အဝယ်ရှိခဲ့ကြောင်း သိရပါတယ်။ ပဲစင်းငုံနီအနေဖြင့် ရောင်းသူကုန်သည်တွေထံမှာ ပစ္စည်းလက်ကျန်နည်းနေပေမယ့် ရန်ကုန်ဝယ်လက်ကတော့ ဝယ်လိုအားပုံမှန်ရှိတာကြောင့် ဈေးမြင့်လာပြီး တစ်ပိဿာ ၁၆၄၀ ကျပ်(တစ်တန်ကို ၁၀၀၄၃၁၉ ကျပ်) ဈေးဖြင့် အရောင်း အဝယ်ဖြစ်ခဲ့ကြောင်း သိရပါတယ်။

## မုံရွာဈေးကွက်မှာ ပဲမျိုးစုံဈေးစွာလာ

မုံရွာဈေးကွက်မှာ ဒီတစ်ပတ် ပဲတီစိမ်း(သစ်)တွေ ဈေး ကွက်ထဲ စတင်ဝင်ရောက်လာပြီး ပဲတီစိမ်းကြီးတစ်ပိဿာ ၂၁၃၀ ကျပ်(တစ်တန်ကို ၁၃၀၄၃၉၀ ကျပ်)၊ ပဲတီစိမ်းလုံးသေးတစ်ပိဿာ ၁၆၃၂ ကျပ် (တစ်တန်ကို ၉၉၉၄၂၀ ကျပ်) ဈေးဖြင့် ဈေးဖွင့် အရောင်းရှိခဲ့ကြောင်း သိရပါတယ်။ မတ်ပဲကိုတော့ မန္တလေးဝယ် လက်နှင့် ပဲခွဲစက်တွေက ဝယ်လိုအား ဆက်တိုက်ရှိတာကြောင့် ဈေးမြင့်လာပြီး တစ်ပိဿာကို ၁၇၅၀ကျပ်(တစ်တန်ကို ၁၀၇၁၆၈၂ ကျပ်)ဈေးဖြင့် တစ်ရက်ကို အိတ် ၅၀၀ ခန့် အရောင်းအဝယ် ဖြစ်ခဲ့ကြောင်း သိရပါတယ်။

## အောင်လံဈေးကွက်မှာ ပဲတီစိမ်းပုံမှန် အရောင်းအဝယ်ဖြစ်၊ ပဲစင်းငုံနီနဲ့ သိပ္ပံနှမ်း ဈေးမာ

အောင်လံဈေးကွက်မှာ ဒီတစ်ပတ်ပဲတီစိမ်းကြီးက ဈေး ကွက်သို့ ပုံမှန်အဝင်ရှိသလို ရန်ကုန်-မန္တလေးဝယ်လက်ကလည်း တစ်ပိဿာ ၂၀၀၀ ကျပ် (တစ်တန်ကို ၁၂၂၄၇၈၀ ကျပ်)ဈေးဖြင့် တစ်ရက်ကို အိတ် ၅၀၀ ခန့်အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရ ပါတယ်။ ပဲစင်းငုံနီအနေဖြင့် ရန်ကုန်ဝယ်လက်က တစ်ပိဿာ ၁၆၄၅ ကျပ် (တစ်တန်ကို ၁၀၀၇၃၈၁ ကျပ်)ဈေးဖြင့် နေ့စဉ်အိတ် ၃၀၀ ခန့် အရောင်းအဝယ် ဖြစ်ခဲ့ကြောင်း သိရပါတယ်။ ဒါ့အပြင် သိပ္ပံနှမ်းကို ရန်ကုန်ဝယ်လက်က ဈေးမြှင့်အဝယ်ရှိခဲ့သလို ရောင်းသူကုန်သည်များကလည်း တက်ဈေးမှာ အရောင်းများ ခဲ့ကြောင်း၊ အရောင်းအဝယ်အနေဖြင့် ၄၆၆၇ ကျပ်ဈေးဖြင့် တစ် ရက်ကိုအိတ် ၂၀၀ ခန့်ဖြစ်ခဲ့ကြောင်း သိရပါတယ်။




## မကွေးဈေးကွက်မှာ ပဲတီစိမ်း(သစ်)စတင်ဝင်ရောက်လာ

မကွေးဈေးကွက်မှာ ဒီတစ်ပတ် ပဲတီစိမ်းကြီး(သစ်)တွေ ဈေးကွက်ထဲ စတင်ဝင်ရောက်လာပြီး တစ်ပိဿာကို ၂၀၂၆ ကျပ် (တစ်တန်ကို ၁၂၄၀၇၀၂ ကျပ်) ဈေးဖြင့် ဈေးဖွင့်အရောင်းရှိခဲ့ ကြောင်း သိရပါ တယ်။ ကုလားပဲ (ထိုင်ဝမ်)ကိုမြို့ခံပဲခွဲစက်များနှင့် သိုလှောင်မည့်သူများက ဝယ်လိုအားများလာပေမယ့် ရောင်းသူ ကုန်သည်တွေကတော့ အရောင်းနည်းနေကြောင်း၊ အရောင်း အဝယ်အနေဖြင့် တစ်ပိဿာ ၁၀၀၀ ကျပ်(တစ်တန်ကို ၆၁၂၃၉၀ ကျပ်)ဈေးဖြင့် အရောင်းအဝယ် ဖြစ်ခဲ့ကြောင်း သိရပါတယ်။

## ဟင်္သာတဈေးကွက်မှာ မတ်ပဲကို ရန်ကုန်ဈေးမြှင့်အဝယ်ရှိ

ဟင်္သာတဈေးကွက်မှာ ဒီတစ်ပတ်မတ်ပဲကို ရန်ကုန်ဝယ် လက်က ဈေးမြှင့်အဝယ်ရှိတာကြောင့်ဈေးမြင့်လာပြီး တစ်ပိဿာ ၁၇၆၀ ကျပ် (တစ်တန်ကို ၁၀၇၇၈၀၆ ကျပ်)ဈေးဖြင့်အရောင်း အဝယ်ဖြစ်မှု များခဲ့ကြောင်း သိရပါတယ်။ ပဲလွန်းနီကိုတော့ ဝယ် လက်တွေက ဝယ်လိုအားနည်းခဲ့တာကြောင့် ဈေးတန့်နေပြီး တစ် ပိဿာ ၈၇၅ ကျပ် (တစ်တန်ကို ၅၃၅၈၄၁ ကျပ်) ဈေးဖြင့် အရောင်းအဝယ်ဖြစ်ခဲ့ ကြောင်း သိရပါတယ်။



## တောင်ကြီးဈေးကွက်မှာ ပြောင်းကို ရန်ကုန်-မန္တလေးဝယ်လိုအား ပုံမှန်ရှိနေ

တောင်ကြီးဈေးကွက်မှာ ဒီတစ်ပတ်ပြောင်းကို ရန်ကုန်- မန္တလေးဝယ်လက်က ဝယ်လိုအားပုံမှန်ရှိပေမယ့် ရောင်းသူကုန် သည်တွေထံ မှာပစ္စည်းလက်ကျန်နည်းနေကြောင်း သိရပါတယ်။ အရောင်းအဝယ်အနေဖြင့် တစ်ပိဿာ ၃၇၅ ကျပ် ဈေးဖြင့် တစ် ပတ်အတွင်း ပိဿာချိန် ၆ သိန်းခန့်ဖြစ်ခဲ့ကြောင်း ဈေးကွက် အတွင်းမှ သိရပါတယ်။

## လားရှိုးဈေးကွက်မှာ ပြောင်းကို တရုတ်ဝယ်လိုအားပုံမှန်ရှိ

လားရှိုးဈေးကွက်မှာ ဒီတစ်ပတ်ပြောင်းကို တရုတ်ဝယ် လက်က ဝယ်လိုအား ပုံမှန်ရှိပေမယ့် ပစ္စည်းလက်ကျန်တော့ နည်းလာကြောင်း သိရပါတယ်။ အရောင်းအဝယ်အနေဖြင့် တစ် ပိဿာ ၄၀၀ ကျပ် ဈေးဖြင့် တစ်ပတ်အတွင်း ပိဿာချိန် ၄ သိန်း ခန့် ဖြစ်ခဲ့ကြောင်း ဈေးကွက်အတွင်းမှ သိရပါတယ်။

## ပြည်ဈေးကွက်မှာ သင်္ကြန်အပြီး ပဲမျိုးစုံ တက်ဈေးဖြင့် အရောင်းအဝယ်ဖြစ်

ပြည်ဈေးကွက်မှာ ဒီတစ်ပတ်မတ်ပဲကို Export အတွက် အဓိကဝယ်ယူနေတဲ့ ရန်ကုန်ဝယ်လက်က ဝယ်လိုအားသွက်နေ တာကြောင့် ဈေးသိသာစွာမြင့်လာပြီး တစ်ပိဿာ ၁၇၃၅ ကျပ် (တစ်တန်ကို ၁၀၆၂၄၉၆ ကျပ်) ဈေးဖြင့် တစ်ရက်ကိုအိတ် ၃၀၀ ခန့် အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရပါတယ်။ ပဲစင်းငုံနီအနေ ဖြင့် ရောင်းသူကုန်သည်တွေထံမှာ ပစ္စည်းလက်ကျန်နည်းနေပေ မယ့် Export အတွက် ဝယ်ယူနေတဲ့ ရန်ကုန်ဝယ်လက်ကတော့ ဝယ်လိုအားပုံမှန်ရှိပြီး တစ်ပိဿာကို ၁၆၅၀ ကျပ် (တစ်တန်ကို ၁၀၁၀၄၄၃ ကျပ်) ဈေးဖြင့် အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရ ပါတယ်။ ကုလားပဲ(ထိုင်ဝမ်)ကိုတော့ မြို့ခံပဲခွဲစက်များက တစ် ပိဿာ ၁၀၂၀ ကျပ်(တစ်တန်ကို ၆၂၄၆၃၇ ကျပ်)ဈေးဖြင့် နေ့စဉ် အိတ် ၃၀၀ ခန့်အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရပါတယ်။

## ရေစကြိုဈေးကွက်မှာ ကုလားပဲ(သစ်)ပုံမှန်ဝင်ရောက်

ရေစကြိုဈေးကွက်မှာ ဒီတစ်ပတ်နယ်စုံမှကုလားပဲ (သစ်) တွေ ဈေးကွက်သို့ ပုံမှန်ဝင်ရောက်နေသလို မြို့ခံပဲခွဲစက်တွေက လည်း တစ်ပိဿာ ၈၆၅ ကျပ် (တစ်တန်ကို ၅၂၉၇၁၇ ကျပ်)ဈေး ဖြင့် တစ်ရက်ကို အိတ် ၂၀၀ ခန့်အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရပါတယ်။

# ထားဝယ်အထူးစီးပွားရေးဇုန်တွင် ရင်းနှီးမြှုပ်နှံရန် ဂျပန်နိုင်ငံမှ သဘောတူ



ဂျပန်နိုင်ငံသည် ထားဝယ်အထူး စီးပွားရေးဇုန်ဖွံ့ဖြိုးရေးကုမ္ပဏီ (DSEZ) တွင် ရင်းနှီးမြှုပ်နှံရန်အတွက် သဘောတူညီချက်တစ်ရပ်ကို ဇူလိုင်လတွင် လက်မှတ်ရေးထိုးရန်စီစဉ်လျက်ရှိပါသည်။ ဂျပန်အနေဖြင့် DSEZ တွင် မြန်မာ၊ ထိုင်းနိုင်ငံတို့နှင့် အချိုးညီရင်းနှီး မြှုပ်နှံမည်ဖြစ်ကြောင်း အမျိုးသားစီးပွားရေးနှင့် လူမှုရေးဖွံ့ဖြိုးမှုအဖွဲ့ (NESDB) အတွင်းရေးမှူးချုပ် Mr.Arkhom က ပြောကြားခဲ့ပါသည်။

၂၀၁၃ ခုနှစ်၊ ဇွန်လ၌ မြန်မာနှင့် ထိုင်းနိုင်ငံတို့သည် မတည်ရင်းနှီးမြှုပ်နှံငွေ ဘတ် ၁၂ သန်းဖြင့် DSEZ တည်ထောင်ရန်နှင့် လုပ်ငန်းအစုရှယ်ယာကို အချိုးညီထည့်ဝင်ရန် သဘောတူခဲ့ကြပါသည်။ ဆိပ်ကမ်း၊ ကားလမ်းများ၊ ရထားလမ်းများ၊ လျှပ်စစ်ဓာတ်အားပေးစက်ရုံများ၊ ရေပေးဝေရေးလုပ်ငန်း၊ စက်မှုနယ် မြေများ၊ ဆက်သွယ်ရေးနှင့် မြို့နယ် စသည်တို့ကိုစီမံခန့်ခွဲရန် အထူးကုမ္ပဏီ တစ်ခုတည်ထောင်ရန်လည်း သဘောတူခဲ့ကြပါသည်။

ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ အသေးစိတ်အချက်အလက်များကို ဧပြီ လ ၂၃-၂၅ ရက်များတွင် (ဂျပန်ကိုယ်စားလှယ်အဖွဲ့၏ မြန်မာနိုင်ငံခရီးစဉ်အတွင်း) ဂျပန်နှင့် ညှိနှိုင်းဆွေးနွေးမည်ဖြစ်ကြောင်း၊ ဂျပန်အနေဖြင့် နှစ်နှစ်နီး ပါးစဉ်းစားသုံးသပ်ပြီးနောက် ထားဝယ် စီမံကိန်းတွင်ပါဝင်ရန် ဆုံးဖြတ်ခဲ့ခြင်းဖြစ်ကြောင်း၊ ယခုအခါ မြန်မာအစိုးရအနေဖြင့် (ပုဂ္ဂလိကကဏ္ဍအား အခြေခံအဆောက်အအုံဖွံ့ဖြိုးရေး လုပ်ငန်းများ ဆောင်ရွက်ခွင့်ပြုမည့်အစား) အခြေခံအဆောက်အအုံ ဖွံ့ဖြိုးရေးလုပ်ငန်းကို ဦးစွာဆောင်ရွက် ပြီးပုဂ္ဂလိက ကဏ္ဍအား အခြားဆက်စပ် စီမံကိန်းများတွင် ရင်းနှီးမြှုပ်နှံ ခွင့်ပြုမည် ဖြစ်သောကြောင့် သဘောထားအမြင်များ ပြောင်းလဲသွားပြီဖြစ်ကြောင်း Mr.Arkhom ကပြောကြားခဲ့ပါသည်။

ထို့ပြင်ဂျပန်နိုင်ငံအနေဖြင့် ထားဝယ်စီမံကိန်းတွင် ပါဝင်လာစေရန်အတွက် ထိုင်းနှင့်မြန်မာနိုင်ငံတို့သည် မဟာစီမံကိန်းရေးဆွဲရန် သဘောတူခဲ့ကြကြောင်း၊ မဟာစီမံကိန်းကို အိမ်နီးချင်းနိုင်ငံများ စီးပွားရေးဖွံ့ဖြိုးတိုးတက် ရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှု အေဂျင်စီ (Neighbouring Countries Economic Development Cooperation Agency) မှ ဇွန်လနောက်ဆုံး ထား၍ရေးဆွဲမည်ဖြစ်ကြောင်း၊ ၁၃၂ စတုရန်းကီလိုမီတာကျယ်သော စက်မှုနယ်မြေ၊ တစ်နှစ်လျှင် ကုန်စည်တန်ချိန်သန်း ၁၇၀ နှင့် ပေ ၂၀ ကွန်တိန်နာ ယူနစ် ၅ သန်း (5 million 20-foot equivalent units) အတွက် ဝန်ဆောင်မှုပေးနိုင်သော ရေနက်ဆိပ်ကမ်း၊ ထိုင်းနိုင်ငံနယ်စပ်နှင့် ထားဝယ်ကို ဆက်သွယ်မည့် လေးလမ်း သွားကားလမ်း၊ ရေပေး ဝေရေးလုပ်ငန်း စသည်တို့ပါဝင်မည်ဖြစ်ကြောင်းလည်း Mr.Arkhom ကပြော ကြားခဲ့ပါသည်။

NESDB နှင့် ဘဏ္ဍာရေးဝန်ကြီးဌာနတို့သည် ထိုင်းနယ်စပ်မှ ထားဝယ်စီမံကိန်းနေရာသို့ ဆက်သွယ်သော ကားလမ်း ၁၃၂ ကီလိုမီတာတည်ဆောက်ရန်အတွက် မြန်မာအစိုးရအား ချေးငွေဘတ် ၄ ဒသမ ၅ ဘီလီယံချေး ပေးရန် အစိုးရအဖွဲ့သို့တင်ပြမည်ဖြစ် ကြောင်း၊ ကြွေးဆပ်ရန်သတ်မှတ်ချိန် ရွှေ့ဆိုင်းပေးနိုင်သည့်ကာလ (grace period) မှာ ၁၀ နှစ်ဖြင့်ချေးငွေကာလ မှာနှစ် ၂၀ ဖြစ်ကြောင်း၊ တည်ဆောက် သည့်ကာလသည် သုံးနှစ်ကြာနိုင်သည် ဟုခန့်မှန်းထားကြောင်း NESDB ၏ ဒုတိယအတွင်းရေးမှူးချုပ် Mr.Chanvit က ပြောကြားခဲ့သည်။

မြန်မာနိုင်ငံအနေဖြင့်လည်း ချေးငွေအတွက် လွှတ်တော်၏ အတည်ပြုချက်ရယူရန်လိုအပ်သည့်အပြင် ကားလမ်းတည်ဆောက်ခြင်းအတွက် သဘာဝပတ်ဝန်းကျင်အပေါ် အကျိုး သက်ရောက်နိုင်မှုအကဲဖြတ်ခြင်းကို ဆောင်ရွက်ရမည်ဖြစ်ကြောင်း Italian-Thai Development နှင့် Rojana Industrial Park တို့သည် မြန်မာအစိုး ရနှင့် မေလသို့မဟုတ် ဇွန်လတွင် (ကားလမ်း၊ လျှပ်စစ် ဓာတ်အားပေးစက်ရုံများ၊ စက်မှုနယ်မြေများ အကျုံးဝင်သော) ပထမအဆင့်တည်ဆောက်ရေးအတွက် စာချုပ်လက်မှတ်ရေးထိုးရန် စီစဉ်ထားကြောင်း စသည်ဖြင့် ဧပြီလ ၂၂ ရက်နေ့ထုတ် Bangkok Post သတင်းစာ၌ ဖော်ပြထားပါသည်။

**ရီရီမွန်၊ စီးပွားရေးသံမှူး၊**
**မြန်မာသံရုံး၊ ဗန်ကောက်မြို့**

# ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်အတွင်း ကုန်သွယ်မှုဆိုင်ရာ ပြုပြင်ပြောင်းလဲ ပယ်ဖျက် ဖြေလျှော့မှုများ

ITC (Individual Trading Card) နဲ့ ကုန်သွယ်မှုဆောင်ရွက်နေသူများအနေဖြင့် CMP (Cutting , Making, Packaging) လက်ခစားလုပ်ငန်းများကို ဆောင်ရွက်ခွင့်မရှိသဖြင့် တစ်ဦးချင်းကုန်သွယ်မှုလုပ်ငန်းရှင် မှတ်ပုံတင်နှင့် ဆောင်ရွက်ခွင့်ပြုထားတဲ့ ပို့ကုန်ပစ္စည်း ၁၅၂ မျိုးစာရင်းမှ “CMP ပစ္စည်းနှင့်အသင့်ပြုလုပ်ထားသော ကုန်ချောအမျိုးမျိုး”ကို မေလအတွင်းမှာ ပယ်ဖျက်ထားခဲ့ပါတယ်။

အပင်မှထုတ်လုပ်သော စိုက်ပျိုးရေးအခြေခံစားသောက်ကုန်ပစ္စည်းများကို ဗီယက်နမ်နိုင်ငံသို့ အမြဲတမ်းတင်သွင်းခွင့်ရနိုင်ငံစာရင်းတွင် မြန်မာနိုင်ငံကို ဇွန်လ ၂၆ ရက်နေ့ကစပြီး ထည့်သွင်းလိုက်ပြီဖြစ်ပါတယ်။

MIC ခွင့်ပြုမိန့်အရ လုပ်ငန်းဆောင်ရွက်သော နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ကုမ္ပဏီနဲ့ MIC ခွင့်ပြုမိန့်မပါရှိတဲ့ နိုင်ငံခြားဝန်ဆောင်မှု ရင်းနှီးမြှုပ်နှံမှုကုမ္ပဏီများအနေဖြင့် နယ်စပ်စခန်းများတွင် လိုင်စင်ခွင့်ပြုဆောင်ရွက်ခြင်း မပြုရန် ဇူလိုင်လအတွင်းက ညွှန်ကြားထားပါတယ်။

ပို့ကုန်သွင်းကုန်လိုင်စင် လျှောက်ထားရယူရန်မလိုတဲ့ ပို့ကုန် ၁၅၂ မျိုး HS Code ၉၈၃ လိုင်း၊ သွင်းကုန် ၁၆၆ မျိုး၊ HS Code ၁၉၂၆ လိုင်းပြဌာန်းထားပြီးဖြစ်ပါတယ်။ ဇူလိုင်လ နှောင်းပိုင်းကစပြီး သွင်းကုန် ၁၆၆ မျိုး HS Code ၁၉၂၆ လိုင်းအပြင် HS Code ၁၅၃ လိုင်းထပ်မံထုတ်ပြန်ထားပါတယ်။

ကုန်သွယ်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရန်နဲ့ ကုန်သွယ်မှုလျင်မြန်ချောမွေ့စေရေးအတွက် သွင်းကုန် လိုင်စင်/ပါမစ်မလိုဘဲ တင်သွင်းလာသော ကုန်ပစ္စည်းများအတွက် သွင်းကုန်လိုင်စင်/ပါမစ်ကြေး ကောက်ခံခြင်းအား ဩဂုတ်လအတွင်းမှာ ကင်းလွတ်ခွင့်ပြုခဲ့ပါတယ်။

ပုံမှန်/နယ်စပ် မခွဲခြားဘဲ သွင်းကုန်လိုင်စင်အပေါ် မည်သည့်ငွေကြေးနဲ့မဆို သုည ဒသမ ၁၂၅ ရာခိုင်နှုန်း ကောက်ခံရန်နဲ့ ကောက်ခံရာမှာ နိုင်ငံခြားငွေကြေးရဲ့ သုည ဒသမ ၁၂၅ ရာခိုင်နှုန်းနဲ့ ညီမျှသော မြန်မာကျပ်ငွေနဲ့ အမှန်တကယ်တင်သွင်းသည့် port/point တို့မှာ ကောက်ခံသွားရန် ဩဂုတ်လအတွင်းမှာ ထုတ်ပြန်ခဲ့ပါတယ်။

ဓာတ်မြေဩဇာတင်သွင်းခွင့်ဥပဒေအရ ဓာတ်မြေဩဇာတင်သွင်းရခြင်းဖြစ်သဖြင့် ITC နဲ့ သွင်းကုန်ခွင့်ပြုစာရင်းတွင် ပါရှိနေသော ဓာတ်မြေဩဇာကိုစာရင်းမှ စက်တင်ဘာလအတွင်းပယ်ဖျက်ခဲ့ပါတယ်။

နိုင်ငံတော်အတွင်းရှိ တရားမဝင်လိုင်စင်မဲ့ မော်တော်ဆိုင်ကယ်များအတွက် တရားဝင်မှတ်ပုံတင်ပေးသည့် လုပ်ငန်းများကို ၂၀၁၄ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၇ ရက်နေ့မှစပြီး ဇူလိုင်လ ၄ ရက်နေ့ထိ One Stop Services စီမံချက်နဲ့ ဆောင်ရွက်ပေးခဲ့ပါတယ်။စီမံချက်ကာလ ကုန်ဆုံးပါက တရားမဝင်လိုင်စင်မဲ့မော်တော်ဆိုင်ကယ်များနဲ့ စပ်လျဉ်း၍ လိုက်နာကျင့်သုံးဆောင်ရွက်ရမယ့် ညွှန်ကြားချက်များကို ပြည်ထောင်စုဝန်ကြီးရုံးမှ ၂၀၁၄ ခုနှစ် စက်တင်ဘာ ၁၈ ရက်ကထုတ်ပြန်ပေးခဲ့ပါတယ်။

မြန်မာ-တရုတ်နဲ့မြန်မာ-အိန္ဒိယနယ်စပ်ဒေသများ (၅/၂၀၀၀)နဲ့ မြန်မာ-ထိုင်းနယ်စပ်ဒေသများ(၆/၂၀၀၀)တို့တွင်နှစ်နိုင်ငံသုံးငွေကြေးအပြင် အမေရိကန်ဒေါ်လာတို့နဲ့ပါ ရောင်းဝယ်ခွင့်ပြုထားပြီး ရောင်းချ သောငွေကြေးနဲ့ အခွန်ပေးဆောင်ရန် ထုတ်ပြန်ထားမှုမှာ လက်ရှိအခြေအနေနဲ့ ကိုက်ညီမှုမရှိတော့သဖြင့် စက်တင်ဘာလ၃၀ ရက်စွဲပါ အမိန့်ကြော်ငြာစာ ၆၀/၂၀၁၄ နဲ့ ပယ်ဖျက်လိုက်ကြောင်း ထုတ်ပြန်ခဲ့ပါတယ်။

ကချင်ပြည်နယ် မြစ်ကြီးနားတွင် One Stop Services နဲ့ ကုန်သွယ်မှုလုပ်ငန်းစတင်ဆောင်ရွက်ခွင့် အောက်တိုဘာလ ၁၅ ရက်နေ့မှစ၍ ခွင့်ပြုခဲ့ပြီး ITC နဲ့လည်း ဆောင်ရွက်ခွင့်ပြုခဲ့ပါတယ်။MIC ခွင့်ပြုမိန့် ရယူရန်မလိုဘဲ လုပ်ငန်းဆောင်ရွက်နေတဲ့ နိုင်ငံခြားကုမ္ပဏီများအား ၎င်းတို့လုပ်ငန်းနဲ့ ဆက်စပ်တဲ့ ပစ္စည်းများ တင်သွင်းတင်ပို့ခွင့်ပြုရေးနဲ့ပတ်သက်တဲ့ လုပ်ထုံးလုပ်နည်းပြင်ဆင် သတ်မှတ်ချက်ကို နိုဝင်ဘာလ နှောင်းပိုင်းမှာ ထုတ်ပြန်ခဲ့ပါတယ်။

စိုက်ပျိုးရေးထွက်ကုန်အပင်နှင့်အပင်ထွက်ပစ္စည်းများ တင်ပို့တင်သွင်းခြင်းနဲ့စပ်လျဉ်း၍ Phytosanitary Certificate (PC) နဲ့ တင်သွင်းခွင့်ထောက်ခံချက် Import Certificate (IC) ပါမှသာ တင်သွင်းခွင့်လိုင်စင် ထုတ်ပေးရန် စိုက်ပျိုးရေးဦးစီးဌာနမှ ၂၀၁၄ ခုနှစ် နိုဝင်ဘာလအတွင်းက ထုတ်ပြန်ခဲ့ပါတယ်။

၂၀၁၅ ခုနှစ် မတ်လအတွင်းမှာတော့ PCကို Quarantine Entry Point သို့မျိုးစေ့ရောက်ရှိချိန်မှသာ တင်ပြခွင့်ပြုရန် မျိုးစေ့တင်သွင်းသည့်ကုမ္ပဏီများရဲ့တင်ပြချက်အရ IC ပါရှိပါကတင်သွင်းခွင့်လိုင်စင်ကို မတ်လ ၂၃ ရက်နေ့မှ စတင် ခွင့်ပြုပေးနေပြီဖြစ်ပါတယ်။

ကုန်သည်များရဲ့ တောင်းဆိုချက်အရ Reconditioned Bicycle အစား Used Bicycle များကို ၂၀၁၃ ခုနှစ် ဇန်နဝါရီလမှစ၍ တစ်နှစ်ချင်း စမ်းသပ်တင်သွင်းခွင့်ပြုထားခြင်းကို ၂၀၁၅ ခုနှစ် ဇန်နဝါရီလမှ ဒီဇင်ဘာလကုန်ထိ တတိယအကြိမ် စမ်းသပ်ကာလအဖြစ်သတ်မှတ်ပေးထားပါတယ်။

လက်ရှိပြောင်းလဲတိုးတက်လာသော စီးပွားရေးအခြေအနေအရ နိုင်ငံခြားသားဝင်ရောက်မှုများပြားလာခြင်း၊ ပြည်တွင်းဈေးကွက်လိုအပ်ချက်ရှိခြင်းတို့ကြောင့် နိုင်ငံခြားဖြစ် ဝိုင်အမျိုးမျိုးကို မတ်လ ၁၇ ရက်မှကစပြီး ပြည်ပမှတရားဝင်တင်သွင်းခွင့်ပြုပေးခဲ့ပါတယ်။

ပြည်ပမှတင်သွင်းခွင့်ပြုတဲ့ လုပ်ငန်းသုံးယာဉ်၁၃ မျိုး (EXCAVATOR, BULLDOZER, WHEEL LOADER, VIBRATORY ROLLER, CLAMP LOADER, MOTOR GRADER, ROAD ROLLER COMPACTOR, BRIDGE CRANE, GRANTY CRANE, TOWER CRANE, PILING MACHINE, CRAWLLER DRILL/CRANE, OVERHEAD TRAVELLING CRANE) အတွက် ထုတ်လုပ်သည့် ခုနှစ်ကို လွန်ခဲ့သော နှစ် ၂၀အတွင်းကထုတ်လုပ်သော ယာဉ်များအား ဖြေလျှော့တင်သွင်းခွင့်ကို မတ်လအတွင်းမှာ စတင်ခွင့်ပြုခဲ့ပါတယ်။သာမန်အားဖြင့် လွန်ခဲ့တဲ့ ၁၀ နှစ်အတွင်းကထုတ်လုပ်တဲ့ယာဉ်များကိုသာ တင်သွင်းခွင့်ပြုထားတာဖြစ်ပါတယ်။

မော်တော်ယာဉ်အပ်ကုန်စနစ် (Consignment Basis) ဖြင့် တင်သွင်းလာသူများအတွက် စည်းကမ်းချက်များကို မတ်လအတွင်းမှာ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ အမိန့်ကြော်ငြာစာ ၁၉/၂၀၁၅နှင့် ထုတ်ပြန်ခဲ့ပါတယ်။

မော်တော်ယာဉ် အရောင်းပြခန်း (Show Room) တွင်ရောင်းချရန် မော်တော်ယာဉ် တင်သွင်းသူများလိုက်နာရမယ့် စည်းကမ်းချက်များကို မတ်လအတွင်းမှာ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနရဲ့ အမိန့်ကြော်ငြာစာ ၂၀/၂၀၁၅ နှင့်ထုတ်ပြန်ခဲ့ပါတယ်။

**ပန်**

# မြန်မာနိုင်ငံသည် အိန္ဒိယနိုင်ငံအတွက် အလွန်တန်ဖိုးရှိသော အိမ်နီးချင်းနိုင်ငံဖြစ်သည် ဟုဆို

အိန္ဒိယနိုင်ငံအရှေ့မြောက် နယ်မြေများဖြစ်တဲ့ မဏိပူရပြည်နယ်၊ နာဂလင်း၊ မီဇိုရမ်၊ အာရူနာပရာဒေ့ရှ်တို့သည် မြန်မာနိုင်ငံ နယ်စပ်နယ်နိမိတ်နဲ့ ထိစပ်နေသော ပြည်နယ်များဖြစ်သောကြောင့် အိန္ဒိယအနေနဲ့ အရှေ့တောင်အာရှနိုင်ငံများနဲ့ ကုန်သွယ်ရာမှာ အလွန်အရေးပါကြောင်း၊ ၎င်းတို့အနက် မဏိပူရပြည်နယ်ဟာ အရှေ့တောင်အာရှနိုင်ငံများနဲ့ ကုန်သွယ်ရာမှာ အရေးပါသောကြောင့် အိန္ဒိယ-မြန်မာနယ်စပ်ဖွံ့ဖြိုးရေးအတွက် မြို့ကိုနိုင်ငံတကာအဆင့်မီ မြို့တစ်မြို့အဖြစ် တည်ဆောက်သွားမည်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံသည် အိန္ဒိယနိုင်ငံအတွက် အလွန်တန်ဖိုးရှိသော အိမ်နီးချင်းနိုင်ငံဖြစ်ကြောင်း ဧပြီလ ၁ ရက်နေ့ထုတ် Sangai Express မှာ ဖော်ပြထားပါတယ်။

မဏိပူရပြည်နယ်မှာ စားသောက်ကုန်ထုတ်လုပ်မှု လုံလောက်မှုမရှိတဲ့အတွက် အိမ်နီးချင်း မြန်မာနယ်စပ်မှ အိန္ဒိယနိုင်ငံ ပြည်နယ်များအတွက် တင်သွင်းနေရကြောင်း၊ ပြည်နယ်အစိုးရအနေနဲ့ စားသောက်ကုန်ထုတ်လုပ်မှုနဲ့ ပတ်သက်၍ ဆောင်ရွက်ပေးရန်လိုအပ်ကြောင်း၊ စားသောက်ကုန်ထုတ်လုပ်မှု အားကောင်းလာပါက ပြည်နယ်ရဲ့ ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြုစေမယ်လို့ ဧပြီလ ၃ ရက်နေ့ထုတ် The Sangai Express သတင်းစာမှာ ဖော်ပြထားပါတယ်။

**ခင်စန်းရီ၊ တမူး**

# တာချီလိတ်ဒေသထွက် နာနတ်သီးများကို တရုတ်နိုင်ငံသို့တင်ပို့ပြီ



တာချီလိတ်ဒေသတွင် နာနတ်သီးများကို နှစ်စဉ်ရာသီမရွေး စိုက်ပျိုးထွက်ရှိနေသော်လည်း တစ်ဖက်နိုင်ငံမှ ဝယ်လိုအားမရှိ၍ တင်ပို့နိုင်ခြင်းမရှိခဲ့သော်လည်း ၂၀၁၅ ခုနှစ် ဧပြီလမှစ၍ တရုတ်ဖက်မှ ဝယ်ယူလိုကြောင်း ကမ်းလှမ်းလာတာကို တွေ့ရပါတယ်။ တာချီလိတ်ဒေသမှ ထွက်ရှိတဲ့ နာနတ်သီးတွေကို တရုတ်ဖက်မှ အဝယ်ကမ်းလှမ်းလာတာကြောင့် မိုင်းလားနယ်စပ်မှတစ်ဆင့် ပထမအကြိမ် တန် ၅၀ စတင်ဈေးကွက်ထိုး ဖောက်နေပြီဖြစ်ပါတယ်။ တာချီလိတ်ဒေသက ထွက်ရှိတဲ့ နာနတ်သီးမှာ အလုံးသေးတာကြောင့် တစ်ကီလိုလျှင် သုံးလေးလုံးပါရှိပြီး ဒေသတွင်းရောင်းချပါက တစ်ကီလိုလျှင် ၂၀၀ ကျပ်ခန့်သာ ရရှိသော်လည်း တရုတ်နိုင်ငံသို့ တင်ပို့ရောင်းချပါက တစ်ကီလိုလျှင် ၁ ဒသမ ၆ ယွမ်၊ မြန်မာကျပ်ငွေ ၂၄၀ ခန့်ရရှိနေသဖြင့် တာချီလိတ်ဒေသမှ စိုက်ပျိုးသူ တောင်သူများ တွက်ခြေကိုက်နေကြောင်း ပို့ကုန်မြှင့်တင်ရေးအတွက် သတင်းကောင်း ပါးလိုက်ရပါတယ်။

ကသရ တခလ

# ကျပ် ၂၁ သိန်းကျော်ခန့်မှန်းတန်ဖိုးရှိ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ စစ်ဆေးမှုပြုမထားတဲ့ အေးခဲဘဲသားများ စစ်ဆေးတွေ့ရှိဖျက်ဆီးခဲ့



မူဆယ် (၁၀၅) မိုင် ကုန်သွယ်ရေးဇုန် ထုတ်နှုတ်အင်အား Mobile Team အဖွဲ့မှ ဒုတိယညွှန်ကြားရေးမှူး ဦးစီးသော အဖွဲ့ဟာ မတ်လ ၁၉ ရက် ၁၀း၄၀ ချိန်မှာ မော်တောင်းကျေးရွာအနီး ရှောင်ကွင်းလမ်းမှာ အကောက်ခွန်မဲ့ တရားမဝင်သယ်ဆောင်လာတဲ့ အေးခဲဘဲသားများကို စစ်ဆေးတွေ့ရှိခဲ့ရတဲ့အတွက် တားဆီးပြီး စာရွက်စာတမ်း အထောက်အထားများ တောင်းခံရာမှာ တင်ပြနိုင်ခြင်းမရှိတဲ့အပြင် မွေးမြူရေးနှင့်ကုသရေး ဦးစီးဌာနမှ ကြက်ငှက်တုပ်ကွေး အပါအဝင် စားသုံးရန်သင့်မသင့် စစ်ဆေးထားခြင်းလည်း မရှိတဲ့အတွက် အေးခဲဘဲသား ၇၀ အိတ် ၁၀၅၀ ကီလိုဂရမ်၊ ခန့်မှန်း တန်ဖိုးကျပ် ၂၁၀၀၀၀၀ (ကျပ်နှစ်ဆယ့် တစ်သိန်း) အား သိမ်းဆည်း၍ အကောက်ခွန် အမှုတွဲဖွင့်လှစ်ပြီး မူဆယ်မြို့နယ် အကောက်ခွန်ဦးစီးဌာနသို့ လွှဲအပ်ခဲ့တယ်လို့သိရပါတယ်။

အဆိုပါ အေးခဲဘဲသားများကို မတ်လ ၂၀ ရက်နေ့ ၁၅း၀၀ ချိန်ခန့်မှာ မူဆယ်မြို့နယ် အကောက်ခွန်ရုံးဝန်းအတွင်း မူဆယ်မြို့နယ် အကောက်ခွန် ဦးစီးဌာနမှ ဦးစီး၍ Mobile Team အဖွဲ့ဝင်ဌာန ကိုယ်စားပြု ကိုယ်စားလှယ်များ ပါဝင်သော ဌာနဆိုင်ရာပူးပေါင်းအဖွဲ့က မြေမြှုပ်ဖျက်ဆီးပြီး ဖြစ်တယ်လို့ သတင်းရရှိပါတယ်။

■

# ကားပစ္စည်းများနဲ့ လူသုံးကုန်ပစ္စည်းများ မူဆယ် Mobile Team မှ သိမ်းဆည်းရမိ

မူဆယ်-အေးရှားဝေါတိုးဂိတ် ပြည်ထောင်စုလမ်းမကြီးပေါ်ရှိ ကွတ်ခိုင်-မန်း ယာဉ် 8Z/xxxx ပေါ်မှ ဧပြီလ ၉ ရက် ၂၀း၀၀ ချိန်မှာ ကားပစ္စည်းများဖြစ်တဲ့ ကားငွေ ကိုးငွေ၊ အမ်မေချာတုံး အသေး ၁၅ ခု၊ အကြီး ၁၈၈ ခု၊ ပင်နီယံ ၉၁ ထုပ်၊ မီးခလုတ် နှစ်ထုပ်၊ ရေဒီယို ၃၈၉ လုံး၊ ကားတီဗွီ ၃၀ လုံး၊ ဟန်းဆက် (ကေတူးကေ) ၂၃၂၀ လုံး၊ မူလီ ၂၃ အိတ်၊ နို့မှုန့် ၁၉ အိတ်၊ ပိုက်ဆံအိတ် အတို/အရှည် ၂၁၄ လုံး၊ လယ်သာတု ပိုက်ဆံအိတ် ၃၀၈ လုံးတို့အား အကောက်ခွန်မဲ့ သိမ်းဆည်းရမိခဲ့ပါတယ်။

အလားတူထိုနေရာတွင်ပင် ၂၀း၁၀ ချိန်၌ ရောဝတီမှန်လုံယာဉ် ၉ခ/ xxxx ပေါ်မှ ဆိုင်ကယ်တာယာ ၂၀ လုံး၊ ကားပန်ကာ လေးခု၊ လက်တင်ကိုင်း ၃၉၀ ခု၊ ကားရှေ့ဘား ၃၂ ချောင်း၊ ဆိုင်ကယ်ပစ်စတင် ၄၀၀ ခု၊ ကားမှန်တင်ချမော်တာ ၁၀ ခု၊ Turbo Changer လေးလုံး၊ ကားခြေနင်းခုံ ၂၀ ခု၊ Aircorn ရေတိုင်ကီ သုံးခု၊ Filter ၇၂ ခု၊ Flarg ၂၄ ခု၊ ကားဘီးအလှဆင်ပစ္စည်း ၁၀ ခု၊ မူလီ ၁၅ ထုပ်၊ အင်ဂျင် အထိုင်တုံး ခုနစ်ခု၊ ဘော ၁၀ ခုတို့နဲ့ ဦးထုပ် ငါးထုပ်အား သိမ်းဆည်းရမိခဲ့တဲ့အတွက် မူဆယ်အကောက်ခွန်ဦးစီးဌာနသို့ လုပ်ထုံးလုပ်နည်းနဲ့အညီ အကောက်ခွန်အမှုတွဲဖွင့်အပ်နှံခဲ့တယ်လို့သိရပါတယ်။

**MIRT**

# တရားမဝင် တင်ဆောင်လာတဲ့ မြေပဲအိတ်များကို မူဆယ် မောင်းတံရှောင်ကွင်းလမ်းပေါ်တွင် သိမ်းဆည်းရမိ

မူဆယ် (၁၀၅) မိုင် ကုန်သွယ်ရေးဇုန်စခန်းထုတ်နုတ်အင်အား Mobile Team မှ ဒုတိယညွှန်ကြားရေးမှူး ဦးစီးတဲ့ အဖွဲ့ဟာ ဧပြီလ ၉ ရက်နေ့က ကုန်သွယ်ရေးဇုန်အလွန် မူဆယ်မောင်းတံရှောင်ကွင်းလမ်းပေါ်မှာ တရားမဝင် တင်ဆောင်လာတဲ့ 9F/xxxx မှ ယာဉ်ပေါ်မှ မြေပဲအိတ်များကို စစ်ဆေးတွေ့ရှိ သိမ်းဆည်းရမိခဲ့ပါတယ်။ အဆိုပါ သိမ်းဆည်းရမိ မြေပဲအိတ်များအား မူဆယ်မြို့နယ် အကောက်ခွန်ဦးစီးဌာနသို့ အဖွဲ့စုံဖြင့် လွှဲပြောင်းအပ်နှံပြီး အကောက်ခွန်အမှုတွဲ ဖွင့်လှစ်နိုင်ခဲ့တယ်လို့သိရပါတယ်။

**MIRT**

# မြဝတီ၊ ကော့သောင်းနဲ့ မြိတ်နယ်စပ်စခန်းများမှ ရေထွက်ကုန် ကန်ဒေါ်လာ ၁၂ သန်းကျော် တင်ပို့

မြန်မာ-ထိုင်းနယ်စပ်ရှိ မြဝတီကုန်သွယ်ရေးဇုန်၊ ကော့သောင်းနယ်စပ်ကုန်သွယ်ရေး မြိတ်နယ်စပ်ကုန်သွယ်ရေးစခန်းများမှ မတ်လအတွင်း ကန်ဒေါ်လာ ၁၂ ဒသမ ၁၆၉ သန်းတန်ဖိုးရှိ ရေထွက်ကုန် ၁၁၂၂၈ တန်ကျော်တင်ပို့နိုင်ခဲ့ပါတယ်။ မြဝတီကုန်သွယ်ရေးဇုန်အနေနဲ့ မတ်လအတွင်း ကန်ဒေါ်လာသုည ဒသမ ၈၁၁ သန်းတန်ဖိုးရှိ ရေထွက်ကုန်များဖြစ်သော ငါးမျိုးစုံ တန် ၁၃၀ ကျော်၊ ပုစွန် ၅ တန်ကျော်၊ ကဏန်း ၃၆ တန်ကျော်၊ ကမာခွံ တန် ၇၀၊ ငါးရှဉ့် ၄ တန်ကျော်တင်ပို့နိုင်ခဲ့ပါတယ်။ကော့သောင်းနယ်စပ် ကုန်သွယ်ရေးစခန်းမှလည်း ကန်ဒေါ်လာ ၃ ဒသမ ၄၃၅ သန်းတန်ဖိုးရှိ ငါးမျိုးစုံ ၄၀၀၉ တန်ကျော်၊ ပုစွန် ၁၇ တန်ကျော် ၊ ကဏန်း ၁ တန်၊ ပင်လယ်ငါးရှဉ့် ၁၃ တန် နီးပါး၊ ရေဘဝဲ ၅ တန်ကျော်၊ကင်းမွန် ၈၉ တန်ကျော် ခရုခွံအနည်းငယ်တင်ပို့နိုင်ခဲ့ပါတယ်။မြိတ်နယ်စပ်စခန်းကတော့ ကန်ဒေါ်လာ ၇ ဒသမ ၉၂၃ သန်း တန်ဖိုးရှိ ရေငန်ပုစွန် ၁၅၇ တန်ကျော် ၊ ကင်းမွန် ၉ တန်နီးပါး၊ ကဏန်းပျော့ ၆၅ တန်၊ ကဏန်းသေးအသေ ၅ တန်နီးပါး၊ ငါးခြောက် ၄ တန်ကျော်၊ ငါးမျိုးစုံ ၅၅၄၇ တန်ကျော်၊ ငါးမှုန့်တန် ၉၈၀ ၊ ပုစွန်ခြောက် ၁၀ တန်ကျော်၊ သဲကဏန်းတန် ၃၀ ကျော်၊ ကဏန်းနီ ၃၅ တန်ကျော်နဲ့ ကင်းမွန်ပြုတ်အနည်းငယ်တင်ပို့နိုင်ခဲ့ပါတယ်။

**ခင်မြနွယ် MIRT**

# ယာဉ်နှစ်စီးပေါ်မှ ကျောက်စိမ်းလို့ ယူဆရတဲ့ ကျောက်တုံးအရွယ်မျိုးစုံနဲ့ ကျောက်အပိုင်းပြားများ သိမ်းဆည်းရမိ

မူဆယ်-မန္တလေးလမ်းကြောင်း တလျှောက်တွင် တာဝန်ထမ်းဆောင်လျက်ရှိတဲ့ Mobile Team လရ-၁ အဖွဲ့ဟာ ဧပြီလ ၁၀ ရက်နေ့က မန္တလေးမှ မူဆယ်သို့ သွားရောက်မည့် 3C/xxxx ယာဉ်အား သွားရောက် စစ်ဆေးရာ တရားမဝင်တင်ဆောင်လာတဲ့ ကျောက်စိမ်းဟုယူဆရတဲ့ ကျောက်တုံးအရွယ်မျိုးစုံအား စစ်ဆေးတွေ့ရှိခဲ့ပါတယ်။ အလားတူ ဧပြီလ ၁၂ ရက်တွင်လည်း မန္တလေးမှ မူဆယ်သို့ သွားရောက်မည့် ယာဉ်အမှတ် 4F/xxxx အား ဝင်ရောက်စစ်ဆေးရာ ယာဉ်အောက်တွင် အံဝှက်ပြုလုပ်ပြီး တရားမဝင် သယ်ဆောင်လာတဲ့ ကျောက်စိမ်းဟု ယူဆရတဲ့ ကျောက်တုံးများနဲ့ ကျောက်အပိုင်းပြားများအား ရှာဖွေတွေ့ရှိပါတယ်။ အဆိုပါ ယာဉ်များအား Mobile Teamအဖွဲ့ စုံဖြင့် အသေးစိတ်ဖွင့် ဖောက်စစ်ဆေးစဉ် ယာဉ်မောင်းမှာ ထွက်ပြေးတိမ်းရှောင်သွားတယ်လို့သိရပါတယ်။ သိမ်းဆည်းရမိ ကျောက်စိမ်းဟုယူဆရတဲ့ ကျောက်တုံးများနဲ့ တင်ဆောင်လာတဲ့ ယာဉ်အား အကောက်ခွန် အမှုတွဲဖွင့်လှစ်ပြီး အကောက်ခွန်ဦးစီးဌာနသို့ လွှဲပြောင်းအပ်နှံပြီး ဖြစ်တယ်လို့သိရပါတယ်။

**MIRT**

# လမ်းဘေးတောအုပ်အတွင်း တရားမဝင်သစ်များတင်ဆောင်ထားတဲ့ ခြောက်ဘီးတပ် မော်တော်ယာဉ်များအား သိမ်းဆည်းရမိ



တရားမဝင်သစ်များ မိုင်းဖြတ်မှ ဖြတ်သန်းသယ်ဆောင်မယ့်သတင်းရရှိတဲ့ အတွက် တာချီလိတ် နယ်စပ်ကုန်သွယ်ရေးစခန်း၊ ကျိုင်းတုံနယ်စပ်ကုန်သွယ်ရေးစခန်းတို့ ပူးပေါင်း၍ တောထဲတွင် ခိုအောင်းနေတဲ့ တရားမဝင်သစ်တင်ယာဉ်များအား တားဆီးရန် ဆောင်ရွက်ခဲ့ကြတယ်လို့သိရပါတယ်။

တားဆီးမယ့် Mobile Team အဖွဲ့များဟာ တောအုပ်အတွင်း သစ်ကားများ ပုန်းအောင်းနေကြောင်း သိရှိရတဲ့ အတွက်ဧပြီလ ၂၀ ရက် ၀၉း၃၀ ချိန်ခန့်မှာ တာချီလိတ် နယ်စပ်စခန်းတာဝန်ခံဦးစီးတဲ့အဖွဲ့ဟာ မော်တော်ယာဉ်လေးစီးနဲ့ မယ်ယန်း စခန်းမှစတင်ထွက်ခွာပြီး တာချီလိတ်-ဘူရှီး-မိုင်းဆက်မြေသားလမ်းအတိုင်း ဝင်ရောက်ခဲ့ရာ ၁၁း၀၀ ချိန်ခန့်မှာ တာချီလိတ်မှ ၃၂ မိုင်ခန့် အကွာ လမ်းဘေးတောအုပ်အတွင်း မိုးကာအုပ်၍ သိုဝှက်ထားတဲ့ တရားမဝင်သစ်များတင်ဆောင်ထားတဲ့ ခြောက်ဘီးတပ်မော်တော်ယာဉ်သုံးစီးအား ပိုင်ရှင်မဲ့ သိမ်းဆည်းနိုင်ခဲ့တယ်လို့သတင်းရရှိပါတယ်။

အလားတူ ကျိုင်းတုံနယ်စပ်ကုန်သွယ်ရေးစခန်းတာဝန်ခံဦးစီးတဲ့အဖွဲ့ဟာ မိုင်းဖြတ်-ဘူရှီး-မိုင်းဆက်လမ်းကြောင်းအတိုင်း တပြိုင်တည်း ဝင်ရောက်ခဲ့ရာမှာ ၁၀း၃၀ ချိန်ခန့်မှာ မိုင်းဖြတ်မြို့မှ ၁၀ မိုင်ခန့် အကွာလမ်းဘေးတောအုပ်အတွင်း မိုးကာအုပ်၍ ဝှက်ထားသော တရားမဝင်သစ်များတင်ဆောင်ထားတဲ့ခြောက်ဘီးတပ်မော်တော်ယာဉ်သုံးစီးအား ပိုင်ရှင်မဲ့သိမ်းဆည်းရမိခဲ့တယ်လို့သတင်းရရှိပါတယ်။

တာချီလိတ်နယ်စပ်ကုန်သွယ်ရေးအဖွဲ့က ရှာဖွေရမိယာဉ်သုံးစီးပေါ်မှ ပိတောက်သားခွဲသား ၈၄ ချောင်း ၁၁ ဒသမ ၃၁၃ တန်၊ ပိတောက်သစ်လုံးခြောက်လုံး ၃ ဒသမ ၈၆၈ တန် စုစုပေါင်း ၁၅ ဒသမ ၁၈၁ တန်ကို လည်းကောင်း၊ ကျိုင်းတုံ နယ်စပ်ကုန်သွယ်ရေးအဖွဲ့က ရှာဖွေသိမ်းဆည်းရမိယာဉ် သုံးစီးပေါ်မှ ပိတောက်ခွဲသား ၈၆ ချောင်း ၁၁ ဒသမ ၅၆၂ တန်၊ ပိတောက်သစ်လုံး ခြောက်လုံး ၃ ဒသမ ၆၆၈ တန်၊ စုစုပေါင်း ၁၅ ဒသမ ၂၃၀ တန်ကိုလည်းကောင်း ၊ ခြောက်ဘီးတပ်ယာဉ် ခြောက်စီးနဲ့အတူ သိမ်းဆည်းရမိခဲ့တယ်လို့ သိရပါတယ်။ စစ်ဆေးတွေ့ရှိသိမ်းဆည်းရမိခဲ့သော သစ်များနဲ့ တင်ဆောင်လာတဲ့ မော်တော်ယာဉ်ခြောက်စီးတို့အား လုပ်ထုံးလုပ်နည်းနဲ့အညီ အကောက်ခွန်အမှုတွဲဖွင့်လှစ်သိမ်းဆည်းသွားမယ်လို့ ရှေ့ပြေးသတင်းများ ရရှိခဲ့ပါတယ်။

**MIRT**

## ကုန်သွယ်ရေးဦးစီးဌာန မူဆယ်နယ်စပ်ကုန်သွယ်ရေးစခန်း Mobile Team အဖွဲ့က မီးသွေးအိတ်၊ သစ်တုံး၊ သစ်ကြမ်းခင်းပြားအရွယ်စုံ ရှာဖွေသိမ်းဆည်းရမိ

ဧပြီလ ၉ ရက်နေ့ ၁၉း၀၀ ချိန်မှာ ကုန်သွယ်ရေးဇုန်အလွန် Asia World Toll Gate အနီး ပြည်ထောင်စုလမ်းမကြီးပေါ်မှာ ရတနာထွန်း မှန်လုံယာဉ်ပေါ်မှ တမလန်းလို့ယူဆရတဲ့ သစ်တုံး သုံးပေရှိ အတုံး ၂၃ တုံးနဲ့ သစ်ကြမ်းခင်းပြား အရွယ်စုံ ၄၅၂ ပြားတို့အား စခန်းထုတ်နုတ်အင်အား Mobile Team အဖွဲ့မှ စစ်ဆေးတွေ့ရှိသိမ်းဆည်း ရမိခဲ့တယ်လို့ သတင်းရရှိပါတယ်။ အဆိုပါ သစ်တောထွက်ပစ္စည်းများနဲ့ ပစ္စည်းတင်ဆောင်သောယာဉ်တို့အား အကောက်ခွန်ဦးစီးဌာနသို့ လွှဲပြောင်းအပ်နှံသွားမယ်လို့သိရပါတယ်။

ဧပြီလ ၁၀ ရက်နေ့ ၀၇း၅၅ ချိန်မှာ မူဆယ် Asia World Toll Gate နမ့်ခွမ်ရွာအနီးမှာ စုပုံထားသော မီးသွေးအိတ် ၉၄၀ အား မူဆယ်စခန်းထုတ်နုတ် Mobile Team အဖွဲ့က ပိုင်ရှင်မဲ့ သိမ်းဆည်းရမိခဲ့တယ်လို့ သိရပါတယ်။ သိမ်းဆည်းရမိပစ္စည်းများကို အဖွဲ့စုံဖြင့် မူဆယ်အကောက်ခွန်ဦးစီးဌာနသို့ ဆက်လက်အပ်နှံသွားမယ်လို့သိရပါတယ်။

**MIRT**

## ကုန်တင်ယာဉ်ပေါ်မှ အမဲသားခြောက်များ စစ်ဆေးတွေ့ရှိ

မူဆယ်-မန္တလေး ကုန်သွယ်မှုလမ်းကြောင်းပေါ်မှ စားသုံးသူအကာအကွယ်ပေးရေးနဲ့ တရားမဝင် ကုန်သွယ်မှု တားဆီးထိန်းချုပ်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိတဲ့လရ-၁ အဖွဲ့ဟာဧပြီလ ၅ ရက်နေ့ ၁၃း၀၀ ချိန်မှာ မန္တလေး-မူဆယ်လမ်းကြောင်းအတိုင်း မောင်းနှင်လာပြီး ဝင်ရောက်စစ်ဆေးခံသော ခူဝံမှန်လုံယာဉ် 4C/xxxx အားရှာဖွေစစ်ဆေးရာမှာ အမဲသားခြောက် ခြောက်အိတ်အား သိမ်းဆည်းရမိခဲ့ပါတယ်။ အကောက်ခွန် အမှုတွဲဖွင့်လှစ်ပြီး မြို့နယ်စည်ပင်သာယာရေးအဖွဲ့သို့စနစ်တကျလွှဲပြောင်းပေးအပ်ထားတယ်လို့ သတင်း ရရှိပါတယ်။

ဧပြီလ ၉ ရက်နေ့ ၁၅း၃၀ အချိန်မှာလည်း မူဆယ်မှ မန္တလေးသို့ ဦးတည်မောင်းနှင်တဲ့ဗင်ကား FF/xxxx အားစစ်ဆေးရာမှာ အများပြည်သူသုံးစွဲရန် မသင့်တော်သော ဒုတ်ခါး၊ ခါးမြောင်၊ ခါးရှည်၊ ခေါက်ချိုး ခါးမြောင်၊ သံလက်သီးစွပ်များအား သိမ်းဆည်းရမိခဲ့တယ်လို့ သတင်းရရှိခဲ့ပါတယ်။

ဒ့ါအပြင် ဧပြီလ ၁၀ ရက် ၀၂း၃၀ ချိန်မှာ မန္တလေး-လားရှိုး လမ်းကြောင်းအတိုင်း ဝင်ရောက်စစ်ဆေးခံတဲ့ ရဲမာန်အောင် မှန်လုံယာဉ် ၄ခ/xxxx ပေါ်မှ သစ်ခွပန်းခြောက် ငါးအိတ်အား အကောက်ခွန်မဲ့ တရားမဝင် တင်ဆောင်လာသည်ကို ဖမ်းဆီးရမိခဲ့တဲ့အတွက် လုပ်ထုံးလုပ်နည်းနဲ့အညီ အကောက်ခွန်အမှုတွဲဖွင့်၍ သစ်တောဦးစီးဌာနသို့ လွှဲပြောင်းပေးအပ်သွားမယ်လို့ သိရပါတယ်။

**MIRT**

# လျှပ်စစ်ပစ္စည်းများနဲ့ လူသုံးကုန်ပစ္စည်းများအား ကုန်တင်ယာဉ်လေးစီးပေါ်မှ စစ်ဆေးတွေ့ရှိ



မြဝတီ-ရန်ကုန် ကုန်သွယ်မှုလမ်းကြောင်းတွင် တရားမဝင် ကုန်သွယ်မှု တားဆီးထိန်းချုပ်ရေးနဲ့ စားသုံးသူအကာအကွယ်ပေးရေးလုပ်ငန်းများ ဆောင်ရွက်နေသော Mobile Team လရ-၂ အဖွဲ့ကို သတင်းပေး တိုင်ကြားချက်အရ မတ်လ ၂၇ ရက်နေ့မှာ မော်တော်ယာဉ်လေးစီးအား ညောင်ခါး ရှည်၌ တားဆီးနိုင်ခဲ့တယ်လို့ သိရပါတယ်။

မြဝတီမှ သွင်းကုန်ပစ္စည်းများကို လိုင်စင်/ID ဖြင့်ကြေညာတင်ဆောင်လာသော မော်တော်ယာဉ်များတွင် တရားမဝင်/အကောက်ခွန်မဲ့ပစ္စည်းများ တင်ဆောင်မှုရှိနေကြောင်း တရားမဝင်ကုန်သွယ်မှုတားဆီးထိန်းချုပ်ရေး ဗဟိုကော်မတီသို့ သတင်းပေးခဲ့တာဖြစ်ပါတယ်။

သတင်းပေးတိုင်ကြားချက်အရ တားဆီးခဲ့သော ယာဉ်လေးစီးမှာ သွင်းကုန်လိုင်စင်၊ သွင်းကုန်ကြေညာလွှာ (ID)ထက်ပိုမိုတင်ဆောင်လာခြင်း၊ အကောက်ခွန်မဲ့ပစ္စည်းများပါရှိခြင်းတို့ကြောင့် ညောင်ခါးရှည်တွင် စစ်ဆေးပါက မလိုလားအပ်သော အုပ်ချုပ်မှုကိစ္စများ ပေါ်ပေါက်လာနိုင်တာကြောင့် ရန်ကုန်-ဆူးလေဆိပ်ကမ်း မြေပြင်ချစစ်ဂိုဒေါင်ဝင်းသို့ ပို့ဆောင်စေလွှတ်ပြီး အထူးစစ်ဆေးရေးအဖွဲ့ဖွဲ့စည်းစစ်ဆေးခဲ့ရာမှာ တရားမဝင်အကောက်ခွန်မဲ့ တင်သွင်းလာတဲ့ပစ္စည်းများကို စစ်ဆေးတွေ့ရှိခဲ့တယ်လို့သိရပါတယ်။ ဖမ်းဆီးရမိတဲ့ပစ္စည်းများမှာ- ဂြိုလ်တုရုပ်သံဖမ်းစက် Digital Receiver ၁၁၀၀ စုံ၊ စလောင်ဗန်း PSI 2' ၁၁၀၀ ခု၊ စလောင်းဒေါက် ၁၁၀၀ ခု၊ စလောင်းထိပ်ဖူး ၁၁၀၀ ခု၊ စလောင်းဖမ်းစက် ၁၁၀၀ ခု၊ Water Cooler ၄၈ လုံး၊ Speaker ၃၃၂လုံး၊ Coaxial Cable ၁၅၈၄ ဒသမ ၈ ကီလိုဂရမ်၊Export စားပွဲတင်ပန်ကာ ၁၂လက်မ ၂၂၇ လုံး၊ စားပွဲတင်ပန်ကာ ၁၆လက်မ ၄၀လုံး အဝတ်လျှော်စက် Fully Auto ၃၂ လုံး၊ အဝတ်လျှော်စက် Semi Auto ၆ လုံး၊ Synthetic Cotton Fabric(ပြောင်) ၆၈၂ ကီလိုဂရမ်၊ အမျိုးသမီးဝတ်ထမီ ၁၂၆ ထုပ်၊ နိုင်လွန်ဇာ ၁၉ ထုပ်၊ အဝတ်အစားဟောင်း ဘေထုပ် ၈၀ ထုပ်၊ နို့မှုန့်(Nestle) ၁၂၀ ကီလိုဂရမ်၊ ခေါက်ဆွဲထုတ် ၁၀၉ ဖာ၊ ပါရာစီတမော(1 x 500x 100 )၁၅ Pkg နဲ့ တာပင်တိုင်ဆီ ၂၄၀ ပုံး တို့ဖြစ်ကြပါတယ်။

အဆိုပါ စစ်ဆေးတွေ့ရှိခဲ့တဲ့ အကောက်ခွန်မဲ့ တင်ဆောင်လာသော ပစ္စည်းများအား ဥပဒေ လုပ်ထုံး လုပ်နည်းနဲ့အညီ အကောက်ခွန်အမှုတွဲ ဖွင့်လှစ်ဆောင်ရွက်သွားမယ်လို့သိရပါတယ်။

**MIRT**

Vol: 15, No.15 Monday April 27 2015

# ပို့ကုန် သွင်းကုန်
# ချိန်ခွင်လျှာညီဖို့
# ကြိုးစားကြပါစို့

|မြင့်ဦး-ပခုက္ကူ|



ယခုတင်ပြမယ့် စာစုလေးဖြစ်လာပုံက ဒီနှစ်သင်္ကြန်အကြိုနေ့ ကိုယ်လဲ အိမ်မှာရှိတဲ့စာအုပ်၊ ဂျာနယ်၊ မဂ္ဂဇင်း၊ သတင်းစာတွေဘေးမှာ စုပုံလို့ ဟိုဟာဖတ်လိုက် ဒီဟာဖတ်လိုက်၊ ဟိုဟာမှတ်လိုက် ဒီဟာ မှတ်လိုက်လုပ်နေတုန်း ဈေးသည်တစ်ဦးဝင်လာပါတယ်။ အိမ်ရှင်မ ဈေးဝယ်တယ်ဆိုကြပါစို့၊ သင်္ကြန်အတွင်းကာလတစ်ခုမှာ ဈေးကြီး ပိတ်တာဆိုတော့ ကြိုဝယ်သင့်တာဝယ်တာပေါ့ဗျာ၊ အသီးအရွက်နည်း နည်းစီ၊ အသားစို၊ အသားခြောက် ဟိုနည်းနည်း ဒီနည်းနည်းဝယ်ပါ တယ်။ ဈေးဝယ်တာ ဘာဆန်းသလဲ မဆန်းပါဘူး။ ကိုယ်ကဘေးက ကြည့်နေတာဆိုတော့ မဆန်းပေမယ့်ထူးတာလေးတွေမြင်နေရတယ် ဗျာ။ ဈေးသည်ရဲ့ ချိန်ခွင်လျှာဘောင်ပိတ် အထွက်ဆို ဒါချိန်ခွင်‘မ’ပုံ၊ ချိန်ခွင်လျှာကို လက်ခလယ်နဲ့ ထိန်းပုံ၊ မပြည့်လို့ ထပ်ထည့်တဲ့ပစ္စည်း ဖြည်းဖြည်းမထည့်ဘဲ ပစ်ထည့်ပုံ၊ အဲဒီအခိုက် ချိန်ခွင်လျှာအောက် စိုက်ဆင်းသွားပုံ၊ ဒါက ရောင်းသူဈေးသည်အပိုင်း၊ ဝယ်သူအပိုင်း အိမ်ရှင်မက ဘာဖြစ်တယ်၊ ညာဖြစ်တယ်၊ ထပ်တည့်ဦး၊ အဆစ်ထပ် ထည့်မှပေါ့၊ ညည်းအလေးမှန်ရဲ့လား စသည်ဖြင့် အဆုံးသတ်တော့ ရောင်းသူမှာ မနာ၊ ဝယ်သူမသာပဲ ဘယ်လိုပဲ ရောင်းရောင်း ဘယ် လိုပဲ ဝယ်ဝယ် ဈေးသည် ပြန်ထွက်သွားတော့ အိမ်မှာရှိတဲ့ ချိန်ခွင် အလေးနဲ့ ပြန်ချိန်ကြည့်တော့ ထူးဆန်းအံ့ဩဖွယ်ရာ ချိန်ခွင်လျှာဟာ အလယ်တည့်တည့်မှာ ရပ်တည်လို့ဗျာ၊ အဲသူ့အရပ်နဲ့သူ့ဇာတ်တော့ ကိုက်လို့ဗျာ။ သူတို့လည်း သူတို့အလုပ်လုပ် ကိုယ်လည်းကိုယ့်စာကို ဆက်ဖတ် အဲဒီမှာ ဘာသွားတွေ့လဲဆိုတော့ တိုင်းပြည်တစ်ပြည်ရဲ့ ကုန်သွယ်မှုလိုငွေဆိုတာ တိုင်းပြည်ရဲ့ စီးပွားရေးအတွက် အန္တရာယ် ရှိနိုင်၊ မရှိနိုင် အကျိုးဖြစ်ထွန်းမှု ရှိ၊ မရှိဆိုတာ ဖတ်ရပါတယ်။

တိုင်းပြည်တစ်ပြည်၊ နိုင်ငံတစ်နိုင်ငံ ဘယ်မှာမဆို သဘာဝပေး သော ထွက်ကုန်၊ လူတို့အဆင့်ဆင့် ပြုပြင်ဖန်တီးလုပ်ဆောင်ကြတဲ့ ထုတ် ကုန်ဆိုတာ ရှိကြတာပါပဲ၊ ဒါပေမယ့်ကိုယ့်နိုင်ငံရဲ့ ထွက်ကုန်သည် ကိုယ့်ပြည်တွင်းစားသုံးကြတဲ့ လူဦးရေဆိုတာ ရှိနေလေတော့ ပိုမှု လို မှုဆိုတာလည်းရှိမှာပေါ့၊ ဒီတော့ ပိုရင် ရောင်းမယ် လိုရင်ဝယ်မယ် ဒါကပုံမှန်ဖြစ်စဉ်၊ တစ်ခါကိုယ့်နိုင်ငံမှာက လိုနေတဲ့ပစ္စည်း ကိုယ့်နိုင်ငံ အတွင်းက ထွက်ကိုမထွက်ဘူး၊ လိုနေတယ်၊ သတ်သတ်သီးသန့်ကို မှာရတယ်၊ ဒါကတော့အပိုအလိုတန်းညှိလို့မရဘူး၊ ဒီတော့ ဝယ်ကို ဝယ်ရမယ်ဆိုတော့ အလိုသက်သက် ဘာပဲပြောပြော ဖော်ပြပါ အကြောင်း အရာတွေအရ တစ်နိုင်ငံနဲ့ တစ်နိုင်ငံ ကုန်သွယ်မှုပြုရမယ်ဆိုတဲ့ မလွဲ နိုင်တဲ့ သဘာဝအကြောင်းတရား တစ်ခုဖြစ်ပေါ်လာတာပါပဲ။

‘ကောင်းပြီ’ ကုန်သွယ်မှုဆိုတာရဲ့နောက်မှာ ကိုယ့်ပြည်တွင်း မှာပိုလို့ ပို့ရတဲ့ ပို့ကုန်၊ ကိုယ့်ပြည်တွင်းမှာ လိုလို့ သွင်းရတဲ့ သွင်းကုန်၊ ဒီနှစ်ခုနှိုင်းယှဉ်ကြည့်ရင် ဘယ်ဟာက တိုင်းပြည်အတွက် အကျိုးဖြစ် စေတာလည်း လွယ်လွယ်တွေးရင် ကိုယ့်တိုင်းပြည်က ရောင်းရတဲ့ ဘက်က ချိန်ခွင်လျှာသာရင် တိုင်းပြည်ချမ်းသာမှာပေါ့ဗျာ။ ဒီတော့ ပို့ကုန်များများ ရှိရင်ကောင်းမယ်။ ကိုယ့်ပြည်တွင်းကလိုလို့ အခြား တစ်ပါးသော နိုင်ငံက သွင်းရရင် တိုင်းပြည်ဘဏ္ဍာ ကုန်မယ်၊ နိုင်ငံ ခြားငွေ ထွက်မယ်၊ ဒီတော့ ပို့ကုန်ထက် သွင်းကုန်နည်းစေချင်တာ သဘာဝကျတယ်ပေါ့၊ သို့သော်လည်း ခက်ခက်ခဲခဲ နက်နက်နဲနဲ စဉ်းစားကြည့်ဖို့တော့ လိုပါလိမ့်မယ်။

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ကုန်သွယ်မှု မြှင့်တင်ရေးဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ် ဦးတိုးအောင်မြင့်က ပြောခဲ့ဖူးပါတယ်။ လက်ရှိပြည်ပက သွင်းကုန်ပမာဏ များနေရခြင်း မှာ ဝန်ဆောင်မှုလုပ်ငန်းသုံးပစ္စည်းများ တင်သွင်းမှုများခြင်းလည်း ပါဝင်ပါတယ်။ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုနဲ့ ဆောင်ရွက်တဲ့ ဟိုတယ်များ၊ သီလဝါ အထူးစီးပွားရေးဇုန်တို့ တည်ဆောက်ရာမှာ ဘိလပ်မြေမှအစ ပြည်ပမှ တင်သွင်းနေရသဖြင့် သွင်းကုန်ပမာဏများနေရခြင်းဖြစ် တယ်။ တစ်ခါ နိုင်ငံတော်သမ္မတ စီးပွားရေးအကြံပေး ဒေါက်တာ အောင်ထွန်းသက်ကလည်း ပြောဖူးတာကြည့်ရအောင်ပါ။ ပုံမှန်ကုန် သွယ်မှုမှာ လိုငွေပြတာတော့ အန္တရာယ်များတယ်။ ရင်းနှီးမြှုပ်နှံမှု၊ ထုတ်လုပ်မှုအတွက် ပစ္စည်းတွေတင်သွင်းမှု များတာကတော့ သွင်း ကုန် သွင်းမှုများနေတာတွေ အန္တရာယ်မရှိပါဘူးလို့ ပြောခဲ့တာတွေကို ဖတ်ရ မှတ်ရတော့ ပို့ကုန်ထက် သွင်းကုန်များတိုင်းလည်း တိုင်းပြည် စီးပွားရေးအတွက် စိုးရိမ်စရာမလိုဘူး။ နည်းမှန်လမ်းမှန် ရင်းနှီးမြှုပ်နှံ ကုန်ထုတ်လုပ်ဖို့ ရင်းနှီးမြှုပ်နှံခြင်း သွင်းကုန်များခြင်းသည် ကောင်း သော အနေအထားကိုသာ တွန်းအားပေးနေရပြန်ပါတယ်။

ဘဏ္ဍာနှစ်တစ်နှစ်မှာ တိုင်းပြည်ကုန်ထုတ်လုပ်ဖို့ ရင်းနှီးမြှုပ်နှံမှု သွင်းကုန်ပမာဏများနေတယ်။ နောက်ဘဏ္ဍာနှစ်တစ်နှစ်၊ နှစ်နှစ် အထိ များနေလိမ့်အုန်းမယ်။ အဲဒီနောက်အကျိုးဆက်က ရင်းနှီးမြှုပ်နှံ မှုကြောင့် တိုင်းပြည်သာ အကျိုးရှိတယ်။ သို့တည်းမဟုတ် ထွက်ကုန် ထွက်လာမယ်၊ ပြန်လည်တင်ပို့လာနိုင်တယ်ဆိုရင် ဝင်ငွေပြန်ဝင်လာ မယ်။ ကောင်းသော သွင်းကုန်မြင့်တက်မှုလို့ ပြောရမှာပါ။ ဒါမျိုးကို ကြိုဆိုရမယ်မဟုတ်ပါလား။ ကောင်းပြီ ပို့ကုန်ကဏ္ဍတစ်ခုကိုပဲ ကြည့် ရအောင်ပါ။ မြင်သာပွင့်လင်းလာတဲ့ ခေတ်စနစ်ကြီးမှာ တိုင်းပြည်ပို့ ကုန်တိုးတက်လာနေတယ်ဆိုတာ ဘယ်လိုမှငြင်းလို့မရနိုင်ပါဘူး။ လက်ရှိလည်း အစိုးရပိုင်းက ပို့ကုန်မြှင့်တင်ရန် ပို့ကုန်မဟာဗျူဟာ ကို ငါးနှစ်စီမံကိန်းရေးဆွဲပြီး မြန်မာနိုင်ငံရဲ့ ပို့ကုန်မဟာဗျူဟာကို ဂျာမနီနိုင်ငံမှ (GIZ) နဲ့ နိုင်ငံတကာကုန်သွယ်မှုစင်တာ (ITC) တို့မှ နည်းပညာ အကူအညီများရယူပြီး ဆောင်ရွက်နေပါတယ်။ မြန်မာ့ အမျိုးသားပို့ကုန်မဟာဗျူဟာတွင် ဦးစားပေးကုန်ပစ္စည်းများအနေဖြင့် ဆန်စပါး၊ ပဲမျိုးစုံ၊ ဆီထွက်သီးနှံ၊ လက်ခစားအထည်ချုပ်လုပ်ငန်း၊ သစ်တောထွက်ပစ္စည်းများ၊ ရေထွက်ကုန်များ၊ ရော်ဘာနှင့် မီးခိုး မထွက်ဘဲ ဝင်ငွေရရှိသော ခရီးသွားလုပ်ငန်းစသည်ဖြင့် စနစ်တကျ ဆောင်ရွက်လျက်ရှိပါတယ်။ ဒီတော့လည်း မြန်မာပြည်ရဲ့ ပို့ကုန် ပမာဏ တိုးတက်လာတာ မဆန်းဘူးလို့ပဲ ပြောရမှာပါ။ ဒါပေမယ့် လက်ရှိအခြေအနေမှာ အာဆီယံနိုင်ငံအချင်းချင်းယှဉ်ရင်တော့ ပို့ကုန်ပမာဏ လျော့နည်းနေတာအမှန်ပါပဲ။

ကိန်းဂဏန်းများဖြင့် ယှဉ်ကြည့်ရအောင်ပါ။ မြန်မာနိုင်ငံရဲ့ တစ်နှစ်ပို့ကုန်ဝင်ငွေ အမေရိကန် ဒေါ်လာ ၁၀ ဘီလီယံကျော်၊ ထိုင်း နိုင်ငံရဲ့ တစ်နှစ်ပို့ကုန်ဝင်ငွေ အမေရိကန်ဒေါ်လာ ၂၂၉ ဘီလီယံ၊ မလေးရှားနိုင်ငံရဲ့ တစ်နှစ်ပို့ကုန်ဝင်ငွေ အမေရိကန် ဒေါ်လာ ၂၃၀ ဘီလီယံ၊ အင်ဒိုနီးရှားနိုင်ငံရဲ့ တစ်နှစ်ပို့ကုန်ဝင်ငွေ အမေရိကန် ဒေါ်လာ ၁၉၀ ဘီလီယံ၊ ဗီယက်နမ်နိုင်ငံရဲ့ တစ်နှစ်ပို့ကုန်ဝင်ငွေ အမေရိကန်ဒေါ်လာ ၁၂၈ ဘီလီယံ၊ တော်တော် ကွာဟနေတာကို

**ပုံမှန်ကုန်သွယ်မှုမှာ လိုငွေပြတာတော့ အန္တရာယ်များတယ်။ ရင်းနှီးမြှုပ်နှံမှု၊ ထုတ်လုပ်မှုအတွက် ပစ္စည်းတွေတင်သွင်းမှု များတာကတော့ သွင်းကုန်သွင်းမှုများနေတာတွေ အန္တရာယ်မရှိပါဘူးလို့ . . .**

တွေ့ရပါတယ်။ ဘာကြောင့်လဲ၊ ဘာဖြစ်လို့လဲ၊ ဘာတွေ လိုအပ်နေတာ လဲ၊ နိုင်ငံချင်း၊ တိုင်းပြည်ချင်းယှဉ်ရင် ဘာကွာနေသလဲ၊ ဟနေသလဲ၊ လေ့လာကြည့်ရအောင်ပါ။ ကျွန်တော်တို့ ရွှေမြန်မာများဟာ မိမိတိုင်း ပြည်နဲ့ ပတ်သက်ရင် တော်တော်ဂုဏ်ယူတတ်ကြတာမျိုးပါ။ မြေ၊ ရေ၊ လေ သဘာဝသယံဇာတပေါကြွယ်ဝတဲ့ ရွှေနိုင်ငံလို့ဆိုပြီး ပြောလေ့ရှိ ပါတယ်။ ကျွန်တော်တို့ လူမျိုးမှာ စကားပုံတစ်ခုရှိပါတယ်။ ‘ မြေဆူ လူအ’ တယ်ဆိုတာပါ။ မြေသယံဇာတ ကောင်းနေလေတော့ ဘာ ပင်ပဲစိုက်စိုက် ဖြစ်ထွန်းအောင်မြင်လေတော့ လူအများ ပျင်းပြီး၊ အလုပ်လုပ်ရာမှာ ဝီရိယမစိုက်ထုတ်လိုဘဲ ‘အ’ သွား ‘ပျင်း’ သွားတာ ကို ဆိုလိုတာပါ။

ဖတ်မိတာတစ်ခု အမှတ်ရမိပါတယ်။ တစ်ခုသော အစိုးရခေတမှာ အစ္စရေးနိုင်ငံက သစ်ပင်စိုက်ပျိုးသော ပညာရှင်နှစ်ဦးကို နိုင်ငံခြားငွေပေး ငှားရမ်းပြီး ရှမ်းပြည်နယ် ဗထူးဘက်မှာ သစ်ပင်စိုက်ခိုင်းပါတယ်။ အစ္စရေးက ပညာရှင်နှစ်ယောက်က မြန်မာနိုင်ငံ ဗထူးက မြေနေရာမှာ ဘာပင်စိုက်မယ် ဖြစ်သလား၊ ဖြစ်ပါတယ်ပေါ့။ ဘာအပင်မေးမေး စိုက်ရင်ဖြစ်တယ်ပဲ ပြောတယ်။ ဒီတော့ ပညာရှင်နှစ်ယောက်က ပြောတယ်၊ ဘာပင်စိုက်စိုက်ဖြစ်နေတဲ့ မြေကိုငါတို့ကို ငွေတွေပေးပြီး ဘာလို့သစ်ပင်စိုက်ခိုင်းတာလဲ၊ ငါတို့တတ်တဲ့ ပညာကဘာမှ အပင်စိုက်လို့ မရတဲ့မြေ ဥပမာ သဲကန္တာရလိုမြေမျိုးမှာ သစ်ပင်စိုက်တဲ့ ပညာတတ်တာ၊ ဘာမှမဟုတ်ဘဲ၊ ဘာပဲစိုက်စိုက် စိုက်ပျိုးလို့ရတဲ့မြေမှာ ဘာကိစ္စအတွက် ငါတို့ကို လိုမှာလဲ။ ဒီလို အလကားရတဲ့ငွေကိုလည်း မလိုချင်ပါဘူးဆိုပြီး ပြန်သွားခဲ့ကြတယ်။ တစ်ကယ့်အဖြစ်အပျက်တစ်ခုပါ၊ ဒီဖြစ်စဉ်တစ်ခုမှာကို အတုယူစရာ ပြုပြင်စရာ ဝီရိယစိုက်ထုတ်စရာဆိုတာတွေ သွားတွေ့နေရပါတယ်။

အထက်မှာဖော်ပြခဲ့တဲ့ ပို့ကုန်မဟာဗျူဟာအရ ဦးစားပေးကုန်ပစ္စည်း များထဲမှာ ဆန်စပါး၊ ပဲမျိုးစုံ၊ ဆီထွက်သီးနှံဆိုတာတွေ ပါပါတယ်။ အောင်မလေးဟယ် ဘာဆန်းလို့လဲ၊ ခါတိုင်းလည်း စိုက်နေကြတာပဲလို့ ပြောလို့မဖြစ်ပါဘူး။ ခေတ်မီမီ ကမ္ဘာကြည့်ကြည့်မြင်ပြီး တိုးတက်လာသော လူဦးရေ၊ စားသုံးမှုလိုအပ်ချက် ဈေးကွက်ဆိုတာတွေနဲ့ ညှိနှိုင်းချင့်ချိန်ပြီး အထွက်တိုးအောင် အထွက်များအောင် ကြိုးစားကာမှ တန်ရာကျပါလိမ့်မယ်။ ပုံမှန်စိုက်တယ်၊ တစ်ဧကတင်း ၃၀၊ ၄၀၊ ၅၀၊ ထွက်တယ် တော်ပြီပေါ့။ ဒီခေတ်မှာမရတော့ပါဘူး။ ရင်းနှီးရတဲ့ ပမာဏအပေါ်မှာ အမြတ်ရဖို့ဆိုတာ အထွက်တိုးခြင်းသည် အဓိကဆိုတာကို မြင်နေလေတော့ တစ်ဧက တင်း ၉၀၊ ၁၀၀ ၊ ၁၀၀ ကျော်ထွက်အောင် ကြိုးစားလုပ်ဆောင်နေကြတာ ကမ္ဘာနဲ့ အဝန်းမဟုတ်ပါလား။ ဒါက စိုက်ပျိုးသူအပိုင်း၊ ရောင်းဝယ်သူအပိုင်းက ကြည့်ရအောင်ပါ။ ကမ္ဘာ့ကုန်သွယ်မှုဈေးကွက်မှ အစိုးရအချင်းချင်း လမ်းကြောင်းရှာဖွေလမ်းဖောက်ပြီးမှ ပုဂ္ဂလိကစီးပွားရေးလုပ်ငန်းရှင်များက နောက်က လိုက်လျှောက်ရတာမျိုးပါ။ မြန်မာနိုင်ငံကို အင်ဒိုနီးရှားသမ္မတ လာရောက်စဉ်က မြန်မာမှ ဆန်ရောင်းရန်၊ အင်ဒိုနီးရှားမှ ဓာတ်မြေသြဇာ ရောင်းရန် အပြန်ပြန်အလှန်လှန် အစိုးရချင်း နားလည်မှုစာချွန်လွှာ ရေးထိုးခဲ့သည်မှာ နှစ်နှစ်ကျော်ပြီလို့ မှတ်သားမိပါတယ်။ အင်ဒိုနီးရှားမှ ဓာတ်မြေသြဇာရောင်းချရန် အဖွဲ့ကြီး၊ အဖွဲ့ငယ်များ မြန်မာနိုင်ငံကို အကြိမ်ကြိမ်လာရောက်ပြီး ညှိနှိုင်းတိုင်ပင်ကာ ဓာတ်မြေသြဇာ တန်ချိန်ပေါင်း မြောက်မြားစွာ အရောင်းအဝယ်ဖြစ်ခဲ့ကြပြီး၊ သူတို့လို မြန်မာနိုင်ငံက ဆန်စပါးလုပ်ငန်းရှင်နှင့်အဖွဲ့များ အင်ဒိုနီးရှားကို ဘယ်နှစ်ကြိမ် သွားရောက်ဈေးကွက်ရှာဖွေ ညှိနှိုင်းရောင်းချနိုင်ကြပါပြီလဲ၊ ကွာဟနေပါတယ်။

ကဲ ရောင်းမှုသဘောများ အစိုးရအချင်းချင်း လမ်းဖောက်တယ်။ တစ်ဖက်နိုင်ငံက သူ့အစိုးရဖောက်တဲ့လမ်း စီးပွားရေးလုပ်ငန်းရှင်က ဆက်လျှောက်တယ်။ ကိုယ့်ဘက်က ကြည့်ပါ။ ကိုယ့်အစိုးရ လမ်းဖောက်တယ်။ ကိုယ့်နိုင်ငံက စီးပွားရေးလုပ်ငန်းရှင်များ ဆက်မလျှောက်ဘူး။ ဒီအနေအထားမှာ ပို့ကုန်နည်းတာ ဆန်းသလား။ စိုက်ပျိုးသူက အထွက်တိုးအောင် ခေတ်စနစ်နဲ့အညီ စိုက်ပျိုးထုတ်လုပ်တယ်။ ရောင်းဝယ်ဖောက်ကားသူက ပုံမှန်ရောင်းတယ်၊ ထပ်မံချဲ့ထွင်ပြီး ဈေးကွက်ကို ရှာဖွေချိတ်ဆက်လမ်းသစ်မထွင်ဘူး၊ ဒီတော့ ပုံမှန်ပဲ ရောင်းရတယ်။ ပြည်ပဈေးကွက်မချိတ်ဆက်နိုင်တော့ ပို့ကုန်တန်ဖိုးမတက်တာ မဆန်းဘူးပေါ့။ သွင်းကုန်နဲ့ ပို့ကုန်ပမာဏကို ယှဉ်ကြည့်ကြဦးစို့။ ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ် ပို့ကုန် အမေရိကန် ဒေါ်လာ ၉ ဘီလီယံကျော် သွင်းကုန် ၉ ဘီလီယံ၊ ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ် ပို့ကုန် အမေရိကန်ဒေါ်လာ ၈ ဘီလီယံကျော်သွင်းကုန် ၈ ဒသမ ၅ ဘီလီယံ (အလို)၊ အမေရိကန်ဒေါ်လာ ၂၇၀ သန်း၊ ၂၀၁၃-၁၄ ဘဏ္ဍာနှစ် ပို့ကုန် အမေရိကန်ဒေါ်လာ ၁၀ ဘီလီယံကျော်၊ သွင်းကုန် ၁၃ ဘီလီယံကျော် (အလို) ၂ ဘီလီယံကျော်၊ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် ပို့ကုန် အမေရိကန် ဒေါ်လာ ၁၀ ဘီလီယံကျော်၊ သွင်းကုန် ၁၅ ဒသမ ၅ ဘီလီယံ၊ အလို ၅ ဘီလီယံကျော်ဖြစ်တာကြောင့် တစ်နှစ်ထက် တစ်နှစ် သွင်းကုန်များလာပြီး၊ ပို့ကုန်တိုးတက်သင့်သလောက် တိုးတက်လာသော်လည်း သွင်းကုန်နှင့် ယှဉ်ရင် ပို့ကုန် နည်းနေတာကို တွေ့ရပါတယ်။ သွင်းကုန်ကို ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် ၄ လကျော်ချိန်မှာ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနနဲ့ ထုတ်ပြန်သောစာရင်းအရ အသေးစိတ်ပြန်ကြည့်ရင်-

| | | အမေရိကန်ဒေါ်လာ- သန်း | | |
|---|---|---|---|---|
| စဉ် | အမျိုးအမည် | ယခုနှစ် ၂၀၁၄-၁၅ | ယခင်နှစ် ၂၀၁၃-၁၄ | အပိုအလို |
| ၁။ | မော်တော်ယာဉ် တင်သွင်းမှု | ၆၅၅ | ၅၁၂ | (+) ၁၄၂ |
| ၂။ | ဓာတ်ဆီဒီဇယ်ဆီ ရေနံတင်သွင်းမှု | ၁၀၈၂ | ၇၈၉ | (+) ၂၉၃ |
| ၃။ | ရင်းနှီးမြှုပ်နှံမှု ပစ္စည်းများ | ၂၄၅၇ | ၁၄၈၅ | (+) ၉၇၂ |

မော်တော်ယာဉ်နဲ့ပတ်သက်သော ဓာတ်ဆီ၊ ဒီဇယ်ဆီ အပါအဝင် ရေနံတင်သွင်းမှု များနေတာဟာ ကားဈေးနှုန်းချိုနေတာ လားတိုင်းပြည်မှာ လူတွေချမ်းသာလို့ လူတိုင်းကားစီးနိုင်လို့လားဆိုတာကတော့ သက်ဆိုင်ရာ စီးပွားရေးပညာရှင်များ လေ့လာသုံးသပ်ကြပါလိမ့်မယ်။ ဆရာတော်တစ်ပါးဟောကြားတဲ့ တရားပွဲတစ်ပွဲမှာ ဂျပန်နိုင်ငံက စီးပွားရေးလုပ်ငန်းရှင်များဟာ ကိုယ်ပိုင်ကား ဝယ်မစီးကြပါဘူး၊ ကားဝယ်မယ့်ငွေကြေးကို အလုပ်ထဲမှာ ရင်းနှီးမြှုပ်နှံသလို ကားနဲ့ပတ်သက်တဲ့ ဆီစရိတ်၊ စက်ပြင်စရိတ် ကားပါကင်များအတွက် မပေးနိုင်လို့ပါလို့ ပြောပါတယ်။ ဒါဖြင့် သွားတဲ့ လာတဲ့အခါ ဘာနဲ့ သွားလဲလို့မေးကြည့်တော့ သူတို့ဆီမှာ အချိန်မှန်သောရထားများ ရှိပါတယ်။ ၇း၃၀ နာရီမှာ ဒီဘူတာကို ရထားဆိုက်ရောက်ပါလိမ့်မယ်၊ အချိန်အတိအကျရောက်ပြီး၊ ဒီဘူတာမှ ၇း၄၀ မှာ ထွက်ပါမယ်၊ အချိန်အတိုင်းထွက်တယ်၊ ဟိုဘူတာကို ၈း၀၀ ရောက်မယ်ဆို ရောက်ပါတယ်။ အချိန်မှန်သော ခရီးသွားလုပ်ငန်းရှိတယ်၊ ကိုယ့်တိုင်းပြည်မှာလည်း ဒီလိုအချိန်တိကျသော ခရီးသွားလုပ်ငန်းရှိရင် ဘယ်လုပ်ငန်းရှင်မှ ကားဝယ်စီးမှာမဟုတ်ဘူးလို့ ထင်မိပါတယ်။ အချိန်တိကျသော ခရီးသွားလုပ်ငန်းများအထိကို ရောက်ရမည်မှာမလွဲပါလို့ ကြွေးကြော်ကြဦးစို့။

ကောင်းပြီ ရင်းနှီးမြှုပ်နှံမှုအပိုင်း ယခုနှစ်မှာ ယခင်နှစ်ထက် အမေရိကန်ဒေါ်လာ သန်း ၉၇၂ ပိုလာတယ်၊ ကြည့်တတ်ရင်မြင်ပါတယ်။ ဒါကကောင်းသော အလားအလာရှိတဲ့ ရင်းနှီးမြှုပ်နှံမှုပါ၊ လေးစားအပ်ပါသော စာရှုသူခင်ဗျာ၊ ဒီစာစုအစမှာ တင်ပြခဲ့သလို ရောင်းသူဈေးသည်နဲ့ ဝယ်သူ အိမ်ရှင်မ၊ ရောင်းသူကပို့ကုန်ဆိုရင် ဝယ်သူက သွင်းကုန်ဖြစ်မှာပါ၊ ရောင်းသူမနာ ဝယ်သူမသာဘဲ ချိန်ခွင်လျှာ အလယ်တည့်တည့် (ဘောင်ပိတ်) ဖြစ်အောင် ရောင်းနိုင်ဝယ်နိုင်ကြရင် ဒါကမိသားစုရဲ့ အသေးအဖွဲ့ကိစ္စလေးတစ်ခုပါ။ အဲဒီကတစ်ဆင့် ကြီးကြီးမားမား နိုင်ငံတော်ရဲ့ အရောင်းအဝယ်တစ်နည်းအားဖြင့် နိုင်ငံတော်ရဲ့ ပို့ကုန်သွင်းကုန် ယခုအခြေအနေမှာတော့ ပို့ကုန်ထက် သွင်းကုန်တန်ဖိုးများနေတာတော့ မှန်ပါတယ်။ မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ် အထွေထွေအတွင်းရေးမှူး ဦးရဲမင်းအောင်က " လိုငွေများနေတာကို ထိန်းဖို့ကတော့ ပို့ကုန်ကိုမြှင့်တင်ရမယ် တိုင်းပြည်ဝင်ငွေက ဒီတစ်ခုတည်းက ရတာဆိုတော့ ပို့ကုန်တန်ဖိုးတက်အောင် လုပ်ရမှာ" လို့ ပြောတာကို ဖတ်ဘူးမှတ်ဘူးပါတယ်။ ဘယ်လိုပဲဖြစ်ဖြစ် ခရစ်သက္ကရာဇ် နှစ်သစ်လည်းကူးပြောင်းခဲ့ပြီ။ ကောဇာသက္ကရာဇ်လည်း ကူးပြောင်းခဲ့ပါပြီ၊ မြန်မာလူမျိုးများ အယူအဆက နှစ်ဟောင်းက အညစ်အကြေးကို နှစ်သစ်မှာ အတာရေနဲ့ ဆေးကြောပြီး စိတ်သစ်လူသစ်လုပ်ကြမယ်ဆိုတာပါပဲ၊ ဘာပဲပြောပြော အသက်တစ်နှစ်ကြီးလာတာတော့ အမှန်ပါ၊ ကြီးလာတဲ့အသက်တွေ့ခဲ့ကြတဲ့ အတွေ့အကြုံဆိုတာတွေ အရင်းအနှီးပြုပြီးတော့ ပိုတာကို ဖြုတ်လို့၊ လိုတာကို ဖြည့်လို့ စာစုအစ ဈေးရောင်းဈေးဝယ်သလို ပို့ကုန်ပို့မပို့နိုင်ရင်တောင် သွင်းကုန်နည်းနိုင်သမျှ နည်းအောင် နောက်ဆုံးပို့ကုန်သွင်းကုန် ချိန်ခွင်လျှာ အလယ်တည့်တည့် (ဘောင်ပိတ်) ဖြစ်အောင် စိုက်ပျိုးထုတ်လုပ်သူအပိုင်းရယ် ရောင်းဝယ်ဖောက်ကားသူ အပိုင်းရယ် နိုင်ငံတော်အပိုင်းရယ်၊ စုပေါင်းလို့ ပို့ကုန်သွင်းကုန် ချိန်ခွင်လျှာညီအောင် ကြိုးစားကြပါစို့ဟု တိုက်တွန်းနှိုးဆော်လျက်------။

■


# တစ်ခုထက်ပိုသော စီးပွားရေးအကျိုးဆောင်မှတ်ပုံတင်များဖြင့် မော်တော်ယာဉ်အရောင်းစင်တာများ ဖွင့်လှစ်ထားသည့်ကုမ္ပဏီများသိသာရန်

မော်တော်ယာဉ်တင်သွင်းခွင့်ဆိုင်ရာ ကြီးကြပ်ရေးကော်မတီ၊ ရုံးလုပ်ငန်း အထောက်အကူပြုအဖွဲ့မှ **"တစ်ခုထက်ပိုသော စီးပွားရေး အကျိုးဆောင်မှတ်ပုံတင်လက်မှတ်များဖြင့် မော်တော်ယာဉ်အရောင်းစင်တာများ ဖွင့်လှစ်ဆောင်ရွက်နေသည့် ကုမ္ပဏီများအနေဖြင့် စီးပွားရေးအကျိုးဆောင်မှတ်ပုံတင်တစ်ခုဖြင့်သာ ဆောင်ရွက်သွားရန်၊ ဆောင်ရွက်လိုသည့် စီးပွားရေးအကျိုးဆောင်မှတ်ပုံတင်မှအပ ကျန်စီးပွားရေးအကျိုးဆောင်မှတ်ပုံတင်များ၏ သက်တမ်းအား ၃၀-၉-၂၀၁၄ ရက်နေ့အထိ သာသတ်မှတ်ရန်"** ၆-၃-၂၀၁၄ ရက်နေ့တွင် ထုတ်ပြန်ကြေငြာခဲ့ပြီး ဖြစ်ပါသည်။

သို့သော်လည်း အချို့သော ကုမ္ပဏီများသည် သက်တမ်းကုန်လျက်ရှိသော စီးပွားရေးအကျိုးဆောင်မှတ်ပုံတင်များကို ပြန်လည်အပ်နှံ ခြင်းမပြုသေးကြောင်းစိစစ်တွေ့ရှိရပါသဖြင့် တစ်ခုထက်ပိုသော စီးပွားရေးအကျိုးဆောင်မှတ်ပုံတင်များရှိနေသည့် ကုမ္ပဏီများအနေဖြင့် ရေရှည်တွင် ဆက်လက်ဆောင်ရွက်မည့် စီးပွားရေးအကျိုးဆောင်မှတ်ပုံတင် တစ်ခုမှအပ ကျန်သက်တမ်းကုန် စီးပွားရေးအကျိုးဆောင်မှတ်ပုံတင်များအား ၃၁-၅-၂၀၁၅ ရက်နေ့ နောက်ဆုံးထား၍ပြန်လည်အပ်နှံကြပါရန်နှင့် ထိုသို့အပ်နှံပြီးမှသာ မော်တော်ယာဉ်အရောင်းစင်တာဖွင့်လှစ်ရောင်းချခွင့် သက်တမ်းတိုးလာရောက်လျှောက်ထားမှုများအား လက်ခံဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေငြာအပ်ပါသည်။

**ကုန်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန (၂၄ - ၄ - ၂၀၁၅)**


**➡စာမျက်နှာ ၃**

**ပါမောက္ခဒေါက်တာအောင်ထွန်းသက် မှ အဆက်**

တိုင်းပြည်တိုးတက်ပါက ငြိမ်းချမ်းရေး ရရှိနိုင်မည်ဖြစ်ကြောင်း၊ ငြိမ်းချမ်းရေးရရှိပါကတိုင်းပြည်တိုးတက် လာမည်ဆိုသည်ကို သိရှိထားရမည်ဖြစ်ကြောင်း၊ နိုင်ငံရေးမတည်ငြိမ်ပါက စီးပွားရေး ကျဆင်းလာမည်ဖြစ်ကြောင်း၊ နိုင်ငံရေးတည်ငြိမ်မှုရှိပါက စီးပွားရေးသည်လည်းမြင့်တက်လာမည်ဖြစ်ကြောင်း။

ယင်းအချက်တို့ကို တစ်ပြိုင်နက်တည်းလုပ်မှ ရမည်ဖြစ်ကြောင်း၊ တစ်ခုပြီးမှတစ်ခု လုပ်မည်ဆိုပါက မဖြစ်နိုင်ကြောင်း၊ ထို့ပြင် အာမခံနိုင်သည့် စီးပွားရေးလုပ်ငန်းများ ရှိမှသာ တိုးတက်လာမည်ဖြစ်ကြောင်း၊ နိုင်ငံတိုးတက်လိုပါက ပညာရေး၊ ကျန်းမာရေးတိုးတက်အောင်လုပ်ဖို့ လိုကြောင်း၊ ထို့နောက် အရင်းအနှီးများရရှိအောင်လုပ်ရမည်ဖြစ်ကြောင်း၊ ထို့ပြင် အဂတိလိုက်စားမှုများများပြား ခြင်းသည်လည်း တိုင်းပြည်တိုးတက်အောင် လုပ်ဆောင်ရာတွင် အနှောင့်အယှက်များဖြစ်လာနိုင်ကြောင်း၊ မလိုအပ်သည့် ကုန်ကျစရိတ်များ များပြားလာနိုင်ကြောင်း စသည်ဖြင့် အကျယ်တဝင့် ဆွေးနွေးဟောပြောခဲ့ကြောင်း သိရသည်။ ဆွေးနွေးပွဲအပြီးတွင် တက်ရောက်လာကြသည့် ပုဂ္ဂိုလ်များ၏ မေးမြန်းချက်များ၊ ဆွေးနွေးချက်များကို ဒေါက်တာအောင်ထွန်းသက်က ပြန်လည်ဆွေးနွေးပြောကြားခဲ့ကြောင်း သိရသည်။

အဆိုပါဆွေးနွေးဟောပြောပွဲသို့ ကုန်သွယ်မှု အခြေခံသင်တန်း အမှတ်စဉ်(၆)မှသင်တန်းသားသင်တန်းသူများ၊ အမှတ်စဉ်(၁)မှ(၅)အထိ တက်ရောက်ခဲ့ကြသည့် သင်တန်းသားသင်တန်းသူဟောင်းများ၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ရန်ကုန်တိုင်းဒေသကြီးရုံးမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။

**မယ်သီတာ**

## ယခုဘဏ္ဍာနှစ်အတွင်းပင်လယ်ရေကြောင်းမှ ရော်ဘာတန်သုံးသောင်းနီးပါးတင်ပို့

မြန်မာနိုင်ငံမှထွက်ရှိတဲ့ မြန်မာ့ရော်ဘာများကို ပင်လယ်ရေကြောင်းကုန်သွယ်မှုမှ ပြည်ပနိုင်ငံများသို့ တင်ပို့လျက်ရှိရာ အများဆုံးတင်ပို့ရသော နိုင်ငံများမှာ စင်ကာပူနဲ့မလေးရှားနိုင်ငံများသို့ဖြစ်ပြီး တရုတ်၊ ထိုင်း၊ ဗီယက်နမ်၊ ဖိလစ်ပိုင်၊ ကိုရီးယားနဲ့ယူအေအီးနိုင်ငံများသို့ပါ တင်ပို့ပြီး ဂျပန်နိုင်ငံသို့လည်း တင်ပို့နိုင်ခဲ့ပါတယ်။ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် အတွင်းမှာတော့ ပင်လယ်ရေကြောင်း ကုန်သွယ်မှုမှ ကန်ဒေါ်လာ ၃၅ ဒသမ ၄၅၅ သန်းဖိုးရှိ ရော်ဘာအဆင့်စုံ ၂၇၃၈၄ တန်ခန့်တင်ပို့ခဲ့ပါတယ်။ ယခင်ဘဏ္ဍာနှစ်အတွင်းက တန်ချိန် ၃၁၀၂၅ တန်တင်ပို့နိုင်ခဲ့လို့ ယခု ဘဏ္ဍာနှစ်မှာ ၃၆၄၁ တန်လျော့နည်းခဲ့ပါတယ်။

ယခု ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်စ ဧပြီလ ၅ ရက်မှ ၁၁ ရက်ထိ အတွင်းမှာတော့ ကန်ဒေါ်လာ သုည ဒသမ ၃၁၉ သန်းဖိုးရှိ ရော်ဘာ ၂၄၆ တန်တင်ပို့ခဲ့ပြီး နိုင်ငံအလိုက်တင်ပို့မှုများမှာ မလေးရှားနိုင်ငံသို့ RSS-3 166 တန်နဲ့ MSR 20 တန် ၄၀၊ ပါကစ္စတန်နိုင်ငံသို့ RSS-3 တန် ၄၀ တင်ပို့ခဲ့ပါတယ်။ မြန်မာ့ရိုးရာအခါ သင်္ကြန်ရက်များမှာတော့ တင်ပို့မှု မရှိခဲ့ပါဘူး။


နိုင်ငံတကာရော်ဘာပေါက်ဈေးများကတော့ အတက်အကျ ပြောင်းလဲမှုမရှိတဲ့အတွက် မြန်မာ့ရော်ဘာ ဈေးကိုလည်း ယခင်ဈေးနှုန်းအတိုင်းထားရှိကြောင်း မြန်မာနိုင်ငံရော်ဘာစိုက်ပျိုးထုတ်လုပ်သူများအသင်းမှ သိရှိရပါတယ်။အသင်းမှထုတ်ပြန်ထားသော ဈေးနှုန်းများကို ဖော်ပြပေးလိုက်ပါတယ်-

| | | | |
|---|---|---|---|
| RSS 1 | တစ်တန်လျှင် | ဒေါ်လာ | ၁၄၀၀-၁၅၀၀ |
| RSS 2 | တစ်တန်လျှင် | ဒေါ်လာ | ၁၃၅၀-၁၄၅၀ |
| RSS 3 | တစ်တန်လျှင် | ဒေါ်လာ | ၁၃၀၀-၁၄၀၀ |
| RSS 4 | တစ်တန်လျှင် | ဒေါ်လာ | ၁၂၅၀-၁၃၅၀ |
| RSS 5 | တစ်တန်လျှင် | ဒေါ်လာ | ၁၂၀၀-၁၃၀၀ |
| MSR 10 | တစ်တန်လျှင် | ဒေါ်လာ | ၁၃၀၀-၁၄၀၀ |
| MSR 20 | တစ်တန်လျှင် | ဒေါ်လာ | ၁၂၅၀-၁၃၅၀ |
| MSR 50 | တစ်တန်လျှင် | ဒေါ်လာ | ၁၁၅၀-၁၂၅၀ |
| Crepe Rubber | တစ်တန်လျှင် | ဒေါ်လာ | ၁၁၀၀-၁၂၀၀ |

**ယဉ်ယဉ်အေး MIRT**

## သင်္ကြန်ကာလပြောင်းတင်ပို့မှု


မြန်မာ-တရုတ်နယ်စပ်ရှိမူဆယ် (၁၀၅)မိုင်ကုန်သွယ်ရေးဇုန်၊ လွယ်ဂျယ်နဲ့ ကန်ပိုက်တီးစခန်းများမှ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်အစ ဧပြီလ ၁ ရက်မှ ၂၀ ရက်အတွင်း ကန်ဒေါ်လာ ၁၃ ဒသမ ၁၆၀ သန်းတန်ဖိုးရှိ ပြောင်းဖူးစေ့ ၄၆၉၂၀ တန် တင်ပို့နိုင်ခဲ့ပါတယ်။ စခန်းအလိုက် တင်ပို့ခဲ့တဲ့ ပြောင်းတန်ချိန်တွေကတော့ မူဆယ်မှ ၄၅၀၂၂ တန်၊ လွယ်ဂျယ်မှ တန် ၁၅၀၀ နဲ့ ကန်ပိုက်တီးမှ ၃၉၈ တန်ဖြစ်ပါတယ်။ ၂၀၁၅ ခုနှစ် မတ်လ နောက်ဆုံးပတ်က မူဆယ်နဲ့ ကန်ပိုက်တီးမှ ပြောင်းတန်ချိန် ၃၀၈၃၁ တန် တင်ပို့ခဲ့တာတွေ့ရပါတယ်။မူဆယ်ကုန်စည်ဒိုင်မှာ ဧပြီလ ၂၀ ရက်နေ့ရဲ့ ပြောင်းတစ်တန် မိမိဘက်ပေါက်ဈေးကတော့ ၂၉၃၀၆၅ ကျပ်ရှိပြီး ဧပြီလ ၁ ရက်နေ့က ၂၉၅၄၇၈ ကျပ်ရှိတာကြောင့် ပြောင်းဈေးအနည်းငယ်ကျဆင်းသွားခဲ့ပါတယ်။ မန္တလေး-မူဆယ် ကုန်စည်



သယ်ယူခ နှုန်းထားမှာ ပြောင်းတစ်ပိဿာကို ၈၄-၉၈ ကျပ်ရှိတယ်လို့ သိရပါတယ်။

**မော်မော်အောင် MIRT**

## ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်အတွင်း နယ်စပ်စခန်းများမှ ရော်ဘာတန်ချိန် လေးသောင်းနီးပါးတင်ပို့နိုင်



နယ်စပ်စခန်းများမှ ရော်ဘာတင်ပို့မှုမှာ မြန်မာ-တရုတ်နယ်စပ်မှ အများဆုံး ဖြစ်ပါတယ်။ မူဆယ်(၁၀၅) မိုင် ကုန်သွယ်ရေးဇုန်နဲ့ ချင်းရွှေဟော် စခန်းမှ အများဆုံး တင်ပို့ပြီး တာချီလိတ်နဲ့မြိတ်စခန်းများမှလည်း ရံဖန်ရံခါ တင်ပို့ပါတယ်။ မတ်လအတွင်းမှာ ကန်ဒေါ်လာ ၇ ဒသမ ၁၅၈ သန်း ဖိုးရှိ ရော်ဘာ ၅၉၆၂ တန်ခန့် တင်ပို့ နိုင်ပြီး အနီးစပ်ဆုံး ဖေဖော်ဝါရီလထက် တန် ၄၄၀၀ ကျော်ပိုမိုတင်ပို့နိုင်ပါတယ်။ မတ်လအတွင်း စခန်းအလိုက် တင်ပို့နိုင်မှုများမှာ မူဆယ် (၁၀၅)မိုင်မှ RSS-3 ၃၄၁၄ တန် ၊ MSR -20 ၁၅၁၆ တန်နဲ့ MSR -50 ၁၂၆ တန်၊ ချင်းရွှေဟော်စခန်းမှ RSS-3 တန် ၄၃၀ ၊ RSS-5 ၉၆ တန်နဲ့ MSR -50 တန် ၁၀၀ ၊ မြိတ်စခန်းမှ RSS-3 တန် ၁၂၀ နဲ့ MSR -20 တန် ၁၆၀ အသီးသီး ဖြစ်ပါတယ်။

၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်စ ဧပြီလ ဒုတိယပတ်ထိမှာ ကန်ဒေါ်လာ ၂ ဒသမ ၀၆၄ သန်းဖိုးရှိ ရော်ဘာ ၁၅၃၇ တန်ကျော်တင်ပို့ခဲ့ပြီး မူဆယ်(၁၀၅)မိုင်မှ RSS-3 ၈၉၅ တန်ခန့်နဲ့ MSR -20 ၃၁၃ တန် ၊ မြိတ်စခန်းမှ RSS-3 တန် ၁၀၀၊ MSR -20 တန် ၁၀၀၊ RSS-3 တန် ၃၀နဲ့ တာချီလိတ်မှ Latex ၆၀% တန် ၁၀၀ တင်ပို့ခဲ့တာဖြစ်ပါတယ်။ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် ဧပြီလမှ မတ်လအထိမှာ ကန်ဒေါ်လာ ၅၇ ဒသမ ၈၃၃ သန်းဖိုးရှိရော်ဘာ ၃၉၈၃၀ တန်တင်ပို့နိုင်ခဲ့ပါတယ်။

**ယဉ်ယဉ်အေး MIRT**

**➲စာမျက်နှာ ၁၄ – မန်းမြို့မှာကျင်းပခဲ့တဲ့ . . . မှ အဆက်**

အမေရိကန်နိုင်ငံသို့ပါ တင်ပို့နိုင်မှာဖြစ်ပြီး ၊ ဂျီအက်စ်ပီအခွင့်အရေးပါရနိုင်မည့်အခွင့်အလမ်းများကိုဆွေးနွေးခဲ့ကြသည့်အပြင် ကြက်သွန်နီကို Value Added ပြုလုပ်ခြင်းဖြင့် ရေရှည်အခွင့်အလမ်းအတွက် အောင်မြင်လာနိုင်မှာဖြစ်ကြောင်းလည်း ဆွေးနွေးခဲ့ကြပါတယ်။နောက်ဆုံးတွင် စိုက်ပျိုးထုတ်လုပ်သူတောင်သူများအား ပွင့်လင်းမြင်သာစွာ ဆွေးနွေးတင်ပြပေးကြပါရန် ဖိတ်ခေါ်ချက်အရ ဆွေးနွေးတင်ပြခဲ့ကြရာ စိုက်ပျိုးသည့်မြေ သုတေသနပြုလုပ်လိုခြင်း၊ မျိုးစေ့နှင့် နည်းပညာ ဗဟုသုတများနှင့် ပတ်သက်၍ စိုက်ပျိုးရေးဌာန၏ အကူအညီရယူလိုကြောင်းနှင့်မိုးလေဝသနှင့်ရာသီဥတုအခြေအနေ သတင်းအချက်အလက်များ အချိန်နှင့်တစ်ပြေးညီ သိရှိနိုင်ရန်အတွက်လည်း မိုးလေဝသနှင့် ဇလဗေဒဦးစီးဌာန၏ အကူအညီရယူလိုကြောင်း သိရှိရပါတယ်။ ရာသီဥတုဒဏ်၊ ပိုးမွှားဒဏ်တို့ကို အချိန်မီကုစားနိုင်သည့် နည်းပညာများလည်း လိုအပ်နေကြောင်းတွေ့ရပါတယ်။ဈေးကွက်သတင်းကွန်ရက် အချိတ်အဆက်မိချင်ကြသလို ဗဟိုအသင်းနှင့် တိုင်းခရိုင် မြို့နယ်အသင်းများ အချင်းချင်းချိတ်ဆက် ပူးပေါင်းဆောင်ရွက်လိုသည့် ဆန္ဒများရှိကြောင်းကိုလည်း သိရပါတယ်။ အရင်းအနှီးအတွက် စပါးနှင့်အခြားသီးနှံများကဲ့သို့ အတိုးနှုန်းသက်သာစွာနဲ့ စိုက်ဘဏ်မှ ငွေချေးယူလိုပြီး လုပ်သားရှားပါးသည့် အတွက် စက်ကိရိယာများ ဖြင့်အစားထိုးရန် နှစ်ရှည်ချေးငွေဖြင့် ဝယ်ယူလိုကြကြောင်းလည်းသိရှိရပါတယ်။ စိုက်ပျိုးသူ တောင်သူများ အနေဖြင့် နှစ်စဉ်နီးပါးဆုံးရှုံးနစ်နာ မှုများစွာရှိပြီး ယမန်နှစ်ကဆိုလျှင် ကြက်သွန်နီလှောင်ကုန်များမ ရောင်းရဘဲ အလကားပေးသော်လည်း ယူမယ့်သူမရှိတဲ့ အခြေအနေဖြစ် ခဲ့ကြောင်း၊ လက်ရှိအခြေအနေအရ မိမိတို့တောင်သူများမှာ အမြတ်ရရေး၊ တွက်ခြေကိုက်ရေးထက် စားရေးအတွက် စိုက်ပျိုးနေကြရခြင်း သာဖြစ်ကြောင်း စသဖြင့်စိုက်ပျိုးသူ တောင်သူများ၏ တွေ့ကြုံရသော အဖြစ်အပျက် လိုအပ်ချက်၊ မျှော်လင့်ချက်များကိုလည်း ဒီအလုပ် ရုံဆွေးနွေးပွဲကသိရှိခွင့်ရခဲ့ပါတယ်။ တောင်သူများအနေဖြင့် ဒီနှစ်ရှုံး ပေမယ့် နောင်နှစ်မှာ ဈေးကောင်း ရမလား၊ တွက်ခြေကိုက်မလား၊ Export အခွင့်အလမ်းများရှိမလားဆိုတဲ့ မျှော်လင့်ချက်အပြင် နိုင်ငံတော်နှင့် အစိုးရဌာနဆိုင်ရာများ၊ အသင်းအဖွဲ့များကို ယုံကြည် ကိုးစားနေကြတဲ့ တောင်သူတွေအတွက် ကြက်သွန်ကြောင့်ကျခဲ့ရတဲ့ မျက်ရည်တွေသုတ်ပေးဖို့ ဒီအလုပ်ရုံဆွေးနွေးပွဲကို ကျင်းပခဲ့တယ် ဆိုရင်လည်း မမှားပါဘူး။ ဒီဆွေးနွေးပွဲမှာ တောင်သူတွေရဲ့ ရင်ဖွင့်သံ၊ ကုန်သည်ပွဲစားနှင့် အသင်းအဖွဲ့တွေရဲ့ လက်ရှိဆောင်ရွက်မှု အခြေ အနေအတွေ့အကြုံများ၊ အသိအမြင်များ ကပြောသော ဈေးကွက်၊ ဈေးနှုန်းနှင့် Export တင်ပို့မည့် ရှေ့အလားအလာများကို သိရှိခွင့်ရခဲ့ကြပါတယ်။

သမဝါယမဦးစီးဌာနမှလည်း ဆင်းရဲနွမ်းပါးမှုလျှော့ချရေးလုပ်ငန်းစဉ်များအရ ချေးငွေထုတ်ပေး သည့်နည်းလမ်း၊ ပြန်လည်ပေးဆပ်မှုကာလများနှင့်အတိုးနှုန်းထား၊ နှစ်စဉ်လုပ်ငန်းအမျိုးအစားအလိုက် ထုတ်ချေးပေးသည့် ငွေပမာဏများကို ရှင်းလင်းဆွေးနွေးခဲ့ပါတယ်။ လယ်ယာကုန်ထုတ်လုပ်မှုအတွက် စက်ကိရိယာများ ဝယ်ယူလိုပါကလည်း ကုန်ထုတ်သမအသင်းများဖွဲ့စည်း၍ ချေးငွေများရယူနိုင်ကြောင်း သတင်းကောင်းပါးသည့်အတွက် အရင်းအနှီးလိုအပ်နေသည့် တောင်သူများအတွက် နည်းလမ်းတစ်ခုရရှိမှာဖြစ်ပါတယ်။ စိုက်ပျိုးရေး ဦးစီးဌာနမှလည်း ကြက်သွန်နီစိုက်သည့် ခရိုင်များဖြစ်သည့် မန္တလေးမြို့၊ ပြင်ဦးလွင်၊ ကျောက်ဆည်၊ မိတ္ထီလာ၊ မြင်းခြံ၊ ညောင်ဦး၊ ရမည်းသင်းတို့၏ စိုက်ရိတ်နှုန်းထွက်များ ဇယားနဲ့ ရှင်းလင်းတင်ပြခဲ့ရာ တစ်တိုင်းလုံးတွင် စိုက်ဧကပေါင်း ၈၃၄၁၀ ၊ ရိတ်ဧက ၈၃၃၉၉ တွင်ပျမ်းမျှအထွက်နှုန်း ၃၁၈၄ ဒသမ ၂၃ ပိဿာ ထွက်ရှိကြောင်း ဗဟုသုတရစေပါတယ်။မန္တလေးတိုင်းရှိ ခရိုင် ၇ ခုတွင် မျိုးကွဲစိုက်ပျိုးမှုများအရ ရွှေဖလား ၆၃၂၆၉ ဧက၊ ရွှေဖလား ဘောင်ဇောက် ၄၄၉ ဧက၊ ဘောင်ဇောက် ၃၃၈၇ ဧက၊ ရွှေဖလားထိပ်မောက် ၄၇၁၄ ဧကနှင့်အခြားမျိုး ၁၁၅၉၁ ဧက အသီးသီးစိုက်ပျိုးကြောင်းလည်း ဗဟုသုတရဖွယ်သိရှိရပါတယ်။တစ်ဧကထုတ်လုပ်မှု စရိတ်တွင် ကျပ် ၇ သိန်းကျော်ရှိပြီး၊ ရောင်းရငွေတွင် တစ်ပိဿာ ရောင်းဈေး ၅၀၀ ကျပ်နှုန်းဖြင့်တွက်သဖြင့် အမြတ်ရရှိမှု ပမာဏ ၈ သိန်းကျော်ရရှိသည်ဟုဆိုသော်လည်း အမှန်လက်တွေ့ပေါက်ဈေးနှုန်းများနှင့်မှု ကွာခြားမှုရှိကြောင်း တွေ့ရှိရပါတယ်။ ၎င်းအပြင် မျိုးစေ့ထုတ်စိုက်ခင်း၊ စံပြစိုက်ခင်းနှင့် ကြက်သွန်နီတွင် ကျရောက်တတ်သော ပိုးမွှားများရောဂါများ အကြောင်းကိုလည်း အကျယ်တဝင့် ရှင်းလင်းဆွေးနွေးတင်ပြသွားတဲ့အတွက် ဌာနဆိုင်ရာများ၏ ပံ့ပိုးကူညီမှု နည်းပညာ ဗဟုသုတများရရှိစေခဲ့ပါတယ်။

နိဂုံးချုပ်တွင် မြန်မာနိုင်ငံကြက်သွန်နီအသင်းနှင့်ကုန်သွယ်မှုမြှင့်တင်ရေးနှင့် စားသုံးသူရေးရာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ်ဦးမြင့်စိုး က ဆွေးနွေး တင်ပြသည့်အချက်များ ပြည့်စုံကောင်းမွန်၍ ဝမ်းမြောက်စွာကြိုဆိုခဲ့ကြပြီး မိမိတို့တတ်စွမ်းသရွေ့ ကြက်သွန်နီစိုက်တောင်သူများအား ကူညီဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ပြန်လည်ပြောကြားခဲ့ကြပါ တယ်။ ဆွေးနွေးဖော်ထုတ်ချက်များဖြစ်သည့် အရင်းအနှီးရရှိရေး၊ စိုက်ပျိုးရေးနည်းပညာရရှိနိုင်ရေး၊ စိုက်ပျိုးရေး စက်ကိရိယာ ဝယ်ယူနိုင်ရေး၊ ဈေးကွက်ရှာဖွေရေးများအတွက် ကုန်စည်ဒိုင်များ၊ သက်ဆိုင်ရာဌာနများ၊ စိုက်ပျိုးသူတောင်သူများနှင့် ချိတ်ဆက်ပြီး မိမိနှင့် အကောင်အထည်ဖော်ဆောင်ရွက်သွားမှာဖြစ်တဲ့အတွက် ယခု အလုပ်ရုံဆွေးနွေးပွဲ၏ ဖော်ထုတ်ဆွေးနွေးချက်များ၊ သုံးသပ်ချက်များ၊ အကြံပြုချက်များက ရလဒ်ကောင်းများရရှိစေနိုင်မှာဖြစ်ပါကြောင်း မျှဝေလိုက်ရပါတယ်။

**ခင်မြင့်မြင့်သန်း-မန္တလေး**

# ရန်ကုန်ဘုရင့်နောင်လက်ကားဈေးမှ ၂၀၁၅ ခုနှစ်

# နှစ်ဝက်ကာလ ကြက်သွန်နီဈေးအပြောင်းအလဲ

ကျော်မြင့်

မြန်မာနိုင်ငံသည် ကြက်သွန်နီကို ပြည်တွင်းစားသုံးမှုအတွက်လည်းကောင်း၊ ပြည်ပသို့ တင်ပို့ရောင်းချရန်အတွက်လည်းကောင်း စိုက်ပျိုးထုတ်လုပ်သည်။ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန စာရင်းများအရ ၂၀၁၃-၂၀၁၄ ခုနှစ်တွင် စုစုပေါင်းဧက ၂သိန်းခန့် စိုက်ပျိုးသည်ဟုခန့်မှန်းထားပြီး အထွက်ပိဿာချိန် သန်းပေါင်း ၇၅၀ ခန့်၊မက်ထရစ်တန်ချိန်အားဖြင့် ၁ ဒသမ ၂ သန်းကျော် ထွက်ရှိသည်ဟုခန့်မှန်းထားကြောင်း သိရှိရသည်။ ၂၀၁၄ ခုနှစ် ဧပြီလ ၁ ရက်နေ့မှ ၂၀၁၅ ခုနှစ် မတ်လ ၃၁ ရက်နေ့ထိ တန်ချိန် ၃၆၁၃၄ တင်ပို့ရောင်းချခဲ့သည်ဟု စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန စာရင်းများအရ သိရသည်။ တန်ဖိုးအားဖြင့် အမေရိကန်ဒေါ်လာသန်းပေါင်း ၈ ဒသမ ၈၆၄ သန်းဖြစ်သည်။

**ပုံ-၁။ မြန်မာနိုင်ငံ၏ ကြက်သွန်နီတင်ပို့ရောင်းချမှု**
**(၂၀၁၄ ခုနှစ် ဧပြီလ ၁ ရက်နေ့မှ ၂၀၁၅ ခုနှစ် မတ်လ ၃၁ ရက်နေ့ထိ)**




မြန်မာနိုင်ငံသည် ပြည်ပသို့တင်ပို့ရောင်းချသည့် ကြက်သွန်နီ စုစုပေါင်း ပမာဏတန်ချိန် ၃ သောင်း ၆ ထောင်ကျော်အနက် ၇၃ ရာခိုင်နှုန်းကို နယ်စပ်ကုန်သွယ်မှုဖြင့် ထိုင်း၊ တရုတ်၊ အိန္ဒိယ၊ ဘင်္ဂလားဒေ့ရှ်သို့ တင်ပို့ရောင်းချခဲ့ကြောင်း စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန စာရင်းများအရ သိရှိရသည်။

ပင်လယ်ရေကြောင်းဖြင့် ကြက်သွန်နီစုစုပေါင်းပမာဏတန်ချိန် ၃ သောင်း ၆ ထောင်ကျော်၏ ၂၇ ရာခိုင်နှုန်း တင်ပို့ရောင်းချခဲ့သည်။ မလေးရှား၊ စင်ကာပူ၊ ဗီယက်နမ် စသည့် နိုင်ငံများသို့ ပင်လယ်ရေကြောင်းဖြင့် တင်ပို့ရောင်းချခဲ့ကြောင်း စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန စာရင်းများအရသိရှိရသည်။

ပင်လယ်ရေကြောင်းဖြင့် ကြက်သွန်နီတင်ပို့မှု၊ နယ်စပ်ကုန်သွယ်မှုဖြင့် ကြက်သွန်နီတင်ပို့မှုကိုလေ့လာနိုင်ရန် ဇယား-၁ တွင် စုစည်းဖော်ပြထားပါသည်။

**ဇယား-၁။ မြန်မာနိုင်ငံ၏ ကြက်သွန်နီတင်ပို့ရောင်းချမှု**
**(၂၀၁၄ ခုနှစ် ဧပြီလ ၁ ရက်နေ့မှ ၂၀၁၅ ခုနှစ် မတ်လ ၃၁ ရက်နေ့ထိ)**

| Eiirsm; | yiv , a&aluml; jziwiy | | e , pyueo , rjzi wiy | | ppaygi; | |
|---|---|---|---|---|---|---|
| | wecse | wez; (Million USD) | wecse | wez; (Million USD) | wecse | wez; (Million USD) |
| 1/ tjcm;Eiirsm; | 5962 | 1.480 | | | 5962 | 1.480 |
| 2/w½w | 29 | 0.008 | 12598 | 3.131 | 12627 | 3.139 |
| 3/ tE , | | | 424 | 0.118 | 424 | 0.118 |
| 4/x i; | 3761 | 0.986 | 13151 | 3.067 | 16912 | 4.053 |
| 5/b*vm;a'& | | | 209 | 0.074 | 209 | 0.074 |
| ppaygi; | 9752 | 2.474 | 26382 | 6.390 | 36134 | 8.864 |
| &mciEe; | 27% | | 73% | | 100% | |

**ဇာစ်မြစ်။ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန**

**ကြက်သွန်နီစိုက်ပျိုးမှု**

မြန်မာနိုင်ငံတွင် ကြက်သွန်နီကို စားဖိုဆောင်သီးနှံ (Culinary crop) ဟုပြောဆိုကြပြီး၊ ကမ္ဘာ့စားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့ (FAO) က ကြက်သွန်နီကို ဟင်းသီးဟင်းရွက် (Vegetables) အုပ်စုတွင် ပါဝင်သတ်မှတ်သည်။ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန စာရင်းများအရ မြန်မာနိုင်ငံတွင် ကြက်သွန်နီကို စုစုပေါင်း ဧက ၁ ဒသမ ၉ သိန်းခန့် စိုက်ပျိုးပြီး စုစုပေါင်းစိုက်ဧက၏ ၅ ရာခိုင်နှုန်းကို မိုးကြက်သွန်အဖြစ်စိုက်ပျိုးပြီး၊ ကျန်၉၅ ရာခိုင်နှုန်းကို ဆောင်းကြက်သွန်အဖြစ် စိုက်ပျိုးကြသည်။

**ဇယား-၂။ မြန်မာနိုင်ငံတွင် ကြက်သွန်နီစိုက်ပျိုးထွက်ရှိမှု**
**(၂၀၁၃-၂၀၁၄)**

| | pu{u | &w{u | t x u Ee; | t x u (y ó m) | t x u (ruwe) |
|---|---|---|---|---|---|
| r;pu | 9882 | 9882 | 2337.88 | 23102973 | 37719 |
| aqmi;pu | 179944 | 179944 | 4037.78 | 726573790 | 1186243 |
| ppaygi; | 189826 | 189826 | 3949.28 | 749676763 | 1223962 |

**ဇာစ်မြစ်။ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန**

**ကြက်သွန်နီ စိုက်ပျိုးခြင်း။** ဆင်တဲဝချောင်း၊ ယင်းချောင်း၊ ပင်းချောင်းစသည့် သဲချောင်းများတွင် စိုက်ပျိုးသော ကြက်သွန်နီကို ချောင်းကြက်သွန်ဟုလည်းကောင်း၊ ယာမြေများပေါ်တွင် စိုက်ပျိုးသော ကြက်သွန်နီကို ကုန်းကြက်သွန်ဟုလည်းကောင်း ခွဲခြားခေါ်ဝေါ်ကြသည်။ ဒီဇင်ဘာ၊ ဇန်နဝါရီတွင် စိုက်ပျိုးပြီး မတ်လ နှင့် ဧပြီလ (သင်္ကြန်မတိုင်မီ) တူးဖော်ရိတ်သိမ်းသော ကြက်သွန်နီကို ဆောင်းကြက်သွန်ဟုခေါ်ဝေါ်ကြသည်။ ရိတ်သိမ်းပြီး မေလမှ အောက်တိုဘာလထိ သိုလှောင်၍ ဈေးကွက်သို့တင်ပို့ရောင်းချကြသည်။ သိုလှောင်စဉ်ကာလအတွင်း လေလွင့်ဆုံးရှုံးမှု (ပုပ်လာသော ကြက်သွန်နီကို ဖယ်ရှားရခြင်း၊ အညှောက်ပေါက်လာသော ကြက်သွန်နီများကို ဖယ်ရှားရခြင်း၊ ကြက်သွန်နီ အခွံကွာလာခြင်း) များကို ကြက်သွန်နီ သိုလှောင်သူများ တွေ့ကြုံရသည်။ နိုဝင်ဘာလတွင် သိုလှောင်ထားသည့် ဆောင်းကြက်သွန်နီများဈေးကွက်သို့ အဝင်နည်းသွားချိန် တွင် မိုးကြက်သွန်နီများဈေးကွက်သို့ ဝင်ရောက်လာသည်။ မိုး ကြက်သွန်နီ အရည်အသွေးမှာ သိုလှောင်နိုင်ခြင်းမရှိသဖြင့် ဈေးကွက်သို့ မြန်မြန်ဆန်ဆန် တင်ပို့ရောင်းချရသည့် ကြက်သွန်နီအမျိုး အစားဖြစ်သည်။ မြန်မာနိုင်ငံတွင် ဆောင်းကြက်သွန်နီအဖြစ် ဈေးကွက်သို့ အစောဆုံးဝင်ရောက်သော ကြက်သွန်နီမှာ မြစ်သားဒေသထွက် ကြက်သွန်နီ အမျိုးအစားဖြစ်သည်။ မြန်မာနိုင်ငံအလယ်ပိုင်းဒေသသည် ကြက်သွန်နီ အများဆုံးစိုက်ပျိုးထွက်ရှိသည့်ဒေသဖြစ်သည်။


**ဇယား-၂။ မြန်မာနိုင်ငံတွင် ကြက်သွန်နီ စိုက်ချိန်၊ ရိတ်သိမ်းချိန်**

| | lo | pu | atmu | E | ' | Ze | az | rw | { | ar |
|---|---|---|---|---|---|---|---|---|---|---|
| r;pu | | S | G | H | | | | | | |
| aqmi;pu | | | | | S | S | G | H | H | |
| aqmi;pu | | | S | S | S/G | G/H | G/H | G/H | H | |


**မှတ်ချက်။ (S) စိုက်ချိန်၊ (H) ရိတ်သိမ်းချိန် (G) ကြီးထွားချိန်**

**ပြည်တွင်းဈေးကွက် ကြက်သွန်နီဈေးအပြောင်းအလဲ။ ရန်ကုန်** ဘုရင့်နောင်ဈေးကွက်တွင် ကြက်သွန်နီလက်ကားရောင်းချသူများသည် ကြက်သွန်နီအရွယ် အစားပေါ်မူတည်ပြီး ၄ မျိုးခွဲခြားကြသည်။ အရွယ်အစား ၂-၃ စင်တီမီတာ ကြက်သွန်နီကို ကြက်သွန်နီအလတ်ချော၊ အရွယ်အစား ၂ ဒသမ ၅-၃ စင်တီမီတာ ကြက်သွန်နီကို ကြက်သွန်နီအလတ်သန့်၊ အရွယ်အစား ၃-၄ စင်တီမီတာ ကြက် သွန်နီကို ကြက်သွန်အကြီး၊ အရွယ်အစား ၄ စင်တီမီတာနှင့် အထက်ကြက်သွန်နီကို ဟော်တယ်သုံး (ကြက်သွန်နီအရွယ်အစားအကြီးဆုံး) ဟု ခွဲခြားရောင်းဝယ်ကြသည်။ ဆောင်းကြက်သွန်နီဈေးကွက်သို့ စတင်ဝင်ရောက်လာသည့် မတ်လနှင့် ဧပြီလတွင်လည်းကောင်း၊ မိုးစိုက်ကြက်သွန်နီဈေးကွက်သို့စတင်ဝင်ရောက်လာသည့် နိုဝင်ဘာနှင့် ဒီဇင်ဘာလတွင်လည်းကောင်း ကြက်သွန်နီဈေးကျသည်။ ၂၀၁၅ ခုနှစ် မတ်လတွင် ကြက်သွန်နီအသစ် (New supplies) များဈေးကွက်သို့ ဝင်ရောက်လာသဖြင့် ကြက်သွန်နီဈေးကျ (fall in onion price ) လာသည်။ ရန်ကုန် ဘုရင့်နောင်လက်ကားဈေးတွင် **၂၀၁၅ ခုနှစ် မတ်လတွင်ဖြစ်ပေါ်သော ကြက်သွန်နီဈေးသည် ၂၀၁၄ ခုနှစ် မတ်လဈေး အောက်သို့ ရောက်ရှိသွားသည့် အခြေအနေမျိုးဖြစ်ခဲ့သည်။** ပုံ-၁မှ ပုံ-၄အထိ လေ့လာကြည့်ရှုရန် ဖြစ်ပါသည်။ ကြက်သွန်နီစိုက်ပျိုးသူများ စီးပွားရေးတွက်ခြေကိုက်မှုလျော့နည်းကျဆင်းသွားသည်ဟု သိရသည်။ မြန်မာ့ကြက်သွန်နီကို ဘင်္ဂလားဒေ့ရှ်သို့ တင်ပို့ရောင်းချနိုင်ရေးအတွက် စီမံဆောင်ရွက်မှုရှိကြောင်း သိရသည်။


**ပုံ-၁။ ရန်ကုန်ဘုရင့်နောင်လက်ကားဈေးတွင် မြင်းခြံကြက်သွန်နီ အသေး အပတ်စဉ်ပျမ်းမျှဈေး ပြောင်းလဲမှုနှိုင်းယှဉ်ချက်**
**(၂၀၁၂၊ ၂၀၁၃၊ ၂၀၁၄ နှင့် ၂၀၁၅ ခုနှစ် ဇန်၊ ဖေ၊ မတ်လအတွက်)**





**ပုံ-၂။ ရန်ကုန်ဘုရင့်နောင်လက်ကားဈေးတွင် မြင်းခြံကြက်သွန်နီ အလတ် အပတ်စဉ်ပျမ်းမျှဈေး ပြောင်းလဲမှုနှိုင်းယှဉ်ချက်**
**(၂၀၁၂၊ ၂၀၁၃၊ ၂၀၁၄ နှင့် ၂၀၁၅ ခုနှစ် ဇန်၊ ဖေ၊ မတ်လအတွက်)**




**ပုံ-၃။ ရန်ကုန်ဘုရင့်နောင်လက်ကားဈေးတွင် မြင်းခြံကြက်သွန်နီ အကြီး အပတ်စဉ်ပျမ်းမျှဈေး ပြောင်းလဲမှုနှိုင်းယှဉ်ချက်**
**(၂၀၁၂၊ ၂၀၁၃၊ ၂၀၁၄ နှင့် ၂၀၁၅ ခုနှစ် ဇန်၊ ဖေ၊ မတ်လအတွက်)**




**ပုံ-၄။ ရန်ကုန်ဘုရင့်နောင်လက်ကားဈေးတွင် မြင်းခြံကြက်သွန်နီ အကြီး အပတ်စဉ်ပျမ်းမျှဈေး ပြောင်းလဲမှုနှိုင်းယှဉ်ချက်**
**(၂၀၁၂၊ ၂၀၁၃၊ ၂၀၁၄ နှင့် ၂၀၁၅ ခုနှစ် ဇန်၊ ဖေ၊ မတ်လအတွက်)**



# ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် ကုန်သွယ်မှုပမာဏ လျာထားချက်အပေါ် ၁၀၉ ရာခိုင်နှုန်းကျော် ဆောင်ရွက်



၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် မြန်မာနိုင်ငံ ပို့ကုန်သွင်းကုန် ဆောင်ရွက်နိုင်မှုမှာ ကန်ဒေါ်လာ ၂၈၁၃၆ သန်းကျော်ဖြစ်ပြီး ပို့ကုန်ကန်ဒေါ်လာ ၁၁၆၁၁ သန်းကျော်နဲ့သွင်းကုန် ကန်ဒေါ်လာ ၁၆၅၂၄ သန်းကျော် အသီးသီး ဆောင်ရွက်နိုင်ခဲ့ပါတယ်။ ကုန်သွယ်မှုလိုငွေကတော့ ကန်ဒေါ်လာ ၄၉၁၂ သန်းကျော်ရှိနေတယ်လို့သိရပါတယ်။ကုန်သွယ်မှုပမာဏလျာထားချက်မှာ ကန်ဒေါ်လာ ၂၅၇၀၀ သန်းဖြစ်ရာ လျာထားချက်အပေါ် ၁၀၉ ဒသမ ၄၈ ရာခိုင်နှုန်း ၊ ပို့ကုန်အပေါ် ၉၁ ရာခိုင်နှုန်းကျော်နဲ့ သွင်းကုန်အပေါ် ၁၂၇ ရာခိုင်နှုန်းကျော်အသီးသီး ဆောင်ရွက် နိုင်ခဲ့ပါတယ်။ပင်လယ်ရေကြောင်းနဲ့ နယ်စပ်ကုန်သွယ်မှုပမာဏကို ခွဲခြားဖော်ပြလိုက်ရပါတယ်-

တန်ဖိုး-ကန်ဒေါ်လာသန်းပေါင်း

| | ပို့ကုန် | သွင်းကုန် | ကုန်သွယ်မှု |
|---|---|---|---|
| ပင်လယ်ရေကြောင်း | ၇၃၄၆. ၂၆၃ | ၁၄၁၂၉. ၆၉၈ | ၂၁၄၇၅. ၉၆၁ |
| နယ်စပ် | ၄၂၆၅. ၅၈၂ | ၂၃၉၄. ၇၀၆ | ၆၆၆၀. ၂၈၈ |
| စုစုပေါင်း | ၁၁၆၁၁. ၈၄၅ | ၁၆၅၂၄. ၄၀၄ | ၂၈၁၃၆. ၂၄၉ |

ယမန်နှစ်ကာလတူနှင့်နှိုင်းယှဉ်ပါက ကုန်သွယ်မှုပမာဏ ကန်ဒေါ်လာ ၃၁၇၂ သန်းကျော် ပိုမိုဆောင်ရွက်နိုင်ခဲ့ပါတယ်။ ပို့ကုန်ပိုင်းမှာ ယခုနှစ်တွင် ကန်ဒေါ်လာ ၁၁၆၁၁ သန်းကျော်ဖြစ်ပြီး ယမန်နှစ်မှာ ကန်ဒေါ်လာ ၁၁၂၀၃ သန်းကျော်ဖြစ်သဖြင့် ယမန်နှစ် ကာလတူထက် ကန်ဒေါ်လာ ၄၀၇ သန်းကျော် ပိုမိုခဲ့ပါတယ်။ ထိုကဲ့သို့ပိုမိုရခြင်းမှာ လယ်ယာထွက်ကုန်၊ သတ္တုတွင်းထွက်၊ စက်မှုကုန်ချောနဲ့ အခြားတို့တင်ပို့မှုပိုမိုခဲ့၍ဖြစ်ပါတယ်။လယ်ယာထွက်ကုန်တွင် ဆန်၊ ဆန်ကွဲ၊ ပြောင်း၊ ပဲစင်းငုံ၊ ကုလားပဲ၊ ပဲလွန်းဖြူ၊ မြေထောက်ပဲ၊ ပဲကြီး၊ ဘိုကိတ်ပဲ၊ ပဲနီကြား၊ မြေပဲဆံတို့ တင်ပို့မှု ပိုခဲ့ပါတယ်။

**ပြည်ပပို့ကုန်အုပ်စုအလိုက် ကာလတူနှိုင်းယှဉ်ချက်**

တန်ဖိုး-ကန်ဒေါ်လာသန်းပေါင်း

| | ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် | ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် | နှိုင်းယှဉ်ချက် တိုး/လျော့ | |
|---|---|---|---|---|
| လယ်ယာထွက်ပစ္စည်း | ၂၇၈၆. ၅၃၆ | ၂၆၆၁. ၂၆၅ | (+) | ၁၂၅. ၂၇၁ |
| တိရစ္ဆာန်ထွက်ပစ္စည်း | ၈. ၂၉၆ | ၁၅. ၄၂၀ | (-) | ၇. ၁၂၄ |
| ရေထွက်ပစ္စည်း | ၄၁၉. ၁၃၁ | ၅၁၆. ၀၄၁ | (-) | ၉၆. ၉၁၀ |
| သတ္တုတွင်းထွက် | ၁၄၇၄. ၅၂၁ | ၁၃၃၉. ၄၅၆ | (+) | ၁၃၅. ၀၆၅ |
| သစ်တောထွက် | ၉၄. ၇၇၄ | ၉၄၈. ၀၂၇ | (-) | ၈၅၃. ၂၅၃ |
| စက်မှုကုန်ချော | ၅၇၃၁. ၁၄၁ | ၄၆၃၇. ၄၉၄ | (+) | ၁၀၉၃. ၆၄၇ |
| အခြား | ၁၀၉၇. ၄၄၆ | ၁၀၈၆. ၂၅၄ | (+) | ၁၁. ၁၉၂ |
| စုစုပေါင်း | ၁၁၆၁၁. ၈၄၅ | ၁၁၂၀၃. ၉၅၇ | (+) | ၄၀၇. ၈၈၈ |

သွင်းကုန်ပိုင်းကိုကြည့်လျှင် ယမန်နှစ်ကာလတူထက် ကန်ဒေါ်လာ ၂၇၆၄ သန်းပိုမို ဆောင်ရွက်နိုင်ခဲ့ပါတယ်။ သွင်းကုန် အုပ်စု(၃)ခုလုံးဖြစ်တဲ့ ရင်းနှီးမြှုပ်နှံမှုကုန်ပစ္စည်း၊ လုပ်ငန်းသုံးကုန်ကြမ်းပစ္စည်းနဲ့ လူသုံးကုန်ပစ္စည်းတို့ ပိုမိုတင်သွင်းခဲ့တယ်လို့ သိရပါတယ်။ ရင်းနှီးမြှုပ်နှံမှုပစ္စည်းများဖြစ်တဲ့ စက်နဲ့စက်ပစ္စည်းများ၊ သံနဲ့သံမဏိ ဆောက်လုပ်ရေးပစ္စည်းများ၊ မော်တော်ယာဉ်နဲ့ မော်တော်ယာဉ်ပစ္စည်းများ၊ ဘိလပ်မြေ၊ တယ်လီဖုန်းနဲ့ ဆက်သွယ်ရေးပစ္စည်းများ၊ လုပ်ငန်းသုံးကုန်ကြမ်းပစ္စည်းများဖြစ်တဲ့ ရေနံထွက်ပစ္စည်းများ၊ ပလတ်စတစ် ကုန်ကြမ်းပစ္စည်းများ၊ ဓာတုဗေဒချည်ခင်များ၊ ဓာတ်မြေသြဇာနဲ့ ဂျုံစေ့များ ယမန်နှစ်ကာလတူထက် ပိုမိုတင်သွင်းခဲ့တယ်လို့သိရပါတယ်။

ရင်းနှီးမြှုပ်နှံမှုနဲ့လုပ်ငန်းသုံးကုန်ကြမ်းပစ္စည်းများ ပိုမိုတင်သွင်းခြင်းနဲ့ စပ်လျဉ်းပြီး နိုင်ငံရေးအပြောင်းအလဲများပေါ် အခြေခံပြီး ပြည်တွင်းပြည်ပကုန်သည်လုပ်ငန်းရှင်များရဲ့ ပြည်တွင်းရင်းနှီးမြှုပ်နှံမှုပမာဏ တိုးမြှင့်လာခြင်း၊ ကုန်သွယ်မှုဆိုင်ရာ ဖြေလျှော့မှုများကြောင့် ပုဂ္ဂလိကလုပ်ငန်းရှင်အနေနဲ့ စက်သုံးဆီ တရားဝင် တင်သွင်းခွင့်များရရှိလာခြင်း၊ စက်နဲ့စက်အပိုပစ္စည်းများ ပိုမိုတင်သွင်းခဲ့ခြင်းတို့ကြောင့် သွင်းကုန်ပမာဏ ပိုမိုများပြားလာရခြင်းဖြစ်ပါတယ်။ ယခုနှစ်နဲ့ ယမန်နှစ်ကာလတူပို့ကုန် သွင်းကုန်နှိုင်းယှဉ်ချက်ကို ဖော်ပြပေးလိုက်ရပါတယ်-

**ပြည်ပသွင်းကုန်အုပ်စုအလိုက် ကာလတူနှိုင်းယှဉ်ချက်**

တန်ဖိုး-ကန်ဒေါ်လာသန်းပေါင်း

| | ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် | ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် | နှိုင်းယှဉ်ချက် တိုး/လျော့ | |
|---|---|---|---|---|
| ရင်းနှီးမြှုပ်နှံမှုကုန်ပစ္စည်း | ၇၃၆၂. ၃၀၅ | ၅၆၉၂. ၀၁၆ | (+) | ၁၆၇၀. ၂၈၉ |
| လုပ်ငန်းသုံးကုန်ကြမ်းပစ္စည်း | ၅၆၆၈. ၈၃၃ | ၅၆၈၄. ၀၃၃ | (-) | ၁၅. ၂၀၀ |
| လူသုံးကုန်ပစ္စည်း | ၃၄၉၃. ၂၆၆ | ၂၃၈၃. ၄၅၈ | (+) | ၁၁၀၉. ၈၀၈ |
| စုစုပေါင်း | ၁၆၅၂၄. ၄၀၄ | ၁၃၇၅၉. ၅၀၇ | (+) | ၂၇၆၄. ၈၉၇ |

MIRT

## တရုတ်ပြည်သူ့သမ္မတနိုင်ငံတွင် "The 2015 CAEXPO Culture Exhibition" ပြပွဲကျင်းပမည်

"The 2015 CAEXPO Culture Exhibition" ပြပွဲကို မေလ ၂၉ ရက်နေ့မှ ဇွန်လ ၁ရက်နေ့အထိ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ကွမ်ရှီးကျွမ့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ နန်နင်းမြို့၊ အပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းနှင့် ပြပွဲဗဟိုဌာနတွင် ကျင်းပမည်ဖြစ်ကြောင်း သတင်းရရှိပါသည်။ "The 2015 CAEXPO Culture Exhibition" ပြပွဲသည် တရုတ်နိုင်ငံနှင့် အာဆီယံနိုင်ငံများအကြား အပြန်အလှန်ယဉ်ကျေးမှုဆိုင်ရာ ပူးပေါင်းဖလှယ်ဆောင်ရွက်မှုများကို ဖြစ်ပေါ်အောင်မြင်တိုးတက်စေမည်ဖြစ်ပါသည်။ ယဉ်ကျေးမှုအမွေအနှစ်ဆိုင်ရာများ၊ သတင်းနှင့်ပုံနှိပ်ထုတ်ဝေမှု၊ ရုပ်ရှင်အနုပညာလုပ်ငန်းနှင့် ရုပ်သံလွှင့်လုပ်ငန်းဆိုင်ရာ ပြသမှုများ ပါဝင်မည်ဖြစ်ကြောင်းနှင့် စိတ်ပါဝင်စားသည့် မြန်မာနိုင်ငံစီးပွားရေးလုပ်ငန်းရှင်များအနေဖြင့် ကုန်သွယ်မှုမြှင့်တင်ရေးနှင့် စားသုံးသူရေးရာဦးစီးဌာန၊ အပြည်ပြည်ဆိုင်ရာ ကုန်သွယ်မှုမြှင့်တင်ရေးဌာနခွဲ(ကုန်စည်ပြပွဲဌာနစိတ်)နှင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်သို့ ဆက်သွယ်စုံစမ်းနိုင်ပါကြောင်း သတင်းရရှိပါသည်။

ဥမ္မာကြူ (IT)

## တရုတ်ပြည်သူ့သမ္မတနိုင်ငံတွင် "CMT China 2015" ပြပွဲကျင်းပမည်

"CMT China 2015" ပြပွဲကို မေလ ၂၉ ရက်နေ့မှ ၃၁ ရက်နေ့အထိ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ကျန်းစူးပြည်နယ်၊ နန်ကျင်းမြို့တွင် ကျင်းပမည်ဖြစ်ကြောင်း သတင်းရရှိပါသည်။ "CMT China 2015" ပြပွဲကို တရုတ်နိုင်ငံ၏ အရှေ့ဘက်ဒေသများအတွက် ခရီးသွားလုပ်ငန်းမြှင့်တင်ရန်နှင့် ခရီးသွားလုပ်ငန်း၏ လက်ရှိ အလားအလာများနှင့် ပြည်တွင်းပြည်ပရှိ ထိပ်တန်းခရီးသွားလုပ်ငန်းဆိုင်ရာ ယဉ်ကျေးမှုတို့ကို လေ့လာနိုင်ရန်နှင့်ခရီးသွားလုပ်ငန်းကဏ္ဍတွင် ပိုမို ခိုင်မာကျယ်ပြန့်သည့် ပူးပေါင်းဆောင်ရွက်မှုနှင့်ဖွံ့ဖြိုးတိုးတက်မှု အရှိန်အဟုန်မြှင့်တင်ရန် အဓိကရည်ရွယ်၍ ကျင်းပခြင်းဖြစ်ပါကြောင်းနှင့် စိတ်ပါဝင်စားသည့် မြန်မာနိုင်ငံမှ ခရီးသွားလာရေးကဏ္ဍမှ စီးပွားရေးလုပ်ငန်းရှင်များအနေဖြင့် ကုန်သွယ်မှုမြှင့်တင်ရေးနှင့် စားသုံးသူရေးရာဦးစီးဌာန၊ အပြည်ပြည်ဆိုင်ရာ ကုန်သွယ်မှုမြှင့်တင်ရေးဌာနခွဲ (ကုန်စည်ပြပွဲဌာနစိတ်)နှင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်သို့ ဆက်သွယ်စုံစမ်းနိုင်ပါကြောင်း သတင်းရရှိပါသည်။

ဥမ္မာကြူ (IT)

## အင်ဒိုနီးရှားနိုင်ငံတွင် "International Trade and Investment Summit (AITIS) 2015 " ပြပွဲကျင်းပမည်

"International Trade and Investment Summit (AITIS) 2015 " ကို မေလ ၁၃ ရက်နေ့ မှ ၁၅ ရက်နေ့အထိ အင်ဒိုနီးရှားနိုင်ငံ၊ ဂျာကာတာမြို့၊ Expo Kemayoran Jakarta တွင် ကျင်းပမည်ဖြစ်ကြောင်း သတင်းရရှိပါသည်။ "International Trade and Investment Summit (AITIS) 2015" သည် အင်ဒိုနီးရှားနိုင်ငံ၏ သတ္တုတူးဖော်ရေး၊ စွမ်းအင်ကဏ္ဍ၊ ခရီးသွားလာရေး၊ ဆန်းသစ်သောပစ္စည်းများ၊ လယ်ယာစိုက်ပျိုးရေး၊ စိုက်ခင်းများ၊ ပင်လယ်ထွက်ပစ္စည်းများနှင့် အ ခြေခံအဆောက်အအုံများ ထုတ်လုပ်၊ ဖြန့်ဖြူးသည့်လုပ်ငန်းများတွင် ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရန် ရည်ရွယ်၍ ကျင်းပခြင်းဖြစ်ပါကြောင်းနှင့် စိတ်ပါဝင်စားသည့် မြန်မာနိုင်ငံစီးပွားရေးလုပ်ငန်းရှင်များအနေဖြင့် ကုန်သွယ်မှုမြှင့်တင်ရေးနှင့် စားသုံးသူရေးရာဦးစီးဌာန၊ အပြည်ပြည်ဆိုင်ရာ ကုန်သွယ်မှုမြှင့်တင်ရေးဌာနခွဲ (ကုန်စည်ပြပွဲ ဌာနစိတ်)နှင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်သို့ ဆက်သွယ်စုံစမ်းနိုင်ပါကြောင်း သတင်းရရှိပါသည်။

ဥမ္မာကြူ (IT)



# ဆေးလိပ်၊ အရက်၊ ကွမ်းနှင့် ကျန်းမာရေး ကြိုက်နှစ်သက်ရာရွေး

ဆေးလိပ်၊ အရက်နှင့် ကွမ်းများကို မြန်မာနိုင်ငံ နေရာအနှံ့အပြားတွင် ရောင်းချလျက်ရှိပြီး လူအများ သုံးစွဲနေသည်ကို တွေ့ရှိရပါသည်။ ရုံးများနှင့် စာသင်ကျောင်းများရှိ လူအများမြင်သာသည့် နေရာများတွင် ဆေးလိပ်ကင်းစင်နယ်မြေ၊ ဆေးလိပ်မသောက်ရ၊ ကွမ်းမစားရ၊ ကွမ်းတံတွေးမထွေးရ အစရှိသည့် ဆိုင်းဘုတ်များ ရေးသားထားသော်လည်း ဆင်ခြင်မှုကင်းမဲ့စွာ ဆေးလိပ်နှင့် ကွမ်းများကို သုံးစွဲနေကြပါသည်။ အများစုမှာ ကြိုက်နှစ်သက်၍ သုံးစွဲခြင်း၊ အရွယ်ရောက်စ ကျောင်းသားလူငယ် အများစုမှာလည်း စိတ်ဝင်စားစွာဖြင့် စမ်းသပ်သုံးစွဲနေခြင်း၊ နယ်မြို့များ၌ အလှူမင်္ဂလာဧည့်ခံပွဲ၊ သာရေးနာရေးပွဲများတွင် ဆေးလိပ်၊ အရက်နှင့် ကွမ်းများဖြင့် ဧည့်ခံခြင်းစသည့် အကြောင်းအမျိုးမျိုးဖြင့် သုံးစွဲလျက်ရှိပါသည်။ မသိနားမလည်သေးသော အရွယ်ရောက်ခါစ ကလေးငယ်များ၊ ကျောင်းသားလူငယ် လူရွယ်များ ဆေးလိပ်၊ ကွမ်းနှင့် အရက်များ စမ်းသပ်သုံးစွဲနေသည်ကို မြို့၊ ရွာနေရာတိုင်းတွင် ရင်နင့်ဖွယ်ရာ တွေ့မြင်နေရပါသည်။ အလှူမင်္ဂလာပွဲများတွင် ကွမ်းစား၊ဆေးသောက် ဖိတ်ကြား၍ မိမိတို့ အလှူမင်္ဂလာဧည့်ခံပွဲအတွက် တစ်ဦးနှင့်တစ်ဦး ခင်မင်ရင်းနှီးစွာဖြင့် ဆွေးနွေးတိုင်ပင်ကြသည့် ဓလေ့များကို မြင်တွေ့နေရသည်မှာ အမြင်အားဖြင့် ချစ်စရာဓလေ့ဟုထင်မှတ်ရသော်လည်း ဆေးလိပ်၊ အရက်နှင့် ကွမ်းများကို သုံးစွဲခြင်းဖြင့် နောက်ဆက်တွဲ ဖြစ်ပွားတတ်သော အန္တရာယ်များ၊ ပြဿနာများမှာ အလွန်ကြီးမားသောကြောင့် စားသုံးသူများကို များစွာထိခိုက်နစ်နာစေပါသည်။ ထို့ကြောင့် ဆေးလိပ်၊ အရက်၊ ကွမ်းတို့၏ ဆိုးကျိုးနှင့် နောက်ဆက်တွဲ ဖြစ်ပွားနိုင်သော ရောဂါအန္တရာယ်များကို စားသုံးသူပြည်သူများသိရှိပြီး ရှောင်ကြဉ်နိုင်စေရန်အတွက် ပညာရှင်များ ရေးသားထားချက်တချို့ကို ထုတ်နုတ်တင်ပြရခြင်းဖြစ်ပါသည်။

ရှေးဦးစွာ ဆေးလိပ်နှင့် စီးကရက်အကြောင်းကိုဆွေးနွေးရမည်ဆိုပါက ဆေးလိပ်နှင့် စီးကရက်များကို ဆေးရိုး၊ ပြောင်းဖူးဖက်၊ သနပ်ဖက်၊ စက္ကူ၊ ဆေးရွက်ကြီးကို နီကိုတင်းအဆီနှင့်ပေါင်း၍ အခြောက်ခံပြီး ထည့်ထားခြင်းကြောင့် နီကိုတင်းဓာတ် ပါဝင်နေသည့်အတွက် သောက်သုံးသူများကို စွဲလမ်းစေပါသည်။ ဆေးလိပ်ကို စွဲလမ်းပြီး ရေရှည်သောက်သုံးပါက စီးပွားရေး၊ ကျန်းမာရေး၊ ပတ်ဝန်းကျင်ထိခိုက်မှုနှင့် နောက်ဆက်တွဲ ရောဂါ အန္တရာယ်များ ဖြစ်ပွားနိုင်ပါသည်။ ပတ်ဝန်းကျင်ထိခိုက်မှုအနေဖြင့် ဆေးလိပ်ကိုသောက်သုံးပြီး စနစ်တကျ မစွန့်ပစ်ခြင်း၊ ကျောင်းသားလူငယ်များ မိမိ၏ဆရာ၊ ဆရာမ၊ မိဘအုပ်ထိန်းသူများနှင့် တွေ့ရှိ၍ ကြောက်လန့်တကြားနဲ့ စွန့်ပစ်ခြင်းကြောင့် "အမှိုက်ကစ ပြဿဒ်မီးလောင်" ဆောင်ပုဒ်အတိုင်း မီးလောင်မှု ဖြစ်ပေါ်နိုင်ပြီး ပြည်သူအများ၏ အသက်အိုးအိမ်စည်းစိမ်များကို ပျက်စီးဆုံးရှုံးစေနိုင်ပါသည်။ အရက်နှင့် ကွမ်းတွင် သုံးစွဲသူများသာ နောက်ဆက်တွဲ ရောဂါအန္တရာယ်များ ရရှိသော်လည်း ဆေးလိပ်တွင် သောက်သုံးသူသာမက ဆေးလိပ်ငွေ့ရှူရှိုက်ရသူများနှင့် ဆေးလိပ်သောက်သုံးသူများ နေထိုင်သွားလာရာ အဆောက်အအုံ၊ အိပ်ခန်း၊ နေအိမ်များအတွင်းရှိ အဝတ်အထည်၊ အသုံးအဆောင်ပစ္စည်းများတွင် စွဲကျန်ရစ်ခဲ့သော ဆေးလိပ်ငွေ့ကို တစ်ဆင့်ခံရှူရှိုက်ရသော မိမိနှင့်အတူနေ မိသားစုများတွင်လည်း ဆေးလိပ်နှင့် ဆက်နွယ်သော ရောဂါအန္တရာယ်များ ဖြစ်ပွားနိုင်ပါသည်။ ထို့ကြောင့် မြန်မာနိုင်ငံတွင် အမျိုးသားများထက် အမျိုးသမီးများ ဆေးလိပ်သောက်သုံးမှု နည်းပါးသော်လည်း ဆေးလိပ်ငွေ့ကို တိုက်ရိုက်ရှူရှိုက်ရသူနှင့် တစ်ဆင့်ခံရှူရှိုက်ရသူများတွင်လည်း ဆေးလိပ်နှင့်ဆက်နွယ်သော ရောဂါများ ဖြစ်ပွားနိုင်သောကြောင့် အမျိုးသားများနှင့် သက်ဆိုင်သော ရောဂါအန္တရာယ်များအပြင် အမျိုးသမီးများနှင့် သက်ဆိုင်သော ရောဂါအန္တရာယ်များလည်း ဖြစ်ပွားသည်ကို လေ့လာတွေ့ရှိရပါသည်။ ဆေးလိပ်မီးခိုးငွေ့များတွင် အဓိကအားဖြင့် အဆုတ်ကင်ဆာဖြစ်စေတတ်သော ဓါတုပစ္စည်းများနှင့် ကတ္တရာ၊ နီကိုတင်း၊ ကာဗွန်မိုနောက်ဆိုက်၊ ဘင်ဇင်း၊ အမိုနီးယားအစရှိသည့် ဓာတ်ပစ္စည်းမျိုးပေါင်း ၄၀၀၀ ကျော်ပါဝင်ပြီး ၄၅ မျိုးသည် ကင်ဆာရောဂါ ဖြစ်စေနိုင်ပါသည်။ ၎င်းအပြင် အခြားဖြစ်ပွားတတ်သော ရောဂါအန္တရာယ်များမှာ အဆုတ်ကင်ဆာ အပါအဝင် နှလုံးသွေးကြောကျဉ်းခြင်း၊ နှလုံးသွေးကြောပိတ်ခြင်း၊ ဦးနှောက်သွေးကြောပိတ်ခြင်း၊ သွေးတိုးရောဂါ၊ အဆုတ်ပွရင်ကြပ်ရောဂါ၊လေဖြတ်ရောဂါ၊ လည်ချောင်းကင်ဆာ၊ ခံတွင်းကင်ဆာ၊ အသံအိုးကင်ဆာ၊ ကျောက်ကပ်ကင်ဆာ၊ အစာအိမ်ကင်ဆာ၊ သားအိမ်ခေါင်းကင်ဆာ၊ အဆုတ်လေပွန်ရောင်ခြင်း၊ လက်နှင့်ခြေထောက်ရှိ သွေးလွှတ်ကြောကြီးများပိတ်၍ ခြေချောင်းလက်ချောင်းများပုပ်ခြင်း၊ ခြေချောင်း လက်ချောင်းများပုပ်၍ ဖြတ်ရပါက လူစဉ်မမီခြင်း၊ အမျိုးသားများနှင့်ဆိုင်သော အခြားရောဂါများအပြင် ကိုယ်ဝန်ဆောင်မိခင်များ သန္ဓေသားပျက်ကျခြင်း၊ လမစေ့ဘဲကလေးမွေးဖွားခြင်း၊ ပေါင်မပြည့်သည့် ကလေးမွေးဖွားခြင်း၊ မွေးရာပါမှတ်ဉာဏ်နှင့် ကိုယ်လက်အင်္ဂါ ချို့ယွင်းခြင်း၊ ကလေးအသေမွေးခြင်း၊ မွေးကင်းစကလေး ရုတ်တရက်သေဆုံးခြင်း၊ ကိုယ်ဝန်မရနိုင်ခြင်း အစရှိသည့် အမျိုးသမီးများနှင့် ပတ်သက်သောရောဂါများ ဖြစ်ပွားနိုင်ကြောင်း လေ့လာတွေ့ရှိရပါသည်။ ထို့အပြင် ဆေးလိပ်သောက်သူများသည် ဆေးလိပ်မသောက်သူများထက် စောစီးစွာအိုမင်းရင့်ရော်ခြင်း၊ သွားဖုံးများ အရောင်ညစ်နွမ်းခြင်း၊ မျက်နှာနှင့်ခန္ဓာကိုယ်တွင် အရေပြားများ ပိုမို တွန့်လာခြင်းများ ဖြစ်သည့်အပြင် ဆေးလိပ်သောက်သူများတွင် ခံတွင်းအနံ့ဆိုးခြင်းနှင့် သန့်စင်ခန်း အသုံးပြုပြီးပါက အနံ့အသက်ဆိုးများ ကျန်ရစ်ခြင်းတို့ ဖြစ်ပါသည်။

ဆက်လက်ပြီး အရက်၊ ဘီယာသောက်သုံးခြင်းအကြောင်းကို ဆွေးနွေးရပါက ရောဂါအန္တရာယ်များ ဖြစ်ပွားခြင်း၊ စီးပွားရေး၊ ကျန်းမာရေး၊ လူမှုရေး၊ အိမ်ထောင်ရေးထိခိုက်ခြင်း၊ မတော်တဆထိခိုက်မှုကြောင့် သေဆုံးမှုများပိုမိုများပြားခြင်း၊ ဆင်ခြင်မှုကင်းမဲ့စွာ ပြုမူခြင်းကြောင့် ရာဇဝတ်မှုများဖြစ်ပေါ်ခြင်း၊ ပတ်ဝန်းကျင်ဆူညံခြင်းနှင့် မလိုလားအပ်သော ပြဿနာများဖြစ်ပွားပြီး သက်တမ်းစေ့မနေရခြင်းတို့ ဖြစ်ပေါ်စေနိုင်ပါသည်။ ထို့ကြောင့် သက်တမ်းစေ့မနေရ၍ အရက်ကို 'မအိုဆေး' ဟုသရော်၍ခေါ်ဆိုကြပါသည်။ အရက်တစ်ဂရမ်တွင် အပူစွမ်းအင် ခုနစ်ကယ်လိုရီ ပါရှိပြီး ဖြစ်ပွားတတ်သော ရောဂါများမှာ အသည်းရောင်ခြင်း၊ အသည်းခြောက်ခြင်း၊ လေဖြတ်ခြင်း၊ နှလုံးကြီးခြင်း၊ နှလုံးအားနည်းခြင်း၊ အာဟာရချို့တဲ့ခြင်း၊ ခံတွင်းနှင့်လည်ချောင်းကင်ဆာဖြစ်ခြင်း၊ ဦးနှောက်ပျက်စီးခြင်း၊ အရက်ဆိပ်တက်ခြင်း၊ ညအိပ်မပျော်ခြင်း၊ အတက်ရောဂါများအပြင် စိတ်ကျန်းမာရေးအနေဖြင့် စိတ်ဖိစီးမှုများခြင်း၊ မှတ်ဉာဏ်အားနည်းခြင်း၊ စိတ်လှုပ်ရှားမှုများခြင်း၊ ထင်ယောင်ထင်မှားဖြစ်ခြင်း၊ စိတ်ဖောက်ပြန်ခြင်း၊ မိမိကိုယ်မိမိသတ်သေရန် ကြိုးစားခြင်းနှင့် သံသယလွန်ကဲခြင်း တို့ဖြစ်ပါသည်။

မြန်မာနိုင်ငံသည် ကမ္ဘာပေါ်တွင် ကွမ်းစားသုံးသူအများဆုံးဖြစ်ပြီး လူဦးရေသန်း ၃၀ ကျော်သည် ကွမ်းစားသူများ ဖြစ်ပါသည်။ ကွမ်းစားခြင်းကြောင့် စီးပွားရေး၊ ကျန်းမာရေး၊ ပတ်ဝန်းကျင်ထိခိုက်မှုများနှင့် နောက်ဆက်တွဲ ရောဂါအန္တရာယ်များ ဖြစ်ပွားနိုင်ပါသည်။ ကွမ်းစားသူများသည် မဆင်မခြင် ကွမ်းတံတွေးထွေးခြင်းကြောင့် မြို့ပြကျက်သရေကို ထိခိုက်စေပြီး ပတ်ဝန်းကျင်ကို ရုပ်ဆိုးအကျည်းတန်စေပါသည်။ ရှေးယခင်က ကွမ်းယာကို ကွမ်းရွက်၊ထုံး၊ ကွမ်းသီးနှင့် ဆေးကိုသာထည့်၍ မိရိုးဖလာအတိုင်း စားသုံးခဲ့ကြသော်လည်း ယနေ့ခေတ် ကွမ်းယာများတွင် ကွမ်းရွက်၊ ထုံး၊ ကွမ်းသီး၊ ဆေးရွက်ကြီး၊ အုန်းသီး၊ သံပုရာသီး၊ နှပ်ဆေးရည်၊ လေးညှင်း၊ ဖာလာ၊ ဗလရှင်၊ ဂျင်တန်၊ အာမွှေး၊ ဂုံးခါး၊ နိုင်တီးတူး၊ သရီးဖစ်ပတီး၊ ဟန်ဒရက် စသည်ဖြင့် မိမိကြိုက်နှစ်သက်ရာ ဆေးအမျိုးမျိုးထည့်၍ စားသုံး ကြပါသည်။ ကွမ်းယာတွင်ထည့်သော ဆေးများမှာ ပြည်တွင်းဖြစ်များနှင့် ပြည်ပမှဝင်ရောက်လာသော ဆေးများဖြစ်ပြီး ဓာတုဆေးများ သုံးစွဲထားသည်ကို တွေ့ရှိရပါ သည်။

ကွမ်းသီးများကို အဖန်နှင့် အခါးဓါတ်များ လျော့နည်းစေရန် ဓာတုပစ္စည်း တစ်မျိုးဖြစ်သည့် ကန့်ဖြင့်စိမ်ခြင်း၊ ပေါင်းခြင်းများပြုလုပ်ပြီး ရေပြန်ဆေးခြင်း၊ ရေနွေးဖြင့်ဆေးခြင်းများ ပြုလုပ်သော်လည်း ဓာတ်ကြွင်းကျန်များပါရှိခြင်း၊ ကွမ်းသီးများ မှိုသတ်ဆေးဖျန်းခြင်းကြောင့် ဓာတ်ကြွင်းကျန်များပါရှိခြင်း၊ကွမ်းသီးကို စနစ်တကျခြောက်သွေ့အောင် ပြုလုပ်ခြင်းမရှိပါက မှိုတက်ပြီး အယ်လ်ဖာတော့ဆင်မှိုဆိပ်ပါရှိခြင်း ၊ ပိုးသတ်ဆေးဖြန်းထားသော ကွမ်းရွက်များကို ဈေးကွက်တွင်ရောင်းချခြင်း၊ သန့်ရှင်းစင်ကြယ်စွာ မဆေးကြောဘဲ စားသုံးခြင်းတို့ကြောင့် ကွမ်းနှင့်ပတ်သက်သော ရောဂါများ ဖြစ်ပွားနိုင်ပါသည်။ ထို့အပြင် ကွမ်းစားနှပ်ဆေးရည်များတွင် သဘာဝမဟုတ်သော အနံ့အသက်များနှင့် အချိုအရသာများ ရောစပ်ထုတ်လုပ်ထားသောကြောင့် ဓါတုဗေဒဒြပ်ပေါင်း အချို့ပါဝင်လျက်ရှိပြီး ၎င်းဒြပ်ပေါင်းစုများသည် လူ့ခန္ဓာကိုယ်အတွင်း ကလီစာအစိတ်အပိုင်းများကို ခြေဖျက်နိုင်သောကြောင့် ပါးစောင်ကင်ဆာ၊ လည်ချောင်းကင်ဆာနှင့် အစာအိမ်အူလမ်းကြောင်းကင်ဆာများ ဖြစ်ပွားရကြောင်း ကွမ်းစားနှပ်ဆေးရည်ကို ရေရှည်စားသုံးမိခြင်းကြောင့် အစာအိမ်အူလမ်းကြောင်း ကင်ဆာဖြစ်ပွားပြီး ဆေးကုသမှုခံယူသူများစွာရှိရာ ၃၅ ရာခိုင်နှုန်းသာလျှင် အသက်ရှင်ကျန်းမာပြီး ၆၅ ရာခိုင်နှုန်းမှာ သက်တမ်းစေ့ နေထိုင်ရခြင်းမရှိကြောင်း သုတေသန စာတမ်းများအရ သိရှိရပါသည်။ နှပ်ဆေးရည်ဖော်စပ်ရာတွင် အဓိကမရှိမဖြစ် အခြေခံကုန်ကြမ်းမှာ ဆေးရွက်ကြီးဖြစ်ပြီး ၎င်း၏ မူလသဘောသဘာဝမှာ အဆိပ်အတောက်များကို ပြယ်စေနိုင်သော သတ္တိရှိသော်လည်း ဓါတုဗေဒဒြပ်ပေါင်းများနှင့် ရောစပ်သုံးစွဲခြင်းကြောင့် စားသုံးသူ၏ ကျန်းမာရေးကို ထိခိုက်စေခြင်း ဖြစ်ပါသည်။ ကွမ်းစားခြင်းကြောင့် ဖြစ်ပွားတတ်သောရောဂါများမှာ ခံတွင်းကင်ဆာအပါအဝင် အသည်းရောင်ခြင်း၊ အသည်းအမာရွတ်ထင်ခြင်း၊ အသည်းကြွတ်ဆတ်ရောဂါ၊ အသည်းကင်ဆာရောဂါ၊ အစာအိမ် အနာဖြစ်ခြင်း၊ အစာအိမ်အက်ဆစ် အချဉ်ရည်များစေခြင်း၊ ထုံးဓာတ်မှ ဆီးကျောက်တည်ခြင်းများ ဖြစ်ပွားစေကြောင်း လေ့လာတွေ့ရှိရပါသည်။

လူအများစုသည် ဆေးလိပ်၊အရက်နှင့် ကွမ်းတို့ကို အတုယူပြီး သုံးစွဲရာမှ တဖြည်းဖြည်းစွဲလမ်းလာပြီး နေ့စဉ် အသုံးမပြုဘဲမနေနိုင်သည် အထိဖြစ်လာပါသည်။ နေ့စဉ်ပုံမှန်သုံးစွဲပါက စီးပွားရေးထိခိုက်ခြင်း၊ ကျန်းမာရေးထိခိုက်လာပါက ဆေးကုသ၍ ငွေကုန်များခြင်း ဆေးကုသခံရသူနှင့် လူနာအားပြုစုရသူတွင် ငွေမရှာနိုင်ဘဲ ဝင်ငွေလျော့နည်းခြင်း အချိန်ကုန်ခြင်းများဖြစ်သည့် အပြင် မိမိသုံးစွဲသည့်အတွက် သုံးစွဲသူသာမက သုံးစွဲသူ၏မိသားစု လုပ်ဖော်ကိုင်ဖက်များနှင့် ပတ်ဝန်းကျင်ကိုများစွာ ထိခိုက်နစ်နာစေသည့်အတွက် သုံးစွဲသူကိုယ်တိုင် သိရှိပြီး ဆင်ခြင်သင့်ပါသည်။ ဆေးလိပ်၊ အရက်နှင့် ကွမ်းတို့သည် အခြားသော စားသောက်ကုန်ပစ္စည်းများကဲ့သို့ ခန္ဓာကိုယ်အတွက်လို အပ်သော ဗီတာမင်နှင့် သတ္တုဓာတ်များမပါရှိသော်လည်း လူအများစုမှာ နှစ်သက်စွာ သုံးစွဲကြသည့်အတွက် မလိုလားအပ်သော ရောဂါအန္တရာယ်များသာရရှိခြင်း၊ မိမိ၏ သူငယ်ချင်း၊ အပေါင်းအသင်းများအား ဧည့်ခံပါကလည်း ငွေကုန်များပြီး အကျိုးမရှိခြင်းနှင့် စားသုံးသူများကို ထိခိုက်နစ်နာစေသည့်အတွက် ရှောင်ကြဉ်သင့်ပါသည်။ထို့ကြောင့် "ဆေးလိပ်၊ အရက်၊ ကွမ်းနှင့် ကျန်းမာရေး ကြိုက်နှစ်သက်ရာရွေး" ခေါင်းစဉ်ကလေးမှ မိမိနှင့် မိမိပတ်ဝန်းကျင်အတွက် အကောင်းဆုံးဖြစ်သည့် ကျန်းမာရေးကိုသာ ရွေးချယ်သင့်ပါသည်။ သို့မှသာ ၎င်းတို့ သုံးစွဲခြင်းကြောင့် ဖြစ်ပွားတတ်သော ဆိုးကျိုးများ၊ ရောဂါအန္တရာယ်များ ကင်းရှင်း၍ သက်တမ်းစေ့နေနိုင်ပြီး မိမိနိုင်ငံနှင့် မိသားစုအတွက် အကျိုးပြုမည့်သူများ ဖြစ်လာနိုင်ပါသည်။

**နှင်းနှင်းခိုင် (မုံရွာ)**

# မြန်မာနိုင်ငံ၏အကြီးမားဆုံးသော အိမ်ခြံမြေအရောင်းပြပွဲ ကျင်းပမည်

မြန်မာနိုင်ငံ၏ အကြီးမားဆုံးသော အိမ်ခြံမြေအရောင်းပြပွဲကို လာမည့် မေလ ၁ရက်နေ့မှ ၃ရက်နေ့အထိ ရန်ကုန်မြို့ရှိ တပ်မတော်ခန်းမတွင် ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါပြပွဲတွင် တိုက်ခန်းနှင့် ကွန်ဒိုပေါင်းများစွာကို အထူးလျှော့ဈေးနှုန်းများဖြင့် အရစ်ကျဝယ်ယူနိုင်မည့် အခွင့်အရေးများကို ပေးသွားမည်ဖြစ်ကြောင်း၊ မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဘဏ်မှလည်း အိမ်ရာဆောက်လုပ်သူများအတွက် ချေးငွေများရယူနိုင်မည့် အစီအစဉ်များကိုလည်း သိရှိနိုင်မည်ဖြစ်ကြောင်း ပြပွဲစီစဉ်သူ iMyanmar House မှ တာဝန်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။

ထို့ပြင် အဆိုပါပြပွဲတွင် အိမ်ခြံ မြေဆောက်လုပ်ရေး ကုမ္ပဏီပေါင်း ၄၀ ကျော် ဝင်ရောက်ပြသမည်ဖြစ်ကြောင်း သိရသည်။

ယင်းပြပွဲတွင် ပါမောက္ခဒေါက်တာအောင်ထွန်းသက် အပါအဝင် ပညာရှင်ပေါင်းများစွာက အိမ်ခြံမြေနှင့်ပတ်သက်သည့် သိကောင်းစရာများကို ဟောပြောဆွေးနွေးကြမည်ဖြစ်ကြောင်း သိရသည်။

ထို့ပြင်ပြပွဲသို့ လာရောက်သူများအား Samsung နှင့် Huawei ဖုန်း ၁၅ လုံးနှင့် သိန်း ၅၀ တန်ဖိုးရှိသည့် ဆုမဲပေါင်းများစွာကိုလည်း မဲဖောက်ပေးမည်ဖြစ်ကြောင်း သိရသည်။

ယင်းပြပွဲသို့ လာရောက်ကြည့်ရှုရန် အွန်လိုင်းမှ စာရင်းပေးသွင်းပါကလည်း အထူးလက်ဆောင်များ ပေးအပ်သွားရန် စီစဉ်ထားရှိကြောင်း iMyanmar House မှ ပြပွဲစီစဉ်သူတစ်ဦးက ပြောကြားခဲ့သည်။

**မယ်သီတာ**

# မြန်မာ့ မြေစွမ်းအားမြှင့် အောဝမ်း မီးဖိုထုတ်လုပ်ရေးလုပ်ငန်း မြို့ပြနှင့် ကျေးလက်များ အသုံးပြုမှုများလာ

မကွေးတိုင်းဒေသကြီး မင်းဘူး-မင်းလှကားလမ်းမိုင်တိုင်အမှတ် (၁၀) တွင် စွမ်းအားမြှင့် အောဝမ်းမီးဖိုများကို လုပ်သား ၈၀ခန့်ဖြင့် တစ်နေ့လျှင်မီးဖို ၂၀၀ ကျော် ထုတ်လုပ်လျက်ရှိပြီး ချင်းပြည်နယ်၊ ပဲခူး၊ မော်လမြိုင်၊ မကွေး၊ ကျောက်ပန်းတောင်းနှင့် ပခုက္ကူမြို့နယ်များအထိ ဈေးကွက်ကျယ်ပြန့်လျက်ရှိကြောင်း အရောင်းတာဝန်ခံ ဦးဇော်ဝင်းမောင်ထံမှ သိရသည်။

"အောဝမ်းမီးဖိုကို ဆိုဒ် ၅မျိုးနဲ့ ထုတ်ပါတယ်။ နံပါတ် ၂ ဆိုဒ်က လက်ဖက်ရည်ဆိုင်တွေ စားသောက်ဆိုင်တွေ ချက်ပြုတ်လို့ရတယ်။ ရိုးရိုးဆို ရင် ၃၅၀၀ိ/-ရှယ်ပုံးသွပ်ဆိုရင် ၁၃၅၀၀ိ/-၁၂၅၀၀ိ/- ရှိပါတယ်။ နံပါတ် ၃ဆိုဒ်ကအိမ်ထောင်စုကြီးတဲ့ အိမ်တွေမှာ သုံးနိုင်ပါတယ်။ နံပါတ် ၅ ဆိုဒ်ကတော့ အိမ်ထောင်စုလေးတွေ အတွက် ချက်ပြုတ်အသုံးပြုနိုင်ပါတယ်။ ဈေးကတော့ ၂၅၀၀ိ/- ၂၈၀၀ိ/ ၁၄၀၀ိ/ အထိရှိပါတယ်။ ဒီမီးဖိုမှာ သုံးနိုင်တဲ့လောင်စာတွေက ပဲစင်းငုံရိုးခြောက်၊ ထန်းနို့ခြောက်၊ ထန်းလက်ခြောက်၊ နှမ်းရိုးခြောက်၊ ထန်းသီးခြောက်၊ လောင်စာတောင့်၊ ပြောင်းဖူးရိုးခြောက်နဲ့ ထင်းများကို သုံးနိုင်ပါတယ်။ ဒီမီးဖိုကို အသုံးပြုတဲ့အတွက် ထင်းလောင်စာကုန်ကျမှုနည်းတယ်။ မီးမွှေးရတာ လွယ်ကူတယ်။ မီးခိုးထွက်နည်းတယ်။ အပူဟပ်မှုနည်းတယ်။ မီးခိုး၊ ကြပ်ခိုး၊ မှိုင်း၊ ပြာများညစ်ပေမှုမရှိဘဲ မီးဖိုချောင် ကို သန့်ရှင်းစေတယ်။ ဝန်ကျဉ်းပြီး သယ်ဆောင်ရတာလွယ်တယ်။ မီးပျံ့ လွင့်မှုနဲ့ မီးပွားအထွက်နည်းလို့ မီးဘေးအန္တရာယ်လျော့နည်းစေပါတယ်။ အောဝမ်းမီးဖိုလုပ်ငန်းအတွက် အဓိကကုန်ကြမ်းက ရွှံ့ဖြစ်ပါတယ်။ ကျွန်တော်တို့လုပ်တဲ့ မိုင်တိုင်အမှတ် (၁၀)က ရွာ သာယာကျေးရွာနဲ့နီးတယ်။ အဲဒီရွာနားမှာ ရှေးဟောင်းမြေသားသဘာဝမိုး ရေကန်ဟောင်းကြီးရှိတယ်။ အဲဒီကန်ဟောင်းကြီးက ရွှံ့မြေကိုဝယ်ပြီး တစ်နှစ်စာသိုလှောင်ထားပြီး စဉ်ဆက်မပြတ် ထုတ်လုပ်နေပါတယ်။ မြို့ပြရောကျေးလက်ဒေသတွေကပါ အသုံးများလာတဲ့အတွက် နှစ်စဉ်တိုးထုတ်နေရပါတယ်"ဟု အရောင်းတာဝန်ခံက ပြော သည်။

မြန်မာ့မြေစွမ်းအားမြှင့် အောဝမ်းမီးဖိုထုတ်လုပ်ရေးလုပ်ငန်းက ထုတ်သော စွမ်းအားမြှင့်မီးဖိုများသည် မီးလောင်ကျွမ်းမှုအပြည့်အဝရှိပြီး အပူစွမ်းအင်ကို အများဆုံးအသုံးပြုနိုင်ကာ အပူဆုံးရှုံးမှုကို အလျော့နည်းဆုံး၊ အသက်သာဆုံးဖြစ်အောင် ဖွဲ့စည်းတည်ဆောက်ထားသည်ဟုဆိုသည်။ ထို့ပြင် သစ်တောများပြုန်းတီးမှုကို ကာကွယ်နိုင်သဖြင့် အကျိုးဆက်အား ဖြင့် ရာသီဥတုဖောက်ပြန်မှု၊ မြေဆီလွှာတိုက်စားမှု၊ ရေလွှမ်းမိုးမှု စသည့် သဘာဝဘေးအန္တရာယ်များကျရောက်မှုကိုလည်း နည်းပါးစေကြောင်း သိရှိရ သည်။

**နေလင်းသူရိန်**

## အိမ်ခြံမြေကဏ္ဍ

| စဉ် | အိမ်/အခန်း | တည်နေရာ | အကျယ်အဝန်း | ပါဝင်ပုံ | ဈေးနှုန်း | သီးခြားအချက် | ဆက်သွယ်ရန် |
|---|---|---|---|---|---|---|---|
| ၁။ | တိုက်ခန်း | မင်္ဂလာတောင်ညွန့်မြို့နယ်၊ ဖဆပလရပ်ကွက် | (၁၂.၅×၄၅)ပေ | ဒုတိယထပ် | ၉၉၀ သိန်း | | ၀၉/၂၅၀/၃၇၂၁၅၈ |
| ၂။ | တိုက်ခန်း | ဗိုလ်တထောင်မြို့နယ်၊ ဗိုလ်ချုပ်လမ်း (သိမ်ဖြူလမ်းဆုံနီး) | (၁၅×၆၀)ပေ | ဒုတိယထပ် | ၁၁၀၀ သိန်း | | ၀၉/၉၇/၆၂၁၁၂၃ |
| ၃။ | အိမ်/မြေ | တောင်ဥက္ကလာပမြို့နယ်၊ (၁၄/၂) ရပ်ကွက်၊ မယ်ညိုလမ်း | ၁၅၀၀ စ/ပေ | BN (၁)ထပ် | ၂၆၀၀ သိန်း<br>၂.၅ သိန်း | ရောင်းဈေး<br>၁ လအငှားနှုန်း | ၀၁/၅၆၃၀၇၀ |
| ၄။ | တိုက်ခန်း | တောင်ဥက္ကလာပမြို့နယ်၊ (၁၄/၃)ရပ်ကွက်၊ တတိုင်းမွေးလမ်း | (၇၀၀) စ/ပေ | တတိယထပ် | ၄၆၀ သိန်း | ကြိုပွိုင့် | ၀၉/၂၅၀/၃၇၆၃၇၉ |
| ၅။ | မြေ | ရွှေပြည်သာမြို့နယ်၊ (၁၄) ရပ်ကွက် | ၁၂၀၀ စ/ပေ | ဂရံမြေသီးသန့် | ၃၇၀ သိန်း | လူစည်ကားသော ရပ်ကွက် | ၀၉/၂၅၀/၃၇၆၃၇၉ |
| ၆။ | မြေ | ဒဂုံမြို့သစ် (မြောက်)မြို့နယ်၊ (၄၄) ရပ်ကွက်၊ နဝရတ်လမ်းသွယ် | ၂၄၀၀ စ/ပေ | ဂရံမြေသီးသန့် | ၉၅၀ သိန်း | ရပ်ကွက်သန့် | ၀၉/၂၅၀/၃၇၆၃၇၉ |
| ၇။ | တိုက်ခန်း | ဒေါပုံမြို့နယ်၊ အောင်မေတ္တာလမ်း | ၆၀၀ စ/ပေ | တတိယထပ် | ၂၃၀ သိန်း | ကြိုပွိုင့် | ၀၉/၂၅၀/၃၇၆၃၇၉ |
| ၈။ | မြေ | ပြင်ဦးလွင်မြို့ မိုးကြိုးပစ်ရွာ | (၄၀×၆၀)ပေ | မြေသီးသန့်၊ အုတ်ဝင်းခတ်ပြီး | ၂၅၀ သိန်း | နေရာကောင်း (ရွာမြေ) | ၀၉/၅၁/၁၇၂၆၂ |
| ၉။ | မြေ | ပြင်ဦးလွင်မြို့ ကျီးကိုင်ရွာ | (၈၀×၈၀)ပေ | မြေသီးသန့် | ၆၀ သိန်း | | ၀၉/၅၁/၁၇၂၆၂ |

# ရှင်မတောင်သနပ်ခါးမှထုတ်သော လူသုံးပစ္စည်းများ ပြည်ပသို့စမ်းသပ်ပေးပို့

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ကုန်သွယ်မှုမြှင့် တင်ရေးဦးစီးဌာနမှ ကြီးမှူးကျင်းပသော ကျေးလက်ဒေသ အသေးစားထုတ်ကုန်များနှင့် ပြည်ပပို့ကုန်အလားအလာရှိ သည့် ကုန်စည်ပြပွဲ၌ မကွေးတိုင်းဒေသကြီး ရေစကြိုမြို့နယ် ရှင်မတောင်သနပ်ခါး စိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချသူများအသင်းက သနပ်ခါးပင်မှ ကုန်ချောအဖြစ် ထုတ်လုပ်သော လူသုံးပစ္စည်းများ ပြသထားသည်ကိုတွေ့ရသည်။

"ရေစကြိုမှာ သနပ်ခါးအစုအဖွဲ့ရှိတယ်၊ နည်းပညာတွေအားလုံးပေါင်းစပ်ပြီး ဖွဲ့ထားတဲ့အသင်းပါ၊ ကုန်ချောပစ္စည်း ၁၀ မျိုး လောက်ထုတ်တယ်။ သနပ်ခါးအမွှေးတိုင်ပေါ့ အရောင်က အနီ၊ အစိမ်း၊ အပြာဆိုပြီးထုတ်တယ်။ ဈေးကတော့အမျိုးမျိုးပဲ နောက် သနပ်ခါးမျိုးစေ့တစ်ပုလင်း ၅၀၀ိ/-၁၀၀၀ိ/- အထိရှိတယ်။ သနပ်ခါးခဲ ၁၀ ခဲပါ တစ်ပါကင်ကို ၅၀ိ/- သနပ်ခါးခရင်မ်က တစ်ဘူး ၄၀ိ/-၆ဘူးတစ်ပါကင် ၂၄၀ိ/- နံ့သာဖြူသနပ်ခါးခဲက ၁၀ခဲ တစ်ပါကင်ကို ၅၀ိ/-ခရင်မ်အခြောက်သနပ်ခါးဘူးသေးတစ်ဘူး ၄၀ိ/- တစ် ပါကင်၅ထုပ် ၂၀၀ိ/-နောက်ပြီး သနပ်ခါးအရည်ကို ပါကင်ဘူးများနဲ့ ထုတ်တာလည်းရှိတယ်။ ဆေးဘက်ဝင် သစ်မြစ်တွေကိုကြိတ်ပြီး အခဲအဖြစ် ထုတ်လုပ်တဲ့ဆေးမြစ်စုံအခဲတွေလည်း ထုတ်တယ်။ တစ်ထုပ်၇၀ိ/- အဲဒီဆေးက ညောင်းညာကိုက်ခဲခြင်း၊ လေဖြတ်လေဖျန်းခြင်း၊ ကိုယ်လက်ထုံကျင်ခြင်း၊ အကြောအဆစ်နာခြင်းတွေ ပျောက်တယ်။ ရှင်မတောင်သနပ်ခါးအတုံး၊ သနပ်ခါးအရည်နဲ့ ခရင်မ်တွေကို ဂျပန်၊ ကိုရီးယားနဲ့ စင်ကာပူအထိပို့နေရပြီ"ဟု ရှင်မတောင်သနပ်ခါး စိုက်ပျိုးထုတ်လုပ်တင်ပို့ ရောင်းချသူများအသင်းမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။ ထို့ပြင် သက်တမ်း ၂၀ ကျော် အမြင့် ၁၅ ပေခန့်ရှိ သနပ်ခါးပင်ကြီး၏ တန်ဖိုးမှာ ၁၅၀၀၀ိ/-နှင့် ၉ပေ၊ ၁၀ပေရှိသနပ်ခါးပင်များမှာ ၅၀၀၀ိ/- မှ ၆၀၀၀ိ/- တန်ဖိုးနှင့်ရောင်းချရန် ပြသထားသည်။

"ရှင်မတောင်ဆိုတဲ့ တောင်တန်းကြီးဟာ ရေစကြိုမြို့နယ်အတွင်းက ပခုက္ကူ-ရေစကြိုကားလမ်းရဲ့ အနောက် ဘက်ခြမ်းမှာ ရှိတယ်။ ရှင်မတောင်ဒေသဟာ မိုးခေါင်တယ်။ သနပ်ခါးကိုမိုးများတဲ့ ဒေသတွေမှာ စိုက်ရင်ဖြစ်တောဖြစ်တယ်။ အနံ့မမွှေးဘူး၊ အရည်အသွေးညံ့တယ်။ မိုးရေချိန်နည်းတဲ့ဒေသတွေ မှာ စိုက်ရင်အနံ့မွှေးပြီး ဈေးကွက် ကောင်းရတယ်။ ရှင်မတောင်ဒေသဟာ မိုးနည်းတဲ့ဒေသဖြစ်တဲ့အတွက် အခြားသီးနှံစိုက်လို့မရဘူး၊ သနပ်ခါးစိုက်ရင် ဖြစ်တယ်။ သနပ်ခါးအကြီးအကျယ်စိုက် တဲ့ လုပ်ငန်းရှင် ၁၀ယောက်ရှိတယ်" ဟု သူကဆက်ပြောသည်။

ထို့ပြင် သနပ်ခါးနှင့်ခွဲမရအောင်တူသော အပင်နှစ်မျိုးရှိကြောင်းသစ်ပလွေနှင့်သီးပင်တို့ဖြစ်ကြောင်း သူတို့က သနပ်ခါး ထက်ပင်လှကြောင်း၊ သနပ်ခါး အစစ်သည် စင်းလုံးချောမလှဘဲ အဖုအထစ်များပါကြောင်း သနပ်ခါးအတုနဲ့ အစစ် ခွဲမည်ဆိုလျှင် အပွေးကိုကိုက် ကြည့်၊ စားကြည့်၊ အစစ်ကခါးကြောင်း ဤနည်းကအလွယ်ဆုံးနည်းဖြစ်ကြောင်း သနပ်ခါးခေါက်က မာလည်း မာပြီး ခါးလည်းခါးကြောင်း သူကပြောသည်။

**နေလင်းသူရိန်**

## ရန်ကုန်မြို့ တစ်ပတ်အတွင်း မော်တော်ယာဉ်ဈေးနှုန်းများ


| စဉ် | အမျိုးအစား/MDL | အက္ခရာ | ဈေးနှုန်း | မှတ်ချက် |
|---|---|---|---|---|
| ၁။ | နီဆန်းအေဒီဗင် (2009) | ယာယီ | ၈၆ သိန်း | 1.3 ဓာတ်ဆီ |
| ၂။ | ဗီလ်ဒါ (2002) | တက္ကစီ EE | ၁၂၀ သိန်း | 1.5 ဓာတ်ဆီ |
| ၃။ | ဘယ်လ်တာ (2009) | ယာယီ | ၁၂၅ သိန်း | 1.3 ဓာတ်ဆီ |
| ၄။ | ဟွန်ဒါဖစ် (2009) | ယာယီ | ၉၈ သိန်း | 1.3 ဓာတ်ဆီ |
| ၅။ | တိုယိုတာ (ဗစ်ရှ်) (2003) | ယာယီ | ၁၄၈ သိန်း | 1.8 ဓာတ်ဆီ |
| ၆။ | အစ်ဆန်း (2002) | | ၁၃၀ သိန်း | 2 .4 ဓာတ်ဆီ |
| ၇။ | ကလူဂါ (2002) | 1J | ၂၃၀ သိန်း | 2 .4 ဓာတ်ဆီ |
| ၈။ | အာလ်ဖတ် (2002) | 9F | ၁၈၀ သိန်း | 2 .4 ဓာတ်ဆီ |
| ၉။ | စူပါကပ်စတန် (98) | 8G | ၁၄၅ သိန်း | ဒီဇယ် |

SN

သင့်ကျန်းမာရေး

# မျက်စိမှာ အများဆုံးဖြစ်တဲ့ရောဂါများ

| ဒေါက်တာလွင်သန့် |



**ရေတိမ်ရောဂါ။** လူရဲ့ မျက်လုံးအတွင်းရေ ဖိအားများလို့ ဖြစ်တယ်။ မျက်စိတစ်လုံးနဂိုအနေအတိုင်းရှိဖို့ အတွင်းဖိအား၊ အပြင်ဖိအားလိုအပ်သလို၊ မျက်တွင်းအရည်ကြည်တို့ညီမျှ စွာရှိဖို့လိုတယ်။

မျက်စိအတွင်းအရည်ကြည်ရဲ့ ဝင်ရောက်နှုန်းနဲ့ မျက်စိထောင့်နေရာက စိမ့်ထွက်နှုန်းတူညီဖို့ အတွင်းဖိအားမှာ ပုံမှန်ဖြစ်နေရတာပါ။ စိမ့်ထွက်နှုန်းနည်းပါးခြင်း၊ ဝင်ရောက်နှုန်းများခြင်းတို့က အတွင်းဖိအားများပြီး၊ "ရေတိမရောဂါ"ဖြစ်စေတယ်။ မျက်စိအတွင်း အခြားရောဂါမရှိလည်း ဖြစ်ပေါ်တဲ့ ရေတိမ်နှင့်မျက်စိအတွင်း မျက်လုံးတစ်လုံးနှင့်တစ်လုံးမတူဘဲ ကြီးထွားခြင်း စတဲ့ အခြားရောဂါကြောင့်ဖြစ်တဲ့ ရေတိမ်ဖြစ်တယ်။

**မွေးရာပါရေတိမ်။** မွေးစမှနှစ်နှစ်အတွင်း မျက်လုံးတစ်လုံးနှင့်တစ်လုံးမတူဘဲကြီးထွားခြင်း၊ အခြားကလေးများထက် မျက်လုံးကြီးခြင်း၊ မျက်ရည်ဝဲခြင်း၊ မျက်ကြည်လွှာကြည်လင်တောက်ပမှုမရှိခြင်း၊ မျက်ကြည်မှာအဖြူစွဲခြင်း၊ မျက်စိအမြင်အားနည်းခြင်းတို့ ဖြစ်တယ်။

**လူကြီးရေတိမ်။** လူကြီးရေတိမ်နှစ်မျိုးရှိတယ်။ ကိုက်ခဲပြီး တဖြည်းဖြည်းကွယ်တဲ့ရောဂါနှင့် မျက်စိအတွင်း အခြားရောဂါကြောင့်ဖြစ်တဲ့ရေတိမ်မှာ မျက်လုံးထိခိုက်မိလို့၊ မျက်စိမှာသွေး ထွက်ရောဂါ၊ မျက်စိတွင်းသွေးလွှတ်ကြောရောင်တဲ့ရောဂါ၊ သူငယ်အိမ်ရောင်ပြီး ပိတ်တဲ့ရောဂါအတွင်းတိမ်ရောဂါကို နှစ်ရှည်ထားရင်အတွင်းတိမ်ကြောင့်ဖြစ်တဲ့ ရေတိမ်ရောဂါ၊ မျက်စိကင်ဆာရောဂါ၊ အတွင်းရေဖိအားများ ခြင်း၊ မျက်လုံးအောင့်ခြင်း၊ အမြင်မှုန် လာခြင်း၊ လမ်းမီးရောင်(သို့) ဖယောင်း တိုင် မီးခွက်မီးများကြည့်ပါက သက်တန့်ရောင်ကွင်းကြီးများ တွေ့ရခြင်းတို့ ဖြစ်တယ်။

**ရေတိမ်လက္ခဏာများ။** မျက်လုံးနှင့် ခေါင်းတစ်ခြမ်းပြင်းစွာကိုက်ခြင်း၊ အော့အန်ခြင်း၊ နွမ်းနယ်ခြင်း၊ ခွန်အားမရှိခြင်း၊ အိပ်ရာထဲမထနိုင်ခြင်း၊ မျက်စိနီခြင်း၊ မျက်စိမှုန်၍ကွယ်ခြင်းဖြစ်တယ်။

**အတွင်းတိမ် (Cataract)**။ အတွင်း တိမ်ဟာ မွေးရာပါရောဂါနှင့်ကြီးမှဖြစ်တဲ့ အတွင်းတိမ်နှစ်မျိုးရှိတယ်။ မွေးရာပါ အတွင်းတိမ်က ကိုယ်ဝန်ဆောင်မိခင် အာဟာရချို့တဲ့ခြင်း၊ ကိုယ်ဝန်ဆောင် မိခင်ဗိုင်းရပ်စ်ကြောင့်ဖျားနာခြင်း၊ ကလေးဘဝအာဟာရချို့တဲ့ခြင်း၊ ဗီတာမင် ဒီနှင့် ဗီတာမင်အေချို့တဲ့ခြင်း၊ ချို့ယွင်းခြင်းကို ဖြစ်တယ်။

မျက်စိရောဂါများမဖြစ်အောင်ကာကွယ် နည်းမှာ။ နေရောင်မခံခြင်း(သို့) ခရမ်း လွန်ရောင်ခြည်ကင်းဝေးရေး၊ မျက်လုံး ကိုတောက်လျှောက်အနားပေးကြည့်ရှုဖို့၊ ခိုက်ရန်မဖြစ်ပွားဖို့၊ မျက်စိဒဏ်ရာ ရရင်ချက်ချင်းကုသဖို့၊ မျက်စိတိမ်စွဲခြင်းများ စနစ်တကျကုသဖို့ လိုအပ်လှပါတယ်။

**မွေးပြီးမှဖြစ်တဲ့အတွင်းတိမ်။** ထိခိုက်ဒဏ်ရာတစ်ခုခု (သို့)ဆီးချို(သို့) ဓာတ်ရောင်ခြည်သင့်မှုဖြစ်နိုင်တယ်။

**မျက်ကြည်နာရောဂါ။** မျက်ကြည်ဒဏ်ရာရခြင်း၊ မျက်တောင်စိုက်ခြင်း၊ မျက်စိအပေါ် လွှာပျက်စီးပြီး၊ ပိုးမွှား အဆင့်ဆင့်ဝင်ခြင်း၊ မျက်ကြည်အာရုံကြောသေ၍မျက်ကြည်မှုန်ခြင်း၊ မျက်ကြည်ပေါ် ရေယုန်ဖြစ်ခြင်းတို့ဖြစ်တယ်။ ဗိုင်းရပ်စ်ပိုး၊ ဝက်သက်နဲ့ မျက်ကြည်အနာများဖြစ်နိုင်ပါတယ်။

**မျက်စိစွေခြင်း။** မျက်စိစွေခြင်းဟာ ဦးနှောက်ကမျက်စိကြွက်သားအားထိန်းချုပ်ခြင်း၊ အမြင်အာရုံမှာပုံရိပ်နှစ်ခုပေါ် ခြင်း၊ မျက်စိကြွက်သားအနေထားမမှန် ခြင်း၊ မှုန်နေတဲ့မျက်စိကြောင့်မျက်မှန် မတပ်ခြင်းစတဲ့ မျက်စိစွေစေတဲ့အကြောင်းကြောင့်ဖြစ်တယ်။

**မျက်စိနီရဲခြင်း။** မျက်ကြည်နာရောဂါ ရုတ်တရက်ဖြစ်ခြင်း၊ မျက်စိကိုလုံအောင် မပိတ်ခြင်း၊ နေရောင်ကြောက်ခြင်း၊ မျက်ရည်ပူကျခြင်းတို့ဖြစ်တယ်။ မျက်ရည်ပူကျခြင်းမှ။ အက်ဒီနိုဗိုင်းရပ်စ်(Adeno Virus) ကြောင့် မျက်စိနာခြင်းနှင့် အခြားအာဟာရကြောင့် ဖြစ်ရတယ်။

# နာနတ်သီးဓာတ်စာ စားသုံးခြင်းရဲ့အကျိုး



နာနတ်သီးဓာတ်စာသည် ခန္ဓာကိုယ်အလေးချိန် လျှော့ချပေးစေနိုင်တဲ့ နည်းလမ်းတစ်ခုဖြစ်ပါတယ်။ အချို့ ကျန်းမာရေးဆိုင်ရာ ကျွမ်းကျင်သူများက ကယ်လိုရီမပါရှိတဲ့ အစာများသည် ခန္ဓာကိုယ်အလေးချိန်ကို လျင်လျင်မြန်မြန် လျှော့ချပေးနိုင်တယ်လို့ ပြောကြပါတယ်။ ကယ်လိုရီများတဲ့အစာများကို စားသုံးတဲ့အခါ အစာကြေညက်စေရန် ပြုလုပ်ရတဲ့အတွက် ခန္ဓာကိုယ်မှာ လောင်မြိုက်မှုပိုမိုရပါတယ်။

နာနတ်သီးမှာ ဗိုက်တာမင်စီ၊ သိုင်ဟာမင်းန်နဲ့ ပိုတက်စီယမ်ဓါတ်များ များစွာပါရှိပါတယ်။ မဂ္ဂနီးစ်နဲ့ အမျှင်ဓာတ်များလည်း ပါရှိပါတယ်။ ဒီအာဟာရဓာတ်အားလုံးဟာ ခန္ဓာကိုယ်အလေးချိန် လျော့ကျစေရေးအတွက် အထောက်အကူပြုပြီး ကျန်းမာသော ခန္ဓာကိုယ်ဖြစ်အောင်လည်း မြှင့်တင်ပေးစွမ်းပါတယ်။

နာနတ်သီးဓာတ်စာကို စတင်စမ်းသပ်သူမှာ Joann Metzer ဖြစ်ပါတယ်။ ၎င်းရဲ့ ပြောကြားချက်အရ နာနတ်သီး ဓာတ်စာကိုစားသုံးပြီးနောက် တစ်လခွဲအတွင်းမှာ သူ့ရဲ့ခန္ဓာကိုယ်ဟာ ၄၃ ပေါင်ကျသွားတယ်လို့ သိရပါတယ်။ ဓာတ်စာအမျိုးမျိုးအနက် နာနတ်သီးနဲ့ တူနာငါး ဓာတ်စာဟာ ယေဘုယျအကျဆုံးနဲ့ သက်ရောက်မှုအရှိဆုံးလို့ သိရပါတယ်။

ဓာတ်စာစားသုံးရမယ့် နည်းလမ်းကတော့ ပထမဆုံးနေ့မှာ နာနတ်သီးတစ်လုံးက စတင်ရမှာဖြစ်ပါတယ်။ နာနတ်သီးကို အစိပ်များစိပ်ထားပြီး တစ်နေကုန် စားသုံးပေးရမှာ ဖြစ်ပါတယ်။ ရေလည်း များများသောက်ပေးဖို့ လိုအပ်ပါတယ်။ ဒုတိယနေ့မှာတော့ နာနတ်သီးတစ်လုံးကို တူနာငါးသေတ္တာနှစ်ဘူးနဲ့ နေ့လယ်စာ(Lunch) နဲ့ ညစာ (dinner) တို့အကြားမှာ စားပေးရမှာဖြစ်ပြီး တတိယမြောက်နဲ့နောက်ဆုံးနေ့မှာလည်း အလားတူ စားပေးရမှာဖြစ်ပါတယ်။

နာနတ်သီး ဓာတ်စာစားသုံးခြင်းရဲ့ အဓိကအကျိုးကျေးဇူးကတော့ ခန္ဓာကိုယ်အလေးချိန် လျင်လျင်မြန်မြန်ကျသွားခြင်းပဲဖြစ်ပါတယ်။

နာနတ်သီး ဓာတ်စာဟာ လူတိုင်းအတွက် သင့်တော်တယ်လို့ပြောလို့ တော့မရပါဘူး။ကန့်သတ်ချက်များရှိပါတယ်။ ရေရှည်စွဲစားသုံးခြင်းကြောင့် အာဟာရဓာတ်ချို့ယွင်းမှုနဲ့ကြုံတွေ့ရပါတယ်။ တူနာငါးဟာလည်း ပြဒါးပါဝင်မှုများတဲ့အတွက် ငါးသေတ္တာနှစ်ဘူးဆိုတဲ့ ပမာဏဟာလည်း ကျန်းမာရေးကို ထိခိုက်စေနိုင်ပါတယ်။ ဥပမာ-ခေါင်းတစ်ခြမ်းကိုက် ဝေဒနာ (Mig-raine Headaches) ကိုလည်း ဖြစ်စေနိုင်ပါတယ်။ နာနတ်သီးမှာ အက်စစ်ဓာတ်များစွာပါတဲ့အတွက် အစာအိမ်ဝေဒနာခံစားရသူများအနေနဲ့ နာနတ်သီးဓာတ်စာကို စားသုံးမည်ဆိုလျှင် မိမိရဲ့ ဆရာဝန်နဲ့တိုင်ပင်ပြီးမှသာ စားသုံးသင့်တယ်လို့ ကြိုတင်အသိပေးလိုက်ပါရစေ။

**ရှင်ပါဂူ**

# ကျန်းမာရေးနဲ့အာဟာရအတွက် အကျိုးပြုတဲ့မျှစ်



မျှစ်ဟာ ဝါးပင်များ အစို့အညှောက်ထွက်လာရာမှ ရရှိတဲ့ စားစရာတစ်မျိုးဖြစ်ပါတယ်။ မျှစ်ဟာ အာရှနိုင်ငံများဖြစ်တဲ့ တရုတ်၊ ဂျပန်၊ ကိုရီးယားနဲ့ ဖိလစ်ပိုင်နိုင်ငံတို့မှာ အလွန်ထင်ရှား ကျော်ကြားလူကြိုက်များကြပါတယ်။တရုတ်နိုင်ငံ ရာဇဝင်အရ (Tang Dynasty) တန်မင်းဆက်ခေတ်ကစပြီး မျှစ်ကို စားသုံးခဲ့ကြတယ်လို့ သိရပါတယ်။

မျှစ်ရဲ့ သွင်ပြင်လက္ခဏာတွေကတော့ အဝါဖျော့ရောင်အသား၊ အနည်းငယ်မွှေးပျံ့သော ရနံ့နဲ့ ကျွတ်ဆတ်ခြင်းတို့ ဖြစ်ပါတယ်။ မျှစ်ကိုစားသုံးခြင်းဖြင့် ခန္ဓာကိုယ်အလေးချိန် လျှော့ချပေးနိုင်ခြင်း၊ ပိုတက်စီယမ်ဓာတ်မြင့်တက်စေခြင်းတို့ ဖြစ်စေပါတယ်။ မျှစ်မှာ အမျှင်ဓာတ်ကြွယ်ဝခြင်း၊ Phytochemicals နဲ့ မရှိမဖြစ်လိုအပ်တဲ့ အာဟာရများ ကြွယ်ဝပါတယ်။

မျှစ်မှာ အမျှင်ဓါတ်ကြွယ်ဝ သော်လည်း ကယ်လိုရီပါဝင်မှုလွန်စွာနည်းပါးပါတယ်။မျှစ်တစ်ပန်းကန်စားသုံးလျှင် ကယ်လိုရီ ၁၃ ဂရမ်နဲ့ အဆီ ဂရမ်ဝက်ခန့် ရရှိစေနိုင်ပါတယ်။ မျှစ်မှာ သကြားဓါတ်ပါဝင်မှု နိမ့်ကျသော်လည်း ပရိုတင်းပါဝင်မှုမြင့်မားပါတယ်။ မကြာခဏ အစာစားတတ်သူ၊ အစားကြီးသူများအတွက် မျှစ်ဟာအလွန် သင့်လျော်တဲ့ ဟင်းသီးဟင်းရွက်ဖြစ်ပါတယ်။ မျှစ်ကိုစားသုံးခြင်းဖြင့် အာဟာရဓါတ်များ ပြည့်ဝစေတဲ့အတွက် တစ်ရက်တာမှာ လိုအပ်တဲ့ အာဟာရဓါတ်ရရှိရန် အကြိမ်ကြိမ်လိုအပ်တဲ့ အစာစားပေးရန် မလိုအပ်တော့ပေ။

မျှစ်ကို နေ့စဉ် ပုံမှန်စားသုံးခြင်းဖြင့် နေ့စဉ်လိုအပ်တဲ့ အမျှင်ဓာတ်ရဲ့ ၁၀ ရာခိုင်နှုန်းခန့်ထိကို ရရှိစေပါတယ်။အမျှင်ဓာတ်ဟာ နှလုံးကိုအားကောင်းစေသလို အူမကြီးကိုလည်း သန့်ရှင်းစေပါတယ်။

မျှစ်မှာ ပိုတက်စီယမ်ဓါတ်ပါဝင်မှုကြွယ်ဝသဖြင့် သွေးလှည့်ပတ်မှုကို ကောင်းမွန်စေသလို နှလုံးရောဂါ၊ နှလုံးသွေးကြောဆိုင်ရာရောဂါများဖြစ်ပွားမှုကို လျှော့ချပေးနိုင်ပါတယ်။ သွေးလှည့်ပတ်မှုကို ချောမွေ့စေသလို ခန္ဓာကိုယ်အင်္ဂါအစိတ်အပိုင်းများသို့ အောက်ဆီဂျင်ကို ဖြန့်ဝေမှုကို ပိုမိုစေနိုင်ပါတယ်။

မျှစ်တွင်မရှိမဖြစ်သော ဗိုက်တာမင် A,B,C,E နဲ့ အာဟာရဓာတ်များစွာပါရှိပါတယ်။ ထိုဗိုက်တာမင်များမှာ thiamin, riboflavin, niacin, folate နဲ့ pantothenic စတဲ့အက်စစ်များစွာ ပါဝင်လျက်ရှိပါတယ်။ ထို့အပြင် သတ္တုဓာတ်များဖြစ်တဲ့ ကယ်လဆီယမ်၊ မဂ္ဂနီဆီယမ်၊ ဖောစဖော့ရပ်၊ ပိုတက်စီယမ်၊ ဆိုဒီယမ်၊ ဇင့်၊ ကော့ပါး၊ မဂ္ဂနီးစ်၊ စီလီနီယမ်နဲ့ သံဓါတ်များလည်းပါရှိရာ ခန္ဓာကိုယ်ကျန်းမာစေနိုင်တဲ့အပြင် ကယ်လိုရီနဲ့ အဆီဓါတ်များကို လျှော့ချပေးစေနိုင်စွမ်းရှိပါတယ်။

မျှစ်ကို ချက်ပြုတ်တော့မယ်ဆိုရင် ညလုံးပေါက် ရေစိမ်ထားပြီးနောက် မိနစ် ၂၀ ခန့်အနည်းဆုံးပြုတ်ပေးရပါမယ်။ ဒါမှ မျှစ်ရဲ့ အခါးအရသာများကို ဖယ်ရှားပေးရာ ရောက်ပါတယ်။ တစ်ခါပြုတ်ပြီးလျှင်တော့ မျှစ်ကို ချက်စားရန် အသင့်ဖြစ်ပြီဖြစ်ပါတယ်။ မျှစ်အမျိုးမျိုးရှိတဲ့အနက် ဝါးပိုးမျှစ်ဟာ အကောင်းဆုံးဖြစ်တယ်လို့ ဆိုပါတယ်။

(သို့သော် အဆိုပါမျှစ်ဟာ သဘာဝအတိုင်းရရှိတဲ့ မျှစ်ဖြစ်ဖို့ လိုအပ်ပါတယ်။ အချဉ်စိမ်ထားသော မျှစ်ချဉ်၊ ဆေးဆိုးထားသော မျှစ်(အဝါ/အနီ) စသည်တို့မဖြစ်ရပေ။)

**ဂန္ဓမာ**


# (၇) နေ့ သားသမီးများအတွက်

## စီးပွားရေး အကြံပေး ဟောကိန်း

၂၇-၄-၂၀၁၅ မှ ၃-၅-၂၀၁၅ ရက်နေ့ထိ


ဒေါ်မြတ်မြတ်အေး

(မြန်မာနိုင်ငံ ဝေဒသုတေသနအဖွဲ့)




**တနင်္ဂနွေသားသမီးများအတွက်** အရာရာကိုကြံ့ကြံ့ခိုင်ခိုင်ဦးဆောင်ပြီး ရှေ့ထွက်ရမည့်အချိန်ဖြစ်ပါသည်။ လက်ရှိလုပ်နေသောလုပ်ငန်းများ အေးဆေးသယောင်နှင့် သောကများ ပူပင်နေရတတ်ပါသည်။ အစိုးရနှင့်ပတ်သက်သောဝန်ထမ်း များ အဆင်ပြေမည်။ ပြင်ပစီးပွားရေးလုပ်ငန်းရှင်များ အခက်အခဲရှိမည်။ ယာဉ်စက်ပစ္စည်းဝင်မည်။ အိမ်တွင်းရေး အဆင်မပြေဖြစ်မည်။ ကြာသပတေးနံလုပ်ငန်းများ အဆင်မပြေတတ်ပါ။ ကျန်းမာရေးအပူကြောင့်ခံတွင်းရောဂါများ ဝမ်းတွင်းနာရောဂါများဖြစ်တတ်မည်။

**ယတြာ။ အုန်းသီးနှင့်ဆွမ်းကပ်လှူပါ။ (အုန်းဆွမ်း၊ အုန်းသီးပါသောမုန့်များ)**




**တနင်္လာသားသမီးများအတွက်** ဗုဒ္ဓဟူးနံနှင့်ပတ်သက်သော လုပ်ငန်းများ အဆင်ပြေတိုးတက်မည်။ အပျော်အပါးခရီး သွားခြင်းမှ စိတ်အခန့်မသင့်ဖြစ်မည်။ စနေနံနှင့်ပတ်သက်ပြီး စိတ်သောကရောက်မည်။ ကျန်းမာရေး အထူးဂရုပြုရမည့်ကာလဖြစ်ပါသည်။

**ယတြာ။ ဘုရားတွင် သောက်တော်ရေကို ခွက်အသစ်ဖြင့် မိမိကိုယ်တိုင်ကပ်လှူပါ။**



**အင်္ဂါသားသမီးများအတွက်** ငွေကြေးကိစ္စ အရှုပ်အရှင်းများ ပေါ်မည်။ သူတစ်ပါးကိစ္စနှင့် စိတ်သောကရောက်မည်။ ခရီးသွားလုပ်ငန်းအကျိုးပေးမည်။ လူပင်ပန်းသောအလုပ်များကို လုပ်ကိုင်နေရတတ်မည်။ စီးပွားရေးနှင့်ပတ်သက်ပြီး အလုပ်သစ်ပေါ်မည်။ ကျန်းမာရေးနှင့်ပတ်သက်ပြီး သွားရောဂါ၊ အကြောရောဂါ၊ မျက်စိရောဂါတို့ဖြစ်တတ်မည်။ အိမ်ထောင်ရေး အဆင်ပြေမည်။ အချစ်ရေး မကောင်းသေးပါ။

**ယတြာ။ ဘုရားတွင်ရွှေထီး ၃ လက် ကပ်လှူပါ။**



**ဗုဒ္ဓဟူးသားသမီးများအတွက်** ပျော်ရွှင်ဖွယ်ရာ ကိစ္စရပ်များနှင့် ကြုံတွေ့မည်။ အိုးသစ်အိမ်သစ်ပြောင်းရမည်။ ခရီးဝေးသွားလာခြင်း၊ ဘုရားဖူးထွက်ခြင်း၊ ဇာတိရပ်ရွာအိမ်ပြန်ခြင်းများကြောင့် အဆင်ပြေမည်။ အိမ်ထောင်ကျတတ်သည်။ သားသမီး ထွန်းကားတတ်သည်။ အလုပ်နှင့်ပတ်သက်ပြီးအခက်အခဲရှိမည်။ ကျန်းမာရေး ရင်ဘတ်နှင့်ပတ်သက်သောရောဂါများ ဖြစ်ပွားတတ်မည်။ နိုင်ငံရပ်ခြား ခရီးသွားခြင်း လုပ်ငန်းများမှ အကျိုးထူးမည်။ အိမ်ထောင်ရေး ကောင်းမလိုလိုနှင့် စိတ်သောကရောက်မည်။

**ယတြာ။ မိဘဓာတ်ပုံများကို သေချာစွာသုတ်သင်သန့်ရှင်းရေးလုပ်ပါ။**



**ကြာသပတေးသားသမီးများအတွက်** အေးဆေးသောနေရာ အေးဆေးသော အရပ်တို့တွင်နေထိုင်ရတတ်သည်။ စိတ်ပင်ပန်းခြင်းကင်းဝေးပြီးအေးချမ်းသာယာမည်။ အလုပ်သစ်နေရာသစ်ပြောင်းရကိန်းရှိမည်။ ခရီးထွက်လျှင်လည်း အလျှုလုပ်ခြင်း၊ မိမိနေရပ်ပြန်ခြင်းမှလွဲပြီး အပျော်ခရီးမထွက်သင့်ပါ။ တနင်္လာနံစီးပွားရေးလုပ်ငန်းများ အဆင်ပြေမည်။ အိမ်ထောင်ရေး၊ အချစ်ရေး ကောင်းမည်။ ကျန်းမာရေးအညံ့ရှိမည်။

**ယတြာ။ ဘုရားတွင် ဆီမီးအလင်းတိုင် ၃ တိုင်ကပ်လှူပါ။**



**သောကြာသားသမီးများအတွက်** ငွေကြေးအခက်အခဲ ရှိတတ်မည်။ သို့သော် ခဏသာဖြစ်မည်။ အစစအရာရာအဆင်ပြေမည်။ လုပ်ငန်းအသစ်လုပ်ငန်းကို ဦးဆောင်ရတတ်သည်။ အိမ်ထောင်ရေး ကောင်းမွန်မည်။ စိတ်ပျော်ရွှင်ခြင်း မရှိတတ်ပါ။ အချစ်ရေး ကောင်းမည်။ ကျန်းမာရေးနှင့်ပတ်သက်ပြီး ခေါင်းကိုက်ခြင်း၊ ရင်တုန်ခြင်း၊ စိတ်ပင်ပန်းနေခြင်း၊ အားနည်းခြင်း စသောရောဂါများဖြစ်ပွားတတ်မည်။

**ယတြာ။ ဘုရားစင်သန့်ရှင်းရေးလုပ်ပါ။**



**စနေသားသမီးများအတွက်** စိတ်အေးချမ်းသာသော အခြေအနေမျိုးမှာ နေထိုင်ရတတ်သည်။ ခရီးဝေးသွားခြင်း၊ အိမ်ရာအသစ်ပြောင်းခြင်း၊ အိုးသစ်အိမ်သစ်မှာ နေထိုင်ခြင်းကြုံမည်။ အိမ်တွင်းရေး အဆင်မပြေတတ်ပါ။ အင်္ဂါနံ စီးပွားရေးလုပ်ငန်းများ လုပ်ကိုင်လျှင် အောင်မြင်ကြီးပွားတိုးတက်မည်။ ကျန်းမာရေး ခါးအောက်ပိုင်းနှင့်ပတ်သက်သောရောဂါများဖြစ်ပွား တတ်မည်။

**ယတြာ။ ပန်း (၉) ပွင့်ကို ဘုရားတွင်လှူဒါန်းပါ။**

# မကွေးမြို့မှထုတ်သော မုန့်ဟင်းခါးခြောက် ဈေးကွက်တွင်ကျယ်လာ

မကွေးမြို့ အောင်မေတ္တာရပ်ကွက်၊ သုခိတာလမ်း၊ သိန်းသီတာ ခေါက်ဆွဲစက်ရုံမှ ဆန်ခေါက်ဆွဲခြောက် နှင့် ဂျုံခေါက်ဆွဲခြောက်များကို လုပ်သား ၅၀ ဦးခန့်ဖြင့် နေ့စဉ်ထုတ်လုပ်လျက် မကွေးတိုင်းဒေသကြီးအတွင်း မြို့နယ်များနှင့် ကျေးလက်ဒေသများတွင် တွင်ကျယ်စွာ ရောင်းချနေရကြောင်း သိရသည်။

“ဒီစက်ရုံကို ၁၉၉၉ ခုနှစ်က တည်ဆောက်ခဲ့တာပါ။ နောက်ပိုင်းကျတော့ စားသုံးမှုများလာတဲ့အတွက် လုပ်ငန်းချဲ့ထွင်လာခဲ့တာ၊ အခုဆိုရင် မကွေးတိုင်းဒေသကြီးအတွင်းသာမကဘဲ ပြည်ပ ရောက်မြန်မာမိသားစုများလည်း စားသုံးလာတာတွေ့ရပါတယ်”ဟု အဆိုပါစက်ရုံပိုင်ရှင် ဦးစောသိန်းက ပြောသည်။

စက်ရုံအား ပေ-၆၀၀×ပေ-၄၀၀ အကျယ်ရှိသောမြေကွက်ပေါ်၌ တည်ဆောက်ထားပြီး စက်ရုံပတ်လည်တွင် ဆန်ခေါက်ဆွဲနှင့် ဂျုံခေါက်ဆွဲများနေလှန်းသည့် လှန်းကွင်းနှင့် အလုပ်သမားအဆောင်များရှိသည်။

“ ဒီစက်ရုံကပစ္စည်းနှစ်မျိုး ထုတ်ပါတယ်။ ဆန်ခေါက်ဆွဲနဲ့ ဂျုံခေါက်ဆွဲပေါ့ ဆန်ခေါက်ဆွဲကိုအဓိကထားပြီးထုတ်ပါတယ်။ တစ်နေ့ဆန်အိတ်၇၀ခန့်ကုန် တယ်။ ဂျုံခေါက်ဆွဲက ဂျုံအိတ် ၂၅ အိတ်ခန့်ပဲ လုပ်ပါတယ်။ ဆန်ခေါက်ဆွဲက မုန့်ဟင်းခါးခြောက်အဖြစ်လည်း သုံးနိုင်တယ်။ ရှမ်းခေါက်ဆွဲအဖြစ် လည်းသုံးနိုင်တယ်။ ရေနွေးဖျောပြီးအမျိုးမျိုးစားသုံးလို့ရတယ်။ သူ့သက်တမ်းက ရေမစိုရင် ခြောက်လအထိ အထားခံတယ်။ ပြည်ပရောက် မြန်မာတွေနဲ့ ရွှေ့ပြောင်းအလုပ်သမားတွေ မြန်မာမုန့်ဟင်းခါးအဖြစ် လုပ်စားကြတယ်။ အထုပ် ၂၀ ပါတဲ့ ဆန်ခေါက်ဆွဲတစ်အိတ် လက်ကားဈေးကျပ် ၁၀၅၀၀ ဂျုံခေါက်ဆွဲက အစည်း ၅၀ပါ ဂျပ်ဖာတစ်ဖာကျပ် ၁၀၀၀၀ နဲ့ဖြန့်တယ်။ မကွေးမြို့ပေါ်မှာတော့ စက်ရုံကကားနဲ့ အမှာရှိတဲ့အတိုင်း လိုက်ဖြန့်တယ်။ နယ်တွေကိုတော့ နယ်ကိုယ်စားလှယ်များကတစ်ဆင့် ဖြန့်ပါတယ် ”ဟု စက်ရုံပိုင်ရှင်က ပြောသည်။

ထို့နောက်စက်ရုံမန်နေဂျာက ဆန်ခေါက်ဆွဲလုပ်နည်းအဆင့်ဆင့်ကိုရှင်း ပြသည်။ “ ဆန်ညံ့ကိုသုံးရင် ဆန်ခေါက်ဆွဲအရောင်က ဝါညစ်ညစ်ဖြစ်သွားတယ်။ ဝါရင်စားသုံးသူကမကြိုက်ဘူး ဒီတော့ဧရာဝတီတိုင်းက ရှယ်ဆန်တွေ ကိုမှာပြီးလုပ်တယ်။ လုပ်တဲ့အခါ ဆန်ကို အပုပ်မစိမ်ဘူး၊ ဆန်ဆေးပြီးတာနဲ့အမှုန့် ရိုက်၊ ပေါင်းအိုးနဲ့ ပေါင်းပြီးတော့ ညှစ်အိုးထဲထည့် နောက်အပြားဆွဲ၊ အဲဒီအပြားကို စိပ်ခုံထဲထည့်ပြီးခားစက်နဲ့စိပ်တဲ့အခါ အမျှင်လေးတွေထွက်လာ အမျှင်လေးတွေကို လှန်းကွင်းမှာတစ်နေကုန် လှန်းရတယ်။ ခြောက်သွားတဲ့အခါ အထုပ်တွေထုပ်ပြီး အိတ်ထဲထည့်ရတယ်။ ဂျုံခေါက်ဆွဲလည်း ဒီအတိုင်းပဲလုပ်ရတယ်။ လူတွေက ဆန်ခေါက်ဆွဲကို မုန့်ဟင်းလုပ်ပြီး ချက်စားတယ်။ ရှမ်းခေါက်ဆွဲအဖြစ်လည်းစားကြတယ်။ ကျေးလက်ဒေသတွေမှာ မုန့်ဟင်းခါး အစိုလုပ်တဲ့ဖိုတွေပပျောက်သွားတော့ မုန့်ဟင်းခါးအခြောက်ကို ရေနွေးဖျောပြီး အမျိုးမျိုးလုပ်စားကြတယ်” ဟုပြောသည်။

**နေလင်းသူရိန်**

# ကြံစိုက်ပျိုးထုတ်လုပ်သူများအသင်း ထီးချိုင့်ဇုန် ဖွင့်ပြီ

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ထီးချိုင့်မြို့နယ်မှာ ကြံစိုက်ဧက ၇ သောင်းကျော်ရှိပြီး ဂရိတ်ဝေါ သကြားစက်ရုံလည်းရှိပါတယ်။ ကြံစိုက်တောင်သူများ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေး၊ ညီနောင်အသင်းများနဲ့ ချိတ်ဆက်ပူးပေါင်းဆောင်ရွက်ရေး၊ စက်မှုလယ်ယာစနစ်ကို ကူးပြောင်းစေရေးအတွက် ကသာခရိုင်ကုန်သွယ်မှုမြှင့်တင်ရေးဦးစီးဌာနက ဦးဆောင်ပြီး ၂၀၁၅ ခုနှစ် ဧပြီလ ၁၀ ရက်က ဧရာဝတီအရှေ့ဘက်ကမ်း၊ မြတောင်ကျေးရွာမှာ ကြံစိုက်ထုတ်လုပ်သူများအသင်း (ထီးချိုင့်ဇုန်)ကို အောင်မြင်စွာဖွဲ့စည်းခဲ့ပါတယ်။

အသင်းဖွဲ့စည်းခြင်းအခမ်းအနားကို စစ်ကိုင်းတိုင်းဒေသကြီး၊ ထီးချိုင့်မြို့နယ် လွှတ်တော်ကိုယ်စားလှယ် ဦးစန်းမောင်၊ ကုန်သွယ်မှုမြှင့်တင်ရေးဦးစီးဌာန၊ ကသာခရိုင်ဦးစီးမှူး ဦးကျော်အုန်း၊ ထီးချိုင့်မြို့နယ် စီမံခန့်ခွဲမှုကော်မတီ ဥက္ကဋ္ဌ ဦးသန်းအေးဆွေ၊ စိုက်ပျိုးရေးဦးစီးဌာန ဦးစီးအရာရှိ ဦးမြဝင်းတို့က အသင်းတိုးတက်ရေးအတွက် အမှာစကားများပြောကြားခဲ့ကြပြီး ကြံအသင်းအနေဖြင့် ကြံမျိုးကောင်းမျိုးသန့် ပြောင်းလဲရေးနဲ့ စက်မှုလယ်ယာစနစ်ကို ကူးပြောင်းရေးဖိတ်ခေါ်လျက်ရှိကြောင်း သိရပါတယ်။

**ကျော်အုန်း-ကသာ**

# တရုတ်အကြိုက် မြန်မာ့သရက်

ရှမ်းပြည်နယ်ရပ်စောက်မြို့ဟာ စိန်တစ်လုံးသရက်သီးအများဆုံးထွက်ရှိတဲ့ဒေသဖြစ်သလို ရေ၊ မြေ၊ ရာသီဥတုအနေအထားအရ မန္တလေးတိုင်းမှစိန်တစ်လုံးသရက်သီးများကို မူဆယ်(၁၀၅)မိုင်မှတစ်ဆင့် တရုတ်နိုင်ငံသို့ တင်ပို့ရောင်းချပါတယ်။

ယခင်နှစ်ကာလများထက် စိန်တစ်လုံးသရက် အထွက်နှုန်း ပိုများလာတာကြောင့် မန္တလေးနဲ့ ရန်ကုန်မြို့များသာမက ဈေးကွက်ကြီးမားတဲ့ တရုတ်ပြည်ဈေးကွက်သို့ အဓိကထားတင်ပို့ရတဲ့အနေအထားကို ရောက်ရှိလာပါတယ်။


၂၀၁၅ ခုနှစ် ဧပြီလ ၂၀ ရက်နေ့ထိ တင်ပို့ခဲ့တဲ့ သရက်သီးတန်ချိန် ၇၀၅ တန်ခွဲရှိပြီး ကန်ဒေါ်လာ သုည ဒသမ ၂၄၀ သန်းဖိုးတင်ပို့နိုင်ခဲ့ပါတယ်။ ၂၀၁၄ ခုနှစ် ဧပြီလမှာတော့ ၃၄၄၇ တန်ထိ တင်ပို့နိုင်ခဲ့တယ်လို့ သိရပါတယ်။

**မော်မော်အောင် MIRT**

## ဆော်ဒီအာရေဘီးယားနိုင်ငံတွင် Asia Food Exhibition ပြပွဲ ကျင်းပမည်

"Asia Food Exhibition" ပြပွဲကို မေ ၂၅ ရက်မှ ၂၇ ရက်အထိ ဆော်ဒီအာရေဘီးယားနိုင်ငံ၊ ရီယာဒ်မြို့တွင် သုံးရက်ကြာ ကျင်းပမည်ဖြစ်ကြောင်း သတင်းရရှိပါသည်။

အဆိုပါ ပြပွဲကို Al-Barez House Est. မှ ကြီးမှူး၍ နိုင်ငံတကာတွင် ဆော်ဒီအာရေးဘီးယားနိုင်ငံမှ အစားအစာအထူးပြုကုမ္ပဏီများ၏ အရေးပါမှုကို သိရှိစေရန်လည်းကောင်း၊ ထုပ်ပိုးမှုစနစ်သစ်ဆိုင်ရာ နည်းပညာများ၊ နိုင်ငံတကာမှ အစားအစာထုတ်လုပ်သည့်ကုမ္ပဏီများ၊ လုပ်ငန်းရှင်များအား ဆော်ဒီအာရေးဘီးယားဈေးကွက်သို့ ဝင်ရောက်လာစေရေးအတွက်လည်းကောင်း ရည်ရွယ်၍ ကျင်းပခြင်းဖြစ်ကြောင်းနှင့် စိတ်ပါဝင်စားသည့် မြန်မာစီးပွားရေးလုပ်ငန်းရှင်များ အနေဖြင့် ကုန်သွယ်မှုမြှင့်တင်ရေးနှင့် စားသုံးသူရေးရာ ဦးစီးဌာန၊ အပြည်ပြည်ဆိုင်ရာ ကုန်သွယ်မှုမြှင့်တင်ရေးဌာနခွဲ (ကုန်စည်ပြပွဲဌာနစိတ်) နှင့် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံ ကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်သို့ ဆက်သွယ်စုံစမ်းနိုင်ပါကြောင်း သတင်းရရှိပါသည်။ **ဥမ္မာကြူ (IT)**



# မြို့ကြီးများ၏ ၂၇-၄-၂၀၁၅ မှ ၁-၅-၂၀၁၅ နေ့အထိ မိုးလေဝသခန့်မှန်းချက်

| မြို့ | တနင်္လာ(၂၇-၄-၂၀၁၅) | အင်္ဂါ(၂၈-၄-၂၀၁၅) | ဗုဒ္ဓဟူး(၂၉-၄-၂၀၁၅) | ကြာသပတေး(၃၀-၄-၂၀၁၅) | သောကြာ(၁-၅-၂၀၁၅) |
|---|---|---|---|---|---|
| နေပြည်တော် | နေသာ ၃၈°C/၁၀၀°F | နေသာ ၃၉°C/၁၀၂°F | နေသာ ၃၉°C/၁၀၂°F | နေသာ ၃၉°C/၁၀၂°F | နေသာ ၃၉°C/၁၀၂°F |
| ရန်ကုန်မြို့ | တိမ်အသင့်အတင့် ၃၇°C/၉၉°F | နေသာ ၃၈°C/၁၀၀°F | နေသာ ၃၈°C/၁၀၀°F | တိမ်အသင့်အတင့် ၃၈°C/၁၀၀°F | တိမ်အသင့်အတင့် ၃၈°C/၁၀၀°F |
| မန္တလေးမြို့ | နေသာ ၃၇°C/၉၈°F | နေသာ ၃၇°C/၉၈°F | နေသာ ၃၈°C/၁၀၀°F | နေသာ ၃၈°C/၁၀၀°F | နေသာ ၃၈°C/၁၀၀°F |
| မြစ်ကြီးနား | တိမ်အသင့်အတင့် ၃၃°C/၉၂°F | နေသာ ၃၄°C/၉၃°F | ၄၀% ၃၄°C/၉၃°F | ၈၀% ၃၂°C/၈၉°F | ၆၀% ၃၃°C/၉၂°F |
| လားရှိုး | ၅၀% ၂၉°C/၈၅°F | နေသာ ၂၉°C/၈၅°F | နေသာ ၃၀°C/၈၆°F | ၅၀% ၃၀°C/၈၆°F | နေသာ ၃၀°C/၈၆°F |
| ကျိုင်းတုံ | တိမ်အသင့်အတင့် ၃၁°C/၈၈°F | နေသာ ၃၂°C/၉၀°F | နေသာ ၃၂°C/၉၀°F | နေသာ ၃၃°C/၉၁°F | နေသာ ၃၃°C/၉၁°F |
| လွိုင်ကော် | တိမ်အသင့်အတင့် ၃၂°C/၈၉°F | နေသာ ၃၃°C/၉၁°F | နေသာ ၃၃°C/၉၁°F | နေသာ ၃၃°C/၉၂°F | နေသာ ၃၃°C/၉၂°F |
| တောင်ကြီး | တိမ်အသင့်အတင့် ၂၆°C/၇၈°F | နေသာ ၂၇°C/၈၀°F | နေသာ ၂၇°C/၈၀°F | နေသာ ၂၆°C/၇၉°F | နေသာ ၂၆°C/၇၉°F |
| ဟော်လမြိုင် | နေသာ ၃၆°C/၉၇°F | တိမ်အသင့်အတင့် ၃၇°C/၉၈°F | တိမ်အသင့်အတင့် ၃၆°C/၉၆°F | နေသာ ၃၆°C/၉၆°F | တိမ်အသင့်အတင့် ၃၆°C/၉၆°F |
| ဘားအံ | တိမ်အသင့်အတင့် ၃၆°C/၉၇°F | တိမ်အသင့်အတင့် ၃၆°C/၉၇°F | တိမ်အသင့်အတင့် ၃၆°C/၉၇°F | နေသာ ၃၆°C/၉၇°F | တိမ်အသင့်အတင့် ၃၆°C/၉၇°F |
| တောင်ငူ | နေသာ ၃၉°C/၁၀၂°F | နေသာ ၃၉°C/၁၀၃°F | နေသာ ၃၉°C/၁၀၂°F | နေသာ ၃၉°C/၁၀၂°F | နေသာ ၃၉°C/၁၀၃°F |
| မုံရွာ | ၄၀% ၃၆°C/၉၇°F | နေသာ ၃၇°C/၉၈°F | နေသာ ၃၇°C/၉၉°F | နေသာ ၃၇°C/၉၉°F | နေသာ ၃၈°C/၁၀၀°F |
| ပုသိမ် | ၅၀% ၃၇°C/၉၈°F | နေသာ ၃၇°C/၉၉°F | နေသာ ၃၇°C/၉၉°F | နေသာ ၃၇°C/၉၈°F | တိမ်အသင့်အတင့် ၃၇°C/၉၈°F |
| မြိတ် | ၈၀% ၃၄°C/၉၄°F | ၅၀% ၃၄°C/၉၄°F | ၈၀% ၃၄°C/၉၄°F | ၅၀% ၃၄°C/၉၃°F | ၄၀% ၃၄°C/၉၄°F |
| စစ်တွေ | တိမ်အသင့်အတင့် ၃၂°C/၈၉°F | ၄၀% ၃၂°C/၉၀°F | နေသာ ၃၂°C/၉၀°F | နေသာ ၃၂°C/၉၀°F | ၅၀% ၃၂°C/၉၀°F |
| မကွေး | ၄၀% ၃၄°C/၉၃°F | ၈၀% ၃၂°C/၉၀°F | ၈၀% ၃၂°C/၉၀°F | ၈၀% ၃၂°C/၉၀°F | ၈၀% ၃၃°C/၉၁°F |
| ဖလမ်း | တိမ်အသင့်အတင့် ၂၄°C/၇၆°F | နေသာ ၂၄°C/၇၅°F | တိမ်အသင့်အတင့် ၂၃°C/၇၄°F | ၆၀% ၂၄°C/၇၆°F | ၅၀% ၂၆°C/၇၈°F |

## အင်အားပြင်းမုန်တိုင်းတိုက်ခတ်မှုကြောင့် ထိုင်းနိုင်ငံ ပြည်နယ် ၁၇ ခုတွင် ပျက်စီးဆုံးရှုံးမှုများ ဖြစ်ပွား

ပြီးခဲ့သည့် ဧပြီလ ၂၃ရက်နေ့က ထိုင်းနိုင်ငံ အရှေ့မြောက်ပိုင်းနှင့် အလယ်ပိုင်းရှိဒေသများသို့ ဝင်ရောက်တိုက်ခတ် ခဲ့သည့် လေပြင်းများကြောင့် ပြည်နယ် ၁၇ခုတွင် ပျက်စီးဆုံးရှုံးမှုများ ဖြစ်ပေါ်ကာ လူသေဆုံးမှုများ ဖြစ်ပေါ်ခဲ့ရကြောင်း ဗန်ကောက်ပို့စ်သတင်းတွင် ဖော်ပြထားသည်။

အဆိုပါလေပြင်းမုန်တိုင်းသည် ဧပြီလ ၂၂ ရက်နှင့် ၂၃ရက်နေ့တို့တွင် တိုက်ခတ်ခဲ့ခြင်းဖြစ်သည်။ မုန်တိုင်းတိုက်ခတ်မှုကြောင့် အဆိုပါပြည်နယ်များအတွင်းရှိ ရော်ဘာပင်များ ပြိုလဲခြင်း၊ စပါးပင်များပျက်စီးခြင်း၊ သစ်သီးဝလံ ပန်းမန်ပင်များ ပျက်စီးဆုံးရှုံးခဲ့ရကြောင်း အဆိုပါသတင်းတွင် ဖော်ပြထားသည်။ ထို့ပြင် နေအိမ်ထောင်ပေါင်းများစွာလည်း ပျက်စီးဆုံးရှုံးခဲ့ရကြောင်း သိရသည်။

လေဖိအားများရာဒေသဖြစ်သည့် တရုတ်နိုင်ငံမှ လေစိုင်လေခဲများသည် အပူပိုင်းမုန်တိုင်းအဖြစ် ကျဆင်းလာခဲ့ခြင်းဖြစ်ပြီး ထိုင်းနိုင်ငံသို့ ဝင်ရောက်လာခဲ့ခြင်းဖြစ်ကြောင်း၊ မုန်တိုင်းတိုက်ခတ်ချိန်တွင် အပူချိန်သည် မူလရှိသည့်အခြေအနေအောက် ၆ ဒီဂရီ ဆဲလ်စီးယပ်စ်မှ ၈ ဒီဂရီ ဆဲလ်စီးယပ်စ်သို့ ကျဆင်းသွားခဲ့ကြောင်း၊ မုန်တိုင်းတိုက်ခတ်မှုကြောင့် အပူချိန် လျော့ကျသွားခဲ့သော်လည်း မုန်တိုင်းပြီးချိန်တွင် ထပ်မံပူပြင်းလာမည်ကို စိုးရိမ်လျက်ရှိကြောင်း ထိုင်းနိုင်ငံ မိုးလေဝသနှင့် ဇလဗေဒဌာနမှ ထုတ်ပြန်ကြေညာခဲ့သည်။

မုန်တိုင်းတိုက်ခတ်ခြင်းနှင့် မိုးသည်းထန်စွာ ရွာသွန်းခဲ့ခြင်းတို့ကြောင့် တစ်ရက်အတွင်း အိမ်ခြေ ၁၀၀၀ နှင့်အထက် ပျက်စီးခဲ့ ရကြောင်း၊ ပျက်စီးဆုံးရှုံးမှုများမှာ ပိုမိုလာနိုင် ကြောင်းဖြင့် မိုးလေဝသဌာနမှတာဝန်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။





## ဩစတြေးလျနိုင်ငံ အရှေ့ပိုင်း ကမ်းခြေဒေသတွင် ဆိုင်ကလုန်းမုန်တိုင်းတိုက်ခတ် ဒေါ်လာသန်းပေါင်းများစွာ ပျက်စီးဆုံးရှုံး

ဩစတြေးလျနိုင်ငံ အရှေ့ပိုင်းကမ်းခြေဒေသသို့ အင်အားပြင်း ဆိုင်ကလုန်းမုန်တိုင်း ဝင်ရောက်တိုက်ခတ်ခဲ့ရာ နေအိမ်ထောင်ပေါင်းများစွာ ပျက်စီးဆုံးရှုံးခဲ့ရပြီး ဆုံးရှုံးမှုတန်ဖိုးမှာ အမေရိကန် ဒေါ်လာသန်းပေါင်းများစွာရှိမည်ဟု ဩစတြေးလျနိုင်ငံ သဘာဝဘေးအန္တရာယ် ကာကွယ်တားဆီးရေးဗျူရိုမှ ထုတ်ပြန်ကြေညာခဲ့သည်။

ဩစတြေးလျနိုင်ငံ၏ မြို့တော် ဆစ်ဒနီနှင့် အခြားမြို့ကြီးများတွင် အဆိုပါမုန်တိုင်းကြောင့် ပျက်စီးဆုံးရှုံးမှု ပိုမိုများပြားခဲ့ကြောင်း၊ မုန်တိုင်းတိုက်ခတ်မှုကြောင့် နေအိမ်ပေါင်း နှစ်သိန်းကျော်မှာ လျှပ်စစ်မီးပြတ်တောက်မှုဒဏ်ကို ခံစားခဲ့ကြရကြောင်း၊ မုန်တိုင်းတိုက်ခတ် မှုကြောင့် လူသုံးဦးသေဆုံးခဲ့ရကြောင်း အဆိုပါဗျူရိုက ထုတ်ပြန်ကြေညာခဲ့သည်။ဩစတြေးလျနိုင်ငံ မိုးလေဝသဗျူရိုက မုန်တိုင်း၏ အင်အားသည် တစ်နာရီလျှင် ၁၃၅ကီလိုမီတာနှုန်းဖြင့် တိုက်ခတ်လာသဖြင့် ကမ်းခြေဒေသများတွင် နေထိုင်ကြသည့်ပြည်သူများအား ဒုတိယမြောက်နေ့တွင် နေအိမ်များမှ မုန်တိုင်းလွတ်ရာဒေသသို့ ရှောင်ရှားကြရန် သတိပေးချက်များထုတ်ပြန်ခဲ့ရသည်ဟု ဆင်ဟွာသတင်းတွင် ဖော်ပြထားသည်။

နယူးဆောက်သ်ဝေးလ်ပြည်နယ်မှ ပြည်နယ်ဝန်ကြီးချုပ်မိုက်ခ်ဘရစ်ခ်က ဆစ်ဒနီမြို့ခံပြည်သူများအနေဖြင့် ခရီးဝေးသွားလာခြင်းကို ရှောင်ရှားကြရန်နှင့် မဖြစ်မနေသွားဖို့လိုအပ်မှသာ သွားလာကြရန် နှိုးဆော်ခဲ့ကြောင်း၊ ယခုတိုက်ခတ်ခဲ့သည့် မုန်တိုင်းသည် ၁၀နှစ်အတွင်း ထူးခြားသည့်မုန်တိုင်းအဖြစ် သတ်မှတ်ရမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

ဩစတြေးလျအာမခံကောင်စီက ယခုမုန်တိုင်းတိုက်ခတ်မှုကြောင့် အာမခံပေါင်း ၇၅၀၀ ကျော်ကို အာမခံကြေးများ ပေးလျော်ရမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

နယူးဆောက်သ်ဝေးလ်ပြည်နယ် အရေးပေါ်စီမံခန့်ခွဲမှုလုပ်ငန်းမှ ဒုတိယကော်မရှင်နာ စတိဗ်ပီးယာ့စ်က ပျက်စီးဆုံးရှုံးမှုစာရင်းများကို ပြုစုလျက်ရှိကြောင်း၊ ယခုရရှိထားသည့် စာရင်းများအရ ပျက်စီးဆုံးရှုံးမှုသည် အမေရိကန်ဒေါ်လာ သန်းပေါင်းများစွာရှိနေပြီဖြစ်ကြောင်း၊ ယခုရရှိထားသည့် စာရင်းထက် ပိုမိုလာနိုင်သည်ဟု မျှော်လင့်ထားကြောင်း ပြောကြားခဲ့သည်။

Domestic Sport News
Vol: 15, No.15 Monday April 27 2015

# မြန်မာအသင်း၏ ကမ္ဘာ့ဖလားခြေစစ်ပွဲ အိမ်ကွင်းအဖြစ် ဗန်ကောက်မြို့တွင်ကျင်းပရန် MFF ကြိုးပမ်း

မြန်မာ့လက်ရွေးစင်အသင်း၏ ၂၀၁၈ ကမ္ဘာ့ဖလားခြေစစ်ပွဲ အိမ်ကွင်းပွဲစဉ်များအား ထိုင်းနိုင်ငံ ဗန်ကောက်မြို့တွင် ကျင်းပနိုင်ရေးအတွက် မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်အနေဖြင့် ထိုင်းနိုင်ငံ ဘောလုံးအဖွဲ့ချုပ်နှင့် ဆက်သွယ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဇော်ဇော်သည် ထိုင်းနိုင်ငံ ဘောလုံးအဖွဲ့ချုပ် ဥက္ကဋ္ဌ ဝိုရာဝီမာကူဒီနှင့် တွေ့ဆုံဆွေးနွေးခဲ့ပြီး ဗန်ကောက်မြို့တွင် မြန်မာအသင်းပွဲစဉ်များအား ထိုင်း ဘောလုံးအဖွဲ့ချုပ်နှင့်ပူးပေါင်း၍ အိမ်ရှင်အဖြစ် စနစ်တကျကျင်းပရေး၊ မြန်မာ့လက်ရွေးစင်အသင်း လေ့ကျင့်ပြင်ဆင်ရေး၊ ပရိသတ်များ စည်းကမ်းတကျဖြင့် မြန်မာအသင်းကို လာရောက်အားပေးကြည့်ရှုနိုင်ရေးအတွက် ညှိနှိုင်းဆွေးနွေးခဲ့ကြောင်း သိရသည်။

၂၀၁၄ကမ္ဘာ့ဖလားခြေစစ်ပွဲအဖြစ် ၂၀၁၁ ခုနှစ် ဇူလိုင်လက ရန်ကုန်မြို့တွင် ကျင်းပခဲ့သည့် မြန်မာနှင့် အိုမန်ပွဲစဉ် အပြီးတွင် ပရိသတ်အချို့၏ မလိုလားအပ်သော အပြုအမူများကြောင့် ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ်က မြန်မာ့လက်ရွေးစင်အသင်းအား ၂၀၁၈ ခုနှစ် ကမ္ဘာ့ဖလားခြေစစ်ပွဲ ဝင်ခွင့် ပိတ်ပင်ခြင်းနှင့် ဒဏ်ငွေ ယူရို ၂၀၅၀၀ ပေးဆောင်ရန် ပြစ်ဒဏ်ချမှတ်ခဲ့သည်။

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် အနေဖြင့် ထိုပြစ်ဒဏ်အား အယူခံဝင်ခဲ့ရာ အောင်မြင်မှုရရှိခဲ့ခြင်းကြောင့် ဒဏ်ငွေသာ ပေးဆောင်ခဲ့ရပြီး ကမ္ဘာ့ဖလားခြေစစ်ပွဲသို့ ဝင်ရောက်ကစားခွင့် ပြန်လည်ရရှိခဲ့သည်။

ဖီဖာအနေဖြင့် မြန်မာအသင်း၏ အိမ်ကွင်းပွဲစဉ်များကို ကြားကွင်းတွင်ကစားရန် ဆုံးဖြတ်ခဲ့သောကြောင့် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်အနေဖြင့် အိမ်နီးချင်း ထိုင်းနိုင်ငံတွင် အိမ်ကွင်းပွဲစဉ်များ လက်ခံကျင်းပရန် ယခုကဲ့သို့ ကြိုးပမ်းညှိနှိုင်းနေခြင်းဖြစ်သည်။

မြန်မာ့လက်ရွေးစင်အသင်းသည် ၂၀၁၈ ကမ္ဘာ့ဖလားခြေစစ်ပွဲအဖြစ် အာရှဇုန်အုပ်စု(ဆ) တွင် အာရှထိပ်သီး တောင်ကိုရီးယား၊ အာရပ်အသင်းကောင်းများဖြစ်သည့် ကူဝိတ်၊ လက်ဘနွန်၊ အရှေ့တောင်အာရှပြိုင်ဘက် လာအိုအသင်းတို့နှင့် အတူကျရောက်လျက်ရှိသည်။

မြန်မာအသင်းသည် ဇွန်လ ၁၆ ရက်တွင် ဗန်ကောက်မြို့၌ တောင်ကိုရီးယားအသင်းနှင့် ပွဲဦးထွက် ယှဉ်ပြိုင်ရမည်ဖြစ်သည်။

မြန်မာ့လက်ရွေးစင်အသင်းသည် နိုဝင်ဘာ ၁၇ ရက်တွင် ကူဝိတ်အသင်း၊ အောက်တိုဘာ ၈ ရက်တွင် လက်ဘနွန်၊ အောက်တိုဘာ ၁၃ ရက်တွင် လာအိုအသင်းတို့နှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

ကမ္ဘာ့ဖလားခြေစစ်ပွဲ အာရှဇုန်ပွဲစဉ်များသည် ၂၀၁၉ ခုနှစ် အာရှဖလားပြိုင်ပွဲဝင်ခွင့်အတွက်လည်း အကျုံးဝင်သဖြင့် ခက်ခဲပြီး ပြိုင်ဆိုင်မှုပြင်းထန်မည့် ပွဲစဉ်များဖြစ်သည်။



# AFF အမျိုးသမီးချန်ပီယံရှစ် ပြိုင်ပွဲဝင်မည့် မြန်မာအမျိုးသမီးအသင်း ဗန်ကောက်သို့ ထွက်ခွာ အဖွင့်ပွဲစဉ်အဖြစ် အိမ်ရှင်ဗီယက်နမ်အသင်းနှင့် ယှဉ်ပြိုင်ကစားရမည်

ဗီယက်နမ်နိုင်ငံ ဟိုချီမင်းမြို့တွင် ကျင်းပမည့် ၂၀၁၅ အာဆီယံအမျိုးသမီးချန်ပီယံရှစ် (AFF Women's Championship 2015) ပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ကစားမည့် မြန်မာ့လက်ရွေးစင် အမျိုးသမီးအသင်းသည် ထိုင်းနိုင်ငံ ဗန်ကောက်မြို့သို့ ဧပြီ ၂၄ရက်က ထွက်ခွာသွားခဲ့ကြောင်း သိရသည်။

အဆိုပါပြိုင်ပွဲကို မေ ၁ ရက်နေ့မှ ၁၀ ရက်အထိ ကျင်းပမည်ဖြစ်ပြီး ယင်းပြိုင်ပွဲအတွက် မြန်မာ့လက်ရွေးစင် အမျိုးသမီးအသင်း၏အပြီးသတ်လူစာရင်းကို ထုတ်ပြန်ကြေညာခဲ့သည်။

အဆိုပါ မြန်မာ့လက်ရွေးစင် အမျိုးသမီးအသင်းတွင် အသင်းအုပ်ချုပ်သူအဖြစ် ဒေါ်မြတ်မြတ်ဦး၊ နည်းပြချုပ်အဖြစ် ဒေါ်သက်သက်ဝင်း၊ နည်းပြအဖြစ် ဒေါ်စန်းစန်းသိန်း၊ ဂိုးနည်းပြအဖြစ် ဦးကိုကိုအောင်တို့က တာဝန်ယူဆောင်ရွက်ကြမည်ဖြစ်သည်။

ကစားသမားများအဖြစ် **(ဂိုး)** မြဖူးငုံ (အားကစားဝန်ကြီးဌာန)၊ ခင်သီတာအေး (အားကစားဝန်ကြီးဌာန)၊ သန္တာဦး (မြဝတီအက်ဖ်စီ)၊ **(နောက်)** ခင်သန်းဝေ(မြဝတီအက်ဖ်စီ)၊ ဇင်မာဝင်း (ပြည်ထဲရေး)၊ ဖူးပွင့်ခိုင် (ပြည်ထဲရေး)၊ ဝေဝေအောင် (အားကစား)၊ ဇာခြည်ဦး(မြဝတီ)၊ အေးအေးမိုး (မြဝတီ)၊ **(လယ်)**စန်းစန်းမော်(ပြည်ထဲရေး)၊ သန်းသန်းထွေး (ပို့ဆောင်ရေး)၊ ခင်မိုးဝေ(ပြည်ထဲရေး)၊ နော်အားလိုဝါးဖော(ပြည်ထဲရေး)၊ မေစံပါယ်ဖူး(မြဝတီ)၊ နီလာဝင်း(ကိုယ်ပိုင်လုပ်ငန်း)၊ ရှုပါခိုင် (မြဝတီ)၊ လဲ့လဲ့လှိုင်(ကိုယ်ပိုင်လုပ်ငန်း)၊ ငယ်ငယ်ထွေး(ပြည်ထဲရေး)၊ **(ရှေ့)** ရီရီဦး (အားကစား)၊ ခင်မာလာထွန်း(အားကစား)၊ ဝင်းသီတာထွန်း(မြဝတီ)၊ လှယဉ်ဝင်း(မြဝတီ)၊ မေသူကျော်(မြဝတီ) တို့ ဖြစ်ကြောင်း သိရသည်။

AFF Women Championship 2015 ပြိုင်ပွဲတွင် အုပ်စု(က)နှင့် (ခ) အုပ်စု နှစ်စုခွဲထားပြီး မြန်မာအသင်းသည် အုပ်စု(ခ)တွင် အိမ်ရှင်ဗီယက်နမ်၊ မလေးရှား၊ ဖိလစ်ပိုင်အသင်းတို့နှင့် အတူ ကျရောက်နေသည်။ အုပ်စု(က)တွင် ထိုင်း၊ သြစတြေးလျ ယူ-၂၀၊ အင်ဒိုနီးရှား၊ လာအိုအသင်းတို့ပါဝင်ကြသည်။

မြန်မာ့လက်ရွေးစင်အသင်း နည်းပြချုပ် ဒေါ်သက်သက်ဝင်းက အုပ်စုပွဲစဉ်များအားလုံးကို အလေးထား ယှဉ်ပြိုင်သွားမည်ဖြစ်ကြောင်း၊ ဆီမီးဖိုင်နယ်အဆင့်တွင် တွေ့ရမည့် အသင်းများမှာ အင်အားအလွန်တောင့်တင်းသည့် အသင်းများဖြစ်သော်လည်းမိမိတို့အသင်းအနေဖြင့် အုပ်စုအဆင့်အား ကျော်ဖြတ်နိုင်ပါက ဆီမီးအဆင့်တွင် မည်သည့်အင်အားကြီးအသင်းနှင့်တွေ့သည်ဖြစ်စေ ရေကုန်ရေခန်း အစွမ်းကုန်ကြိုးစားယှဉ်ပြိုင်သွားမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

## ဗိုလ်ချုပ်အောင်ဆန်းဒိုင်းဖလား ရှုံးထွက်ပြိုင်ပွဲကျင်းပမည်
## MNL 1 မှ ၁၀ သင်းနှင့် MNL 2 မှ ၁၂ သင်းဝင်ရောက်ယှဉ်ပြိုင်မည်

မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်သည် ဗိုလ်ချုပ်အောင်ဆန်းဒိုင်းဖလား ရှုံးထွက်ပြိုင်ပွဲကို ပြန်လည်ကျင်းပမည်ဖြစ်ရာ အဆိုပါပြိုင်ပွဲသို့ မြန်မာနေရှင်နယ်လိဂ် (၁) မှ ၁၀သင်းနှင့် မြန်မာနေရှင်နယ်လိဂ် (၂)မှ ၁၂ သင်း၊ စုစုပေါင်း ၂၂ သင်း ဝင်ရောက်ယှဉ်ပြိုင်ကြမည်ဖြစ်သည်။



အဆိုပါပြိုင်ပွဲကို ဧပြီလ ၂၅ရက်နေ့မှ စတင်ကျင်းပမည်ဖြစ်ပြီး အောက်တိုဘာလ ၂၅ရက်နေ့တွင် ဗိုလ်လုပွဲကို ကျင်းပမည်ဖြစ်သည်။

ပထမအဆင့်အုပ်စုရှုံးထွက်ပွဲစဉ်များတွင် မြန်မာနေရှင်နယ်လိဂ်(၂)မှ အသင်းများဖြစ်သည့် မြဝတီ၊ ဖုန်ဂန်၊ ဟံသာဝတီယူနိုက်တက်၊ Silver Star၊ University FC၊ ဆောက်သမ်းမြန်မာ၊ ဒဂုံ၊ ရခိုင်ယူနိုက်တက်၊ Best United၊ GFA၊ Horizon FC၊ မောရဝတီအက်ဖ်စီတို့ ပါဝင်ယှဉ်ပြိုင်ကြမည်ဖြစ်သည်။ ၁၆သင်းဆင့် ရှုံးထွက်ပွဲစဉ်များတွင် မြန်မာနေရှင်နယ်လိဂ်(၁)မှ အသင်းများဖြစ်သည့် ရတနာပုံ၊ ရန်ကုန်၊ နေပြည်တော်၊ ကမ္ဘောဇ၊ ချင်း၊ ဇေယျာရွှေမြေ၊ မကွေး၊ ဇွဲကပင်၊ မနောမြေနှင့် ဧရာဝတီအသင်းတို့ ယှဉ်ပြိုင်ကြမည်ဖြစ်သည်။

ဇူလိုင် ၁၁ ရက်တွင် ရတနာပုံအသင်းသည် မောရဝတီနှင့် Horizon FC အသင်းတို့ ယှဉ်ပြိုင်သည့်ပွဲမှ အနိုင်ရသည့်အသင်းနှင့် ယှဉ်ပြိုင်ရမည်ဖြစ်ပြီး ကမ္ဘောဇအသင်းသည် ဟံသာဝတီအသင်းနှင့် Pong Gan FC တို့ပွဲမှ အနိုင်ရသည့်အသင်းနှင့် ယှဉ်ပြိုင်ရမည်ဖြစ်သည်။

ဇူလိုင်လ ၁၂ရက်နေ့တွင် မကွေးအက်ဖ်စီအသင်းသည် ချင်းယူနိုက်တက်နှင့် ယှဉ်ပြိုင်ရမည်ဖြစ်ပြီး ရန်ကုန်ယူနိုက်တက်အသင်းသည် မြဝတီအက်ဖ်စီနှင့် GFAFC တို့ပွဲမှ အနိုင်ရရှိသည့်အသင်းနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

ဇူလိုင် ၁၃ရက်နေ့တွင် ဇွဲကပင်အသင်းသည် ဇေယျာရွှေမြေအသင်းနှင့် ယှဉ်ပြိုင်ရမည်ဖြစ်ပြီး ဧရာဝတီယူနိုက်တက်အသင်းသည် Sliver Star FC နှင့် University FC အသင်းတို့ ယှဉ်ပြိုင်သည့်ပွဲမှ အနိုင်ရသည့်အသင်းနှင့်ယှဉ်ပြိုင်ရမည်ဖြစ်သည်။

ဇူလိုင်လ ၁၄ရက်နေ့တွင် မနောမြေအသင်းသည် ဆောက်သမ်းမြန်မာအသင်းနှင့် Best United FC အသင်းတို့ ယှဉ်ပြိုင်သည့်ပွဲမှ အနိုင်ရရှိသည့်အသင်းနှင့်ယှဉ်ပြိုင်ရမည်ဖြစ်သည်။ ထို့ပြင် နေပြည်တော်အသင်းသည် ဒဂုံအက်ဖ်စီအသင်းနှင့် ရခိုင်ယူနိုက်တက်အက်ဖ်စီအသင်းတို့ ယှဉ်ပြိုင်သည့်ပွဲမှ အနိုင်ရရှိသည့်အသင်းနှင့်ယှဉ်ပြိုင်ရမည် ဖြစ်သည်။

ကွာတားဖိုင်နယ် ပွဲစဉ်များကို ဩဂုတ် ၁ရက်နေ့နှင့် ၂ရက်နေ့တို့တွင် ကျင်းပမည်ဖြစ်သည်။ ပထမအကျော့ဆီမီးဖိုင်နယ်ပွဲစဉ်များကို ဩဂုတ်လ ၁၂ရက်နေ့နှင့် ၁၉ရက်နေ့တို့တွင်လည်းကောင်း၊ ဒုတိယအကျော့ဆီမီးဖိုင်နယ်ပွဲစဉ်များကို စက်တင်ဘာလ ၂၂ရက်နှင့် ၂၃ရက်နေ့တို့တွင်ကျင်းပမည်ဖြစ်သည်။ အဆိုပါပြိုင်ပွဲများကို အောင်ဆန်းကစားပြိုင်ဝင်းနှင့် သုဝဏ္ဏအားကစားကွင်းတို့တွင် ကျင်းပမည်ဖြစ်ပြီး ဗိုလ်လုပွဲကိုမူ အောင်ဆန်းကစားပြိုင်ဝင်းတွင်သာ ကျင်းပမည်ဖြစ်သည်။

# ဘာရိန်းဂရင်းပရီတွင် ဟာမီလ်တန်ပင် ဗိုလ်စွဲခဲ့ပြန် ယခုရာသီဂရင်းပရီပွဲစဉ်လေးခု၌ သုံးခုမြောက်ဗိုလ်စွဲခြင်းဖြစ်




ညချမ်းအချိန်အခါ၌ ကျင်းပခဲ့သော ဘာရိန်းဂရင်းပရီပြိုင်ပွဲတွင် မာစီဒီးစ်အသင်းမှ လက်ရှိကမ္ဘာ့ချန်ပီယံ ဗြိတိန်ကားမောင်းသမား လူးဝစ်ဟာမီလ်တန်ပင် အနိုင်ရဗိုလ်စွဲခဲ့ပြန်သည်။

သဲကန္တာရထဲရှိ ဘာရိန်းအပြည်ပြည် ဆိုင်ရာပြိုင်ကားကွင်း၌ ပြီးခဲ့သည့် ဧပြီ ၁၉ ရက်ကကျင်းပခဲ့သော နောက်ဆုံးအဆင့်ပြိုင်ပွဲတွင် ဟာမီလ်တန်သည် ဖာရာရီအသင်းမှ ကီမီရိတ်ကိုနန် (ဖင်လန်)နှင့် အသင်းဖော် နီကိုရော့စ်ဘတ်ကို ဖြတ်ကျော်ဗိုလ်စွဲခဲ့ခြင်းဖြစ်သည်။ ရာသီအဖွင့် ဂရင်းပရီပွဲစဉ်လေးခုဆက်အဖြစ် ထိပ်ဆုံးမှတာထွက်ခွင့်ရခဲ့သော ဟာမီလ်တန်သည် ၅၇ပတ်ယှဉ်ပြိုင်ရသည့်ပြိုင်ပွဲတွင် အပတ်ရေအားလုံးနီးပါး ထိပ်ဆုံးမှတောက်လျှောက် ဦးဆောင်၍ ၁ နာရီ ၃၅ မိနစ် ၅ ဒသမ ၈၀၉ စက္ကန့်ဖြင့် ထိပ်ဆုံးမှ ပန်းဝင်ခဲ့သည်။

ဟာမီလ်တန်သည် ယခုရာသီဂရင်းပရီပွဲစဉ်လေးခုအနက် မလေးရှားဂရင်းပရီတွင် ဒုတိယရခဲ့သည်မှလွဲ၍ ကျန်ပြိုင်ပွဲ ၃ ခုစလုံးတွင် ဗိုလ်စွဲနိုင်ခဲ့သည်။ ထို့ကြောင့် အသင်းဖော်ရော့စ်ဘတ်ကို ၂၇ မှတ်ဖြတ်၍ ထိပ်ဆုံးမှဦးဆောင်နေပြီး ကမ္ဘာ့ချန်ပီယံဘွဲ့ကို ကာကွယ်ရန် အခြေအနေကောင်းနေသည်။ ဟာမီလ်တန်မှာ နောက်ဆုံးပြိုင်ပွဲ ၁၁ ခုတွင် ပထမ ၉ ကြိမ်၊ ဒုတိယ ၂ ကြိမ်ရရှိခဲ့ပြီး ၎င်း၏ကားမောင်းသမားဘဝ၌ ဂရင်းပရီချန်ပီယံဆုပေါင်း ၃၆ ခုဆွတ်ခူးနိုင်ခဲ့ပြီဖြစ်သည်။ ဘာရိန်းဂရင်းပရီမတိုင်မီ အနာဂတ်မရေမရာဖြစ်နေသော ရိတ်ကိုနန်မှာမူစတုတ္ထနေရာမှသာ တာထွက်ခဲ့ရသော်လည်း ရော့စ်ဘတ်နှင့် ဗက်တဲလ်ကိုဖြတ်ကျော်ပြီး ဒုတိယရခဲ့သည်။

ထို့ကြောင့်အသင်း၏ အကြီးအကဲ ဟာရီဗာဘီနီက ပြီးခဲ့သည့်ဂရင်းပရီ ပွဲစဉ် ၂၆ ခုတွင် ပထမဆုံးအကြိမ်ထိပ်ဆုံး သုံးဦးစာရင်းဝင်ခဲ့သော ရိတ်ကိုနန်၏ စွမ်းဆောင်မှုကို ချီးကျူးစကားဆိုခဲ့သည်။ မလေးရှားဂရင်းပရီချန်ပီယံ ဗက်တဲလ်မှာမူ အဆင့် ၅ သာရခဲ့ပြီး ရော့စ်ဘတ်၏နောက်မှတစ်မှတ်အကွာဖြင့် တတိယနေရာတွင် ရပ်တည်နေသည်။ အဆင့် ၆ ဖြင့် ကျေနပ်ခဲ့ရသော ရက်ဘူးလ်အသင်းမှ ဩစီကားမောင်းသမား ရစ်ဆီယာဒိုမှာမူ ပန်းဝင်ရန်မီတာ ၂၀၀အလိုတွင် အင်ဂျင်စွမ်းဆောင်ရည်ကျသွားသဖြင့် လာမည့်လအတွင်း ကျင်းပမည့် စပိန်ဂရင်းပရီတွင် အင်ဂျင်အသစ် ပြောင်းသုံးရန် စီစဉ်နေသည်။ ရစ်ဆီယာဒိုသည် ယခုရာသီတွင် အင်ဂျင်သုံးကြိမ်ပြောင်းလဲခဲ့ပြီးဖြစ်သည်။

# ဝက်စ်ဟမ်းအသင်း တစ်ရာသီစာလက်မှတ်ခများ လျှော့ချ

ဝက်စ်ဟမ်းအသင်းသည် တစ်ရာသီစာ လက်မှတ်ခနှုန်းထားများအား လျှော့ချရန် ဆုံးဖြတ်လိုက်ပြီဖြစ်သည်။ ပရီးမီးယားလိဂ်အသင်းများ၏ ပွဲစဉ်များ တိုက်ရိုက်ထုတ်လွှင့်ခွင့်အတွက် Sky Sports နှင့် BT Sports တို့က ၂၀၁၆-၁၇ရာသီအတွက် သုံးရာသီစာ စပွန်ဆာအဖြစ် ပေါင် ၅ ဒသမ ၁၃ ဘီလီယံပေးရန် သဘောတူညီခဲ့ကြပြီးနောက် ပရီးမီးယားလိဂ်အသင်းများအနေဖြင့် လက်မှတ်ခများ တိုးမြှင့်ရန် ဆုံးဖြတ်ခဲ့ကြခြင်းဖြစ်သည်။ ယင်းအတွက် ပရိသတ်များ၏ဝေဖန်မှုများမှာ တစ်နေ့တခြား ပိုမိုများပြားလာခဲ့သည်။ ယင်းသို့ ဝေဖန်မှုများ မြင့်တက်လာချိန်တွင် ဝက်စ်ဟမ်းအသင်းက လက်မှတ်ခဈေးနှုန်းများအား လျှော့ချရန် ဆုံးဖြတ်ခဲ့သည်။

၂၀၁၄-၁၅ ရာသီအတွက် တစ်ရာသီစာလက်မှတ်ခနှုန်းထားများမှာ ပေါင် ၆၂၀ မှ ၉၄၀ အထိရှိနေခဲ့ပြီး ဝက်စ်ဟမ်းအသင်းအနေဖြင့် ၂၀၁၆-၁၇ ရာသီတွင် ယင်းနှုန်းထားများအောက် ၂၈၉ ပေါင် လျှော့ချ၍ ရောင်းချသွားမည်ဟု ဆိုသည်။

၂၀၁၆-၁၇ ရာသီတွင် ဝက်စ်ဟမ်းအသင်းအနေဖြင့် အိုလံပစ်ကွင်းကို အသုံးပြုခွင့်ရရှိထားပြီဖြစ်သည်။ ဝက်စ်ဟမ်းအသင်း၏ လက်ရှိအိမ်ကွင်းမှာ ပရိသတ်ပေါင်း ၃၅၀၁၆ ဦးသာ ဝင်ဆံ့သော်လည်း ယခု အိုလံပစ်ကွင်းမှာ ပရိသတ်ပေါင်း ၅၄၀၀၀ ဦး ဝင်ဆံ့မည်ဖြစ်ကြောင်း သိရသည်။

# ရာသီအဖွင့် မာစတာပြိုင်ပွဲသုံးခုဆက် ဗိုလ်စွဲနိုင်သူအဖြစ် ဂျိုကိုဗစ် စံချိန်တင်၊ ဖက်ဒဲရား၏စံချိန်ကို လိုက်မီ

ကမ္ဘာ့အဆင့်တစ်တင်းနစ်သမား ဂျိုကိုဗစ်သည် မွန်တီကာလိုမာစတာ ပြိုင်ပွဲတွင် ဗိုလ်စွဲပြီးနောက် ရာသီအဖွင့် မာစတာပြိုင်ပွဲ သုံးခုဆက် ပထမဆုံး ဗိုလ်စွဲနိုင်သူအဖြစ်စံချိန်တင်နိုင်ခဲ့သည်။ ဆီမီးတွင် မြေစေးကွင်းဘုရင် နာဒဲလ်ကို ဖြတ်ကျော်ခဲ့သော ဂျိုကိုဗစ်သည် ဗိုလ်လုပွဲတွင်လည်း ချက်တင်းနစ်သမားတို မက်ဗာဒစ်ရှ်ကို အကြိတ်အနယ်ကစား ပြီး ၇-၅၊ ၄-၆၊ ၆-၃ဖြင့် အနိုင်ရခဲ့သည်။

ဂျိုကိုဗစ်သည် ယခုရာသီတွင် အင်ဒီယန်းဝဲလ်မာစတာနှင့်မီယာမီမာ စတာတို့တွင်လည်း ဗိုလ်စွဲထားပြီး ယခု မွန်တီကာလိုမာစတာတွင်ပါ ထပ်မံဗိုလ်စွဲခဲ့ခြင်းဖြစ်သည်။ မိုးအနည်းငယ် ရွာပြီးကွင်းစွတ်စိုကာ လေထန်နေသဖြင့် ကစားသမားနှစ်ဦးစလုံး စပေးဘောများတွင် ရုန်းကန်ခဲ့ရပြီး မမှားသင့်သည့် အမှားများလည်း အကြိမ်များစွာ ကျူးလွန် ခဲ့သည်။

ဂျိုကိုဗစ်မှာ နောက်ဆုံးပွဲစဉ်၁၇ ပွဲဆက်အနိုင်ရထားပြီး ကမ္ဘာ့အဆင့် ရပ်တည်မှုတွင်လည်း ဒုတိယနေရာမှ ဖက်ဒဲရားကို ရမှတ် ၅၀၀၀ ကျော်ဖြတ်ထားနိုင်ခဲ့သည်။ ယခုဖလားသည် ဂျိုကိုဗစ်အတွက် ၅၂ လုံးမြောက် ATP ဆုဖလားနှင့် ၂၃ လုံးမြောက် မာစတာဆုဖလားလည်းဖြစ်ခဲ့သည်။ မာစတာ ဖလားအများဆုံးဆွတ်ခူးထားသူမှာ နာဒဲလ်(၂၇လုံး)ဖြစ်ပြီး ဂျိုကိုဗစ်မှာ ဖက်ဒဲရား၏စံချိန်ကို လိုက်မီခဲ့သည်။




# မေဝဲသားနှင့် ပက်ကွီအိုတို့၏ထိုးသတ်ပွဲလက်မှတ် တစ်စောင်လျှင် ပေါင်ခြောက်သောင်းအထိရှိလာ

လာမည့်မေ ၂ရက်တွင် ထိုးသတ်ကြမည့် မေဝဲသားနှင့်ပက်ကွီအိုတို့၏ ထိုးသတ်ပွဲလက်မှတ်ခဈေးနှုန်းများ တဖြည်းဖြည်းမြင့်တက်လျက်ရှိရာ နောက်ဆုံးရရှိသည့် သတင်းများအရ လက်မှတ်တစ်စောင်လျှင် ပေါင်ခြောက်သောင်း (အမေရိကန်ဒေါ်လာ တစ်သိန်း)အထိ ရှိလာပြီဖြစ်ကြောင်း ဒေးလီးမေးလ် သတင်းတွင် ဖော်ပြထားသည်။

လက်ဝှေ့ပွဲထိုးသတ်မည့်နေရာဖြစ်သည့် လာ့စ်ဗီးဂတ်စ်မြို့ရှိ MGM ဂရင်းသည် ပရိသတ်ပေါင်း ၁၆၅၀၀ ကြည့်ရှုနိုင်သည့်နေရာဖြစ်သော်လည်း အများပြည်သူကြည့်ရှုရန်အတွက်မူ လက်မှတ်ပေါင်း ၁၀၀၀ သာစီစဉ်ထားရှိသည်ဟု ဆိုသည်။

တရားဝင်ရောင်းချသည့်လက်မှတ် ဈေးနှုန်းများမှာ လက်ဝှေ့ကြိုးဝိုင်းအနီး နေရာများအတွက် ပေါင် ၆၇၀၀(အမေ ရိကန်ဒေါ်လာ၁၀၀၀၀)၊ ကျန်နေရာများတွင် ပေါင် ၁၀၀၀(အမေရိကန်ဒေါ်လာ ၁၅၀၀)သတ်မှတ်ထားသော်လည်း ယခုအခါတွင် ပြင်ပဈေးကွက်များ၌ လက်မှတ်ဈေးနှုန်းများ အဆမတန် မြင့်တက်နေကြောင်း သိရသည်။

အဆိုပါလက်ဝှေ့ပွဲ၏ လက်မှတ်ရောင်းချသည့် တာဝန်ရှိသူများကမူ ရောင်းချရန် လက်မှတ်များကုန်နေပြီဖြစ်ကြောင်း ဧပြီ ၂၀ရက်က ထုတ်ဖော်ကြေညာခဲ့သည်။

မေဝဲသား၏ အေးဂျင့်ဖြစ်သူလီယိုနတ်က လက်မှတ်များကို ဆက်လက်ရောင်းချပေးဖွယ်ရာရှိကြောင်း ပြောကြားခဲ့ပါတယ်။ အဆိုပါလက်မှတ်ကိစ္စနှင့်ပတ်သက်၍ မေဝဲသားက"လက်မှတ်ဈေးနှုန်း မြင့်တက်ခြင်း၊ လက်မှတ်ရခြင်း၊ မရခြင်းကို ကျွန်တော်စိတ်မပူပါဘူး။ ကျွန်တော် စိတ်ပူတာက ကျွန်တော့်ရှေ့မှာရှိနေတဲ့ ကောင်လေးကိုပါ။ သူဟာတစ်ကမ္ဘာလုံး က အာရုံစိုက်ခြင်းခံနေရတဲ့သူပါ။ ဒီပွဲမှာ လွဲလို့မဖြစ်ဘူးဆိုတာကိုပဲ ကျွန်တော်အာရုံစိုက်ပါတယ်' ဟု ပြောကြားခဲ့သည်။

အမေရိကန်လက်ဝှေ့ကျော် မေဝဲသားသည် ၄၇ ပွဲ အနိုင်ရရှိခဲ့သည့်အနက် ၂၆ ပွဲမှာ အလဲထိုးနိုင်ပွဲဖြစ်သည်။ ဖိလစ်ပိုင်လက်ဝှေ့ကျော် ပက်ကွီအိုသည် ၅၇ ပွဲနိုင်ပွဲရှိခဲ့ပြီး နှစ်ပွဲရှုံး၊ နှစ်ပွဲသရေရလဒ် များကို ပိုင်ဆိုင်ထားသူဖြစ်သည်။

# လေးနှစ်ခွဲကျော်အတွင်း အမေရိကန်ဂေါက်သီးကစားသမား ဂျင်မ်ဖြူရက်ခ် ပထမဆုံးပီဂျီအေဆုဖလားဆွတ်ခူး



အမေရိကန်ဝါရင့်ဂေါက်သီးရိုက်ကစားသမားဂျင်မ်ဖြူရက်ခ်သည် RBC Heritage ပြိုင်ပွဲတွင် ပလေးအော့ဖ်ကစားပြီး အနိုင်ရဗိုလ်စွဲသွားခဲ့သည်။ နောက်ဆုံးနေ့ပွဲစဉ်အပြီးတွင် ဂျင်မ်ဖြူရက်ခ်နှင့် တစ်နိုင်ငံတည်းသား ကီဗင်ကစ္စနာတို့နှစ်ဦးမှာ လျှော့ရိုက်ချက် ၁၈ ချက်စီတူညီနေသဖြင့် ပလေးအော့ဖ် ကစားခဲ့ရသည်။

ဂျင်မ်ဖြူရက်ခ်သည် တတိယနေ့ပွဲစဉ်အပြီးတွင် ထိပ်ဆုံးမှ ဦးဆောင်နေသည့် ထရွိုင်းမာရစ်၏ နောက်မှ လေးချက်အကွာဖြင့် လိုက်နေရသော်လည်း နောက်ဆုံးနေ့တွင် ရှစ်ချက်လျှော့ (၆၃ ချက်)ရိုက်နိုင်ခဲ့သဖြင့်ထိပ်ဆုံးသို့ ရောက်လာခြင်းဖြစ်သည်။

ဖြူရက်ခ်သည် နောက်ဆုံးနေ့တွင် ဘာဒီ၉ကြိမ်ရခဲ့ပြီး ဒုတိယမြောက်ကျင်းပိုတွင်လည်း ၁၂ ပေအကွာမှ ဘာဒီရိုက်ချက်ဖြင့် ဗိုလ်စွဲခဲ့ခြင်းဖြစ်သည်။ အသက် ၄၄နှစ်ရှိ ဂျင်မ်ဖြူရက်ခ်သည် ၂၀၁၀ ပြည့်နှစ် စက်တင်ဘာလနောက်ပိုင်း လေးနှစ်ခွဲကျော်အကြာ အောင်မြင်မှု ဝေးကွာနေခြင်းကို အဆုံးသတ်နိုင်ခဲ့သည်။

၂၀၀၃ ယူအက်စ်အိုးပင်းချန်ပီယံလည်းဖြစ်သူ ဂျင်မ်ဖြူရက်ခ်အတွက် ပီဂျီအေပြိုင်ပွဲများ၌ ၁၇ကြိမ်မြောက် ဗိုလ် စွဲခဲ့ခြင်းဖြစ်သည်။ ဥရောပတိုးပြိုင်ပွဲတစ်ခုဖြစ်သည့် ရှန်ဇန်းအိုးပင်းတွင်လည်း ထိုင်းမှအက်ဘ်ဟီဘာနက်က ကျင်းပိုကစားပြီး ဗိုလ်စွဲခဲ့သည်။




# ကောင်းမွန်ပြည့်စုံမှုမရှိတဲ့ ယှဉ်ပြိုင်မှုဈေးကွက် (Imperfect Competition)

| ဒေါက်တာစပယ်ကြည်မောင် (ယှဉ်ပြိုင်မှု) |

**မိုနိုပိုလစ်စတစ် ဈေးကွက်ထဲမှာရှိနေတဲ့ စီးပွားရေးလုပ်ငန်းတွေဟာဆိုရင် ၎င်းတို့၏ကုန်ပစ္စည်းများကို စားသုံးသူတွေသိအောင်၊ ဝယ်ယူမယ့်သူတွေ သိအောင်၊ ဝယ်ယူအသုံးပြုချင်စိတ်တွေ ပိုမိုဖြစ်ပေါ်လာအောင် ကြော်ငြာများကို မကြာခဏဆိုသလို အသုံးပြု၍ ဆွဲဆောင်မှုတွေကို ပြုလုပ်ကြပါတယ်။**

ပြီးခဲ့တဲ့တစ်ပတ်က တင်ပြဆွေးနွေးခဲ့တဲ့ "စစ်မှန်ကောင်းမွန်တဲ့ ယှဉ်ပြိုင်မှုဈေးကွက်" စစ်မှန်ကောင်းမွန်တဲ့ ယှဉ် ပြိုင်မှုဈေးကွက် (Perfect Competition) အကြောင်းကို ဆွေးနွေးခဲ့ပါတယ်။ အခု တစ်ပတ်မှာတော့ တရားမျှတမှုမရှိတဲ့၊ ကောင်းမွန်ပြည့်စုံမှုမရှိတဲ့ ဈေးကွက်ဆိုတာ ဘာတွေလဲဆိုတာကို ထပ်ပြီးဆွေးနွေးကြည့် ကြရအောင်ပါ။

ကောင်းမွန်ပြည့်စုံမှုမရှိတဲ့ ယှဉ်ပြိုင်မှုဆိုင်ရာဈေးကွက် (Imperfect Competition) ဆိုတာ -

- ယှဉ်ပြိုင်မှုတွေရှိနေတဲ့ ဈေးကွက်အတွင်းမှာ ရောင်းချသူတွေ အများအပြားရှိနေမယ်။
- ဒါပေမဲ့ သူတို့ရောင်းချတဲ့ ပစ္စည်းတွေက အမျိုးအစားတူ ပစ္စည်းမျိုးတွေ၊ တစ်ထပ်တည်းကျလောက်အောင် တူညီနေတဲ့ ပစ္စည်းမျိုးတွေ မဟုတ်ကြပါဘူး။ တစ်ခုနဲ့တစ်ခုက အများကြီး မဟုတ်တောင် အနည်းငယ်တော့ ကွာခြားနေမယ်။
- ဒီလိုကွာခြားနေတဲ့အတွက်ကြောင့် သူတို့ရဲ့ ပစ္စည်းဈေးနှုန်းတွေကို သူတို့ကြိုက်သလို သတ်မှတ်နိုင်ပြီး အမြတ်ငွေတွေကို လိုသလို တင်ရောင်းနိုင်မယ်။

ဒီလိုဖြစ်နေတဲ့ဈေးကွက်ကို ယှဉ်ပြိုင်မှု အပြည့်အဝရှိနေတဲ့ ဈေးကွက်လို့ ခေါ်ဆိုလို့ မရနိုင်ပါဘူး။

သိမှတ်သလောက် အနည်းငယ်ဆွေးနွေးရမည်ဆိုလျှင် ကောင်းမွန်ပြည့်စုံမှုမရှိတဲ့ ယှဉ်ပြိုင်မှုဆိုင်ရာ ဈေးကွက် (Imperfect Competition) အမျိုးအစား လေးမျိုးရှိပါတယ်-

(၁) အတားအဆီးအနည်းငယ်ရှိနေသေးတဲ့ဈေးကွက် (Monopolistic Competition)

(၂) ထုတ်လုပ် ရောင်းချသူအနည်းငယ်က ပူးပေါင်း၍ လုပ်ငန်းစုတစ်ခုအနေဖြင့် လက်ဝါးကြီး အုပ်ထိန်းချုပ်ထားသော ဈေးကွက် (Oligopoly)

(၃) ရောင်းချသူတစ်ဦးတည်းက လက်ဝါးကြီးအုပ်ချုပ်ကိုင်ထားသောဈေးကွက် (Monopoly)

(၄) ဝယ်သူတစ်ဦးတည်းရှိတဲ့ ဈေးကွက် (Monopsony) တို့ပဲ ဖြစ်ပါတယ်။

ပထမအမျိုးအစားကတော့ စစ်မှန်ကောင်းမွန်တဲ့ ယှဉ်ပြိုင်မှုဈေးကွက်ပုံစံ (Perfect Competition) နဲ့ အလွန်ဆင်တူတဲ့ အတားအဆီးအနည်းငယ်ရှိနေသေးသည့် ဈေးကွက် (Monopolistic Competition - မိုနိုပိုလစ်စတစ်ဈေးကွက်) ပဲ ဖြစ်ပါတယ်။ ဒီပုံစံနှစ်ခုကဈေးကွက်အတွင်း ဖြစ်ပေါ်နေသည့် အခြေအနေများ အတော်အတန် ဆင်တူတဲ့အတွက် သတိထားဆုံးဖြတ်မှသာ မှန်ကန်တိကျသောအဖြေကို ရရှိပါမယ်။

မိုနိုပိုလစ်စတစ် (Monopolistic competition) ဈေးကွက်တစ်ခု ဖြစ်/မဖြစ်ကို သိရှိနိုင်ဖို့ဆိုရင်တော့ -

(၁) ဈေးကွက်တစ်ခုအတွင်းမှာ ကုန်ပစ္စည်းများကို ထုတ်လုပ်၊ ရောင်းချသူတွေ အမြောက်အများ ရှိနေရုံမျှမက ဝယ်ယူစားသုံးသူများရဲ့ အရေအတွက်သည်လည်း အများအပြား ရှိနေမယ်။

(၂) ထိုဈေးကွက်အတွင်းသို့လည်း လုပ်ငန်းအသစ် ဝင်ရောက်မှုတွေ၊ ဈေးကွက်ထဲကနေ ပြန်လည်ထွက်ခွာမှုတွေလည်း အတော်အသင့် လွယ်ကူစွာ ပြုလုပ်နိုင်မယ်။

ဒီအချက် နှစ်ချက်ကတော့ စစ်မှန်ကောင်းမွန်တဲ့ ယှဉ်ပြိုင်မှုဈေးကွက်ပုံစံနဲ့တူပါတယ်။ ဒါပေမယ့်ယခု ဆက်လက်ဖော်ပြမယ့် အချက်နှစ်ချက်က မတူတော့ပါဘူး။

(၃) ဈေးကွက်တစ်ခုအတွင်းမှာ ကုန်ပစ္စည်းများကို ထုတ်လုပ်၊ ရောင်းချသူတွေ အမြောက်အများရှိသော်လည်း ၎င်းတို့ရဲ့ ကုန်ပစ္စည်းတွေက တစ်ခုနဲ့တစ်ခု အလားတူကုန်ပစ္စည်းတွေလို လုံးဝတူညီတာမျိုးမဟုတ်ဘဲ ခွဲခြားလို့ရနိုင်တဲ့အတွက် စားသုံးသူတွေဟာဆိုရင် ကုန်ပစ္စည်းတွေကို ဝယ်ယူတဲ့အခါမှာ အပြည့်အဝ အစားထိုးနိုင်တဲ့ ကုန်ပစ္စည်းတွေ ရရှိနိုင်မှုနည်းလာမယ် ဒါမှမဟုတ် မရနိုင်တော့ဘူး။ (စစ်မှန်ကောင်းမွန်တဲ့ ယှဉ်ပြိုင်မှုဈေးကွက်ထဲမှာဆိုရင်တော့ ကုန်ပစ္စည်းတွေဟာ လုံးဝထပ်တူကျတဲ့အထိကို တူနေတဲ့ ပစ္စည်းမျိုးတွေကို ရရှိနိုင်ပါတယ်။ ဒီအချက်ကတော့ မတူပါဘူး။)

(၄) နောက်တစ်ချက်ကတော့ ဒီလိုမိုနိုပိုလစ်စတစ် ဈေးကွက်ထဲမှာရှိနေတဲ့ စီးပွားရေး လုပ်ငန်းတွေဟာဆိုရင် ၎င်းတို့၏ကုန်ပစ္စည်းများကို စားသုံးသူတွေသိအောင်၊ ဝယ်ယူမယ့်သူတွေ သိအောင်၊ ဝယ်ယူအသုံးပြုချင်စိတ်တွေ ပိုမိုဖြစ်ပေါ်လာအောင် ကြော်ငြာများကို မကြာခဏဆိုသလို အသုံးပြု၍ ဆွဲဆောင်မှုတွေကို ပြုလုပ်ကြပါတယ်။

နောက်ဆုံးအချက် နှစ်ချက်ရဲ့ ရလဒ်ကတော့ ဈေးနှုန်းတွေဟာ တစ်ခုနဲ့ တစ်ခု အများကြီးကွာခြားသွား တာမျိုး မဟုတ်ဘဲ အနည်းငယ်လောက်သာ ခြားနားမှာဖြစ်ပါတယ်။ (ဥပမာအားဖြင့် ရောင်းချသူ- 'at' က သူ့ကုန် ပစ္စည်းတွေကို ၁၀၀ ကျပ်နဲ့ ရောင်းချနေတဲ့အချိန်မှာ 'bD' က ၉၅ ကျပ်နဲ့ ရောင်းချနေတာမျိုး ဖြစ်ပါတယ်။)

အထက်ဖော်ပြပါအချက်များအရ အရင်တစ်ပတ်က ဖော်ပြဆွေးနွေးခဲ့တဲ့ စစ်မှန်ကောင်းမွန်သော ယှဉ်ပြိုင်မှု ဈေးကွက်နဲ့အတားအဆီးအနည်းငယ်ရှိနေသေးသည့် ဈေးကွက် (မိုနိုပိုလစ် စတစ်ဈေးကွက်) တို့ တူညီသည်ဟု ထင်ရသော်လည်း အနည်းငယ် ကွဲလွဲချက်များတာကြောင့် စစ်မှန်ကောင်းမွန်တဲ့ ဈေးကွက်လား၊ မိုနိုပိုလစ်စတစ်ဈေးကွက်လားဆိုသည်ကို ခွဲခြားနိုင်ရန် ခက်ခဲတတ်ပါတယ်။ အသေးစိတ်စောင့်ကြည့်လေ့လာသုံးသပ်ပြီးမှသာ မှန်ကန်စွာ ဆုံးဖြတ်နိုင်ပါမယ်။ ဒုတိယအမျိုးအစားကတော့ ထုတ်လုပ်၊ ရောင်းချသူအနည်းငယ်တို့ ပူးပေါင်းပြီးလုပ်ငန်း စုတစ်ခုအနေဖြင့် လက်ဝါးကြီးအုပ် ထိန်းချုပ်ထားသော ဈေးကွက် (Oligopoly) ပဲဖြစ်ပါတယ်။ ထိုဈေးကွက်ကို အိုလီဂိုပိုလီဈေးကွက် ဟုလည်း ခေါ်ဆိုနိုင်ပါတယ်။

ဒီလိုအိုလီဂိုပိုလီဈေးကွက်ဟူသော အခြေအနေဖြစ်ပေါ်နေမှုရှိ/မရှိဆိုတာကို ဘယ်လို သိရှိနိုင်မလဲဆို ရင်တော့-

(၁) ဈေးကွက်ထဲမှာ ကုန်ပစ္စည်းထုတ်လုပ်၊ ရောင်းချသူတွေ အနည်းငယ်ပဲရှိမယ်။

(၂) ဒါမှမဟုတ် ထုတ်လုပ်ရောင်းချသူတွေ အားလုံး သို့မဟုတ် အများစုက ပူးပေါင်းပြီး အစုအဖွဲ့ တစ်ခုအနေဖြင့် ဈေးကွက်ကို ထိန်းချုပ်ထားခြင်းမျိုးလည်းဖြစ်မယ်။ စီးပွားရေးလုပ်ငန်း အများအပြား ပါဝင်တဲ့ အစုအဝေးကြီးကနေလည်း စီးပွားရေးလုပ်ငန်းတစ်ခုကို တည်ထောင် လုပ်ကိုင်တာမျိုးလည်း ဖြစ်နိုင်ပါတယ်။ (ဒီလိုပူးပေါင်းထားတဲ့အစုအဖွဲ့မှထုတ်လုပ်လိုက်တဲ့ ကုန်ပစ္စည်းကလည်း အခြားကုန်ပစ္စည်းများနဲ့မတူဘဲ လုံးဝခြားနားမှုကို ဖြစ်ပေါ်စေတယ်ဆိုတဲ့ ခံစားချက်တွေကို ဖြစ်ပေါ်နေအောင်လည်း ဖန်တီးထားမယ်။)

(၃) ၎င်းတို့ ရောက်ရှိနေပြီးသား ဈေးကွက်အတွင်းသို့လည်း အခြားလုပ်ငန်းတူများ ဝင်ရောက် လုပ်ကိုင်နိုင်မှုမရှိအောင် အတားအဆီးများကို ဖြစ်ပေါ်အောင် ပြုလုပ်နေမယ်။

(၄) ဒီလိုအခြားသူများ ဝင်ရောက်မလာနိုင်သည့်အတွက် ၎င်းတို့ကုန်ပစ္စည်းများရဲ့ ဈေးနှုန်းကလည်း ပြိုင်ဘက်မရှိဖြစ်နေပြီး ကုန်ပစ္စည်းဈေးနှုန်းတွေလည်း ရောင်းလိုအား၊ ဝယ်လိုအား အတက်အကျများပေါ် မူတည်ခြင်းမရှိတော့ဘဲ ထုတ်လုပ်ရောင်းချသူများ စိတ်ကြိုက် သတ်မှတ်နိုင်နေမယ်။

ဒီလိုအခြေအနေတွေ ဖြစ်ပေါ်နေပြီဆိုရင်တော့ ထိုဈေးကွက်ထဲမှာ လုပ်ငန်းတွေ အချင်းချင်း ပဋိပက္ခတွေ ဖြစ်ပေါ်ပါတော့မယ်။ လုပ်ငန်းအချို့ ပူးပေါင်းပြီး လုပ်ငန်းစုတစ်ခုအနေနဲ့ ကုန်ပစ္စည်းတွေရဲ့ ဈေးနှုန်းတွေကို မိမိတို့စိတ်ကြိုက် သတ်မှတ်နိုင်စေရန်အတွက် အခြားလုပ်ငန်းများ ဈေးကွက်ထဲမှ ထွက်ခွာသွားစေအောင် ပြုလုပ်လာကြပါတော့မယ်။ ဒီအချိန်မျိုးမှာ ဈေးကွက်အတွင်း ဈေးနှုန်းပြိုင်ဆိုင်မှုများ မဖြစ်ပေါ်တော့ဘဲ မိမိတို့အလိုရှိသည့် အမြတ်ကို မြှင့်တင်ပြီး ရောင်းချကာ ဈေးကွက်ကို မိမိတို့လိုသလို ချုပ်ကိုင်ဆောင်ရွက်လာပေလိမ့်မယ်။ ထိုအခြေအနေများ ဖြစ်ပေါ်ခဲ့ပါက နိုင်ငံရဲ့အကျိုးစီးပွား၊ ပြည်သူများနဲ့ စားသုံးသူများအပေါ်တွင် ဆိုးရွားသည့် အကျိုးရလဒ်များကို ဆက်လက်ဖြစ်ပေါ်လာနိုင်ပါတယ်။

အိုလီဂိုပိုလီဈေးကွက် ပုံစံထဲတွင် နောက်ထပ်ထူးခြားတဲ့ အမျိုးအစား တစ်မျိုးရှိပါသေးတယ်။ အဲဒါက ဂျူအိုပိုလီဈေးကွက် (Duopoly) ဖြစ်ပါတယ်။

➡ဆက်လက်ဖော်ပြပါမည်

# Trade Facilitation & Trade Promotion

## ဧရာဝတီတိုင်းဒေသကြီးအစိုးရဝန်ကြီးချုပ်နဲ့အဖွဲ့ ဂျပန်နိုင်ငံသို့ လေ့လာရေးခရီးသွားရောက်

ဧရာဝတီတိုင်းဒေသကြီးနဲ့ ဂျပန်နိုင်ငံအစိုးရအဖွဲ့တို့ပူးပေါင်းပြီး တိုင်းအတွင်း ဒေသဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများ၊ စီးပွားရေးလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်နိုင်ရေးအတွက် ဂျပန်နိုင်ငံအစိုးရ စီးပွားရေး၊ ကုန်သွယ်ရေးနဲ့ စက်မှုဝန်ကြီးဌာနဝန်ကြီး Mr.Yoichi Miyazawa ရဲ့ ဖိတ်ကြားချက်အရ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးသိန်းအောင်၊ စီမံကိန်းနှင့်စီးပွားရေးဝန်ကြီး ဦးလှခိုင်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးရန်ဝင်း၊ ဒေါက်တာလှမင်း၊ ကုန်သွယ်မှု မြှင့်တင်ရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးစိုးအောင်နဲ့ စီးပွားရေးလုပ်ငန်းရှင်များဖြစ်တဲ့ ဆန်စက်နဲ့ ဆန်စပါးလုပ်ငန်းရှင်၊ ဆောက်လုပ်ရေးလုပ်ငန်းရှင်၊ ရာဘာလုပ်ငန်းရှင်၊ စက်မှုလက်မှုလုပ်ငန်းရှင်၊ ARCCI အသင်း၊ ငါးပုစွန်ကဏန်း လုပ်ငန်းရှင်၊ မွေးမြူရေးလုပ်ငန်းရှင်၊ စားသောက်ကုန်လုပ်ငန်းရှင်၊ အများပိုင်ကုမ္ပဏီ၊ ကုန်စည်ပို့ဆောင်ရေးနှင့် ဝန်ဆောင်မှုအသင်းတို့မှ စုစုပေါင်း ၄၅ ဦးဟာ ဧပြီလ ၁၉ ရက်နေ့မှာ ဂျပန်နိုင်ငံသို့ ထွက်ခွာသွားကြောင်း သိရပါတယ်။

ဂျပန်နိုင်ငံမှာ ရန်ကုန်-ပုသိမ် အဝေးပြေးကားလမ်း အဆင့်မြှင့်တင်ရေးကိစ္စ၊ စိုက်ပျိုးရေးကဏ္ဍများ၊ မွေးမြူရေးကဏ္ဍများ၊ ကျောက်မီးသွေးသုံး လျှပ်စစ်ဓါတ်အားပေးစက်ရုံတည်ဆောက်ရေး၊ ပညာရေးကျန်းမာရေးနှင့် အခြားကဏ္ဍများကို ဧရာဝတီတိုင်းဒေသကြီးအတွင်း ဂျပန်နိုင်ငံနှင့်ချစ်ကြည်ရင်းနှီးစွာ စီးပွားရေးလုပ်ငန်းများ လာရောက်ရင်းနှီးမြှုပ်နှံနိုင်မည့် ကိစ္စရပ်များအပြင် ပုသိမ်နဲ့ဂျပန်နိုင်ငံ ယိုကိုဟားမား၊ ပုသိမ်နဲ့ ရှိုဇူအိုကာတို့အား ညီအစ်မမြို့တော်ဖွဲ့စည်းရေး ကိစ္စရပ်များကိုလည်း ဆွေးနွေးသွားမှာဖြစ်ကြောင်း သိရပါတယ်။

**မင်းမင်းဦး-ပုသိမ်**

## မကွေးဈေးကွက်တွင် ကျောက်စိမ်းစဉ့်ထည်ပန်းအိုးများ ရောင်းအားသွက်လာ

မကွေးမြသလွန်ပွဲတော်သို့ ရွှေဘိုကျောက်မြောင်းဒေသမှစဉ့်ထည်ပစ္စည်းများ၊ ကျောက်စိမ်းပန်းအိုးအရွယ်စုံ၊ ကျောက်စိမ်းစဉ့်အိုးများ၊ အနက်နှင့် အညိုရောင်စဉ့်အိုးများ၊ အင်တုံအမျိုးမျိုးကို နှစ်စဉ်လာရောက် ရောင်းချကြပြီး ပွဲတော်အပြီးတွင် လက်ကျန်ပစ္စည်းများကို ပြန်မသယ်ကြတော့ဘဲ မကွေးဒေသ ခံဖောက်သည်များထံ ပစ္စည်းများကို သင့်တင့်မျှတသောပေါက်ဈေးဖြင့်ရောင်း ချခဲ့သောကြောင့် မကွေးဈေးကွက်တွင် ကျောက်မြောင်းဒေသထွက်စဉ့်ထည်အမျိုးမျိုးကို ဈေးနှုန်းချိုသာစွာဖြင့် ဝယ်ယူနိုင်ပြီဖြစ်ကြောင်း မကွေးဒေသခံ စဉ့်ထည် ကိုယ်စားလှယ်တစ်ဦးထံမှ သိရသည်။

"မကွေးပွဲတော်အပြီးမှာ လက်ကျန်ပစ္စည်းတွေကို သူတို့ပြန် မသယ်ကြတော့ဘူး၊ မကွေးမှာပဲယခင် ဖောက်သည်တွေထံ ပစ္စည်းလက်ကျန်ကို နှစ်ဦးနှစ်ဖက်ဈေးညှိပြီး အရောင်းအဝယ်လုပ်ကြတာ။ သယ်ယူစရိတ်က ကြီးတယ်။ ရောင်းအားအကောင်းဆုံးက ကျောက်စိမ်းပန်းအိုးတွေပေ့ါ။ ဌာနဆိုင်ရာတွေ စက်ရုံ၊ အလုပ်ရုံတွေ ပုဂ္ဂလိကလုပ်ငန်းရှင်တွေ လာကြပါတယ်။ကျောက်စိမ်းပန်းအိုးအမြင့်က ကျပ် ၁၉၀၀၀- ၁၈၀၀၀- ၁၇၀၀၀၊ ကျောက်စိမ်း ပန်းအိုး အပုက ကျပ် ၇၅၀၀- ၈၅၀၀- ၉၀၀၀-၁၂၀၀၀ ရှိတယ်။ ပုံစံတူ အရွယ်တူပေမယ့်ပန်းအိုးဘေးပတ်လည်မှာ သရုပ်ဖော်ထားတဲ့ အနုပညာမြောက်မှုအပေါ် မှာမူတည်ပြီး ဈေးကွာသွားတာပါ။ အမြင့် ၅ပေရှိတဲ့ ကျောက်စိမ်း စဉ့်အိုးကတော့ ကျပ် ၂၂၀၀၀ ရှိတယ်။အဲဒီကျောက်စိမ်းစဉ့်အိုးထဲမှာ တချို့က ဝါးပင်စိမ်းစိမ်းလေးတွေ စိုက်ကြတယ်။ တချို့ကတော့ တန်ဖိုးကြီးတဲ့ပန်း အလှပင်တွေ စိုက်ပြီး ဧည့်ခန်းဆောင်ထဲမှာ ဂုဏ်ယူဝင့်ကြွားစွာ ထားကြတယ်။ အများဆုံးဝယ်ယူတဲ့ ဒေသတွေကတော့ မလွန်စက်ရုံ၊ သံပုရာကန်စက်ရုံ၊ မကွေးမော်တော်ကားစက်ရုံတွေဌာနဆိုင်ရာတွေ ဟိုတယ်၊ မိုတယ်တွေက ဝယ်ကြတယ်။ ကျွန်တော်တို့ကလည်း ရောင်းအသွက်ဆုံးပစ္စည်းတွေဆိုရင် မော်တော်တစ်စီးစာရအောင် ကျောက်မြောင်းကို လှမ်းမှာရတယ်။ ကျောက်မြောင်းမှာ စဉ့်ဖိုတွေရှိတယ်၊ အဲဒီကစုပြီးပို့ပေးတယ်၊ နောက်ပြီး အနက်ရောင်အညိုရောင်စဉ့်အိုးကြီးတွေဆိုရင် ၁၅၀ ပိဿာဝင်အထိရှိတယ်။ သူက ကျပ် ၂၀၀၀၀ ရှိတယ်။ အဲဒီအိုးကြီးတွေနဲ့ သရက်ချဉ်တို့ မျှစ်ချဉ်တို့ သိပ်ပြီး လှောင်ထားကြတာ၊ ရာဝင်အိုးကြီးတွေလို့ ခေါ်တယ်။ နောက် ၅၀ ပိဿာ ဝင်အိုးက ကျပ် ၁၂၀၀၀ စဉ့်အင်တုံအသေးက ကျပ် ၆၀၀၀ စဉ့်အင်တုံအကြီး ကျပ် ၁၀၀၀၀ ရှိပါတယ်။ ဝယ်လက်နဲ့ တွေ့တွေ့ဆိုင်ဆိုင်တွေ့တဲ့အခါ ဈေးကအလျှော့ အတင်းရှိပါတယ်" ၎င်းက ဆက်ပြောသည်။

ယခုအခါ မကွေးမြို့ဘုရား လမ်းပွဲတော်ကွင်းအနီးတွင် ရွှေဘို ကျောက်မြောင်းဒေသထွက်ကျောက်စိမ်း ပန်းအိုးစဉ့်ထည်ပစ္စည်းများကို သက်သာသော ဈေးနှုန်းဖြင့် ရောင်းချလျက်ရှိကြောင်း သိရသည်။

**နေလင်းသူရိန်(မကွေး)**

## ကသာမြို့နယ်တွင် ကြံစိုက်ပျိုးထုတ်လုပ်သူများအသင်း (ရွှေလီဇုန်) ကိုထပ်မံဖွဲ့စည်း

ကြံစိုက်ပျိုးထုတ်လုပ်သူများအသင်း (ကသာဇုန်) ကို ၂၀၁၂ ခုနှစ် ဒီဇင်ဘာလတွင် ဖွဲ့စည်းခဲ့ပြီးနောက် ၎င်းအသင်းကြီးရဲ့ လုပ်ငန်းအောင်မြင်မှုများကြောင့် ကျန်ဒေသရှိ ကြံစိုက်တောင်သူများမှလည်း "အသင်းထပ်မံဖွဲ့စည်းလိုပါသည်" ဟု တင်ပြလာသဖြင့် ခရိုင်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ၏ ကြီးကြပ်မှုနဲ့ မြှင့်တင်ဦးစီးမှ ဦးဆောင်ကာ (ရွှေလီဇုန်) အသင်းဖွဲ့စည်းနိုင်ရေးအတွက် ဧပြီ ၉ ရက်တွင် ပျဉ်လေးပင်ကျေးရွာ၊ ဘုန်းကြီးကျောင်းဓမ္မာရုံမှာ ကျင်းပပြုလုပ်ခဲ့ပါတယ်။

အခမ်းအနားသို့ စီ/ခန့်၊ မြှင့်တင်ဦးစီး၊ စက်မှုသီးနှံ၊ ပြန်ဆက်စသည့် ဌာနဆိုင်ရာဝန်ထမ်းများနဲ့ ကြံစိုက်တောင်သူများ တက်ရောက်ရာ ခရိုင်စီခန့် ဥက္ကဋ္ဌမှ ကျေးလက်နေ ပြည်သူများ၏ လူနေမှုဘဝမြင့်မားလာစေရေးအတွက် အသင်းအဖွဲ့များ ဖွဲ့စည်းရာတွင် ကိုယ်တိုင်ကြီးကြပ်ရန် လိုက်ပါဆောင်ရွက်လျက်ရှိကြောင်း၊ အသင်းအနေဖြင့် တစ်ဦးချင်းတာဝန်အပြည့်ယူကာ စိုက်ပျိုးရေးနှင့်ပတ်သက်သည့် နည်းပညာပိုင်း၊ မျိုးကောင်းမျိုးသန့်များပြောင်းလဲမှသာ အထွက်နှုန်းမြင့်မားလာမည်ဖြစ်ကြောင်း၊ နောင်တွင် စက်မှုကဏ္ဍပါ ဖွံ့ဖြိုးအောင် ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ လက်ရှိသစ်တောအတွင်း ကျူးကျော်နေခြင်းများကို ပယ်ဖျက်ခွင့်ရအောင် လုပ်ကိုင်လျက်ရှိပြီး နောင်တွင် ကျူးကျော်ခြင်းများ မပြုလုပ်ကြဘဲ စိုက်ခင်းများအတွင်း ကျွန်း၊ ပျဉ်းကတိုး စသည့်သစ်မာပင်များ ပြန်လည်စိုက်ပျိုးရန် လိုအပ်ကြောင်း မှာကြားပါတယ်။

မြှင့်တင်ခရိုင်ဦးစီးမှ ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးဈေးကွက်စီးပွားရေးစနစ် ဖြစ်ပေါ်လာစေရေးများအတွက် အသင်းများဖွဲ့စည်းရကြောင်း၊ (ကသာဇုန်) အသင်းကို နမူနာယူ၍ ထွန်စက်များအရစ်ကျဝယ်ယူနိုင်ရေး၊ ပွက်ရည်သယ်ယူခများ လျှော့ချစေရေးများ ဆောင်ရွက်သွားရန်နှင့် အသင်းမြေနေရာ၊ အဆောက်အဦများ ဖြစ်ပေါ်လာအောင် လုပ်ဆောင်၍ တိုင်းသိမှ နိုင်ငံတော်အထိ သိလာအောင် ဆောင်ရွက်ရမည်တို့ကိုမှာကြားပါတယ်။

စက်မှုသီးနှံဖွံ့ဖြိုးမှု ဦးစီးဌာနမှ ကြံနှင့်ပတ်သက်သည့်အကြောင်းအရာများကို ပြောကြားဆွေးနွေးပြီး အသင်းသားဦးရေ ၃၀၄ ဦးပါဝင်သည့် (ရွှေလီဇုန်) အသင်းကြီးကို အောင်မြင်စွာ ဖွဲ့စည်းနိုင်ခဲ့ကြောင်း သိရပါတယ်။

**စွမ်းရည် - ကသာ**

## ပြည်နယ်နှင့် တိုင်းဒေသကြီး အသီးသီးရှိ Trade Promotion and Information Service(TPIS) များ၏ Contact Points များ

| | | |
|---|---|---|
| (၁) | ရန်ကုန်တိုင်းဒေသကြီး | ၂၂၈/၂၄၀၊ ဒုတိယထပ်၊ ကမ်းနားလမ်းနှင့်ရွှေဘုံသာလမ်းထောင့်၊ ရန်ကုန်မြို့။ Fax:01-254023, Ph:01-250270,254019 email: ygnmapt@gmail.com |
| (၂) | ပဲခူးတိုင်းဒေသကြီး(အနောက်) | ရတနာမာန်အောင်ဘုန်းကြီးကျောင်းအနီး၊ ပြည်မြို့။ Fax : 053-28220, Ph : 053-28032,28020 |
| (၃) | ပဲခူးတိုင်းဒေသကြီး(အရှေ့) | အောင်မြေသာရပ်ကွက်၊ ပိုလန်ဝင်း၊ ပဲခူးမြို့။ Ph : 052-2221844, 2221108, 2221036 |
| (၄) | ဧရာဝတီတိုင်းဒေသကြီး | ပုသိမ်မြို့။ Fax : 042-21811, Ph: 042-24520,24522 email: yiyinaingwin@gmail.com |
| (၅) | မန္တလေးတိုင်းဒေသကြီး | မန္တလေးမြို့။ Fax : 02-36340, Ph: 02-36342,36339 email: mdymapt@gmail.com |
| (၆) | ရခိုင်ပြည်နယ် | စစ်တွေမြို့။ Fax:043-23426,Ph:043-23426 |
| (၇) | မကွေးတိုင်းဒေသကြီး | အစိုးရရပ်ကွက်၊အနော်ရထာလမ်း၊မကွေးမြို့။ Fax : 063-23199, Ph : 063-23196,23197 |
| (၈) | ရှမ်းပြည်နယ်(တောင်ပိုင်း) | အရှေ့မြို့ပတ်လမ်း၊ ရေအေးကွင်းရပ်ကွက်၊ အမှတ်(၅)ဈေးမြောက်ဘက်၊ တောင်ကြီးမြို့။ Fax:081-2121093,Ph:081-2121627 email:m.myintmaungmaung@gmail.com |
| (၉) | ရှမ်းပြည်နယ်(အရှေ့ပိုင်း) | ရပ်ကွက်(၁)၊ နောင်ရေး၊ ကျိုင်းတုံမြို့။ Fax:084-21034,Ph:084-21034 |
| (၁၀) | ရှမ်းပြည်နယ်(မြောက်ပိုင်း) | အမှတ်(၉)၊ လေယာဉ်ကွင်းလမ်း၊ ထပရတပ်ရင်း(၆၂၆)နှင့် မျက်နှာချင်းဆိုင်၊ လားရှိုးမြို့။ Fax:082-23493,Ph:082-23039 |
| (၁၁) | ကရင်ပြည်နယ် | ဘားအံမြို့။ Fax:058-21666,Ph:058-21041 |
| (၁၂) | တနင်္သာရီတိုင်းဒေသကြီး | ကမ်းနားလမ်း၊ ဆိပ်ငယ်ရပ်ကွက်၊ မြိတ်မြို့။ Fax:059-41012,Ph:059-41012 |
| (၁၃) | ကချင်ပြည်နယ် | အမှတ်(၁၉၉)၊ မြို့သစ်ရပ်ကွက်၊ မြစ်ကြီးနားမြို့။ Fax:074-22459,Ph:074-22459 |
| (၁၄) | ကယားပြည်နယ် | (၈/၉)လမ်းကြား၊ ကန္တာရဝတီလမ်းနှင့် သီရိဒေါလမ်းကြား၊ နောင်ယား(က)ရပ်ကွက်၊ လွိုင်ကော်မြို့။ Fax:083-21005,Ph:083-21005 |
| (၁၅) | မွန်ပြည်နယ် | အမှတ်(၄)ကမ်းနားလမ်း၊ ရွှေတောင်ရပ်၊ ဘုရင့်ရုံရှေ့၊ မော်လမြိုင်မြို့။ Fax:057-24728, Ph:057-24318 |
| (၁၆) | စစ်ကိုင်းတိုင်းဒေသကြီး | သာစည်လမ်း၊ ဒေါနခြံရပ်၊ မီးရထားသံလမ်းနှင့် ဗိုလ်ချုပ်ကြေးရုပ်ကြား၊ မုံရွာမြို့။ Fax : 071-23630, Ph:071-23630,22924 |

Organizations News
Vol: 15, No.15 Monday April 27 2015

## တရုတ်ဦးဆောင်တဲ့ ဒေသတွင်းငွေချေးဘဏ် စတင်ဖွဲ့စည်းရာမှာ ၅၇ နိုင်ငံပါဝင်

တရုတ်နိုင်ငံကဦးဆောင်တဲ့ အာရှ အခြေခံအဆောက်အအုံ ရင်းနှီးမြှုပ်နှံမှုဘဏ် (Asian Infrastructure Investment Bank-AIIB) ကိုစတင်တည်ထောင်သူအဖြစ် ပါဝင်တဲ့ နိုင်ငံ ၅၇နိုင်ငံရှိကြောင်း ဧပြီ ၁၅ ရက်က တရုတ်နိုင်ငံရဲ့ ပြောကြားချက်ကို ကိုးကားပြီး တောင်ကိုရီးယား နိုင်ငံ ယွန်းဟပ်သတင်းမှာဖော်ပြပါ တယ်။

AIIB ကိုစတင်တည်ထောင်တဲ့ နိုင်ငံတွေထဲမှာ တောင်ကိုရီးယားနိုင်ငံကလည်း အဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံအဖြစ် ပါဝင်ပါတယ်။ AIIB စီမံ အုပ်ချုပ်ရေးအတွက် စည်းမျဉ်း ဥပဒေတွေကို ဇွန်လကုန်မှာ စတင်ရေးဆွဲပြီး ဘဏ်ရဲ့ လုပ်ငန်း တွေကို ယခုနှစ်အကုန်မှာ စတင်ဆောင်ရွက်နိုင်လိမ့်မယ်လို့ ခန့်မှန်းထားပါတယ်။ ဧပြီ ၁၅ ရက်နေ့မှာ နောက်ဆုံးအဖွဲ့ဝင်နိုင်ငံတွေအဖြစ် အဇာဘိုင်ဂျန်၊ အစ္စရေး၊ အိုက်စလန်၊ ဆွီဒင်၊ တောင်အာဖရိက၊ ပေါ်တူဂီနဲ့ ပိုလန်နိုင်ငံတို့ ဝင်ရောက်ခဲ့ကြကြောင်း တရုတ်ဘဏ္ဍာရေးဝန်ကြီးဌာနရဲ့ ထုတ်ပြန်ချက်မှာ ဖော်ပြထားပါတယ်။

AIIB ရဲ့ရည်ရွယ်ချက်က အာရှ ဒေသရှိ အခြေခံအဆောက်အအုံစီမံကိန်းတွေကိုငွေကြေးထောက်ပံ့ဖို့ ဖြစ်ပါတယ်။ အမေရိကန်ဦးဆောင်ပြီး နိုင်ငံစုံပါဝင်တဲ့ အာရှဖွံ့ဖြိုးရေးဘဏ် (အေဒီဘီ)အပါ အဝင်ငွေချေးဘဏ်တွေကို တန်ပြန်ထိန်းညှိဖို့ အလားအလာရှိကြောင်း အများစုကလက်ခံထားကြပါတယ်။ AIIB ဘဏ်ရဲ့ စီမံအုပ်ချုပ်မှုနဲ့ ဆုံးဖြတ်ချက်တွေချမှတ်ဆောင်ရွက်မှုလုပ်ငန်းစဉ်တွေနဲ့ပတ်သက်ပြီး စိုးရိမ်မကင်းဖြစ်မိကြောင်း အမေရိကန်ပြည်ထောင်စုက ပြောပါတယ်။

ယခုနှစ်အကုန်မှာ လုပ်ငန်းတွေ စတင်ဆောင်ရွက်မယ့် ဒီဘဏ်အတွက် တရုတ်နိုင်ငံက ဒေါ်လာ ဘီလီယံ ၅၀ ထည့်ဝင်ဖို့ ကမ်းလှမ်းထားပြီး တခြားအဖွဲ့ဝင်နိုင်ငံတွေရဲ့ ထည့်ဝင်ငွေနဲ့ ပေါင်းရင် ဒေါ်လာဘီလီယံ ၁၀၀ အထိ ရောက်ရှိလာလိမ့်မယ်လို့ ခန့်မှန်း ထားပါတယ်။

AIIB မှာ အာရှဒေသက အဖွဲ့ဝင်နိုင်ငံတွေရဲ့ မဲပေးပိုင်ခွင့်က ၇၅ ရာခိုင်နှုန်းရှိပြီး အာရှဒေသကမဟုတ်တဲ့ အဖွဲ့ဝင်နိုင်ငံတွေရဲ့ မဲပေးပိုင်ခွင့်က ၂၅ ရာခိုင်နှုန်းရှိမှာဖြစ်ကြောင်း နိုင်ငံပိုင်သတင်းစာချိုင်းနားဒေးလီးမှာ ဖော်ပြပါတယ်။

"ဘဏ်ရဲ့ ရှယ်ယာပိုင်ဆိုင်မှု အနေအထားကို ညှိနှိုင်းဆောင်ရွက်သွားမှာဖြစ်ပေမယ့် အာရှအဖွဲ့ဝင်တွေနဲ့ အာရှဒေသကမဟုတ်တဲ့ အဖွဲ့ဝင်တွေအကြားမှာ ခြားနားမှုတွေ ရှိနိုင်ပါတယ်လို့ သတင်းမှာဖော်ပြ ပါတယ်။ သတင်းရင်းမြစ်ကိုတော့ ဖော်ပြခြင်းမရှိပါဘူး။




## မတည်ငြိမ်သောဈေးကွက်များကြောင့် ဂျီ-၂၀ နိုင်ငံတို့စိုးရိမ်မှုဖြစ်

ဈေးကွက်မှာဖြစ်ပေါ်နေတဲ့ အန္တရာယ်တွေနဲ့ ငွေကြေးဖလှယ်နှုန်း မတည်ငြိမ်မှုတွေနဲ့ပတ်သက်ပြီး စိုးရိမ်မကင်းဖြစ်မိကြောင်း ကမ္ဘာ့စီးပွားရေး အင်အားကြီးနိုင်ငံများဖြစ်တဲ့ ဂျီ-၂၀ အုပ်စုဘဏ္ဍာရေးဝန်ကြီးများက ဧပြီ ၁၇ ရက်ကပြောကြားခဲ့ပေမယ့် ဂရိဘဏ္ဍာရေးယိုယွင်းမှုကိစ္စကို ပြောကြားခြင်းမရှိဘဲ ရှောင်ရှားခဲ့ကြောင်း အေအက်ဖ်ပီသတင်းမှာ ဖော်ပြပါတယ်။

ဖွံ့ဖြိုးပြီး စီးပွားရေးတွေ ခိုင်မာတောင့်တင်းမှုကို သိသိသာသာတွေ့မြင်လာရပြီး ဒီအခြေအနေက ကမ္ဘာ့စီး ပွားရေးနာလန်ထူမှုကို ခိုင်ခိုင်မာမာ ထောက်ပံ့မှုပေးလိမ့်မယ်လို့ ယုံကြည်ကြောင်း ဝါရှင်တန်မြို့မှာကျင်းပတဲ့ အိုင်အမ်အက်ဖ်နဲ့ ကမ္ဘာ့ဘဏ်တို့ရဲ့ နွေဦးရာသီပူးတွဲ အစည်းအဝေးမှာ ဂျီ-၂၀ အုပ်စုမှ ဗဟိုဘဏ်အရာရှိတွေနဲ့ ဘဏ္ဍာရေးဝန်ကြီးတွေက ပြောပါတယ်။ ဒါပေမယ့် ငွေကြေးဖလှယ်နှုန်း မတည်ငြိမ်မှု၊ ပြန်လည်ကောင်းမွန် ခြင်းမရှိသေးတဲ့ ငွေကြေးဖောင်းပွမှုနှုန်းကျဆင်းမှု၊ အစိုးရကြွေးမြီမြင့် တက်မှုနဲ့ ပထဝီနိုင်ငံရေးတင်းမာမှုစတဲ့ အရေးပါတဲ့ပြောင်းလဲမှုတွေကို ကမ္ဘာ့စီးပွားရေးက တင်းခံနိုင်ဦးမှာမဟုတ်ဘူးလို့ သူတို့ကသတိပေးပါတယ်။

ဂရိနိုင်ငံက ဒေါ်လာသန်းပေါင်းရာချီပြီး ကြွေးဆပ်ဖို့ ပျက်ကွက်မယ့် အလားအလာရှိပြီး ဒီအခြေအနေကြောင့် ယူရိုဇုန်ကို စွန့်ခွာရမယ့် အခြေအနေရှိနေပါတယ်။ ဒါပေမယ့် လောလောဆယ်ဖြစ်ပေါ်နေတဲ့ဘဏ္ဍာရေး မတည်ငြိမ်မှုအခြေအနေရဲ့ အန္တရာယ်ကြီးနဲ့ပတ်သက်ပြီး တရားဝင် ပြောဆိုဆွေးနွေးမှု မရှိခဲ့ပါဘူး။

"ဒီကိစ္စကို ဂျီ-၂၀ ရဲ့အစည်း အဝေးမှာ တရားဝင်ဆွေးနွေးမှုမရှိခဲ့ပါဘူး"လို့ လက်ရှိ ဂျီ-၂၀ ဥက္ကဋ္ဌနဲ့ တူရကီ ဒုတိယဝန်ကြီးချုပ် အလီဘာဘာကန်က ပြောပါတယ်။

ပေးဆပ်ရမယ့်ချေးငွေတွေကို အချိန်မီမပေးဆပ်သေးရင်တော့ ဥရောပသမဂ္ဂ(အီးယူ)ထံမှ ကယ်တင်မှု ချေးငွေတွေကို ဂရိနိုင်ငံကထပ်ပြီးရနိုင်ဦးမှာ မဟုတ်ဘူးဆိုတဲ့ စိုးရိမ်မှုတွေ ထပ်မံဖြစ်ပေါ်လာစေခဲ့ပါတယ်။ ဒီစိုးရိမ်မှုတွေကြောင့် ဥရောပ ရှယ်ယာဈေးကွက်တွေကို ဧပြီ ၁၇ ရက်မှာထပ်မံကျဆင်းစေခဲ့ပါတယ်။ ဂျီ-၂၀ က ဂရိနိုင်ငံနဲ့ပတ်သက်ပြီး ဖော်ပြပြောဆိုခြင်းမရှိခဲ့ပေမယ့် ဈေးကွက်ဝရုန်းသုန်းကားဖြစ်မှုတွေ ထပ်မံပေါ်ပေါက်မလာဖို့အတွက် ကာလတိုအတွင်း စီးပွားရေးတိုးတက်အောင် နိုင်ငံအစိုးရတွေက ဆောင်ရွက်ဖို့လိုအပ်ကြောင်းနဲ့ ဗဟိုဘဏ်တွေက မူဝါဒတွေကို ပြတ်ပြတ်သားသား ချမှတ်ဖို့လိုကြောင်း ပြောပါတယ်။

## ယူရိုဇုန်မှာ ဆက်လက်ပါဝင်နိုင်ဖို့အတွက် ဂရိနိုင်ငံက ပြုပြင်ပြောင်းလဲမှုတွေဆောင်ရွက်ဖို့လိုအပ်

ယူရိုဇုန်ထဲမှာ ဂရိနိုင်ငံ ဆက်လက်တည်ရှိနေနိုင်ရေးအတွက် အရေးပေါ်ပြုပြင်ပြောင်းလဲရေးစီမံကိန်းကို ဂရိနိုင်ငံကဆောင်ရွက်ဖို့လိုကြောင်း ဧပြီ ၂၀ ရက်က ဥရောပကော်မရှင်နာပဲရီမော်စကိုဗီစီရဲ့ ပြောကြားချက်ကို ကိုးကား ပြီး ရိုက်တာသတင်းမှာဖော်ပြပါတယ်။

"ကျွန်တော့်မှာ (တခြားရွေးချယ်စရာအဖြစ်ထားတဲ့) Plan B ဆိုတာမရှိ ပါဘူး။ Plan A ဆိုပြီးတစ်ခုထဲပဲရှိပါတယ်။ ဒီ Plan A ရဲ့ရည်ရွယ်ချက်က ဂရိနိုင်ငံ ယူရိုဇုန်ထဲမှာဆက်လက်တည်ရှိရေးပဲဖြစ်ပါတယ်။ ဒါပေမယ့် ယူရိုဇုန်ထဲမှာ ဂရိနိုင်ငံ ဆက်လက်တည်ရှိနေနိုင်ရေးအတွက် ပြုပြင်ပြောင်းလဲရေးတွေကို ကျွန်တော်တို့အခုလုပ်ဖို့လိုပါတယ်" လို့ပြင်သစ်နိုင်ငံ အသံလွှင့်ဌာန iTele ရုပ်သံဌာနနဲ့ တွေ့ဆုံမေးမြန်းခန်းမှာ ဥရောပသမဂ္ဂ(အီးယူ)ရဲ့ ကော်မရှင်နာမော်စကိုဗီစီကပြောပါတယ်။

"ကျွန်တော်တို့ အခုပဲအမှန်တကယ် လို



အပ်ပါတယ်။ အချိန်ဆွဲလို့မရပါဘူး။ ကျွန်တော်တို့တောင်းဆိုထားတဲ့ ပြုပြင်ပြောင်းလဲရေးတွေကို ဂရိအစိုးရက ဆောင်ရွက်ပေးဖို့ အမှန်တကယ်လိုအပ်နေပါတယ်"လို့ ပြင်သစ်ဘဏ္ဍာရေးဝန်ကြီးဟောင်းတစ်ဦးဖြစ်သူ မော်စကို ဗီစီက ပြောပါတယ်။

နောက်ထပ်ကယ်တင်မှုချေးငွေတွေ ရနိုင်ဖို့အတွက် ဂရိနိုင်ငံရဲ့မြီရှင် နိုင်ငံတွေက နှိုးဆော်တိုက်တွန်းထားတဲ့ ပြုပြင်ပြောင်းလဲမှုတွေကို ဂရိနိုင်ငံက ဆောင်ရွက်ပေးဖို့ လိုအပ်ပါတယ်။ ဒီလိုဆောင်ရွက်နိုင်ဖို့အတွက်လည်း ဂရိအစိုးရက သူ့ရဲ့ ယူရိုဇုန်မိတ်ဖက်နိုင်ငံတွေနဲ့ စေ့စပ်ညှိနှိုင်းလျက်ရှိနေပါတယ်။

ဘဏ်တင်-စုစည်းတင်ပြသည်

## အာဆီယံအသိုက်အဝန်းနဲ့အတူ အာဆီယံဘုံစံတော်ချိန်သတ်မှတ်ဖို့လိုအပ်

ယခုနှစ်အကုန်မှာထူထောင်မယ့် အာဆီယံအသိုက်အဝန်းနဲ့အတူ အာဆီယံဘုံစံတော်ချိန်ကို သတ်မှတ်သွားမှာဖြစ်ကြောင်း မလေးရှားနိုင်ငံခြားရေးဝန်ကြီး အနီဖာအာမန်ရဲ့ ဧပြီ ၂၀ ရက်ကပြောကြားချက်ကို ကိုးကားပြီး ဘာနားမားသတင်းမှာ ဖော်ပြခဲ့ပါတယ်။

အာဆီယံမြို့တော်တွေအတွက် ဘုံစံတော်ချိန်ထားရှိခြင်းအားဖြင့် အာဆီယံဒေသနေပြည်သူတို့ရဲ့ ခံစားချက်တူညီမှုနဲ့ အတူတကွပေါင်းစည်းမှုဆိုတဲ့ စိတ်ဓာတ်ကို ထပ်မံမြှင့်တင်နိုင်မယ်လို့ မလေးရှားနိုင်ငံက ယုံကြည်မှုရှိကြောင်း သူကပြောပါတယ်။

"လာမယ့်ရက်သတ္တပတ်မှာ ကွာလာလမ်ပူမှာကျင်းပမယ့် အာဆီယံနိုင်ငံခြားရေးဝန်ကြီးများထိပ်သီးအစည်းအဝေးမတိုင်မီ ကြိုတင်ပြီး ဒီကိစ္စကို အာဆီယံလုပ်ဖော်ကိုင်ဖက်တွေနဲ့ ကျွန်တော်တို့ဆွေးနွေးပါမယ်"လို့ ဘာနားမားသတင်းဌာနနဲ့ အီးမေးလ်ကတစ်ဆင့် ဆက်သွယ်မေးမြန်းခန်းမှာ သူကပြောပါတယ်။

ဧပြီ ၂၆ ရက်နဲ့ ၂၇ ရက်မှာကျင်းပမယ့် (၂၆) ကြိမ်မြောက်အာဆီယံထိပ်သီး ဆွေးနွေးပွဲမှာ ဒီအဆိုပြုချက်ကို အာဆီယံအကြီးတန်းအရာရှိတွေက ထပ်မံဆွေးနွေးကြမှာဖြစ်ကြောင်း အနီဖာက ပြောပါတယ်။

၂၀၁၅ ခုနှစ် ဇန်နဝါရီ ၂၈ ရက်က ကိုတာကီနာဘလူးမှာကျင်းပတဲ့ အာဆီယံနိုင်ငံခြားရေးဝန်ကြီးများရဲ့ အလွတ်သဘောဆွေးနွေးပွဲမှာ အာဆီယံအဖွဲ့ဝင်နိုင်ငံတွေအတွက် ဘုံစံတော်ချိန်ထားရှိရေးမှ ရရှိတဲ့ အကျိုးကျေးဇူးတွေကို အာဆီယံနိုင်ငံခြားရေးဝန်ကြီးတို့က သဘောတူညီခဲ့ကြပါတယ်။

မတ်လ ၁၀ ရက်က ကွာလာလမ်ပူမှာကျင်းပခဲ့တဲ့ အာဆီယံအဆင့်မြင့် အရာရှိကြီးများရဲ့ အစည်းအဝေးမှာ ဒီအဆိုပြုချက်နဲ့ပတ်သက်ပြီး အာဆီယံအဆင့်မြင့်အရာရှိကြီးများက ကျယ်ကျယ်ပြန့်ပြန့်ဆွေးနွေးခဲ့ကြောင်း သူက ပြောပါတယ်။

"အာဆီယံမြို့တော်များအသုံးပြုမယ့် ဘုံစံတော်ချိန်သတ်မှတ်ရေးအတွက် မလေးရှားနိုင်ငံရဲ့ စာတမ်းကို အဲဒီအစည်းအဝေးမှာအာဆီယံအဖွဲ့ဝင်နိုင်ငံတွေကို ဝေငှပေးခဲ့ပါတယ်"လို့ သူကပြောပါတယ်။ အာဆီယံဘုံစံတော်ချိန်သတ်မှတ်ရေးအတွက် အာဆီယံအဖွဲ့ဝင်နိုင်ငံတွေက သူတို့ရဲ့ သက်ဆိုင်ရာ အစိုးရအေဂျင်စီတွေနဲ့ လေ့လာဆွေးနွေးညှိနှိုင်းလျက်ရှိကြောင်းလည်း သူကပြောပါတယ်။

# အခြေခံအဆောက်အအုံနဲ့ စွမ်းအင်ကဏ္ဍတို့က အာရှနဲ့ အာဖရိကအတွက် အရေးပါ

အာရှဒေသနဲ့ အာဖရိကဒေသတို့အတွက် အခြေခံအဆောက်အအုံနဲ့ စွမ်းအင်ကဏ္ဍတွေက အလားအလာအကောင်းဆုံး ကဏ္ဍနှစ်ရပ်ဖြစ်ကြောင်း ဧပြီ ၂၁ ရက်က အင်ဒိုနီးရှားနိုင်ငံ ဂျကာတာမြို့မှာကျင်းပတဲ့ အာရှအာဖရိက စီးပွားရေးထိပ်သီးဆွေးနွေးပွဲဖွင့်ပွဲမှာ အင်ဒိုနီးရှားသမ္မတ ဂျိုကိုဝီဒိုဒိုက အလေးပေးပြောကြားချက်ကို ကိုးကားပြီး အေအက်ဖ်ပီသတင်းမှာ ဖော်ပြပါ တယ်။

စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် ဆောင်ရွက်ရာမှာ စီးပွားရေးကဏ္ဍတွေက ဒီကဏ္ဍနှစ်ခုကို အလေးပေးဆောင်ရွက်သင့်ကြောင်း မစ္စတာဝီဒိုဒိုက အကြံပြုပြောကြားပါတယ်။ တစ်ဆက်တည်းမှာ သက်ဆိုင်ရာနိုင်ငံတွေကို ရင်းနှီးမြှုပ်နှံသူတွေ လာရောက်ရင်းနှီးမြှုပ်နှံအောင် ဆွဲဆောင်နိုင်ရေးအတွက် လိုင်စင်များချပေးရာမှာ လွယ်ကူအောင်ဆောင်ရွက်ဖို့နဲ့ ရင်းနှီးမြှုပ်နှံမှုတွေကို အကာအကွယ်ပေးဖို့လည်း သူက တိုက်တွန်းထားပါတယ်။

သမ္မတရဲ့အဆိုအရ အင်ဒိုနီးရှား အစိုးရအနေနဲ့ စည်းမျဉ်းစည်းကမ်းတွေနဲ့ ရင်းနှီးမြှုပ်နှံမှုခွင့်ပြုမိန့်တွေကို ထုတ်ပေးရာမှာ လွယ်ကူချောမွေ့အောင်ဆောင်ရွက်ထားပြီးဖြစ်တယ်လို့ သိရပါတယ်။ တစ်ချိန်တည်းမှာ လောင်စာဆီထောက် ပံ့ကြေးတွေလျှော့ချရာမှရရှိတဲ့ ငွေကြေးတွေကိုစုဆောင်းပြီး အခြေခံအဆောက်အအုံဆောက်လုပ်ရေးမှာ ပိုမိုရင်းနှီးမြှုပ်နှံနိုင်အောင် စီစဉ်ထားကြောင်း ပြောပါတယ်။

အာရှတိုက်နဲ့ အာဖရိကတိုက်တို့ ကုန်သွယ်မှုပြုရာမှာ အထူးသဖြင့်အကောက်အခွန်များ လျှော့ချပြီး ကုန်သွယ်မှုနဲ့ စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုကို ပိုမိုဆောင်ရွက်ဖို့လိုကြောင်း အာရှအာဖရိကဒေသမှ စီးပွားရေးခေါင်းဆောင် ၆၀၀ ခန့်ကို ပြောကြားတဲ့မိန့်ခွန်းမှာ သူကပြောပါ တယ်။

လောလောဆယ်ဖြစ်ပွားနေတဲ့ ပဋိပက္ခတွေနဲ့ နိုင်ငံရေးသဘောထားကွဲလွဲမှုတွေကြောင့် အဟန့်အတားတွေရှိခဲ့ပေမယ့် အာရှနဲ့အာဖရိကဖွံ့ဖြိုးမှုအတွက် အလားအလာတွေရှိကြောင်း သူကပြောပါတယ်။




# ကုန်ထုတ်လုပ်မှုမြှင့်တင်နိုင်ဖို့အတွက် ဖောက်သည်စိတ်ကြိုက်နည်းပညာရဖို့ စင်ကာပူကုမ္ပဏီများကို ကူညီမည်

သုတေသနအေဂျင်စီ A*STAR နဲ့ စီးပွားရေးဖွံ့ဖြိုးမှုအေဂျင်စီ SPRING တို့က စီးပွားရေးလုပ်ငန်း တွေရဲ့လိုအပ်ချက်နဲ့ကိုက်ညီတဲ့ Solution တွေထုတ်ပေးဖို့ အစီအစဉ်တွေကိုဆောင်ရွက်ပေးနေတဲ့အတွက် ကုန်ထုတ်လုပ်မှုကို မြှင့်တင်နိုင်ရေးအတွက် စင်ကာပူကုမ္ပဏီတွေက နည်းပညာတွေချမှတ်ဖို့အကောင်းဆုံး အချိန်ဖြစ်ကြောင်း စီအင်အေသတင်းမှာ ဖော်ပြထားပါတယ်။

စီးပွားရေးလုပ်ငန်းများအတွက် A*STAR က ဦးစီးကျင်းပပေးနေတဲ့ နည်းပညာပြပွဲမှာ ဒီအစီအစဉ်ကို ကုန်သွယ်ရေးနဲ့ စက်မှုလုပ်ငန်းဝန်ကြီးဌာန ဒုတိယဝန်ကြီး အက်စ်အစ္စဝါရမ် က ဧပြီလ ၁၆ ရက်မှာ ပြောကြားခဲ့တာ ဖြစ်ပါတယ်။

ဒီအစီအစဉ်အရ စီးပွားရေးလုပ်ငန်းတွေအတွက် လိုအပ်တဲ့ နည်းပညာတွေကိုဖောက်သည်တွေအလိုကျ ဆောင်ရွက်ပေးရတဲ့ ကုန်ကျစရိတ် တစ်စိတ်တစ်ဒေသကို SPRING အစီအစဉ်ကနေကျခံပေးမှာ ဖြစ်ပါတယ်။ တစ်ချိန်တည်းမှာဖောက်သည်တွေရဲ့အလိုကျ နည်းပညာတွေကို A*STAR က တာဝန်ယူ ဆောင်ရွက်ပေးမှာဖြစ်ပါတယ်။

နည်းပညာတွေကို ဖောက်သည်တွေရဲ့ လိုအပ်ချက်နဲ့အညီ တာဝန်ယူဆောင်ရွက်ပေးရမယ့် နည်းစနစ်ပေါင်းစည်းရေးမှူးတွေ (System integrators) ကို ရွေးချယ်ပြီး အစီအစဉ်ကို အကောင်အထည်ဖော်ရမှာ ဖြစ်ပါတယ်။

ကုန်ထုတ်လုပ်မှုကိုတိုးမြှင့်ရေး အတွက် ကဏ္ဍမျိုးစုံမှာရှိတဲ့ ကုမ္ပဏီတွေအားလုံး ပါဝင်လာအောင်ဆောင်ရွက်ရမှာဖြစ်တဲ့အတွက် အသေးစားနဲ့ အလတ်စားစီးပွားရေးလုပ်ငန်းတွေကို အလေးပေး ဆောင်ရွက်သွားမှာဖြစ်ပါတယ်။

အဲဒီအစီအစဉ်မှာပါတဲ့ စက်မှုလုပ်ငန်းတွေမှာ နည်းပညာ သုံးစွဲမှုကို အားပေးတဲ့အနေနဲ့ အစားအစာ၊ ဟိုတယ်၊ လက်လီလုပ်ငန်းနဲ့ ကျန်းမာရေးလုပ်ငန်း စတဲ့ကဏ္ဍအားလုံးမှာ ရှိနေတဲ့အဖွဲ့များနဲ့သဘောတူစာချုပ်တွေ ချုပ်ဆိုထားပါတယ်။

ဉာဏ်တင်-စုစည်းတင်ပြသည်

# ယခုနှစ်ပထမသုံးလပတ်မှာ ထိုင်းအသေးစားနဲ့အလတ်စားစက်မှုလုပ်ငန်းများဝင်ငွေကျဆင်း

ယခုနှစ် ပထမသုံးလပတ်မှာ ထိုင်းနိုင်ငံရဲ့ အသေးစားနဲ့ အလတ်စားစီးပွားရေးလုပ်ငန်းများရဲ့ဝင်ငွေ ကျဆင်းခဲ့တယ်လို့ပြည်နယ်နှစ်ခုရှိ မိုက်ကရိုစီးပွားရေးလုပ်ငန်းပေါင်းထက်ဝက်ကျော်က အစီရင်ခံတင်ပြကြောင်း Dhurakij Prudit တက္ကသိုလ်ကပြုလုပ်တဲ့ စစ်တမ်းကို ကိုးကားပြီးနေးရှင်းသတင်းမှာ ဖော်ပြပါတယ်။

ဒီလိုဝင်ငွေနိမ့်ကျကြောင်း အစီရင်ခံကြတဲ့စီးပွားရေးလုပ်ငန်းတွေမှာ ပျမ်းမျှကျဆင်းမှုက ၁၈ ရာခိုင်နှုန်းနဲ့ ၃၀ ရာခိုင်နှုန်းကြားမှာရှိပါတယ်။ ဒါပေမယ့် ဒုတိယသုံးလပတ်မှာ သူတို့ရဲ့ဝင်ငွေတွေပြန်လည်မြင့်တက်လာလိမ့်မယ်လို့ ယုံကြည်သူက သုံးပုံတစ်ပုံရှိပါတယ်။

တက္ကသိုလ်က စစ်တမ်းကောက်ယူရာမှာ ပြည်နယ်ရှစ်ခုရှိ အသေးစားနဲ့ အလတ်စား စီးပွားရေးလုပ်ငန်း ၄၂၈ ခုကို ကောက်ယူခဲ့တာဖြစ်ပြီး ကောက်ယူခဲ့တဲ့ ကာလက မတ် ၂၅ ရက်ကနေ ဧပြီ ၈ ရက်နေ့အထိဖြစ်ပါတယ်။ စစ်တမ်းကောက်ယူရာမှာ ပထမသုံးလပတ်မှာစီးပွားရေးလုပ်ငန်းတွေရဲ့ လုပ်ငန်းဆောင်ရွက်မှု၊ လက်ရှိစီးပွားရေး နှေးကွေးကျဆင်းမှုကိုဖြေရှင်းမယ့် အစီအမံများ၊ ဒုတိယသုံးလပတ်အတွက် သူတို့ရဲ့ မျှော်မှန်းချက်များနဲ့ ဒုတိယသုံးလပတ်မှာ အောင်မြင်အောင်ကျော်လွှားရမယ့် အခက်အခဲများ စတာတွေပါဝင်ပါတယ်။

စီးပွားရေးလုပ်ငန်းရဲ့ ပထမသုံးလပတ်ကအခြေအနေနဲ့ နောင်လာမယ့် သုံးလပတ်အခြေအနေတွေကို နှိုင်းယှဉ်တင်ပြပေးရန် မေးမြန်းပါတယ်။ ဒီလိုမေးမြန်းတဲ့ထဲမှာ မိုက်ကရိုစီးပွားရေးလုပ်ငန်းများ (ဝန်ထမ်းငါးဦးနဲ့အောက်) အနက်ဝင်ငွေခန့်မှန်းထားတဲ့အောက်ကျဆင်းတယ်လို့ဖြေကြားသူ ၅၄ ရာခိုင်နှုန်းနဲ့ ယခင်အတိုင်းဖြစ်မယ်လို့ ဖြေကြားသူက ၃၄ ရာခိုင်နှုန်းနဲ့ ပိုကောင်းမယ်လို့ဖြေကြားသူ ၁၂ ရာခိုင်နှုန်းရှိပါတယ်။

အသေးစား စီးပွားရေးလုပ်ငန်းများ (ဝန်ထမ်း ၆ ဦးနဲ့ ၅၀ကြား) အနက် ဝင်ငွေကျဆင်းမယ်လို့ ဖြေကြားသူ ၄၄ရာခိုင်နှုန်း၊ ယခင်အတိုင်းရှိမယ်လို့ဖြေကြားသူ ၃၈ ရာခိုင်နှုန်းနဲ့ ပိုကောင်းမယ်လို့ ဖြေကြားသူ ၁၈ ရာခိုင်နှုန်း ရှိပါတယ်။

အလတ်စား စီးပွားရေးလုပ်ငန်းများ (၅၁ ဦးမှ ၂၀၀ ကြား) အနက် ဝင်ငွေကျမယ်လို့ ဖြေကြားသူ ၃၆ ရာခိုင်နှုန်း၊ ပုံမှန်အတိုင်းရှိမယ်လို့ဖြေကြားသူ ၄၇ ရာခိုင်နှုန်းနဲ့ ပိုကောင်းမယ်လို့ဖြေကြားသူ ၁၇ ရာခိုင်နှုန်းရှိပါတယ်။

# ဗီယက်နမ်မှာ နို့ထွက်ပစ္စည်း ဈေးနှုန်းများ ဆက်လက်ကျဆင်း



အသက် နှစ်နှစ်အောက်ကလေးများအတွက် နို့ထွက်ပစ္စည်းအမျိုး ၅၀ ရဲ့ဈေးနှုန်းတွေကဧပြီ ၂၀ ရက်နေ့ကစပြီး သုည ဒသမ ၄ ရာခိုင်နှုန်းအထိ ကျဆင်းခဲ့ကြောင်း ဗီယက်နမ်သတင်းအေဂျင်စီက ထုတ်ပြန်တဲ့သတင်းမှာ ဖော်ပြထားပါတယ်။

နို့ထွက်ပစ္စည်းထုတ်လုပ်သူ ကုန်သည်ငါးဦးကို နို့ထွက်ပစ္စည်းဈေးနှုန်းတွေကို ပြန်လည်လေ့လာသုံးသပ်ဖို့နဲ့ အစိုးရရဲ့အမိန့်ကြော်ငြာစာအရ ကလေးငယ်များအတွက် အာဟာရဖြစ်ဖို့ နို့ထွက်ပစ္စည်းရောင်းဝယ်အသုံးပြုရေးစတဲ့ ကိစ္စတွေနဲ့ပတ်သက်တဲ့ စည်းမျဉ်းဥပဒေတွေနဲ့အညီ အသက် နှစ်နှစ်အောက်ကလေးများအတွက် ထုတ်ကုန်တွေရဲ့ ရောင်းဈေးတွေမှာ ကြော်ငြာစရိတ်တွေကိုထည့်မတွက်ဖို့ ဝန်ကြီးဌာနက တိုက်တွန်းပြီးတဲ့နောက် ဈေးနှုန်းသစ်တွေကိုပြန်လည်သတ်မှတ်ခဲ့ကြောင်း ဘဏ္ဍာရေးဝန်ကြီးဌာနက ပြောပါတယ်။

ဈေးနှုန်းသစ်တွေကို သတ်မှတ်ရာမှာ နို့ထွက်ပစ္စည်းအမျိုးအစားနဲ့ ဝန်ကြီးဌာနရဲ့ သတ်မှတ်ချက်နဲ့အညီ သင့်တော်တဲ့ဈေးနှုန်းအခြေအနေတွေပေါ် မူတည်ပြီး သတ်မှတ်မှာဖြစ်ရာ သုည ဒသမ ၄ ရာခိုင်နှုန်းကနေ ၄ ရာခိုင်နှုန်းအထိ လျှော့ချသတ်မှတ်သွားမှာဖြစ်ကြောင်းဘဏ္ဍာရေးဝန်ကြီးဌာန၊ ဈေးနှုန်းကြီးကြပ်ရေးဌာနဦးစီးမှူး ငုယင်အန်းသူအန်က ပြောပါတယ်။

တိုက်တွန်းထားတဲ့ကုမ္ပဏီငါးခုက ဝန်ကြီးဌာနရဲ့ လက်ရှိနည်းဥပဒေများနဲ့အညီ အသက်ခြောက်နှစ်အောက် ကလေးငယ်တွေအတွက် နို့ထွက်ပစ္စည်းတွေရောင်းချနေတဲ့လုပ်ငန်းတွေဖြစ်ပါတယ်။

ထို့အပြင် နို့ထွက်လုပ်ငန်းဆောင်ရွက်နေသူတွေကလည်း ပြည်နယ်တွေနဲ့ မြို့တော်တွေမှာ သူတို့နို့ထွက်ပစ္စည်းဈေးနှုန်းတွေကို ကြေညာပေးရမှာဖြစ်ပါတယ်။ အသက်နှစ်နှစ်အောက် ကလေးတွေဖို့ ရောင်းချတဲ့ နို့ထွက်ပစ္စည်းအမျိုးအစား ၅၀ အတွက် ကုမ္ပဏီတွေက လျှော့ချသတ်မှတ်ထားတဲ့ ဈေးနှုန်းတွေကို ဝန်ကြီးဌာနက ရရှိထားပြီးဖြစ်ကြောင်း သူအန်က အတည်ပြုပြောကြားပါတယ်။

လက်ရှိကျင့်သုံးနေတဲ့နည်းဥပဒေများအရ ကြော်ငြာ၊ အရောင်းမြှင့် တင်ရေးနဲ့ဈေးကွက်ရှာဖွေရေးအတွက် အမြင့်ဆုံးအသုံးစရိတ်က လုပ်ငန်းစုစုပေါင်း သုံးငွေရဲ့ ၁၅ ရာခိုင်နှုန်းသာရှိဖို့ ပြဋ္ဌာန်းထားပါတယ်။

# ရက်သတ္တပတ်အတွင်း စီးပွားရေး သတင်းတိုများ

### နယူးယောက်

ဆော်ဒီအာရေးဘီးယား ဦးဆောင်တဲ့ညွန့်ပေါင်းတပ်ဖွဲ့များက ယီမင်နိုင်ငံမှာ လေကြောင်းတိုက်ခိုက်မှုများကို ထပ်မံတစ်ဖန်ဆောင်ရွက်လာတဲ့အတွက် ရေနံကြွယ်ဝတဲ့အရှေ့အလယ်ပိုင်းဒေသမှာ စိုးရိမ်စရာတွေ ထပ်မံဖြစ်ပွားတဲ့အတွက် ဧပြီ ၂၃ ရက်မှာ ကမ္ဘာ့ရေနံဈေးနှုန်းတွေပြန်လည်မြင့်တက်လာခဲ့ပါတယ်။ အမေရိကန် အနောက်တက္ကဆက်ရေနံစိမ်းက ၁ ဒသမ ၅၈ ဒေါ်လာမြင့်တက်ကာ တစ်စည်ကို ၅၇ ဒသမ ၇၄ ဒေါ်လာနဲ့ ဘရင့်ရေနံစိမ်းက ၂ ဒသမ ၁၂ဒေါ်လာမြင့်တက်ကာ တစ်စည်ကို ၆၄ ဒသမ ၈၄ ဒေါ်လာရှိခဲ့ကြောင်း အေအက်ဖ်ပီသတင်းမှာ ဖော်ပြပါတယ်။

### စင်ကာပူ

စင်ကာပူရဲ့ ပုဂ္ဂလိကလူနေအိမ်ရာဈေးနှုန်းက သုံးလပတ်အလိုက် နှိုင်းယှဉ်ရင် ၂၀၁၅ ခုနှစ်ပထမသုံးလပတ်မှာ တစ်ရာခိုင်နှုန်း ကျဆင်းခဲ့ရာ ဆဋ္ဌမပတ်မြောက်သုံးလအဖြစ် ဆက်တိုက်ကျဆင်းခဲ့ခြင်းဖြစ်ကြောင်း မြို့ပြပြန်လည်ဖွံ့ဖြိုးရေးအဖွဲ့ရဲ့ ဧပြီ ၂၄ ရက်ကထုတ်ပြန်ချက်ကို ကိုးကားပြီး CNA သတင်းမှာ ဖော်ပြထားပါတယ်။

### ဂျကာတာ

အင်ဒိုနီးရှားအစိုးရက Tropical Lanscape Summit ကို ဧပြီ ၂၇ ရက်မှ ၂၈ ရက်တွင်ကျင်းပပြီး ဒီအစည်းအဝေးမှာ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးအတွက် စွမ်းအင်လုပ်ငန်းမှာ မီဂါဝပ် ၃၅၀၀၀ တိုးချဲ့ဆောင်ရွက်ရေးအတွက် ရင်းနှီးမြှုပ်နှံသူများကိုဖိတ်ခေါ်သွားရန် စီစဉ်ထားကြောင်း ဂျကာတာပို့စ်သတင်းမှာ ဖော်ပြထားပါတယ်။

### ဟနွိုင်း

ဗီယက်နမ်နိုင်ငံရဲ့ ပို့ကုန်ဝင်ငွေကို တိုးမြှင့်နိုင်ရေးအတွက် အကြီးစားနဲ့ တန်ဖိုးမြင့်ပြည်ပပို့ကုန်အဖြစ် ဘိလပ်မြေထုတ်လုပ်ရေးကိုရေရှည်မဟာဗျူဟာ ချမှတ်ဆောင်ရွက်သွားရန်လိုအပ်ကြောင်း ဗီယက်နမ်ဆောက်လုပ်ရေး ဒုတိယဝန်ကြီး ငုယင်ထရမ်နမ်ရဲ့ ပြောကြားချက်ကို ကိုးကားပြီး VNS သတင်းမှာ ဖော်ပြပါတယ်။

**ESAT ASIA**

## တောင်ကိုရီးယားရဲ့ ဂျီဒီပီမှာ ကော်ပိုရိတ်ကြွေးမြီပါဝင်မှုမြင့်မား

တောင်ကိုရီးယားရဲ့ စုစုပေါင်း ပြည်တွင်းထုတ်လုပ်မှုတန်ဖိုးမှာ ကော်ပိုရေးရှင်းတွေရဲ့ ကြွေးမြီပါဝင်မှုအချိုးက မြင့်မားလျက်ရှိနေတယ်လို့ ဧပြီ ၂၀ ရက်ကထုတ်ပြန်တဲ့လွှတ်တော်အစီရင်ခံစာမှာ ပါဝင်ကြောင်းနဲ့ ဒီလိုအခြေအနေကြောင့် နိုင်ငံရဲ့စီးပွားရေးဖွံ့ဖြိုးမှု အလားအလာတွေ ကျဆင်းသွားမလားဆိုတဲ့ စိုးရိမ်မှုတွေကို မြင့်တက်စေခဲ့ကြောင်း ကိုရီးယားဟာရယ် သတင်းမှာ ဖော်ပြပါတယ်။

လွှတ်တော်ကိုတင်ပြတဲ့ အစီရင်ခံစာနဲ့ Mckinsey Global Institute ကစုဆောင်းထားတဲ့ ကိန်းဂဏန်းအချက်အလက်တွေအရ ၂၀၁၄ ခုနှစ် ဒုတိယသုံးလပတ်မှာ တောင်ကိုရီးယားကော်ပိုရိတ်ကြွေးမြီရဲ့ အရွယ်အစားက နိုင်ငံ ဂျီဒီပီရဲ့ ၁၀၅ ရာခိုင်နှုန်းအထိ ရောက်ရှိ ခဲ့ကြောင်း သိရပါတယ်။ ယခုအချိုးအစားက စီးပွားရေးပူးပေါင်းဆောင်ရွက်မှုနဲ့ ဖွံ့ဖြိုးရေးအဖွဲ့ (Organization for Economic Co-operation and Development-OECD) အဖွဲ့ဝင် ၁၅ နိုင်ငံအနက် သတ္တမမြောက်အမြင့်ဆုံးအချိုးအစားဖြစ်ပါတယ်။

အိုင်ယာလန်နိုင်ငံက ၁၈၉ ရာခိုင်နှုန်းနဲ့ ထိပ်ဆုံးနေရာမှာရှိနေပြီး ဆွီဒင်နဲ့ ဘယ်လ်ဂျီယံနိုင်ငံတို့က ၁၆၅ ရာခိုင်နှုန်းနဲ့ ၁၃၆ ရာခိုင်နှုန်း အသီးသီးရှိကြပါတယ်။ ဂျပန်နိုင်ငံကတော့ ၁၀၁ ရာခိုင်နှုန်းရှိပါတယ်။ ကမ္ဘာ့ဘဏ္ဍာရေးအကျပ်အတည်းဖြစ်ပေါ်ခဲ့တဲ့ ၂၀၀၈ ခုနှစ်က အခြေအနေနဲ့ နှိုင်းယှဉ်ရင် တောင်ကိုရီးယားရဲ့ဂျီဒီပီမှာ အမျိုးသားကြွေးမြီပါဝင်မှုက ၄၉ ရာခိုင်နှုန်း ထပ်မံတိုးတက်လာတာကို တွေ့ရပါတယ်။ ဒီကာလအတွင်းမှာ တောင်ကိုရီးယားရဲ့ ကြွေးမြီပါဝင်မှုက ၁၉ ရာခိုင်နှုန်း ထပ်မံတိုးတက်ခဲ့ပါတယ်။

တောင်ကိုရီးယားဗဟိုဘဏ်ရဲ့ ကိန်းဂဏန်းအချက်အလက်တွေအရ တောင်ကိုရီးယား ကော်ပိုရေးရှင်းတွေရဲ့ ပေးရန်တာဝန်ရှိမှုက ၂၀၁၁ ခုနှစ်ကထက် ၁၈ ဒသမ ၁ ရာခိုင်နှုန်းပိုမိုတိုးတက်ပြီး ၂၀၁၄ ခုနှစ်မှာ တောင်ကိုရီး ယားဝမ် ၁၃၄၉ ထရီလီယံ (ဒေါ်လာ ၁၃၇၈ ဒသမ ၂ ဘီလီယံ) ရှိခဲ့ပါတယ်။

**SOUTH ESAT ASIA**

## ဗီယက်နမ်နိုင်ငံအထည်ချုပ်လုပ်ငန်း ပထမသုံးလပတ်မှာ ရည်မှန်းချက်မပြည့်မီ

ဗီယက်နမ်နိုင်ငံ၏ အထည်ချုပ်လုပ်ငန်းများသည် ယခုနှစ် ပထမသုံးလပတ်တွင် အမေရိကန်ဒေါ်လာ ၄ ဒသမ ၇၅ ဘီလီယံအထိ ရောက်ရှိခဲ့ပေမယ့် အထည်ချုပ်လုပ်ငန်းများ အကောင်အထည်ဖော်မှုက ခန့်မှန်းထားတဲ့အောက်ကျဆင်းခဲ့ကြောင်း ဗီယက်နမ်နိုင်ငံ Hai quan (အကောက်ခွန်) သတင်းစာမှာ ဖော်ပြထားပါတယ်။



ဗီယက်နမ်ရဲ့ ချည်မျှင်နဲ့အထည်ချုပ်လုပ်ငန်းရဲ့ ထုတ်လုပ်မှုက ၂၀ ရာခိုင်နှုန်းထိ တိုးတက်ပြီး ယခုနှစ်မှာ ဒီကဏ္ဍရဲ့ပို့ကုန်တန်ဖိုးက ဒေါ်လာ ၄ ဘီလီယံပိုမိုမြင့်တက်ပြီး ဒေါ်လာ ၂၈ ဒသမ ၃ ဘီလီယံထိ ရောက်ရှိမယ်လို့ ၂၀၁၄ ခုနှစ်က ခန့်မှန်းခဲ့ပါတယ်။

ယခင်နှစ် ပထမလနဲ့ နောက်ဆုံးလတွေမှာ အထည်ချုပ်လုပ်ငန်းရဲ့ပြည်ပတင်ပို့မှုအခြေအနေ ကောင်းမွန်ခဲ့ကြောင်း ဗီယက်နမ်ချည်မျှင်နဲ့အထည်ချုပ်လုပ်ငန်းအသင်း ဒုတိယဥက္ကဋ္ဌ ဖန်ဇွမ်ဟောင်းကပြောပါတယ်။ ဒါပေမယ့် ၂၀၁၅ ခုနှစ် ပထမလမှာ ပို့ကုန် ကျဆင်းခဲ့ပါတယ်။

ပို့ကုန်တင်ပို့ရေးအတွက် ချုပ်ဆိုထားတဲ့ ပဋိညာဉ်စာချုပ်တွေက ယခုနှစ် ပထမသုံးလပတ်မှာ ကျဆင်းခဲ့ကြောင်း ပြည်တွင်းပို့ကုန်လုပ်ငန်းများ အထူးသဖြင့် အသေးစားနဲ့ အလတ်စား စီးပွားရေးလုပ်ငန်းတွေက ပြောပါတယ်။ ယခုကဲ့သို့ ကျဆင်းမှုက ၁၅ နှစ်အတွင်း အများဆုံးဖြစ်ကြောင်း Ho Guom Garment Joint Stock Co. ကုမ္ပဏီရဲ့ ဒုတိယအုပ်ချုပ်မှုဒါရိုက်တာ ဖီငေါ့ထရင်းက ပြောပါတယ်။

ယခုကဲ့သို့ကျဆင်းရခြင်းမှာ ဒေါ်လာနဲ့ဖလှယ်ရာမှာ ယူရိုတန်ဖိုးကျဆင်းရတဲ့အတွက်ဖြစ်ရကြောင်း ဟောင်းက ပြောပါတယ်။ ဗီယက်နမ်ချည်မျှင်နဲ့ အထည်ချုပ်လုပ်ငန်း ထုတ်လုပ်သူတွေက လောလောဆယ်မှာ သူတို့ထုတ်ကုန်တွေကို ဥရောပဈေးကွက်သို့ တင်ပို့တယ်လို့ သူက ပြောပါတယ်။ ဒေါ်လာနဲ့ဖလှယ်ရာမှာ ယူရိုတန်ဖိုး ကျဆင်းမှုက ဗီယက်နမ်ပို့ကုန်တွေရဲ့တန်ဖိုးကို ပိုမိုမြင့်တက်စေပြီး ယှဉ်ပြိုင်နိုင်မှုစွမ်းရည် ကျဆင်းစေခဲ့ကြောင်း သူက ပြောပါတယ်။

အလားတူ သက်ဆိုင်ရာနိုင်ငံတွေရဲ့ငွေကြေးတန်ဖိုး မငြိမ်သက်မှုကြောင့် ဂျပန်နဲ့ ရုရှားကို တင်ပို့တဲ့ ဗီယက်နမ်ပို့ကုန်တွေလည်း ကျဆင်းခဲ့ပါတယ်။

**SOUTH ASIA**

## အလုပ်အကိုင်တိုးမြှင့်ရေးအတွက် အိန္ဒိယနိုင်ငံက နယ်ပယ်သုံးခုကို အလေးပေး

အလွန်အသေးစား စွန့်ဦးတီထွင်မှုလုပ်ငန်း (Micro Entrepreneurship)၊ လက်မှုပညာလုပ်ငန်းနဲ့ စီးပွားရေးလုပ်ငန်းတွေက အလားအလာရှိတဲ့လုပ်ငန်းသုံးခုဖြစ်ပြီး ဒီနယ်ပယ်တွေမှာ အလုပ်အကိုင်အမြောက်အမြားကို ဖန်တီးနိုင်မှာဖြစ်ကြောင်း မိုက်ကရိုဆော့(အိန္ဒိယ) ဥက္ကဋ္ဌဟောင်းနဲ့ လက်ရှိ Senior Venture Partners (SVP) India ရဲ့ ဥက္ကဋ္ဌဖြစ်သူ ရာဗိဗင်ကိတ် ဆန်က ပြောပါတယ်။

ဒီနယ်ပယ်သုံးခုကို ခိုင်ခိုင်မာမာ အလေးပေး ဆောင်ရွက်မယ်ဆိုရင် အလုပ်အကိုင် သန်းပေါင်းများစွာကို ဖန်တီးနိုင်ပြီး အောက်ခြေလူတန်းစားတွေရဲ့ နေထိုင်မှုဘဝကိုမြှင့်တင်ပေးမှာဖြစ်ကြောင်း ဧပြီ ၂၃ ရက်ကကျင်းပတဲ့ TiE Chennai အခမ်းအနားမှာ သူက ပြောပါတယ်။

"စွန့်ဦးတီထွင်သူတွေ ပေါ်ထွန်းစေနိုင်တဲ့လုပ်ငန်းအများစုက မြို့ကြီးတွေမှာသာ ရှိပါတယ်။ ဒီမှာစွန့်ဦးတီထွင်သူဖြစ်လာဖို့ လွယ်ကူသလို လုပ်ငန်းဆုံးရှုံးဖို့လည်း လွယ်ကူပါတယ်။ ဒါပေမယ့် မြို့ငယ်ကလေးတွေမှာ စွန့်ဦးတီထွင်သူဖြစ်ဖို့ ဆောင်ရွက်ရတာက စိန်ခေါ်မှုတွေ အများကြီးရှိပါတယ်။ ဒီလိုနေရာမျိုးတွေမှာ စွန့်ဦးတီထွင်မှုလုပ်ငန်းတွေ ဖြစ်ပေါ်စေဖို့က လုပ်ဆောင်စရာတွေ အများကြီးရှိပါတယ်။

လက်မှုပညာသည်တွေရဲ့ နယ်ပယ်တွေကလည်း အလားအလာတွေ အများကြီးရှိတယ်လို့ သူကပြောပါတယ်။ အိန္ဒိယနိုင်ငံက အနုပညာနဲ့လက်မှုပညာမှာ သူမတူတဲ့ အစဉ်အလာရှိတဲ့ နိုင်ငံတစ်နိုင်ငံဖြစ်ပါတယ်။ ဒါပေမယ့် ဒီကဏ္ဍက ထိုက်တန်တဲ့ဂရုစိုက်မှုကို မခံစားရသေးဘူးလို့ သူက ပြောပါတယ်။

တတိယနယ်ပယ်က လယ်ယာစိုက်ပျိုးရေးဖြစ်ပြီးကျေးလက်ဒေသ တိုးတက်ရေးကို ဆောင်ရွက်ပေးနိုင်မယ်ဆိုရင် မြို့ပြသို့ပြောင်းရွှေ့မှုကိုလျော့နည်းစေနိုင်မယ်လို့ သူကပြောပါတယ်။

ညဏ်တင်-စုစည်းတင်ပြသည်

**MIDDLE EAST**

## စီးပွားရေးပိတ်ဆို့ မှုများအား ရုပ်သိမ်းပြီးပါက ထွက်ရှိသမျှရေနံများကို တာဝန်ယူပေးဖို့ အိုပက်ကို အီရန်တောင်းဆို

အနောက်နိုင်ငံတွေက စီးပွားရေးဒဏ်ခတ်ပိတ်ဆို့မှုတွေကို ရုပ်သိမ်းတဲ့အခါ အီရန်နိုင်ငံကထုတ်လုပ်လို့ အပိုထွက်ရှိလာမယ့် ရေနံစိမ်းအတွက်ရေနံတင်ပို့တဲ့ နိုင်ငံများအဖွဲ့(အိုပက်)ဝင်နိုင်ငံတွေက ပြင်ဆင်ထားဖို့ အီရန်ရေနံဝန်ကြီးက ပြောကြားကြောင်း ဧပြီ ၂၁ ရက်ကထုတ်ဝေတဲ့ နိုင်ငံပိုင်သတင်းစာ IRNA မှာ ဖော်ပြပါတယ်။

"စီးပွားရေးဒဏ်ခတ်ပိတ်ဆို့မှုတွေ ရုပ်သိမ်းတဲ့အခါ ကမ္ဘာ့ဈေးကွက်ထဲကို ရောက်လာမယ့် အီရန်နိုင်ငံက ထုတ်လုပ်တဲ့ရေနံအတွက် အိုပက်အဖွဲ့ဝင်နိုင်ငံတွေက စီစဉ်ဆောင်ရွက်မှုတွေပြုလုပ်ထားလိမ့်မယ်လို့ ကျွန်တော်တို့မျှော်လင့်ပါတယ်"လို့ တီဟီရန်မြို့မှာ ဘင်နီဇွဲလားရေနံဝန်ကြီးနဲ့တွေ့ဆုံတဲ့ဆွေးနွေးပွဲအတွင်း အီရန်ရေနံဝန်ကြီး ဘီဂျန်ရမ် ဒါဇန်ဂါနဲကပြောကြောင်း သတင်းမှာ ဖော်ပြပါတယ်။

အီရန်နိုင်ငံဟာ တစ်ချိန်ကဆော် ဒီအာရေးဘီးယားနိုင်ငံပြီးရင် အိုပက်အဖွဲ့ထဲမှာ ရေနံအများဆုံးထုတ်လုပ်တဲ့ နိုင်ငံဖြစ်ပါတယ်။ အီရန်နိုင်ငံနဲ့ အဓိကအင်အားကြီးခြောက်နိုင်ငံတို့သတ်မှတ် ထားတဲ့အတိုင်း နျူကလီးယားအပြီး သတ်သဘောတူစာချုပ်ကို ဇွန် ၃၀ ရက် နေ့မှာချုပ်ဆိုနိုင်မယ်ဆိုရင် အီရန်နိုင်ငံက တစ်ရက်ကိုရေနံစည်တစ်သန်းအထိ တိုးမြှင့်ထုတ်လုပ်နိုင်လိမ့်မယ်လို့ ခန့်မှန်းထားပါတယ်။

ဥရောပသမဂ္ဂနဲ့ အမေရိကန် ပြည်ထောင်စုတို့ကချမှတ်ထားတဲ့ စီးပွားရေးဒဏ်ခတ်ပိတ်ဆို့မှုတွေကြောင့် ၂၀၁၂ ခုနှစ်နောက်ပိုင်းကစပြီးအီရန်ရဲ့ ရေနံတင်ပို့မှုကို ထက်ဝက်ကျဆင်းစေ ခဲ့ပါတယ်။ ရေနံဈေးနှုန်းကျဆင်းမှု ကြောင့်အီရန်နိုင်ငံလိုချမ်းသာကြွယ်ဝမှု နည်းတဲ့အိုပက်အဖွဲ့ဝင်နိုင်ငံအဖို့ အခက်အခဲတွေနဲ့ တွေ့ကြုံခဲ့ရပြီး အိုပက်ရဲ့နေ့စဉ်ရေနံထုတ်လုပ်မှုပမာဏကို လျှော့ချဖို့ အကြိမ်ကြိမ်တောင်းဆိုခဲ့ပါတယ်။



# မြန်မာ့ကုန်သွယ်ဖက်နိုင်ငံများရဲ့ ငွေကြေး ရက်သတ္တပတ်

အမေရိကန်စီးပွားရေး ကိန်းဂဏန်းအချက်အလက်များ တိုးတက်ကောင်းမွန်လာခြင်းကြောင့် လည်းကောင်း၊ တရုတ်နိုင်ငံရှိကုန်ချောထုတ်လုပ်မှုလုပ်ငန်းများ အခြေအနေဆိုးရွားလာမှုကြောင့် ကမ္ဘာမှာ ဒုတိယအကြီးမားဆုံးဖြစ်တဲ့ တရုတ်နိုင်ငံရဲ့ စီးပွားရေးတိုးတက်နှုန်း နှေးကွေးလာတာနဲ့ ပတ်သက်တဲ့ စိုးရိမ်စိတ်တွေ ပိုမိုမြင့်မားလာမှုကြောင့်လည်းကောင်း ထွန်းသစ်စ အာရှငွေကြေးတွေရဲ့ တန်ဖိုးက ဧပြီ ၂၃ ရက်က ကျဆင်းလာပါတယ်။

"တရုတ် ကုန်ချောထုတ်လုပ်မှုကျဆင်းတာနဲ့ အမေရိကန်အိမ်ရာနဲ့ ပတ်သက်တဲ့ကိန်းဂဏန်းတွေ တိုးတက်လာတာတွေကြောင့် အာရှငွေကြေးတွေအပေါ်မှာ အကျိုးသက်ရောက်မှုတွေ ဖြစ်စေခဲ့ပါတယ်"လို့ ဆိုးလ်မြို့ရှိ ဒေါင်ဘူး အာမခံစာချုပ်စာတမ်းလုပ်ငန်းမှ ငွေကြေးနဲ့ ဘွန်းစာချုပ်လေ့လာဆန်းစစ်ရေးမှူး ယူနာပတ်ကပြောပါတယ်။

ယူရိုငွေကြေးအတွက် အထောက်အကူဖြစ်စေတာက ဧပြီ ၂၃ ရက်စစ်တမ်းအရ ဂျာမနီစီးပွားရေးအပေါ်ယုံကြည်မှုမြင့်တက်လာတာ ဖြစ်ပါတယ်။ ဒါပေမယ့် ဂရိနိုင်ငံနဲ့ ပတ်သက်တဲ့ ပြဿနာတွေက စိုးရိမ်စရာဖြစ်နေပါသေးတယ်။ မြီရှင်တွေနဲ့ ညှိနှိုင်းမှုမအောင်မြင်ရင် ဂရိနိုင်ငံဟာ ယူရိုဇုန်က ထွက်ခွာရမယ့် အလားအလာတွေရှိနေပါတယ်။

**တရုတ်ယွမ်**

တရုတ်အစိုးရက ငွေကြေးတွေပြင်ပစီးထွက်တာကို ထိန်းချုပ်ဖို့နဲ့ တိုးတက်နှုန်းနှေးကွေးနေတဲ့ တရုတ်စီးပွားရေးကိုမြှင့်တင်ပေးဖို့အတွက် ယွမ်ငွေကြေးတန်ဖိုး မြှင့်တင်ဖို့ကြိုးပမ်းလာခဲ့ပါတယ်။ ဒါကြောင့် ယွမ်ငွေကြေးရဲ့ တန်ဖိုးကို တရုတ်ဗဟိုဘဏ်က သုံးလအတွင်းအမြင့်ဆုံးနှုန်းအဖြစ် သတ်မှတ်ပေးခဲ့ပါတယ်။ ငွေကြေးဖလှယ်တဲ့အခါ အဲဒီနှုန်းရဲ့အပေါ် သို့မဟုတ် အောက်ကို ၂ ရာခိုင်နှုန်း အတက်အကျနဲ့ ဖလှယ်ဖို့ ဗဟိုဘဏ်က ခွင့်ပြုထားပါတယ်။ ဒေါ်လာယွမ်ဖလှယ်နှုန်းက တစ်ဒေါ်လာကို ၆ ဒသမ ၁၂၄၁ ယွမ်နှုန်း သတ်မှတ်ထားပြီး အများဆုံး ရောင်းချနေတဲ့နှုန်းက တစ်ဒေါ်လာကို ၆ ဒသမ ၁၉၅၇ ယွမ် နှုန်းဖြစ်ပါတယ်။

**အိန္ဒိယရူပီး**

အိန္ဒိယနိုင်ငံရဲ့ ရှယ်ယာဈေးကွက်မှာ နိုင်ငံခြားငွေတွေ ပြင်ပကို စီးထွက်နေတဲ့အပြင်ဘဏ်တွေနဲ့ ပို့ကုန်လုပ်ငန်းရှင်တွေက အမေရိကန်ဒေါ်လာကိုဝယ်ယူလျက်ရှိနေပါတယ်။ ဒါကြောင့် ဘဏ်အချင်းချင်း နိုင်ငံခြားငွေဖလှယ်ရေးဈေးကွက်မှာ ဧပြီ ၂၃ ရက်က ဒေါ်လာနဲ့ ရူပီးတို့ဖလှယ်ရာမှာ ရူပီးတန်ဖိုး သုည ဒသမ ၁၁ ရူပီးကျဆင်းပြီး တစ်ဒေါ်လာကို ၆၃ ဒသမ ၄၃ ရူပီးနှုန်းရှိခဲ့ပါတယ်။

ဒါပေမယ့် ပြည်ပဈေးကွက်တွေမှာ တခြားငွေတွေနဲ့ ဖလှယ်တဲ့အခါ ဒေါ်လာတန်ဖိုးကျဆင်းမှုကြောင့် ရူပီးတန်ဖိုးကျဆင်းမှုသက်သာခဲ့ပါတယ်။

**ဂျပန်ယန်း**

အမေရိကန် အတိုးနှုန်းမြှင့်တင်ရေးအချိန်သတ်မှတ်ရေးနဲ့ ပတ်သက်ပြီး မရေရာမှုများကြောင့် ယန်းငွေနဲ့ ဖလှယ်ရာမှာ ဒေါ်လာတန်ဖိုးအတက်အကျတန့်နေပြီး ဂရိနိုင်ငံကိစ္စကလည်း ယူရိုတန်ဖိုး မြင့်တက်မှုအတွက် ရိုက်ခတ်မှုတွေရှိနေပါတယ်။

တိုကျိုမှာ ဒေါ်လာတန်ဖိုးက တစ်ဒေါ်လာ ၁၁၉ ဒသမ ၅၆ ယန်းကို ရောက်ခဲ့တဲ့အတွက် နယူးယောက်မှာရှိတဲ့ ၁၁၉ ဒသမ ၅၅ ယန်းနှုန်းထက် အနည်းငယ်မြင့်တက်သော်လည်း ဧပြီ ၂၃ ရက်ကရှိခဲ့တဲ့ ၁၂၀ ဒသမ ၁၀ ယန်းနှုန်းအောက်အနည်းငယ်ကျဆင်းခဲ့ပါတယ်။

ယူရိုတန်ဖိုးက တစ်ယူရိုကို ၁ ဒသမ ၀၇၉၀ ဒေါ်လာနဲ့ ၁၂၉ ဒသမ ၀၁ ယန်းရှိခဲ့ရာ အမေရိကန်ဈေးကွက်ဖြစ်ခဲ့တဲ့ တစ်ယူရို ၁ ဒသမ ၀၈၂၃ ဒေါ်လာနဲ့ ၁၂၉ ဒသမ ၃၉ ယန်းအောက် အနည်းငယ်ကျဆင်းပါတယ်။

**မလေးရှားရင်းဂစ်**

အမေရိကန် ပြည်ထောင်စုရဲ့ အိမ်ရာနဲ့ပတ်သက်တဲ့ ကိန်းဂဏန်းတွေ တိုးတက်လာတဲ့အတွက် ရင်းဂစ်တန်ဖိုးက ဧပြီ ၂၃ရက်မှာအခြားအာရှရှိဒေသဆိုင်ရာငွေကြေးတွေနဲ့အတူ တန်ဖိုးကျဆင်းခဲ့ပါတယ်။

ဧပြီ ၂၃ ရက် ညနေ ၅ နာရီမှာ တစ်ဒေါ်လာကို ၃ဒသမ ၆၂၅၀ ရင်းဂစ်နှုန်းရှိခဲ့ရာ ဧပြီ ၂၂ ရက်ကရှိခဲ့တဲ့ တစ်ဒေါ်လာ ၃ ဒသမ ၆၁၀၀ ရင်းဂစ်နှုန်းထက် ဒေါ်လာတန်ဖိုး မြင့်တက်ခဲ့ပါတယ်။ အခြားအဓိကငွေကြေးတွေနဲ့ ဖလှယ်ရာမှာရင်းဂစ်တန်ဖိုးက အမျိုးမျိုးရှိခဲ့ပါတယ်။

**တောင်ကိုရီးယားဝမ်**

တောင်ကိုရီးယား စီးပွားရေးတိုးတက်ကောင်းမွန်မှုကြောင့် နိုင်ငံခြားသားတွေက ပြည်တွင်းစတော့ရှယ်ယာတွေကို အမြောက်အမြားဝယ်ယူခဲ့တဲ့အတွက် တောင်ကိုရီးယားဝမ်က ရက်သတ္တပတ်ခြောက်ပတ်မြောက်အဖြစ် ဆက်လက်မြင့်တက်ခဲ့ပါတယ်။

ဘာလွမ်းဘတ် သတင်းဌာနက ပြုစုထားတဲ့ ကိန်းဂဏန်းများအရ ဧပြီ ၂၄ ရက် မနက် ၁၁ နာရီ ၂၅ မိနစ်မှာ ဝမ်တန်ဖိုး သုည ဒသမ ၃ ရာခိုင်နှုန်းမြင့်တက်ပြီး တစ်ဒေါ်လာကို ၁၀၇၉ ဒသမ ၉၅ ဝမ်နှုန်း ရှိခဲ့ပါတယ်။ ယန်းငွေနဲ့ဖလှယ်ရာမှာ ယခုရက်သတ္တပတ်အတွင်း တစ်ရာခိုင်နှုန်း မြင့်တက်ပြီး တစ်ယန်းကို ၉ ဒသမ ၀၃ ဝမ်နှုန်း ရှိခဲ့ပါတယ်။

**ထိုင်းဘတ်**

ထိုင်းအစိုးရကထုတ်ဝေတဲ့ ဘွန်းစာချုပ်တန်ဖိုးက စတုတ္ထမြောက်ရက်သတ္တပတ်အဖြစ် မြင့်တက်တဲ့အတွက် စီးပွားရေးဖွံ့ဖြိုးမှု အားပေးတဲ့အနေနဲ့ ထိုင်းဗဟိုဘဏ်က အတိုးနှုန်းကိုလျှော့ချပေးမယ့်အလားအလာတွေကို တွေ့ရပါတယ်။

ဘာလွမ်းဘတ်က ပြုစုထားတဲ့ စာရင်းများအရ ထိုင်းဘတ်ငွေတန်ဖိုးက ယခုရက်သတ္တပတ်အတွင်းမှာ သုည ဒသမ ၄ ရာခိုင်နှုန်းကျဆင်းပြီး တစ်ဒေါ်လာကို ၃၂ ဒသမ ၄၇၄ ဘတ်နှုန်းရှိခဲ့ပါတယ်။

ဘာသာပြန်-စုစည်းတင်ပြသည်

# ပို့ကုန်ကဏ္ဍနှေးကွေးကျဆင်းမှုကြောင့် ဖြစ်ပေါ်ရတဲ့ ထိခိုက်မှုကို သက်သာအောင် ဆောင်ရွက်ဖို့ ထိုင်းဗဟိုဘဏ်ကို နှိုးဆော်

ပေါ်လစီအတိုးနှုန်းများ နောက်တစ်ကြိမ်လျှော့ချခြင်း အပါအဝင် ငွေကြေးမူဝါဒလက်နက်များကို အသုံးပြုပြီး ဘတ်ငွေတန်ဖိုး ခိုင်မာမှုကို လျှော့ချပေးဖို့ ပုဂ္ဂလိကကဏ္ဍက ထိုင်းဗဟိုဘဏ်ကို အဆက်မပြတ်နှိုးဆော်ခဲ့ပေမယ့် ပို့ကုန်ကဏ္ဍအတွက် ဖြစ်ပေါ်နေတဲ့ ပြဿနာအစစ်အမှန်မှာ ငွေကြေးဖလှယ်နှုန်းကြောင့်မဟုတ်ကြောင်း နေးရှင်းသတင်းမှာ ဖော်ပြထားပါတယ်။

၂၀၁၅ ခုနှစ် ပထမနှစ်လအတွင်း ပို့ကုန်စုစုပေါင်းတန်ဖိုးက အမေရိကန် ဒေါ်လာ ၃၄ ဒသမ ၄၈ ဘီလီယံ(ဘတ် ၁ ဒသမ ၁ ထရီလီယံ)ရှိခဲ့ရာ ယခင်နှစ် ကာလတူနဲ့ နှိုင်းယှဉ်ပါက ၄ ဒသမ ၈၂ ရာခိုင်နှုန်းကျဆင်းနေတာကို တွေ့ရပြီး ရေနံစိမ်းဈေးနှုန်းကတော့ ၅၀ ရာခိုင်နှုန်းအထိ ကျဆင်းခဲ့ပါတယ်။

"ဒေါ်လာနဲ့ဖလှယ်တဲ့အခါ ထိုင်းဘတ်ငွေကြေးနဲ့ နှိုင်းယှဉ်ရင် တခြားငွေကြေးတွေရဲ့တန်ဖိုးက ပိုမိုလျင်မြန်စွာ ကျဆင်းခဲ့ပါတယ်။ နိုင်ငံစီးပွားရေးနဲ့ ပို့ကုန်ကဏ္ဍနှစ်ခုစလုံးက လောလောဆယ်မှာ ကောင်းလှသေးတာ မဟုတ်ပါဘူး။ ဒီကဏ္ဍနှစ်ခုစလုံးကို အထောက်အကူပြုတဲ့အစီအမံတစ်ချို့ကို ဗဟိုဘဏ်ကချမှတ်ပေးမယ်လို့ မျှော်လင့်ရပါတယ်" လို့ ထိုင်းစက်မှုလုပ်ငန်းများ ဖက်ဒရေးရှင်း (FTI) ရဲ့ ဥက္ကဋ္ဌ ဆူပန်မွန်ကွန်ဆူသရီက ပြောပါတယ်။

ငွေကြေးဖလှယ်နှုန်းနိမ့်ကျတဲ့အတွက် ထိုင်းပို့ကုန်တွေနဲ့ ယှဉ်ပြိုင်နိုင်မှုစွမ်းရည်ကျဆင်းခဲ့တဲ့အတွက် ထိုင်းပို့ကုန်ကဏ္ဍ အထိနာခဲ့ရကြောင်း ထိုင်းကုန်သည်ကြီးများအသင်း (TCC) ဥက္ကဋ္ဌ အစ္စရာဗွန်ကူဆိုးလ်ကစ်က ပြောပါတယ်။ ဥပမာအားဖြင့် ယခင်နှစ်က ဘရာဇီးနိုင်ငံရဲ့ငွေကြေးတန်ဖိုး ၂၀ ရာခိုင်နှုန်းကျဆင်းပြီးတဲ့နောက် ဘရာဇီး သကြားတင်ပို့မှုလုပ်ငန်းရဲ့ ယှဉ်ပြိုင်နိုင်မှုစွမ်းဆောင်ရည် ပိုမိုမြင့်တက်လာခဲ့ကြောင်း သူကပြောပါတယ်။

"ကမ္ဘာ့စီးပွားရေးနှေးကွေးကျဆင်းမှုကြောင့် ထိုင်းနိုင်ငံရဲ့စီးပွားရေးက တစ်စိတ်တစ်ပိုင်းအားဖြင့် ကျဆင်းခဲ့ရပါတယ်။ ထိုင်းပို့ကုန်ကဏ္ဍကလည်း ငွေကြေးဖလှယ်နှုန်းကြောင့် ထိခိုက်မှုရှိခဲ့ပါတယ်"လို့ ယခင်ရက်သတ္တပတ်က ပြုလုပ်တဲ့ ရင်းနှီးမြှုပ်နှံမှုဘုတ်အဖွဲ့အစည်းအဝေးမှာ သူကပြောပါတယ်။

# အမေရိကန်ဘွန်းစာချုပ်များကို ဝယ်ယူစုဆောင်းရာမှာ ဂျပန်နိုင်ငံက တရုတ်နိုင်ငံကို ကျော်တက်

ဖေဖော်ဝါရီလအတွင်းက အမေရိကန်ပြည်ထောင်စုဘွန်းစာချုပ်များကို ဝယ်ယူရာမှာ အများဆုံးနိုင်ငံအဖြစ် ဂျပန်နိုင်ငံက တရုတ်နိုင်ငံကိုကျော်တက်ခဲ့ကြောင်း ဧပြီ ၁၅ ရက်က အမေရိကန်ဘဏ္ဍာရေးဝန်ကြီးဌာနရဲ့ အစီရင်ခံစာကိုကိုးကားပြီး အေအက်ဖ်ပီသတင်းမှာ ဖော်ပြပါတယ်။ ဒီအခြေအနေကို ၂၀၀၈ ခုနှစ် ဩဂုတ်လနောက်ပိုင်းပထမဆုံးအကြိမ် အဖြစ်ရောက်ရှိခဲ့တာဖြစ်ပါတယ်။

တကယ်တော့ နှစ်နိုင်ငံစလုံး က အမေရိကန်ဘွန်းစာချုပ်တွေ လက်ဝယ်ထားရှိမှုကိုလျှော့ချဖို့ဇန်နဝါရီလကတည်းက ဆောင်ရွက်ခဲ့တာဖြစ်ပေမယ့် တရုတ်နိုင်ငံက ပိုမိုလျှော့ချခဲ့ပါတယ်။ ဖေဖော်ဝါရီလအကုန်မှာ အမေရိကန်ဘွန်းစာချုပ်တွေကို ဝယ်ယူထိန်းသိမ်းရာမှာ ဂျပန်နိုင်ငံက ဒေါ်လာ ၁၂၂၄ ဒသမ ၄ ဘီလီယံရှိပြီး တရုတ်နိုင်ငံက ဟောင်ကောင်ဒေသမှအပ ဒေါ်လာ ၁၂၂၃ ဒ သမ ၇ ဘီလီယံရှိပါတယ်။

ကာရေဘီယံနိုင်ငံက အမေရိကန် ဒေါ်လာဘီလီယံ ၃၅၀၊ ဘယ်လ်ဂျီယံနိုင်ငံက အမေရိကန်ဒေါ်လာ ၃၄၅ ဒသမ ၃ ဘီလီယံနဲ့ တတိယနဲ့ စတုတ္ထနေရာမှာ အသီးသီးရှိနေပေမယ့် ပမာဏအားဖြင့် အများကြီး နိမ့်ကျနေတာကို တွေ့ရပါတယ်။ လွန်ခဲ့တဲ့ သုံးနှစ်အတွင်း အမေရိကန်ပြည်ထောင်စုရဲ့ဘတ်ဂျက်လိုငွေပြမှု ကျဆင်းလာခြင်းနဲ့အတူ အမေရိကန်အစိုးရရဲ့ ချေးငွေစာချုပ်တွေထုတ်ဝေမှုကလည်း လျင်မြန်စွာကျဆင်းခဲ့ပါတယ်။

ဖေဖော်ဝါရီလအတွင်း အမေရိကန်ပြည်ထောင်စုရဲ့ ကာလရှည်နိုင်ငံခြားငွေချေးစာချုပ်ရောင်းချမှုက အမေရိကန်ဒေါ်လာ ၁၀ ဒသမ ၆ ဘီလီယံရှိပြီး ဇန်နဝါရီကရှိခဲ့တဲ့ အမေရိကန်ဒေါ်လာ ၆၇ ဒသမ ၃ဘီလီယံအောက် များစွာကျဆင်းခဲ့ပါတယ်။

International Entertainment
Vol: 15, No.15 Monday April 27 2015

# First and Furious 8 ကို ၂၀၁၇မှာ ပြသမယ်လို့ အတည်ပြုလိုက်တဲ့ ဗင်ဒီဇယ်

First and Furious ဇာတ်ကားတွဲတွေကို စီစဉ်ထုတ်လုပ်နေတဲ့ ဗင်ဒီဇယ်က First and Furious 8 ဇာတ်လမ်းကို လာမယ့် ၂၀၁၇ ခုနှစ် ဧပြီလမှာ တစ်ကမ္ဘာလုံးကို ဖြန့်ချိမယ်လို့ ကြေညာလိုက်ပါတယ်။

ဗင်ဒီဇယ်ဟာ သူ့ရဲ့ First and Furious ဇာတ်ကားအမှတ်(၇) ထွက်ရှိပြီး တစ်လမပြည့်ခင်မှာ အမှတ်(၈)ကိုရိုက်ကူး ဖို့ စီစဉ်ခဲ့တာဖြစ်ပါတယ်။ First and Furious 8 ကို ၂၀၁၇ ခုနှစ် ဧပြီ ၁၄ ရက်မှာ စတင်ပြသမယ်လို့ ဗင်ဒီဇယ်က ပြီးခဲ့တဲ့ ဧပြီ ၂၃ ရက်က ထုတ်ဖော်ကြေညာခဲ့တာဖြစ်ပါတယ်။

"ကျွန်တော်တို့ရဲ့ ဇာတ်ကားဟာ အကောင်းဆုံးဇာတ်ကားတစ်ကား ဖြစ်တယ်ဆိုတာ ခင်ဗျားတို့ မြင်တွေ့ခဲ့ကြရပြီးဖြစ်မှာပါ။ ဒါကြောင့် ကျွန်တော်တို့ရဲ့ အစီအစဉ်အတိုင်း ဇာတ်လမ်းတွဲ အမှတ်(၈)ကို ဆက်လက်ရိုက်ကူးသွားမှာ ဖြစ်ပါတယ်။ အဲဒီအမှတ်(၈)ကို ၂၀၁၇ ခုနှစ် ဧပြီလ ၁၄ ရက်နေ့မှာ ပြသမှာဖြစ်ပါတယ်"လို့ လာ့စ်ဗီးဂတ်စ်မြို့မှာ ကျင်းပတဲ့ ယူနီဗာဆယ်ရုပ်ရှင်ထုတ်လုပ်ရေးရဲ့ သတင်းစာရှင်းလင်းပွဲမှာ ပြောကြားခဲ့တာဖြစ်ပါတယ်။

အဲဒီပွဲမှာ ဗင်ဒီဇယ်ဟာ ကွယ်လွန်သွားရှာပြီဖြစ်တဲ့ ပေါလ်ဝေါ်လ်ကာကို သတိရတဲ့စကားတွေလည်း ပြောကြားခဲ့ပါတယ်။

"ကျွန်တော် အခုလို ပြောကြားနေတဲ့အချိန်မှာ ကျွန်တော်တို့ရဲ့ရောင်းရင်းကြီးဖြစ်တဲ့ ပေါလ်ဟာ ကျွန်တော့်နားမှာ ရှိနေသလိုပါပဲ"လို့ ပြောကြားခဲ့ပါတယ်။

ပေါလ်ဝေါ်လ်ကာဟာ First and Furious 7 ဇာတ်ကားကို ရိုက်ကူးနေဆဲအချိန်မှာပဲ ယာဉ်တိုက်မှုကြောင့် ကွယ်လွန်သွားခဲ့ရပါတယ်။

ကမ္ဘာတစ်ဝန်းပြသနေဆဲဖြစ်တဲ့ First and Furious 7 ဟာ ကမ္ဘာ့ဝင်ငွေအကောင်းဆုံးစာရင်းမှာ မှတ်တမ်းဝင်ပြီး ကျန်ရစ်ခဲ့တဲ့ ဇာတ်ကားကောင်းတစ်ကားလည်း ဖြစ်ပါတယ်။

အဲဒီဇာတ်ကားကို စတင်ပြသခဲ့တဲ့ ဧပြီလ ၄ရက်နေ့မှယနေ့အထိ ဝင်ငွေ အမေရိကန်ဒေါ်လာ တစ်ဘီလီယံကျော်ရရှိခဲ့ပြီဖြစ်တယ်လို့ ဆိုပါတယ်။






# Fifty Shades of Grey ရဲ့ ဇာတ်လမ်းတွဲတွေကို ဆက်လက်ရိုက်ကူးပြသမည်

Fifty Shades of Grey ဇာတ်ကားနဲ့ အောင်မြင်မှုရခဲ့တဲ့ Fifty Shades of Grey စီးပွားရေးလုပ်ငန်းစုဟာ သူ့ရဲ့ဇာတ်လမ်းတွဲတွေကို ဆက်လက်ရိုက်ကူးထုတ်လုပ်ပြီး ပြသသွားမယ်လို့ ဆိုပါတယ်။

ဆက်လက်ရိုက်ကူးထုတ်လုပ်ပြသသွားမယ့် ဇာတ်လမ်းတွဲတွေကတော့ Fifty Shades Darker နဲ့ Fifty Shades Freed တို့ဖြစ်တယ်လို့ ဆိုပါတယ်။

Fifty Shades Darker ဇာတ်လမ်းတွဲကို ၂၀၁၇ ခုနှစ် ဖေဖော်ဝါရီ ၁၀ရက်နေ့နဲ့ Fifty Shades Freed ဇာတ်ကားကို ၂၀၁၈ ခုနှစ် ဖေဖော်ဝါရီ ၉ရက်တို့မှာ ပြသသွားမယ်လို့ ဇာတ်ကားထုတ်လုပ်သူတို့က ထုတ်ဖော်ကြေညာခဲ့ပါတယ်။

အဲဒီစီးပွားရေးလုပ်ငန်းစုက ပထမဦးဆုံး စတင်ထုတ်လုပ်ပြသလိုက်တဲ့ Fifty Shades of Grey ဇာတ်ကားကို ပြီးခဲ့တဲ့ဖေဖော်ဝါရီလ ၁၄ ရက်က ကမ္ဘာတစ်ဝန်းလုံးကို ပြသခဲ့ရာမှာ စံချိန်တင်လောက်တဲ့ဝင်ငွေကို ရရှိခဲ့တယ်လို့ ဆိုပါတယ်။

အဲဒီဇာတ်ကားဟာ ဝင်ငွေ အမေရိကန်ဒေါ်လာ သန်းပေါင်း ၅၅၀ ကျော်ရရှိခဲ့တဲ့အတွက် စီးပွားရေးအရ တွက်ခြေကိုက်ခဲ့တဲ့ဇာတ်ကားတစ်ကားဖြစ်ခဲ့တယ်လို့ Fifty Shades of Grey စီးပွားရေးလုပ်ငန်းစုက ထုတ်ပြန်ကြေညာခဲ့ပါတယ်။

ဒါပေမယ့်လည်း အဲဒီဇာတ်ကားကို ချစ်သူများနေ့မှာ ပြသခဲ့တဲ့ ဇာတ်ကားရဲ့လိင်အသားပေးရိုက်ကူးခဲ့တဲ့ ဇာတ်ဝင်ခန်းတွေကြောင့်လည်း ဝေဖန်မှုတွေ သောသောညံခဲ့ရပါတယ်။

# အထင်ရှားဆုံးသီချင်းရေးသူအဖြစ် ဂုဏ်ပြုခံရတဲ့ လေဒီဂါဂါ



Born This Way သီချင်းနဲ့ နာမည်ကြီးလာပြီး သူ့ရဲ့ သရုပ်ဆောင်မှု၊ အဝတ်အစားဒီဇိုင်းတွေကြောင့် ကမ္ဘာ တစ်လွှား ကျော်ကြားလာခဲ့တဲ့ လေဒီဂါဂါကို အထင်ရှားဆုံး သီချင်းရေးစပ်သီကုံးသူအဖြစ် ဂုဏ်ပြုချီးမြှင့်မယ်လို့ ဆိုပါ တယ်။

အဲဒီဆုကို လာမယ့်ဇွန်လ ၁၈ရက် နေ့မှာ ကျင်းပမယ့် 46th Annual Induction and Awards ဆုပေးပွဲရဲ့ ညစာစားပွဲမှာ ပေးအပ်ချီးမြှင့်မှာဖြစ်ပါတယ်။

လေဒီဂါဂါရဲ့ ပထမဦးဆုံး ထွက်ရှိလာခဲ့တဲ့ အယ်လ်ဘမ်ဟာ ဘီလ်ဘော့ရဲ့ ရောင်းအားအကောင်းဆုံးစာရင်းထဲ မှာ ပါဝင်ခဲ့ပါတယ်။ သူမဟာ ဂရမ်မီဆုခြောက်ကြိမ် ရရှိခဲ့သလို ကမ္ဘာ့ဆွဲဆောင်မှုအရှိဆုံး အမျိုးသမီးတစ်ဦးအဖြစ်လည်း ရပ်တည်နိုင်ခဲ့ပါတယ်။

SHOF ရဲ့ ဥက္ကဋ္ဌနဲ့ စီအီးအိုဖြစ်သူ လင်ဒါမိုရန်က "လေဒီဂါဂါရဲ့ ကျော်ကြားမှုတွေဟာ လေလှိုင်းထဲမှာ၊ တီဗွီထဲမှာ၊ အင်တာနက်ပေါ်မှာ တင်မက စာမျက်နှာတွေပေါ်မှာတောင် လစဉ်လိုလို မြင်တွေ့နေကြရပါတယ်။ သူ့ရဲ့အောင်မြင်မှုကို ဘယ်သူမှ လိုက်လို့ရမှာမဟုတ်ပါဘူး"လို့ မှတ်ချက်ပြုခဲ့ပါတယ်။ လေဒီဂါဂါဟာ သူ့ရဲ့ Born This Way သီချင်း အယ်လ်ဘမ်ကို စတင်ရောင်းချကတည်းက ယနေ့အထိ အရပ်ရပ်ဝင်ငွေပေါင်း အမေရိကန်ဒေါ်လာ သန်းပေါင်း ၁၁၀ ရှိနေပြီဖြစ်ပါတယ်။




# ကိုယ့်ကိုယ်ကို သတ်သေခဲ့တဲ့ ကလေးသရုပ်ဆောင် ဆော်ယာဆွိတန်း

Everybody Loves Raymond ရုပ်သံဇာတ်လမ်းတွဲတွေမှာ ပါဝင်သရုပ်ဆောင်နေတဲ့ ကလေးသရုပ်ဆောင် ဆော်ယာဆွိတန်းဟာ ပြီးခဲ့တဲ့ ဧပြီ ၂၄ ရက်က သူ့ကိုသူ အဆုံးစီရင်သွားခဲ့တယ်လို့ ဘီဘီစီသတင်းတစ်ရပ်မှာ ဖော်ပြထားပါတယ်။ ဆော်ယာဆွိတန်း သေဆုံးသွားတယ်ဆိုတဲ့အကြောင်းကို သူ့ရဲ့အစ်မ အကြီးဆုံးဖြစ်တဲ့ မာဒီလင်ဆွိတန်းက အတည်ပြုပြောကြားပေးခဲ့တာဖြစ်ပါ တယ်။

"ဒီနေ့မနက်ခင်းဟာ ကြောက်ရွံ့တုန်လှုပ်မှုတွေနဲ့ နိုးထလာခဲ့ရတာပါ။ ဆော်ယာ ဘာကြောင့် ဒီလိုလုပ်ရသလဲဆိုတာ မသိဘူး။ သူ့မှာ ဘာစိတ်ညစ်စရာတွေရှိနေလဲဆိုတာ မသိဘူး"လို့ အစ်မဖြစ်သူ မာဒီလင်ဆွိတန်းက ဘီဘီစီကို ပြောကြားခဲ့တာဖြစ်ပါတယ်။

ဆောယာတို့ မောင်နှမသုံးဦးဟာ Everybody Loves Raymond ဆိုတဲ့ ရုပ်သံဇာတ်လမ်းတွဲမှာလည်း မောင်နှမသုံးဦးအဖြစ် ပါဝင်သရုပ်ဆောင်ခဲ့ကြတာဖြစ်ပါတယ်။ အဲဒီဇာတ်လမ်းတွဲဟာ အမေရိကန်နိုင်ငံရဲ့ ရုပ်သံဇာတ်လမ်းတွဲတွေအနက် အောင်မြင်မှု အရှိဆုံးသော မိသားစုပုံစံ ဇာတ်လမ်းတွဲဖြစ်ခဲ့ပါတယ်။

အဲဒီဇာတ်လမ်းတွဲကို ၁၉၉၆ ခုနှစ် စက်တင်ဘာလကနေ ၂၀၀၅ခုနှစ် မေလအထိ အဆက်မပြတ် ထုတ်လွှင့်ပြသခဲ့ရာမှာ အောင်မြင်မှုတွေ ရရှိခဲ့တယ်လို့ ဆို ပါတယ်။

ဇာတ်လမ်းမှာ ဆော်ယာဟာ အသက်တစ်နှစ်ခွဲအရွယ်ကတည်းက ရေမွှန်အဖြစ် စတင်သရုပ်ဆောင်ခဲ့ရတာ ဖြစ်ပါတယ်။ သူ့ရဲ့ အမြွှာအစ်ကိုဖြစ်တဲ့ ဆူလီဗန်ကတော့ အဲဒီဇာတ်လမ်းမှာ မိုက်ကယ်လ်ဘာရုံနီအဖြစ် သရုပ်ဆောင်ခဲ့ပါတယ်။

ဆော်ယာ ကွယ်လွန်သွားတဲ့အတွက် Everybody Loves Raymond ဇာတ်လမ်းတွဲ ထွက်ရှိလာနိုင်ပါ့မလားလို့ စိုးရိမ်နေကြပါတယ်။

BAIC

TO THE WORLD IN BAIC WAY

FIRST IN MYANMAR မြန်မာနိုင်ငံမှာ ပထမဦးဆုံး

# 4S + Rental & Taxi

SHOWROOM, SALES, SERVICE, SPARE PARTS

ငွှားဝယ်စနစ်HP 30 % DOWN PAYMENTနှင့်ရောင်းချပေးနေပြီ။

WITH THE DNA OF SAAB SWEDEN

## MZ45
10 SEATER, 1200CC
DUAL AIRCON
MANUAL TRANSMISSION
REAR LEAF SPRING
REAR WHEEL DRIVE



99 သိန်း

## A113
TAXI
BOSCH ABS, EBD. SRS AIRBAG
MANUAL TRANSMISSION
POWER STEERING/POWER WINDOW
LUXURY
DVD NAVI, SUNROOF, BACK CAMERA



FROM 118 သိန်း

## A115
BOSCH ABS, EBD. SRS AIRBAG
AUTO TRANSMISSION
POWER STEERING/POWER WINDOW
DVD NAVI, SUNROOF
BACK CAMERA



FROM 158 သိန်း

## A315
BOSCH ABS, EBD. SRS AIRBAG
CVT TRANSMISSION
POWER STEERING/POWER WINDOW
DVD NAVI, PUSH START
BACK CAMERA



COMING SOON

## X424
BOSCH ABS, EBD. SRS AIRBAG
MANUAL TRANSMISSION
4 WHEEL DRIVE, 3 DOORS & 5 DOORS
DVD NAVI
BACK CAMERA



COMING SOON

## X65
BOSCH ABS, EBD. SRS AIRBAG
AUTO TRANSMISSION
4 WHEEL DRIVE, 5 DOORS
PANORAMIC SUNROOF
DVD NAVI, PUSH START
BACK CAMERA



COMING SOON



SWEDEN နိုင်ငံမှ SAAB စက်ရုံနှင့်နည်းပညာကို ဝယ်ယူပြီး Beijing Automobile Co.,Ltd ထုတ်လုပ်ထားသည်။
SAAB သည် ယနေ့အထိ Turbo Technology နှင့် လေယာဉ် Fighter Engine များကိုထုတ်လုပ်ရာတွင် Europe နှင့် ကမ္ဘာတစ်လွှား ထင်ရှားကျော်ကြားသော ကုမ္ပဏီတစ်ခုဖြစ်သည်။

## BAIC BRAND NEW CAR BENEFITS

(1) SWEDEN SAAB ၏ စက်ရုံနှင့် နည်းပညာများဖြင့် ထုတ်လုပ်ထားခြင်း။ (2) Brand New ကားများဖြစ်ပြီး Japan Used ကား၏ ဈေးနှုန်းထက်သက်သာခြင်း။
(3) Warannty 3 နှစ်ရှိပြီး ၊ 3 နှစ်နောက်ပိုင်းတွင် Genuine Spare Parts ဈေးနှုန်းများမှာ အခြားနိုင်ငံမှကားများ၏ Parts ကဲ့သို့အမြတ်အစွန်းများစွာ မြှင့်တင်ပြီး ရောင်းချခြင်းမရှိသောကြောင့် Japan ကားများ၏ 30% ခန့်သာရှိပြီး ရေရှည်တွင် Repair & Maintenance စရိတ်များသက်သာခြင်း။

## TO BECOME A SUB DEALER

Sub Dealers (နယ်အရောင်းကိုယ်စားလှယ်များ) ယူလိုသူများသည် မိမိကိုယ်ပိုင် Work shop လုပ်ငန်းလုပ်ကိုင်နေသူ (သို့) မိမိရောင်းထားသည့် ကားများကို After Sales Service တာဝန်ယူ လုပ်ကိုင်နိုင် သူများကို ဦးစားပေးအပ်သွားမည် ဖြစ်သည်။

## RENTAL & MEMBERSHIP

MZ45 (10-ယောက်စီး) နှင့် A113/115 (5-ယောက်စီး) ကားများကို 1-ရက်(10နာရီ)/ 1-Duty လျှင် 12,000-ကျပ် နှုန်းမှစပြီး10 ကြိမ်ငှားရမ်းခြင်း ပြုလုပ်ပြီးပါက Member အဖြစ် သတ်မှတ်သွားမည်။ အနည်းဆုံး ငှားရမ်းပြီး (1788) Duty ပြည့်ပါက MZ45 ကားအသစ်တစ်စီး နှင့် (1888) Duty ပြည့်ပါက A1 ကားအသစ်တစ်စီးကို အခမဲ့ ပိုင်ဆိုင်နိုင်မည်။
(1) ရက်အတွင်း ကား 2-စီးငှားရမ်းပါက (2)ကြိမ် အဖြစ်သတ်မှတ် ပေးသွားမည်ဖြစ်သည်။

## TAXI SERVICE

Taxi အဖြစ်ငှားရမ်းမောင်းနှင်လိုသူများအတွက် A113 MT ကားကို 1-ရက်(24နာရီ)/1-Duty လျှင် 15,000-ကျပ် နှုန်းဖြင့်ငှားရမ်းမည်။
Duty (1088) မောင်းနှင်ပြီးပါက မိမိမောင်းနှင်သောကားကို အပြီးအပိုင် ရရှိမည်ဖြစ်သည်။

# 3 YEARS / 100,000 KM QUALITY WARRANTY

BAW MINIBUS, 10-18 SEATER , DIESEL TURBO 2.4 / 2.7 LITER, ROUND AIRCON, M/T

COMING SOON




AUNG GABAR MOTOR SERVICES CO., LTD
YANGON: NO. 108, CORNER OF KABAR AYE PAGODA AND NAT MAUK ROAD, BAHAN TOWNSHIP, YANGON
MANDALAY: NO. 30/13 CORNER OF 58 AND 43 STREET, YE MON TAUNG, MAHAR AUNG MYAY TOWNSHIP, MANDALAY
NAY PYI DAW: NO. 25, BAWGATHIRI HIGH TECH WORKSHOP, PYIN MA NAR TOWNSHIP, NAY PYI DAW
PH: 09 4303 8888, 09 7329 0000


မှတ်ချက်။ ။ အထက်ပါရောင်းဈေးနှင့် Specifications ကားအချက်အလက်များကိုcompany မှအချိန်အခါနှင့် လိုက်၍ ပြောင်းလဲနိုင်သည်။

COMMERCE
INTERNATIONAL

## (၂၆) ကြိမ်မြောက်အာဆီယံထိပ်သီး ဆွေးနွေးပွဲမှာ အာဆီယံအသိုက်အဝန်းဖွဲ့စည်းရေးကို အဓိကဦးစားပေးမည်

ဧပြီ ၂၆ ရက်မှာ စတင်မယ့် (၂၆) ကြိမ်မြောက်အာဆီယံထိပ်သီးအစည်းအဝေးမှာ ၂၀၁၅ ခုနှစ်အကုန်တွင် အပြီးသတ်ဖွဲ့စည်းမယ့် အာဆီယံစီးပွားရေးအသိုက်အဝန်းထူထောင်ရေးဆောင်ရွက်မှုလုပ်ငန်းများရဲ့ တိုးတက်မှုအခြေအနေကို ဦးစားပေးဆွေးနွေးပြီး ဒေသတွင်းအဖွဲ့အစည်း ပိုမိုတိုးတက်ရေးအတွက် ဆောင်ရွက်ရမယ့် နောက်ပိုင်းလုပ်ငန်းများကို ချမှတ်သွားမှာဖြစ်ကြောင်း ဘာနားမားသတင်းမှာဖော်ပြထားပါတယ်။

ဒေသတွင်းမှာ ပိုမိုနက်ရှိုင်းကျယ်ပြန့်စွာပေါင်းစည်းဖို့ ရည်ရွယ်ချမှတ်ထားတဲ့ အာဆီယံအသိုက်အဝန်း ထူထောင်ရေးကို အဖွဲ့ဝင်နိုင်ငံများက ကျားကုတ်ကျားခဲအားထုတ်ခဲ့ရာမှ ယခုကဲ့သို့ အရေးကြီးတဲ့အချိန်မျိုးမှာအဖွဲ့ဝင် ၁၀ နိုင်ငံမှ ခေါင်းဆောင်များပါဝင်တဲ့ ဒီနှစ်ပတ်လည် ထိပ်သီးအစည်းအဝေးကို ကျင်းပခဲ့တာဖြစ်ပါတယ်။

အာဆီယံရဲ့ ကြိုးပမ်းဆောင်ရွက်မှုအစုစုနဲ့ ဖြေရှင်းဖို့ကျန်ရှိနေသေးတဲ့ စိန်ခေါ်မှုတွေကို ပြန်လည်သုံးသပ်ဆောင်ရွက်မယ့် အခွင့်အလမ်းတွေကို ယခုအစည်းအဝေးမှာ အာဆီယံခေါင်းဆောင်တွေ ရရှိမှာဖြစ်ပါတယ်။ ဒါ့ပြင် စီးပွားရေးအရ ပေါင်းစည်းမှုရှိပြီး လူမှုရေးအရ တာဝန်ယူဆောင်ရွက်နိုင်စွမ်းရှိမယ့် အာဆီယံအသိုက်အဝန်းတစ်ခုကို ထူထောင်နိုင်မှာဖြစ်ပါတယ်။

အာဆီယံထိပ်သီးအစည်းအဝေး နဲ့ဆက်စပ်နေတဲ့ တခြားအစည်းအဝေးတွေအနက် အာဆီယံထိပ်သီးအစည်းအဝေးမတိုင်မီ ကျင်းပမယ့် ကော်မတီအဆင့်အစည်းအဝေးများနဲ့ အဆင့်မြင့်အရာရှိကြီးများအစည်းအဝေး (SOM) တွေ ပါဝင်ပါတယ်။ ဒီအစည်းအဝေးတွေကို အာဆီယံနိုင်ငံအကြီးအကဲများ၊ အစိုးရအဖွဲ့အကြီးအကဲများ တက်ရောက်ပါမယ်။ အာဆီယံနိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေး (AMM) ကို ဧပြီ ၂၆ ရက်မှာကျင်းပပါမယ်။

(၂၆)ကြိမ်မြောက် အာဆီယံအစည်းအဝေးနဲ့အတူကျင်းပမယ့် ဒီအစည်းအဝေးတွေအပြင် (၁၁)ကြိမ်မြောက် ဘရူနိုင်း-အင်ဒိုနီးရှား-မလေးရှား-ဖိလစ်ပိုင် အရှေ့အာရှဖွံ့ဖြိုးမှုနယ်မြေ (BIMP-EAGA) ထိပ်သီးအစည်းအဝေးနဲ့ (၉)ကြိမ်မြောက် အင်ဒိုနီးရှား- မလေးရှား-ထိုင်း-ဖွံ့ဖြိုးမှုတြိဂံဒေသ (IMT-GT) ထိပ်သီးအစည်းအဝေးတွေ ကိုဧပြီ ၂၈ ရက်မှာ လန်ကာဝီမှာ ကျင်းပမှာဖြစ်ပါတယ်။

## အိုင်စီတီလုံခြုံရေးလုပ်ငန်းတိုးတက်ရေး တောင်ကိုရီးယား ကြိုးပမ်း



ဆိုက်ဘာပြစ်မှု ကျူးလွန်လာမယ့် အန္တရာယ်ကိုကာကွယ်ဖို့ ကြိုးပမ်းမှုတစ်ရပ်အဖြစ် တောင်ကိုရီးယားနိုင်ငံက သတင်းလုံခြုံရေးလုပ်ငန်းကို တိုးချဲ့ဆောင်ရွက်ကာ ငွေကြေးပိုမိုသုံးစွဲသွားမှာဖြစ်ကြောင်း ဧပြီ ၂၂ ရက်က တောင်ကိုရီးယားအစိုးရရဲ့ ပြောကြားချက်ကို ကိုးကားပြီး ယွန်းဟပ်သတင်းမှာဖော်ပြပါတယ်။

မကြာသေးမီ နှစ်များအတွင်း တောင်ကိုရီးယားမှာ ဘဏ်များနဲ့ တခြားအေဂျင်စီများအား ဟက်ကာများက တိုက်ခိုက်နေခြင်း၊ ပုဂ္ဂိုလ်ရေးအချက်အလက်များ ပေါက်ကြားမှုများ ရှိနေကြသော်လည်း ကုမ္ပဏီကြီးများက အွန်လိုင်းလုံခြုံရေးအတွက် ရင်းနှီးမြှုပ်နှံမှုကိုပုံအောပြီး ဆောင်ရွက်ဖို့ဝန်လေးလျက်ရှိပါတယ်။ ဒါကြောင့် အစိုးရက ဒီစီမံကိန်းကို ချမှတ်ဆောင်ရွက်ခဲ့တာဖြစ်ပါတယ်။ အွန်လိုင်း သတင်းအချက်အလက်တွေကိုကာကွယ်ရာမှာ ပိုမိုတိုးတက်ကောင်းမွန်လာစေဖို့အတွက် သူတို့ရဲ့ ကွန်ရက်လုံခြုံရေးစနစ်ကို စီးပွားရေးလုပ်ငန်းတွေက ဆောင်ရွက်ကြမှာဖြစ်ပါတယ်။ ဒီလိုဆောင်ရွက်နိုင်ဖို့အတွက် ယခုနှစ်အတွင်း ဝမ်ဘီလီယံ ၈၁၀ (ဒေါ်လာ ၇၄၈ သန်း)ကို ရင်းနှီးမြှုပ်နှံသွားမှာဖြစ်ကြောင်း စီးပွားရေးနဲ့ ဆက်နွယ်နေတဲ့ဝန်ကြီးများရဲ့ အစည်းအဝေးကိုတင်ပြတဲ့ အစီရင်ခံစာမှာ သိပ္ပံ၊ အိုင်စီတီနဲ့ အနာဂတ်စီမံကိန်းဝန်ကြီးဌာနက ပြောပါတယ်။

ကွန်ရက် လုံခြုံမှုစနစ်အတွက် တိုးတက်သုံးစွဲလာတဲ့ကုမ္ပဏီကို အစိုးရက ကူညီဆောင်ရွက်သွားမှာဖြစ်ပြီး လုံခြုံရေး ဝန်ဆောင်မှုပေးသူများကိုလည်း သူတို့ထုတ်ကုန်တွေရောင်းချသွားနိုင်အောင် အစိုးရက အကူအညီပေးသွားမှာဖြစ်ပါတယ်။ ယခုလိုအစီအမံများကို ဆောင်ရွက်ပေးတဲ့အတွက် သတင်းအချက်အလက် ကာကွယ်ရေးပြည်တွင်းဈေးကွက်မှာ ၂၀၁၉ ခုနှစ်မှာ ဝမ် ၁၅ ထရီလီယံအထိ ရောက်ရှိလာမှာဖြစ်ပြီး ယခုလက်ရှိ အရွယ်အစားထက် နှစ်ဆ ပိုမိုမြင့်တက်လာမှာဖြစ်ကြောင်း ဝန်ကြီးဌာနက ပြောပါတယ်။

သတင်းအချက်အလက်ကာကွယ်ရေးရဲ့ အရေးပါပုံကို ကုမ္ပဏီကြီးတွေက မသိနားမလည်မှုကြောင့် သူတို့အရည်အသွေးတွေ အဆင့်မြင့်ပေမယ့် ပေးတဲ့လစာက နည်းတဲ့အတွက် အွန်လိုင်းလုံခြုံရေး ပညာရှင်တွေအနေနဲ့ အလုပ်လုပ်ဖို့ ရှောင်ကြဉ်ခဲ့ကြပါတယ်။ ဒါကြောင့် အိုင်တီကျွမ်းကျင်သူတွေရှားပါးတဲ့ အခြေအနေကို ရောက်ရှိစေခဲ့ပါတယ်။ ဒါကြောင့် ဒီနယ်ပယ်မှာ ပါရမီထူးသူတွေကို အမျိုးသားကောလိပ်ဝင်ခွင့် ဖြေစရာမလိုဘဲ လေ့လာသင်ယူနိုင်အောင် သတင်းအချက်အလက်နည်းပညာ(အိုင်တီ) အထူးပြုကောလိပ်တွေကို အစိုးရက တိုးချဲ့ဖွင့်လှစ်ပေးခဲ့ပါတယ်။

ဉာဏ်တင်-စုစည်းတင်ပြသည်

Japan, Korea,Singapore,Thailand နိုင်ငံများမှ မော်တော်ယာဉ်တင်သွင်းသူများအတွက် အဆင်ပြေချောမွေ့စွာ ဆောင်ရွက်နိုင်ရန်
SINOR LINES RO/RO Services ကားသင်္ဘောရောက်ရှိမှု အချိန်ဇယားများကို အောက်ပါအတိုင်းဖော်ပြအပ်ပါသည်။

SINOR LINES

RO/RO Service for Myanmar

DATE : 27th April 2015

<< April And May Sailing Schedule >>

* SUBJECT TO CHANGE WITH OR WITHOUT NOTICE

JAPAN / MYANMAR

| VESSEL | Height (m) | | | | | | JAPAN | | | | | | MYANMAR | THAILAND |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | A | B | C | D | E | SHANGHI | YOKOSUKA | KOBE | NAGOYA | YOKOHAMA | AKAI SENBOK | MASAN | SINGAPORE | YANGON | LAEM CHABANG |
| MV.CITY OF MUMBAI V.17 | 1.55 | 1.90 | 2.20 | 3.50 | | | | | 10.3.2015 | 12.3.2015 | 9.3.2015 | | 28.3.2015 | 22.3.2015 | 31.3.2015 |
| | S/O CUT | | | | | | | | 6.3.2015 | 8.3.2015 | 5.3.2015 | | | | |
| MV.HOEGH CHENNAI V.11 | 1.55 | 1.90 | 2.20 | 3.50 | | | | | 26.3.2015 | 27.3.2015 | 25.3.2015 | | 13.4.2015 | 6.4.2015 | |
| | S/O CUT | | | | | | | | 22.3.2015 | 23.3.2015 | 21.3.2015 | | | | |
| MV.CITY OF MUMBAI V.18 | 1.55 | 1.90 | 2.20 | 3.50 | | | 10.4.2015 | 8.4.2015 | 9.4.2015 | 11.4.2015 | | | | 22.4.2015 | 29.4.2015 |
| | S/O CUT | | | | | | 6.4.2010 | 4.4.2015 | 5.4.2015 | 7.4.2015 | 21.3.2015 | | | | |
| MV.HOEGH CHENNAI V.12 | 1.55 | 1.90 | 2.20 | 3.50 | | | | | 23.4.2015 | 25.4.2015 | 22.4.2015 | | | 8.5.2015 | |
| | S/O CUT | | | | | | | | 19.4.2015 | 21.4.2015 | 18.4.2015 | | | | |
| MV.CITY OF MUMBAI V.19 | 1.55 | 1.90 | 2.20 | 3.50 | | | | 8.5.2015 | 9.5.2015 | 10.5.2015 | | | 18.5.2015 | 22.5.2015 | 30.5.2015 |
| | S/O CUT | | | | | | | 4.5.2015 | 5.5.2015 | 6.5.2015 | | | | | |
| MV.HOEGH CHENNAI V.13 | 1.55 | 1.90 | 2.20 | 3.50 | | | | | 23.5.2015 | 25.5.2015 | 22.5.2015 | | 3.6.2015 | 7.6.2015 | |
| | S/O CUT | | | | | | | | 19.5.2015 | 21.5.2015 | 18.5.2015 | | | | |

Yangon (Myanmar)
GOLDEN LAND EXPRESS LIMITED
Dagon Center II, Pyay Road, No. 268, Room 14 (C), 14 th Floor.
Sanchaung Township,Yangon, Myanmar.
Tel : +95 1 2305542,2306027,2306028
Mobile : + 95 9 250289802
Fax : + 95 1 2305543
Hot Line : + 95 9 254010441

Email : gleltd.office@gmail.com ( Management )
gleltd.mktg@gmail.com ( Operation )
docs.gle@gmail.com ( Document )
gleltd.marketing@gmail.com ( Marketing )
goldenland.gle@gmail.co m ( Marketing )

Loading address (YOKOHAMA DAIKOKU)
Daikoku T-3/4/5/6/7/8, Public Berth, Yokohama

Loading address (SAKAI SENBOKU)
Shiomi Wharf 5-A/B/C

Business Development Manager : Mr.Aung Myintta (95 9 250724445)
Management Secretary : Ms. Nway Ei Phyu ( 95 9 253036301)
Operation : Mr. Aung Swe Myint (95 9 86 22887)
Documention : Ms. Mar Mar Cho (95 9 421018250)
Marketing:Ms. Aye Kyar Phyu ( 95 9 250724446)
Marketing : Mr. Thiha Thiek ( 95 9 5145801 )
Marketing:Ms. Ja Seng Eain ( 95 9 402794677 )

ဥရောပနိုင်ငံများမှ တင်သွင်းလိုပါက စက်ဘုန်းနိုင်ငံမှတဆင့် ချိတ်ဆက်ဆောင်ရွက်ပေးနေပါသည်။